www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

NO.141 JUIY 2014

တာဝန်ခံအယ်ဒီတာ

အယ်ဒီတာ

မျက်နှာဖုံးဒီဇိုင်းနှင့်အတွင်းအပြင်အဆင်


စုံထောက်ကဗျာ

မောင်မိုးလှိုင်(သစ္စာမြေ)၊ ရဲမြင့်နောင်၊ တိုးဝေ၊ နေအောင်နိုင်

စုံထောက်ရှည်ခန်းဆက်

နေသိုက်၊ ထွန်းထွန်း(သာယာဝတီ)၊ မောင်နန်းကျော်(သံတွဲ)၊ လွမ်းကြွေရ၊
နေအိမ်ဝန်း(ကန့်ဘလူ)၊အထွန်း(တမာမြေ)၊ အရင်လူ(တွံတေး)၊ နေဘုန်းထက်

ကာတွန်း

မောင်မောင်ညွှက်၊ သိန်းထွန်း၊ သူရိန်၊ ရွှေကိုဦး၊ Mအောင်ရှိန်၊ အောင်အောင်ထွေး၊
မောင်ဏင်ယု၊ သာဒင်

အတိုချုံးစုံထောက်ဝတ္ထု

ကျော်နေနိုင်(ကျောက်ထပ်)၊ ရဲနွယ်မောင်(သုံးဆယ်)၊ ဝင်းယုမောင်၊ မဥ္ဆူခင်

စုံထောက်ဆောင်းပါး

| | | |
|---|---|---|
| ၂၉။ | ဦးအာကာ(တရားလွှတ်တော်ရှေ့နေ) | ဥပဒေစုံထောက် |
| ၃၂။ | မောင်ဉာဏ်စိန် | မူးယစ်ဆေးဝါးမှုခင်းများတွင် ပြင်ပဆရာဝန် ထွက်ချက်အား အခြေခံသက်သေခံအထောက်အထား အဖြစ်လက်ခံသင့်မခံသင့် ပြဿနာ |
| ၃၇။ | လှမိုး(ပညာရေး) | နိုင်ငံတကာဂန္ထဝင်မှုခင်းများ |

နိုင်ငံတကာစုံထောက်

| | | |
|---|---|---|
| ၂၇။ | မောင်သစ်နေ | နိုင်ငံတကာစုံထောက် |

စုံထောက်ဒိုင်ယာရီ

| | | |
|---|---|---|
| ၁၄၂။ | မောင်ယဉ်ကျော် | စုံထောက်ဒိုင်ယာရီ |

စုံထောက်အလှအပ

| | | |
|---|---|---|
| ၁၄၀။ | ငြိမ်းချမ်းအောင် | Patrica နှင့်ခဏတာ |
| ၁၄၄။ | စုဝေနှင်း | မျက်တောင်များ လှပကော့ညွှတ်နေစေရန် |

စုံထောက်အနုပညာ

| | | |
|---|---|---|
| ၁၄၆။ | စန္ဒီမြင့်မိုရ် | ဒါရိုက်တာမင်းထင်ကိုကိုကြီးနှင့်တွေ့ဆုံခြင်း |








www.burmeseclassic.com

www.burmeseclassic.com



## Cover Story

၄၂။ စုံထောက်မောင်ရေခဲ
စုံထောက်စံထူးနှင့် သုံးလောင်းပြိုင်လူသတ်မှု

## ရသဝတ္ထု

၇၈။ ခြူးရဲသန့်
ကျေးလက်စုံထောက်မောင်တောကျော်နှင့် အရေခွံလဲသူ
၇၅။ ရှင်လွန်းမယ်
ယုံလွယ်လျှင် အမှားတစ်ရာ
၆၆။ သိက်းသန်းအောင်(မြင်းခြံ)
ညှော်စိမ်းလူတစ်ယောက်
၉၁။ မောင်သစ်နွယ်
စကားချိုချို စကားခါးခါး
၁၀၂။ ကြင်ဦးလူ
ဝှံစိုးထိပ်ခေါင် လာဘ်မှူးနောင်
၁၂၁။ ရှစ်ခွင်ကျော်ဖောင်တော်သီ
အဆိပ်ရှိ၍ ဟိတ်မရှိသူ
၁၃၃။ မင်းမဟာကျော်ခေါင်
နေပြောက်မတိုး လရောင်မထိုးစေချင်
၁၄၇။ လေးမောင်
အန္တရာယ်လက်တစ်ကမ်း
၁၅၉။ အုန်းကျော်(ခင်ဦး)
ပုလင်းတူ ဘူးစို့
၁၆၃။ စိုးဝေ
ငရဲမကြောက်သူ ကြိုးသမား
၁၇၂။ ခက်လှိုင်းကျော်
ကျွန်းနှစ်ပင်

## စုံထောက်ဘာသာပြန်

၅၄။ တင်ထွေးဆက်
သေသူပြောတဲ့ ပုံပြင်
၆၀။ ဘနှင်း
မှူးယစ်သားကောင် ကျွန်တော့်သား

## စုံထောက်ဟာသ

၁၀၉။ ခင်မြညို သက်ရှည်ကျန်းမာရယ်စရာ

## ကံကြမ္မာစုံထောက်

၁၇၈။ ဇင်ယော်နီ တစ်လတာကံကြမ္မာ

www.burmeseclassic.com

www.burmeseclassic.com

# 2014 JULY




**မျက်နှာဖုံးပန်းချီ**
မင်းထက်နိုင်

**အတွင်းပန်းချီသရုပ်ဖော်**
မင်းထက်နိုင်၊ ကျော်ဦး၊
လွင်မင်း၊ သန့်စင်၊
ရဲရင့်နိုင်၊ လင်းခန့်

**ထုတ်ဝေသူ**
ဦးမောင်မောင်အေး
ထုတ်ဝေခွင့်မှတ်ပုံတင်အမှတ်(မြ-၀၃၈၃၂)

**အုပ်ချုပ်ရေးမှူး**
ဒေါ်စန်းစန်းငွေ(ပြုံးပန်းတစ်ရာ)
၁၃၂၊ မြေညီထပ်၊ အနော်ရထာလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

**မဂ္ဂဇင်းတိုက်တည်နေရာ**
အမှတ် ၁၄၇(မြေညီထပ်/ယာ)
၃၇ လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၃၇၉၅၂၈

**ဖြန့်ချိရေး**
ပြုံးပန်းတစ်ရာစာပေ၊
အမှတ်–၁၅၆၊ ၃၇ လမ်း(လယ်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

**ပုံနှိပ်သူ**
ဦးကျင်ရင်(မြ-၀၅၄၁၇)၊
ရွှေခြသေ့်ပုံနှိပ်တိုက်
အမှတ်(၁၂)၊ သရဖီလမ်း၊
စောရန်ပိုင်အနောက်ရပ်ကွက်။
ဖုန်း – ၂၂၉၅၆၁

အုပ်ရေ - ၅၀၀၊ တန်ဖိုး - ၁၅၀၀ ကျပ်







www.burmeseclassic.com

www.burmeseclassic.com


## မဝှက်မိတဲ့ ဖဲ

ကိုယ့်ဆန္ဒကို
ကိုယ့်အတ္တနဲ့ အလံရှူးလုပ်ခဲ့ ..။

စည်းချက် အစိပ်အကျဲ
ရင်ထဲမှာပဲ သိုသိုသိပ်သိပ်
ဘယ်သူ
ရိပ်မိမှာလဲ .. လို့ ..။

အဲဒီခဏ
သကာအိုးတွေ တဝေါဝေါသွန်ချ
မနောက်ကြနဲ့နော ..။

ဝန်ခံတယ် ..
ယစ်မူးမိသူရဲ့ မာယာ
ဘူတာဝ,က အလံချိုး
မလုံတဲ့အိုး ..။ ။

တိုးဝေ



www.burmeseclassic.com

www.burmeseclassic.com


# ဓာတ်တိုင်


ဓာတ်တိုင်တဲ့
မတ်ခိုင်တဲ့ နာမည်တစ်လုံးနဲ့
တစ်ဘဝလုံး ရပ်တည်ခဲ့သူ ..။

သူ့ဘဝကို ဆန်းစစ်တော့
လျှပ်စစ်ဓာတ်တွေ ဖြတ်သန်းဖို့
ကြိုးတန်းတွေကိုသာ ပခုံးနဲ့ထမ်းနေရ ..။

တချို့များဆို
ရုပ်သေးလို ကြိုးတွေဆိုင်းလို့
ဘိုင်းခနဲ လဲမကျရုံတမယ် ..။

တချို့ကတော့
လဲမကျ ယိုင်မသွားအောင်
ကျားကန်တဲ့ ဒေါက်အားကိုးနဲ့
မိုးထိအောင် တက်မယ့်ဟန် ..။

ဒါပေမဲ့
သူ့တစ်ကိုယ်လုံးမှာ
နာမည်နဲ့လိုက်ဖက်စရာ
ဘာဓာတ်မျှမရှိ ..။



သူ့ခန္ဓာထဲ
လျှပ်စစ်ဓာတ်တွေ ဖြတ်မစီးအောင်
အဆီးအတား အခုအခံတွေနဲ့ ပန့်ရ
ကြွေသီးလှလှတွေသာ ပန်းလိုပန်လို့
ဒါနဲ့များ ..
သူက ..
ဓာတ်တိုင်ဆိုတဲ့ ဘဝမှာ
လှလှပပ ဂုဏ်ယူရပ်တည်နေတုန်း ..။ ။

နေအောင်နိုင်

www.burmeseclassic.com

www.burmeseclassic.com



# မိရိပ်ဖရိပ်



အရိပ်များကို ပြန်တွေး
(တချို့) စိတ်အေးတဲ့အခါအေး
(တချို့) စိတ်လေးတဲ့အခါလေး
(တချို့) စိတ်ဆွေးတဲ့အခါ ဆွေး
(တချို့) စိတ်ငေးတဲ့အခါ ငေး
ဘဝမှာ နေထိုင်မကောင်း
အကြောင်းကြောင်းသော
အကြောင်းကြောင်းတွေ ဖြစ်ခဲ့ကြပေါ့။

(ကြည့်) ..
ခုလူဘတို့ရဲ့
ဘုံဘဝမှာ မိရိပ်ဖရိပ်နဲ့
လူဖြစ်ခဲ့ကြတာချည်းပဲမဟုတ်လား။


အဲဒီအရိပ်တွေထဲမှာ
စိတ်အနေလွဲသူတွေလည်း တွေ့ခဲ့ရ
စိတ်အခြေမြဲသူတွေလည်း သိခဲ့ရ
(ဒီလိုမျိုးဘဝရဲ့သင်ခန်းစာတွေ)
တွေ့သိကြည့်ခွင့်ရခဲ့သမျှ။

အရိပ်သဘောပေါက်သူအဖြစ်နဲ့
စိတ်အမောဖောက်သူမဖြစ်ခဲ့ပါ
ကျေးဇူးအရိပ်ရဲ့ ချစ်ခြင်းမှာ
စိတ်နဲ့အပြစ်ကင်းစွာ
(နေတတ်စားတတ် သွားတတ်ခဲ့ပါ၍)
အေးအေးမြမြ၊ လှလှပပ
ဖေးဖေးမမ၊ ကြွကြွရွရွ
(ငါ့)ဘဝလေးဟာ
နေကောင်းကျန်းမာ ဝမ်းမြောက်စွာ။ ။

မောင်မိုးလှိုင်(သစ္စာမြေ)

www.burmeseclassic.com

www.burmeseclassic.com



## ယုံမိယောင်မှား

မောင်းတင်ကာ
ကောင်းကင်မှာ ကောက်ကြောင်းခြစ်လို့
စစ်ဆင်မလို ..ပျိုး ..။

ရာသီအချိန်
ညာပလီတိမ်တစ်စုနဲ့
အခါမီသူ့ဂုဏ်ထိန်းလည်း
အနောက်တောင်လေထဲ ယိမ်းတယ်
စိမ်းနိုင်တဲ့ ..မိုး ..။

ရဲမြင့်နောင်

www.burmeseclassic.com


ဘာဖြစ်လို့လဲကွ...
ပိုက်ဆံအိတ်ကို ကားပေါ်မှာ
ပြီလေ...

www.burmeseclassic.com










www.burmeseclassic.com


စုံထောက်ကြီး ဦးရှုံးစား
မင်းရဲ့သမီးကို… ငွေကိုင်စာရေးနဲ့… လက်ထပ်ပေးလိုက်ပြီဆို…
အင်း
သူဌေးကြီး ဦးကပ်စေး
LUCKY TIME
မင်းပြောတော့….. ဒီကောင်က-မယ်ကြည် ရဘူးဆို…
မယ်ကြည်ရတာ တော့မှန်တယ်…
ဒါပေမယ့်… အခုတော့… သူခိုးထားတဲ့ငွေတွေ… ငါ့သမီးလက်ထဲအပ်… ရတော့မှာလေ….
M. AUNG SHEIN
ပြီး
အံ့ဩတယ်

www.burmeseclassic.com








www.burmeseclassic.com


ဗိုးတွမ်ပါး လုပ်လာတာ အံကြိတ်နေပြီ
မင်းက အံကြိတ်ရုံပဲ ငါက အံသွားမရှိတော့ဘူး
အရိုက်ခံရလို့ မဟုတ်ပါလား အဘိုး

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



## မာန်ကြွခဲ့သမျှ

ဘာပဲဖြစ်ဖြစ်
ဖြစ်ပြီးရင် ပျက်သွားတာပဲ။

ကောင်းတဲ့အဖြစ်
ကောင်းတဲ့အနှစ်မှာ
ဝမ်းသာအားရ
လှလှပပလက်ခံ
အတော်ကိုဟန်ကျ
ငါကွ ‥ ငါကွနဲ့ မာန်ကြွခဲ့။

ပျက်ချိန်တန်လို့
ပျက်သွားတဲ့အခါ
ဘာလုပ်ရမှန်းမသိ
ခြေမကိုင်မိ လက်မကိုင်မိ
သတိကင်းလွတ်
လွှတ်တင်ခဲ့သမျှ
စွတ်တင်ခဲ့သမျှ
ကျလည်းကျရော။

ဘာပြောမလဲ
မပြောတော့ပါဘူး
လောကသဘာဝ
ပကတိတရားက
ဒါပဲလေ ‥။ ။




နေသိုက်



www.burmeseclassic.com

www.burmeseclassic.com





## ငါ့စည်းရိုး

မတိုးနဲ့
မချုံးနဲ့
မခိုးနဲ့ ..။

မကောက်နဲ့
မကျစ်နဲ့
မညစ်နဲ့ ..။

မကြဲနဲ့
မဖန်နဲ့
အမှန်နဲ့ရိုးရိုးလာ
ငါ ဘာမှမပြော ..။

တိုးမယ် ချုံးမယ် ခိုးမယ်
ကောက်မယ် ကျစ်မယ် ညစ်မယ်
ကြဲမယ် ဖန်မယ်လို့တော့
ဉာဏ်ချဲ့မကစားလိုက်နဲ့ ကိုယ့်လူရေ
ပြန်လှည့်သွား
ခံမယ့်အစားတော့ မဟုတ်ဘူးဗျာ။ ။

**ထွန်းထွန်း(သာယာဝတီ)**



www.burmeseclassic.com

www.burmeseclassic.com



# အဖေသို့ လွမ်းချင်းရေးတဲ့ကဗျာ

အမေ့ရဲ့ နွေးထွေးမှုပြီးတဲ့နောက်
အဖေ့ရဲ့ ကျွေးမွေးမှုအောက်
လောကဓံဆိုတဲ့ ဘဝဖိုင်တွဲမှာ
သားတို့ကို ပွဲထွက်ခွင့်ပေးခဲ့တဲ့ အဖေ။

အနာဂတ်ရဲ့ ကြယ်ပွင့်
သားတို့ရှင်သန်ရမယ့် ခေတ်ထဲမှာ
အဖေ့ရဲ့ အမှာစကား
အားမာန်ကိုတင်းလို့ မနက်ခင်းတွေကို ကြိုဆို
ဖွဲသန်သန်နဲ့ လမ်းမှန်ကိုလျှောက်
ကိုယ်ကျင့်တရားလက်ကိုင်ထားကာ
အမြင့်ကိုတက်လှမ်းပါလို့
အဖေပြောခဲ့တဲ့စကား
သားနှလုံးသားမှသည်
သူငယ်ချင်းတွေကိုလည်း လက်ဆင့်ကမ်းပါရစေ။

အဖေ့ကျေးဇူး ရည်စူးစိတ်ဖြင့်
စာရွက်ပေါ်ချရေးရုံ
စာလုံးပေါင်း အသံထွက်ရုံနဲ့
မလုံလောက်ဘူးဆိုတာ
အခု ‥ သား နားလည်ခဲ့ပြီအဖေ။

အဖေ ထပ်ခါထပ်ခါ ပြောခဲ့တဲ့စကား
မီးနာတဲ့ သံတစ်ချောင်းဟာ
ဓားကောင်းတစ်လက်ဖြစ်ရမယ်တဲ့
အဖေ့ရဲ့စကား ရင်ဝယ်မှတ်သား
ကြိုးစားခြင်းတွေနဲ့ ဘဝကို ရှေ့ဆက်
ရေးလက်စ ဒီကဗျာလေးနဲ့
အဖေ့ကို သား ကန်တော့လိုက်ပါတယ်။



အတိတ်တွေ ဘယ်လိုပြောင်းပြောင်း
အဖေ့ပုံရိပ်ဟောင်း နောက်ကြောင်းပြန်ရင်
မြင်မြင်သမျှ ပတ်ဝန်းကျင်ဟာ ဆွံ့အ တိတ်ဆိတ်နေသလား
သားရဲ့စိတ်မှာ ထင်မှားလို့
သားတို့ကို ကျောခိုင်းသွားတဲ့ အဖေ
ကောင်းရာသုဂတိ လားပါစေ ‥။ ။

အရှင်လှ(တွံတေး)



www.burmeseclassic.com

www.burmeseclassic.com





## အမေညာတယ်

ရွှေလက်ခုပ်ကြီး
အုပ်ကာတီး
ငှက်ပျောသီးမှည့်မှည့်စားရအောင်။

အမေ့ရဲ့ သားချော့တေး
ကလေးဘဝက ကျွန်တော်နားထောင်။

ငှက်ပျောတစ်လုတ်အတွက်
လက်ခုပ်ရယ်တဲ့ တဖောင်ဖောင်
မြည်အောင်ပ ကျွန်တော့်မှာတီး။

အခက်ပွေဖြာ
လက်တွေသာ အရေကွာပေါ့
မသေချာတယ်
အမေရယ် တစ်ခါမှ မကျွေးပါဘူး
ဘယ်မှာလဲ ငှက်ပျောသီး
ရွှေကြာငှက်ဝင်ပြီးစားတယ်လား
အဖြေရှာခက်လှချည့်
ဝေဒနာရတက်အပူမီးတွေနဲ့
အမေရယ် ‥ညာရက်သူကြီး။ ။

**မောင်နန်းကျော်(သံတွဲ)**



www.burmeseclassic.com

www.burmeseclassic.com



# မြင့်မိုရ်တမ်းချင်း

သန်းခေါင်စာရင်းမှာ အဖေမရှိတော့ချိန်
သိမ်ငယ်စရာတွေ ဗရပွ
မှန်တိုင်းတွေ ခဏခဏမိတော့မှ
အဖေ့ကို သတိရတယ် ..
သူညလောက်မှ မပိုင်းစက်တဲ့
ဘဝရဲ့ ရိုးသားကြိုးစားမှုတွေ
အနိုင်ကျင့် စော်ကားခံရဖန်များလာတော့
သူသသန့်သချိုင်းက
တိတ်ဆိတ်ငြိမ်သက်နေတဲ့
အဖေ့ကို သတိရတယ်
(အမေက ခုထိ
ရင်ကျပ်ပျောက်ဆေးပြားတွေ သောက်နေရတုန်း)
လောကရဲ့ မြေတစ်ကွက်စာတောင်
မပိုင်ဆိုင်ထားသူမို့
လယ်ယာတွေပိုင်ဆိုင်ခဲ့တဲ့
အဖေ့ကို သတိရတယ် ..
မဟာပထဝီမြေကြီးရဲ့ ရင်သားပေါ်
ရိုးသားတဲ့အဖေ မရှိတော့မှ
ဖိနပ်မှာတောင် ချုပ်ရာတွေနဲ့လေ ..
လောကခံရဲ့ ဆူးကြမ်းကြမ်းပေါ်
ဖိနပ်မပါဘဲ နင်းဖြတ်ရဲတဲ့
အဖေ့ကို သတိရတယ် ..
အဖေ့ရင်ထဲ စူးဝင်ခဲ့တဲ့ ငြောင့်
ဆိုးသွမ်းတဲ့သား မိုက်ရိုင်းလေလေ
အဖေ့ရဲ့ခွင့်လွှတ်မှုက
သံမဏိစားလို ထက်ရှလေလေ
ရင်ထဲနာကျင်ဆဲပဲ အဖေ
ဝင်သက်ထွက်သက်တိုတောင်းလှတဲ့
ဘဝအကွာအဝေးအတွင်းမှာပဲ
အဖေ ..
သန်းခေါင်စာရင်းမှာ အဖေမရှိတော့ဘူး။ ။



လွမ်းကြွေရ




www.burmeseclassic.com

www.burmeseclassic.com



# ပြိုင်ပွဲ



ဘတ်စ်ကား ဘုရား ဘုရား
အသည်းကြားထိ
မောင်းနှင်လို့သွား။

ရုပ်ခန္ဓာအပြည့်
ထိုးသိပ်ထွက်ခွာ
ပေါက်ကွဲသံစဉ်
တစ်နာရီ မိုင်တစ်သောင်း
အင်အားသုံးတိုက်ခတ်။

ငါ့ရင်တထိတ်ထိတ်
သေမင်းအရိပ်က
တဒင်္ဂပြုံးပြသွားတယ်။ ။


**အထွန်း(တမာမြေ)**



www.burmeseclassic.com

www.burmeseclassic.com





## ညနေခင်း ပြယုဂ်

ဖြစ်ပျက်နေတဲ့ စိတ်ကို အလိုလိုက်လိုက်တယ်
ဂဏန်းတွေပေါ် သတိရခြင်းများ တက်ကလို့
တစ်ခုပြီးတစ်ခု နှိပ်လိုက်တယ်
ကလေးမဆီ ရတုဆီ လေးဆီ အမေ့ဆီ
အသံတွေဖျားနာနေသလား
တစ်ခုမဟုတ်တစ်ခု ကွက်လပ်ဖြစ်သွားသလား
သံသယတွေနဲ့ ညနေခင်းဟာ မနေ့ကလိုမဟုတ်ဘူး
ဒီညနေခင်းမှာ အမေ့ရွာကို ငါဖုန်းဆက်တယ်
ဒီညနေခင်းမှာ သူငယ်ချင်းတွေဆီ ငါဖုန်းဆက်ခဲ့
မဟုတ်ခဲ့ဘူး ‥ မရှိခဲ့ဘူး
ဆက်သွယ်မှုဇရိယာအတွင်းမှာပဲ
ဆက်သွယ်မှုဟာ ဖြတ်တောက်ခံလိုက်ရ
ဘဝများစွာ ညနေခင်းများစွာ
ကျော်ဖြတ်မယ့် စိတ်ကူးဟာ လမ်းမပေါ်ဥဒဟိုသွားလာလို့
အမေ ကျန်းမာရေးကောင်းကြောင်း
မိသားစု ပျော်ပျော်ရွှင်ရွှင်ရှိတဲ့ကြောင်း
သတင်းတွေရဲ့ အလည်မှာ အသံများကြည်ကြည်လင်လင်
ဖျားနာဆဲ ဒီအတ္တဟာ ကြင်နာသံများ ပျောက်ဆုံးလို့နေပြီလား
မသိတော့ဘူး နားမလည်တော့ဘူး
လမ်းဘေးက ဖြတ်လျှောက်သွားတဲ့ သီချင်းသံလို
မသဲမကွဲ
လိုနေပါတယ် ပြေနေပါတယ် ပျော်လို့လည်းနေပါတယ်
သတိရလို့ ရေးလိုက်တာထက်
သတိရလို့ ဇရိယာပြင်ပရောက်သွားခြင်းဟာ
ဝမ်းနည်းစရာကောင်းခဲ့သလား
သံသယတွေနဲ့ ညနေခင်းလမ်းမပေါ်မှာ
ခြေ၊ လက်၊ ပြတ်တောက်လို့ သွားသလား
အသံ၊ မြင်ကွင်း ပျောက်ကွယ်လို့သွားသလား
တကယ်ပါပဲ တကယ့် တကယ်ကြီးပါပဲ
ဒီညနေခင်းမှာ ငါ ‥။

**နေအိမ်ဝန်း(ကန့်ဘလူ)**



www.burmeseclassic.com

www.burmeseclassic.com



## ခွေး

ရှူးတိုက်ရုံနဲ့
တစ်ဟုန်ထိုးလိုက်
တောကြောင်ကိုက်တဲ့ခွေး။

တောကြောင်ပဲ
လက်သည်းရှည်များရှိတာပေါ့။

ခွေးရဲ့နှာခေါင်း
လက်သည်းစောင်းခြစ်
ခေါင်းနဲ့နားရွက် ဟက်တက်ကွဲ
သွေးသံရဲရဲ ဖြစ်ပေမဲ့
ကြောင်ပဲသေ
အခြေအနေချင်းမှ မမျှတာ။

တောကြောင်သားကိုဖျက်
ဟင်းတစ်အိုးကျက်သည့်အခါ
မုဆိုးဟာ ယမကာတစ်ဖလားနဲ့
တောကြောင်သားကိုစား
သူ့အနားကခွေး သူ့ကိုငေးရင်း
အမြီးဖျားကလေး တလှုပ်လှုပ်။ ။

**နေဘုန်းထက်**





www.burmeseclassic.com

www.burmeseclassic.com







## မောင်မောင်သောင်းမြင့် (တရားရေး)

### ဗိုလ်ချုပ်အောင်ဆန်း၏ ကံကြမ္မာနှင့် ထူးခြားထွေလာဖတ်စရာများ

တရားရုံးချုပ်ရှေ့နေဖြစ်သော ဆရာမောင်မောင်သောင်းမြင့် (တရားရေး)၏လက်ရာဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့်ပတ်သက်သည့် အထုပ္ပတ္တိစာပေများထဲတွင် တစ်မူထူးခြားသည့်စာအုပ်ဖြစ်သည်။

ဆရာသည် ဘာသာတရားကိုင်းရှိုင်းသည့် ဗုဒ္ဓဘာသာဝင်စစ်စစ်ဖြစ်သဖြင့် စာအုပ်အဖွင့်တွင် ဗုဒ္ဓမြတ်စွာဘုရား၏ အံတော်မြတ်အကြောင်းဖြင့် ဖွင့်ထားသည်။

ဗိုလ်ချုပ်အောင်ဆန်း၏ ကံကြမ္မာနှင့်ပတ်သက်၍လည်း ဗေဒပညာရပ်ဖြင့် သုတေသနပြုထားချက်များ ပါဝင်သဖြင့် ဗေဒင်ပညာစိတ်ဝင်စားသူများ လေ့လာနိုင်မည်ဖြစ်သည်။ အခြားထူးခြားသော ဆောင်းပါးများမှာလည်း ၁၄ ပုဒ် ပါဝင်သည်။ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်မှ ထုတ်ဝေသည်။

---




## ဦးညာဏ်ဝင်း

### သိထားသင့်သော ဥပဒေရေးရာပြဿနာများ

ဆရာဦးညာဏ်ဝင်းရေးသားပြုစုခဲ့သည့် ဤစာအုပ်အမှတ်(၁)ကို ၂၀၁၂ ခု၊ ဇူလိုင်လတွင် ထုတ်ဝေခဲ့ပြီးဖြစ်၍ ယခုစာအုပ်မှာ အမှတ်(၂) ဖြစ်သည်။ ဥပဒေရေးရာနှင့်ပတ်သက်၍ အငြင်းပွားပြဿနာဖြစ်နိုင်သော အကြောင်းများကို ဥပမာအနေဖြင့် အသိပညာပေးရန် ဆောင်းပါး ၅ ပုဒ်ပါဝင်သည်။

ဆရာ့လက်ရာဥပဒေရေးရာပြဿနာများစာအုပ်ကို လေ့လာခြင်းဖြင့် စာဖတ်သူများ ဥပဒေရေးရာပြဿနာများနှင့်ပတ်သက်၍ ဗဟုသုတဖြစ်နိုင်မည်ဖြစ်ပါသည်။ စွယ်တော်စာပေမှ ထုတ်ဝေသည်။



www.burmeseclassic.com

www.burmeseclassic.com






## ကြပ်ကလေး၊ ကိုရွှေတောသား၊ မညားဦး(အိမ်မဲ)

# ကြံကြီးစည်ရာ ညဖိတ်စာ ဟာသဝတ္ထုများ

စာဖတ်သူများ၏ ဘဝအမောများပြေစေရန် ဟာသစာရေးဆ
ကြီးသုံးယောက်ဖြစ်သော ဆရာကြပ်ကလေး၏ ကြံကြီးစည်ရာ၊ ကို
တောသား၏ ချိန်းမိလေတဲ့ည၊ ဗညားဦး(အိမ်မဲ)၏ စားလုံးကြီး
ရိုက်တဲ့ဖိတ်စာ စသော ဝတ္ထုသုံးပုဒ်ကို စုစည်းထားခြင်းဖြစ်သည်၊

စာဖတ်သူများ ဟဒယနှလုံးကိုရွှင်ပြုံးစေနိုင်မည်မှာ သေချာ
ဟု ဆိုချင်ပါသည်။

ရွှေဗညားစာပေမှ ထုတ်ဝေသည်။


---

# မြတ်ဘုန်း(တပ်ကုန်း)

## ၂၀၁၄ ခုနှစ် အမေချစ်သူများစုစည်းသည့်ကဗျာများ မိခင်ရွှေလက် တေးပုခက်

ဆရာမြတ်ဘုန်း(တပ်ကုန်း)က အမေချစ်သူများ အမေကို တန်ဖိုးထားသူများအတွက် ရည်ရွယ်တင်ဆက်လိုက်သည့် ကဗျာစာအုပ်ဖြစ်သည်။

စာအုပ်ထဲတွင် နာမည်ရကဗျာဆရာများ ကလောင်စုံပါဝင်ရေးသားသော ကဗျာပုဒ်ရေ ၈၉ ပုဒ်ပါဝင်သည်။ အမေချစ်သူများနှင့် ကဗျာချစ်သူများ နှစ်သိမ့်ကြည်နူးရမည့် ကဗျာစာအုပ်ကောင်းတစ်အုပ် ဖြစ်သည်။



www.burmeseclassic.com


မောင်သစ်နေ

# နိုင်ငံတကာစုံထောက်

## သင်္ဘောနစ်မြုပ်ရာတွင် တာဝန်ပျက်ကွက်မှုဖြင့် သင်္ဘောကပ္ပတိန်နှင့် အရာရှိသုံးဦး လူသတ်မှုဖြင့် တောင်ကိုရီးယားတရားရုံးက စွဲချက်တင်

တောင်ကိုရီးယားနိုင်ငံ၊ အင်ချွန်းဆိပ်ကမ်းမှ အပန်းဖြေစခန်းရှိရာ ဂျေဂျူးကျွန်းသို့ ပုံမှန်ခရီးစဉ်အတိုင်း ထွက်ခွာလာသော Sewol ကူးတို့သင်္ဘောသည် ကုန်ပစ္စည်းများကို သတ်မှတ်တန်ချိန်ထက် ပို၍ အလွန်အကျွံ တင်ဆောင်လာခြင်း၊ သင်္ဘောမောင်းနှင်ရာတွင် ပေါ့ဆခြင်းတို့ကြောင့် ဧပြီ ၁၆ ရက်နေ့တွင် တိမ်းမှောက်နစ်မြုပ်ခဲ့သည်။



သင်္ဘောပေါ်တွင် သင်္ဘောအမှုထမ်းနှင့် ခရီးသည်စုစုပေါင်း ၄၇၆ ဦး လိုက်ပါလာသည့်အနက် ၁၇၂ ဦးကိုသာ အသက်ရှင်လျက် ကယ်တင်နိုင်ခဲ့ပြီး ကျန်ခရီးသည်များ ရေနစ်သေဆုံးသွားပြီဟု ယူဆရသည်။ လေ့လာရေးခရီးထွက်သော အထက်တန်းကျောင်းသားအများစုပါဝင်သော တောင်ကိုးရီးယား ကူးတို့သင်္ဘော တိမ်းမှောက်နစ်မြုပ်မှုကြောင့် ခရီးသည် ၂၈၀ ကျော် သေဆုံးခဲ့သဖြင့် သင်္ဘောကပ္ပတိန်နှင့် အကြီးတန်းအရာရှိသုံးဦးအား တောင်ကိုးရီးယားတရားရုံးက လူသတ်မှုဖြင့် စွဲချက်တင်လိုက်ကြောင်း သိရှိရသည်။

Ref: Reuter

## ဘန်ကောက်မြို့က ဆန္ဒပြစခန်း တိုက်ခိုက်ခံရ ၂ ဦးသေ ၂၄ ဦး ဒဏ်ရာရ

ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့တွင် အစိုးရဆန့်ကျင်ဆန္ဒပြသမားများ၏ စခန်းကို ကြာသပတေးနေ့က သေနတ်များ၊ လက်ပစ်ဗုံးများဖြင့် တိုက်ခိုက်ခံရသဖြင့် လူနှစ်ဦးသေဆုံး၍ ၂၄ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

Ref: AFP




www.burmeseclassic.com

www.burmeseclassic.com



## မိုင်းတွင်းပြိုကျ၍သေဆုံးသူ ၂၈၄ ဦးရှိလာစဉ် တူရကီနိုင်ငံသားများဆန္ဒဖော်ထုတ်

တူရကီနိုင်ငံ၏ အဆိုးရွားဆုံး မတော်တဆမှုအဖြစ် မိုင်းတွင်းပြိုကျရာ သေဆုံးသူမိုင်းတွင်းလုပ်သား ၂၈၄ ဦးထိရှိလာပြီး မိုင်းတွင်းထဲတွင် ပိတ်မိနေသော အလုပ်သမားများကို အသက်ရှင်လျက် ကယ်ဆယ်ရေးလုပ်ငန်းများမှာလည်း မျှော်လင့်ချက်နည်းသွားပြီဖြစ်သဖြင့် မေလ ၁၄ ရက်နေ့က ဒေါသထွက်နေသော လူများက အစိုးရကို ဆန္ဒပြခဲ့ကြသည်။

လူအင်အား သုံးသောင်းနှင့်လေးသောင်းကြားအင်အားရှိသည့် ဆန္ဒပြသူများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မျက်ရည်ယိုဗုံးများ အသုံးပြု၍ ဖြိုခွင်းခဲ့သည်။ Ref: AFP



## တောမီးလောင် လူထောင်နှင့်ချီ၍ ဘေးလွတ်ရာပြေး

အမေရိကန် အနောက်ဘက် ကယ်လီဖိုးနီးယားကမ်းခြေဒေသများသည် အပူလှိုင်းကဲသောကာလများတွင် တောမီးလောင်မှုများကြုံတွေ့တတ်သည်။ မေလ ၁၃ ရက်နှင့် ၁၄ ရက်နေ့များတွင် ဆန်ဒီယေဂိုမြို့၌ မီးလောင်မှုကိုးမှုဖြစ်ခဲ့၏။ ဒေသခံပြည်သူနှစ်သောင်းခန့် ဘေးလွတ်ရာသို့ရွှေ့ပြောင်းကြရန် တာဝန်ရှိသူများက အမိန့်ထုတ်ထားသည်။ တောမီးလောင်ကျွမ်းမှုကြောင့် လည်း လူထောင်ပေါင်းများစွာ ဘေး လွတ်ရာသို့ ပြေးကြရသည်။

Ref: BBC/AFP



မောင်သစ်နေ

www.burmeseclassic.com






မီးမှုနဲ့လည်းထိုး
ရေနွေးမှုနဲ့လည်းလောင်း
သံတုတ်နဲ့လည်း ရိုက်နှက်ပြီး
တစ်ပတ်ကြာ သော့ခတ်
ပိတ်လှောင်ထားတယ်ဆိုတော့
"အိမ်အကူဆိုတာလည်း လူပါပဲ"
ဆိုတာကို
မေ့လျော့နေကြပြီလားလို့
တွေးမိတယ်...

# ဥပဒေစုံထောက်

ဦးအာကာ
(တရားလွှတ်တော်ရှေ့နေ)



www.burmeseclassic.com

www.burmeseclassic.com



ဆရာရှင့်

၂၁-၃-၂၀၁၄ နေ့ထုတ် Voice Daily သတင်းစာရဲ့ စာမျက်နှာ(၄)မှာ "အိမ်အကူကို မီးပူနှင့်ထိုး ရေနွေးပူဖြင့်လောင်းကာ သော့ခတ် ပိတ်ထားသည့်အိမ်ရှင်ကို အမှုဖွင့်" ဆိုတဲ့ ခေါင်းစဉ်နဲ့ သတင်းတစ်ပုဒ်ကို ဖတ်လိုက်ရပါတယ်။ ပြည့်တန်ဆာအဖြစ် အသက်မွေးဝမ်းကြောင်းပြု တဲ့ဘဝ၊ လူကုန်ကူးခံရတဲ့ဘဝ၊ နိုင်ငံခြားသား တရုတ်ကုလားတို့ရဲ့ မယားဖြစ်ရတဲ့ဘဝနဲ့ နှိုင်းယှဉ်ရင် အိမ်အကူဘဝဟာ ဆင်းရဲတဲ့ မိန်းကလေး တွေအဖို့ အလွန်မွန်မြတ်လှတဲ့ဘဝလို့ ကျွန်မတို့အနေနဲ့ မြင်မိပါတယ်။ ခုလို ကောင်းကောင်းမွန်မွန်လုပ်ကိုင်စားသောက်တဲ့ ဆင်းရဲတဲ့ မိန်းကလေး တွေကို အိမ်ရှင်တွေက နှိပ်စက်တဲ့သတင်းကြားရတော့ စိတ်မကောင်းဖြစ်ရပါတယ်။ ပုဒ်မ ၃၂၆၊ ၂၉၄၊ ၃၄၂ တို့ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရပါတယ်။ ဥပဒေကြောင်းအရ ဆရာ့ရဲ့အမြင်ရော ဒီလိုဖြစ်ရပ်ဆတ်လမ်းမျိုးတွေအပေါ်မှာ ဆရာ့ရဲ့ အမြင်ကိုပါ သိချင်ပါတယ်ရှင်။ ဥပဒေစုံထောက် အခန်းကနေ ပြန်ကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါတယ်။

စာဖတ်ပရိသတ်တစ်ဦး

(ရေကျော်ရပ်)

## စာဖတ်ပရိသတ်တစ်ဦးသို့

တူမလိုပါပဲ၊ ဒီလိုသတင်းမျိုးကြားရတာ ဆရာလည်း စိတ်မကောင်းပါဘူး။ မိန်းကလေးတွေအဖို့ ပြည့်တန်ဆာဖြစ်ရတဲ့ဘဝ၊ နိုင်ငံခြားသားတွေရဲ့ မယားအဖြစ်ဆက်ဆံခံရတဲ့ ဘဝဟာ ဘယ်လောက်ဆိုးတယ်ဆိုတာ လူတိုင်းသိပါတယ်။ ဘယ်သူမှ မနှစ်မြို့ကြပါဘူး။ အဲဒီအလုပ်မျိုးကို မလုပ်ကြဘဲ ကိုယ့်လုပ်အားကို အရင်းအနှီးလုပ်ပြီး အိမ်အကူလုပ်တယ် ဆိုတာ အားပေးသင့်တဲ့အလုပ်ဖြစ်ပါတယ်။ နိုင်ငံခြားမှာ ဥပမာ ဟောင်ကောင်၊ မကာအို၊ စင်ကာပူမှာ အိမ်ဖော်လုပ် မယ့်အစား ကိုယ့်တိုင်းပြည်မှာ အိမ်ဖော်လုပ်တယ်ဆိုတာ ပိုပြီး အားမပေးသင့်ဘူးလား။ အိုးမကွာအိမ်မကွာလည်းဖြစ်၊ ကိုယ့်လူမျိုးအချင်းချင်းလည်းဖြစ်၊ မိဘကိုရော၊ မိသားစုကို ရော အလုပ်အကျွေးပြုရလည်းရောက်တော့ ပိုပြီးစိတ်ချမ်း သာစရာကောင်းတာပေါ့။ ပညာမတတ်၊ ဆင်းရဲတဲ့မိန်းက လေးအများစုအတွက် သက်မွေးဝမ်းကြောင်းတစ်ရပ်လည်း ဖြစ်တာပေါ့။ အလုပ်အကိုင်လည်းရတယ်ပေါ့။

အဲဒီလို မိန်းကလေးတွေကို အလုပ်ရှင်၊ အိမ်ရှင်တွေ က မနှိပ်စက်သင့်ဘူး။ ကျေးပိုင်ကျွန်ပိုင်ခေတ်၊ ပဒေသရာဇ် ခေတ်ကလို မနှိပ်စက်သင့်ဘူး။ သခင်နဲ့ကျွန်ပုံစံ ဆက်ဆံ မယ့်အစား အလုပ်ရှင်နဲ့အလုပ်သမားအဖြစ် တန်ဖိုးထား ဆက်ဆံသင့်တယ်။ ဖြစ်နိုင်ရင် ဆွေးသားမတော်စပ်ပေ မိသားစုပုံစံဆက်ဆံသင့်တာပေါ့။ ဆရာ့ရဲ့အယူအဆဖြစ်ပါ တယ်။

သတင်းထဲမှာပါတဲ့အတိုင်းဆိုရင် မီးပူနဲ့လည်းထိုး၊ ရေနွေးပူနဲ့လည်းလောင်း၊ သံတုတ်နဲ့လည်း ရိုက်နှက်ပြီး တစ် ပတ်ကြာ သော့ခတ်ပိတ်လှောင်ထားတယ်ဆိုတော့ "အိမ် အကူဆိုတာလည်း လူပါပဲ" ဆိုတာကို မေ့လျော့နေကြပြီ လားလို့ တွေးမိတယ်။

ဥပဒေအရပြောရရင်တော့ ပုဒ်မ ၃၂၆ ဆိုတာ အပြင်း အထန်နာကျင်မှုအတွက် ပြစ်ဒဏ်ဖြစ်ပါတယ်။ တစ်သက် တစ်ကျွန်းဒဏ်ဖြစ်စေ၊ တစ်ဆယ်နှစ်အထိ ထောင်ဒဏ်တစ် မျိုးမျိုးဖြစ်စေ၊ ချမှတ်ခွင့်ရှိပါတယ်။ ပုဒ်မ ၂၉၄(ခ)ဆိုတာက ညစ်ညမ်းစွာပြောဆိုဆဲဆိုတဲ့ ပုဒ်မဖြစ်ပါတယ်။ သုံးလအထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ် လုံးဖြစ်စေ ချမှတ်ခွင့်ရှိပါတယ်။ ပုဒ်မ ၃၄၂ ကတော့ မတရား ချုပ်နှောင်မှုအတွက် ပြစ်ဒဏ်ပေးနိုင်တဲ့ပုဒ်မဖြစ်ပါတယ်။ တစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ တစ်ထောင်ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်တဲ့ပုဒ်မ ဖြစ်ပါတယ်။

လူအချင်းချင်း ညှဉ်းပန်းနှိပ်စက်ခြင်း ကင်းဝေးကြ ပါစေ။



www.burmeseclassic.com

www.burmeseclassic.com



ဆရာခင်ဗျား

Daily Eleven သတင်းစာရဲ့ ၂၂-၃-၂၀၁၄ ရက်ထုတ် စာမျက်နှာ ၁၉ မှာ "နဝမတန်းကျောင်းသူတစ်ဦး ကျိုက်ထီးရိုးဘုရားဖူး မသွားရသဖြင့် ပိုးသတ်ဆေးသောက်ကာ သေဆုံး" ဆိုတဲ့ စိတ်မချမ်းသာစရာ သတင်းတစ်ပုဒ်ကို ဖတ်လိုက်ရပါတယ်။ စိတ်လိုက်မာန်ပါလုပ်တတ်တဲ့အရွယ်၊ ကျောင်းသူအရွယ်၊ အသက် ၁၅ နှစ်အရွယ် မိန်းကလေးတစ်ယောက်ဟာ ဘာမဟုတ်တာလေးနဲ့ ဘဝတစ်ခု ဆုံးသွားရတယ်ဆိုတော့ စိတ်မကောင်းစရာပဲ ဖြစ်ပါတယ်။

ဥပဒေကြောင်းအရ ဘယ်လိုရှိတယ်ဆိုတာ သိချင်ပါတယ်ဆရာ။ ဥပဒေစုံထောက်အခန်းကနေ ပြန်ကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါတယ်။

မောင်သီချင်

(တာမွေ)

---

မောင်သီချင်သို့

---

တူမောင်ဖတ်လိုက်ရတဲ့သတင်းကို ဆရာလည်း ဖတ်လိုက်ရပါတယ်။ 'မနုဿတ္တဘာဝေါ ဒုလ္လဘော" ဆိုတဲ့အတိုင်း လူ့ဘဝဆိုတာ ရခဲပါတယ်။ အသက်တစ်ချောင်းဆိုတာ ဘာမဟုတ်တဲ့အကြောင်းကြောင့် မသေကောင်း မပျောက်ကောင်းပါဘူး။ ဘုရားဖူးလိုက်ခွင့်မပြုတာနဲ့ ကိုယ့်ကိုယ်ကို သတ်သေတယ်ဆိုတော့ နှမြောစရာကောင်းလှပါပြီ။ ရှူးရှူးမိုက်မိုက် သည်အရွယ်မို့ မိခင်ဖခင်များ၊ ညီအစ်ကို မောင်နှမများ သတိထားစရာ သင်ခန်းစာယူစရာ ဖြစ်ပါတယ်။


ဥပဒေမှာတော့ "ကျူးလွန်လို့ အောင်မြင်သွားရင် အပြစ်မရှိဘူး၊ မအောင်မြင်ရင် အပြစ်ရှိတယ်" ဆိုတာ ဒီလိုပြစ်မှုမျိုးပဲဖြစ်ပါတယ်။ မသေဘူးဆိုရင်တော့ မိမိကိုယ်ကို သတ်သေမှုအားထုတ်မှု ပုဒ်မ ၃၀၉ နဲ့ အရေးယူရတော့မပေါ့။ သေဆုံးသွားပြီး ဆိုတော့လည်း အရေးယူစရာမလိုတော့ဘူး။ သေမှုသေခင်းဆိုတဲ့ အမှုကိုသာ ရဲက ဖွင့်ရတယ်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၇၄(၁)အရ ပြစ်မှုအထွေထွေမှုဖွင့်ရပါတယ်။ စုံစမ်းစစ်ဆေးရပါတယ်။

သေမှုသေခင်းကို စစ်ဆေးပိုင်ခွင့်ရှိတဲ့ အာဏာရှိတဲ့ အနီးဆုံးတရားသူကြီးထံ သတင်းပို့ရပါတယ်။ အလောင်းရှိတဲ့နေရာကို သွားရပါတယ်။ အနီးပတ်ဝန်းကျင်မှာနေတဲ့ နှစ်ဦး (သို့မဟုတ်) နှစ်ဦးထက်ပိုသူတွေကိုခေါ်ယူပြီး သူတို့ရှေ့မှာ စုံစမ်းစစ်ဆေးမှု ပြုရပါတယ်။

အဲဒီအဆင့်တွေပြီးတဲ့အခါ သေမှုသေခင်းကို စစ်ဆေးပိုင်ခွင့်ရှိတဲ့ တရားသူကြီးထံသို့ စွဲဆိုတင်ပို့ရပါတယ်။ အဲဒါကတော့ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၇၆ အရဖြစ်ပါတယ်။ အဲဒီတရားသူကြီးက သမ္မန်မှု စစ်ဆေးတဲ့နည်းအတိုင်း စစ်ဆေးပြီး မည်သည့်အကြောင်းကြောင့် သေဆုံးကြောင်းကို ဆုံးဖြတ်ချက် ချမှတ်ရမည်ဖြစ်ပါတယ်။ လိုအပ်ရင် အလောင်းကိုတောင် တူးဖော်စစ်ဆေးရပါတယ်။ ကိုယ့်ကိုယ်ကို သတ်သေတာတောင်မလွယ်ဘူး။ မသေရင်လည်း အပြစ်ဖြစ်၊ သေပြန်တော့လည်း ဆွေမျိုးတွေရော၊ ရဲစခန်းရော၊ တရားရုံးရော အလုပ်ရှုပ်ကြရပြန်သေးတယ်။

အဲဒီတော့ ဘယ်လိုအကြောင်းကြောင့်မှ ကိုယ့်ကိုကိုယ်တော့ သတ်မသေကြပါနဲ့လို့ မှာလိုက်ပါရစေ။


ဦးအာကာ(တရားလွှတ်တော်ရှေ့နေ)




www.burmeseclassic.com

www.burmeseclassic.com






# မောင်ဉာဏ်ဝိန

## မူးယစ်ဆေးဝါးမှုခင်းများတွင် ပြင်ပအရာဝန်ထွက်ချက်အား အခြေခံသက်သေခံအထောက်အထားအဖြစ် လက်ခံသင့်/မသင့်ပြဿနာ

မူးယစ်ဆေးဝါးသတင်းအရ ရဲတပ်ဖွဲ့က ရှာဖွေဖမ်းဆီးခြင်းခံရသူများတွင် မူးယစ်ဆေးဝါး (သို့မဟုတ်) စိတ်ကြွဆေးများနှင့်အတူတကွ ဖမ်းဆီးရမိသူများလည်း ရှိတတ်သည်။ အချို့သောသူများမှာမူ မူးယစ်ဆေးဝါးနှင့် ပတ်သက်သော တစ်စုံတစ်ရာမတွေ့ရသော်လည်း မူးယစ်ဆေးဝါးသုံးစွဲထားသည့် လက္ခဏာများကို တွေ့ရသည်။ တစ်ခါတစ်ရံတွင် တရားခံ၏ ပြင်ပလက္ခဏာတွင် မူးယစ်ဆေးဝါးသုံး... ထားသည့် လက္ခဏာမတွေ့ရသော်လည်း ဆီးတွင် မော်ဖင်း၊ ကိုဒင်း စမ်းသပ်တွေ့ရှိရသည်မျိုးလည်း ကြုံတွေ့ရတတ်သည်။

www.burmeseclassic.com



တရားခံများကလည်း မိမိတို့တွင် ရင်ကျပ်ပန်းနာကဲ့သို့သော ရောဂါရှိသောကြောင့်သော်လည်းကောင်း၊ အဆစ်အမြစ်ကိုက်ခဲသည့် ရောဂါရှိသောကြောင့်သော်လည်းကောင်း၊ ဆရာဝန်က ညွှန်ကြားသည့်ဆေးကို သောက်သုံးရာမှ မော်ဖင်း (သို့မဟုတ်) ကိုဒင်းကို ဆီးတွင်တွေ့ရှိခြင်းဖြစ်ကြောင်း စသည်ဖြင့် ထွက်ဆိုပြီး ၎င်းအား ကုသပေးသည်ဆိုသော ပြင်ပဆရာဝန်တစ်ဦးဦးကို သက်သေအဖြစ်တင်ပြကာ အပြစ်မရှိကြောင်း ခုခံချေပလေ့ရှိကြသည်။

ဤတွင် မူးယစ်ဆေးဝါး ပါဝင်သည့်ဆေးများကို အခွင့်ရဆရာဝန်မဟုတ်သည့် သာမန်ဆရာဝန်က တိုက်ကျွေးသဖြင့် တရားခံတွင် မူးယစ်ဆေးဝါးစွဲသော လက္ခဏာပေါ်ပေါက်လာရသည်ဆိုသော သာမန်ဆရာဝန်တစ်ဦး၏ ထွက်ချက်ကို လက်ခံရန် သင့်/မသင့် အငြင်းပွားဖွယ် ပြဿနာပေါ်ပေါက်လာတော့သည်။ ပြင်ပဆရာဝန်၏ ထွက်ချက်ကို လက်ခံပါက တရားခံကို အမှုမှလွှတ်ရန်ဖြစ်ပြီး ပြင်ပဆရာဝန်၏ ထွက်ချက်ကို လက်မခံနိုင်ပါက တရားခံကို ပြစ်ဒဏ်ပေးရမည်ဖြစ်ပေသည်။

ဤကဲ့သို့ရပ်မျိုးနှင့်စပ်လျဉ်းပြီး လွန်ခဲ့သော ၁၀ နှစ်ခန့်က မိုးကုတ်မြို့တွင် မှုခင်းတစ်ခုဖြစ်ပွားခဲ့သည်။ ဖမ်းဆီးခံရသူအား တရားရုံးသို့ တရားစွဲဆိုတင်ပို့ခဲ့သည်။ ယင်းအမှုအား တရားရုံးအဆင့်ဆင့်က မည်ကဲ့သို့ သုံးသပ်ဆုံးဖြတ်သည်ကို သိရှိနိုင်ရန်အတွက် တင်ပြအပ်ပေသည်။

## ၎င်းတို့သည် အထူးထိန်းချုပ်ဆေးဝါးနှင့် သာမန်ထိန်းချုပ်ဆေးဝါးများကို ဝယ်ယူကုသရန် ဆေးညွှန်ကြားစာပေးခြင်း၊ ဆေးကုသပေးခြင်းတို့ ပြုနိုင်သည်

...

ပြင်ဦးလွင်ခရိုင်တရားရုံး၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁/၂၀၀၄ တွင် တရားခံမောင်စိန်အပေါ် ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ ပုဒ်မ ၁၅ အရ အလုပ်နှင့်ထောင်ဒဏ် ၄ နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ ထိုအမိန့်ကို မောင်စိန်က မကျေနပ်၍ မန္တလေးတိုင်းတရားရုံးသို့ ပြစ်မှုဆိုင်ရာ အယူခံအမှတ် ၂/၂၀၀၅ အရ ထပ်မံတင်သွင်းရာ အကျဉ်းနည်းဖြင့် ပလပ်ခံရသဖြင့် တရားရုံးချုပ်(မန္တလေးရုံးထိုင်) သို့ ပြစ်မှုဆိုင်ရာပြင်ဆင်မှုကို တင်သွင်းခဲ့သည်။ ပြင်ဆင်မှုအမှတ်မှာ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၁၅၃(ခ)/၂၀၀၅ ခုနှစ်ဖြစ်သည်။

အမှုအကြောင်းအရာ အကျဉ်းချုပ်မှာ မိုးကုတ်မြို့နယ်၊ ရဲတပ်ဖွဲ့စခန်း ဒုရဲအုပ်ဝင်းကျော်ရဲ ခေါင်းဆောင်သော ရဲတပ်ဖွဲ့ဝင်များသည် သက်သေရယက များနှင့်အတူ မူးယစ်ဆေးဝါးသတင်းအရ မိုးကုတ်မြို့ ဝစွကုတ်ရပ်နေ ကိုဆီမောင်၏နေအိမ်သို့ ၁၅-၁၂-၂၀၁၃ ရက်နေ့ ၃ နာရီ ၂၀ မိနစ်အချိန်တွင် ဝင်ရောက်ရှာဖွေကြရာ နေအိမ်အပေါ်ထပ် ဘုရားစင်ရှေ့တွင် ကိုဆီမောင်နှင့် မောင်စိန်တို့ကို ထိုင်လျက်တွေ့ရသဖြင့် ၎င်းတို့၏ ခန္ဓာကိုယ်အားရှာဖွေရာ ကိုဆီမောင်ဝတ်ဆင်ထားသည့် အင်္ကျီလက်ရှည် ဝဲဘက်အပေါ်အိတ်ကပ်ထဲမှ သားရေအညိုရောင်ပိုက်ဆံအိတ်အတွင်းမှ WY စာတန်းပါ အနီရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀ ပြား၊ WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၄၀ ပြား၊ ငွေရောင်စက္ကူ ၈ ရွက်၊ ရော်ဘာပိုက်ဖြူအပ်ချောင်း၊ သံပိုက်တိုတစ်ချောင်းတို့ကို တွေ့ရှိ၍ သိမ်းဆည်းခဲ့သည်။ မောင်စိန်၏ ခန္ဓာကိုယ်ပေါ်မှ မူးယစ်ဆေးဝါးနှင့် ပတ်သက်သော ပစ္စည်းတစ်စုံတစ်ရာမတွေ့ရသော်လည်း မူးယစ်ဆေးဝါးသုံးစွဲရန် ပြင်ဆင်ရောက်ရှိနေကြောင်း အစစ်ခံချက်အရ ကိုဆီမောင်၊ မောင်စိန်တို့ကို အရေးယူပေးရန် ဒုရဲအုပ်ဝင်းကျော်ရဲက တရားလိုပြုလုပ်တိုင်ကြားသောအမှုဖြစ်သည်။

တရားရုံးချုပ်တွင် နှစ်ဖက်သော ရှေ့နေများ၏ လျှောက်လဲချက်များကို နာကြားပြီးနောက် တရားရုံးချုပ်က အောက်ပါအတိုင်းသုံးသပ်ခဲ့သည်။

"အမှုတွဲပေါ် ပေါက်ချက်အရ ဒေါက်တာချိုမောင်စန်း(လိုပြ-၇)က



www.burmeseclassic.com

www.burmeseclassic.com



မောင်စိန်ငါ်ဆေးစာ(သက်သေခံ မ-၁) အရ ခန္ဓာကိုယ်စမ်းသပ်စစ်ဆေးချက်များအပေါ် မူတည်၍ မူးယစ်ဆေးဝါး သုံးစွဲထားသည့်အခြေအနေမရှိဟု မှတ်ချက်ပြုရမည်ဖြစ်ကြောင်းနှင့် ဒေါက်တာသဇင်ခိုင်က တရားခံ၏ ပြင်ပလက္ခဏာတွင် မူးယစ်ဆေးသုံးစွဲခြင်းလက္ခဏာမတွေ့ရသော်လည်း ဆီးတွင် မော်ဖင်း၊ ကိုဒင်း စမ်းသပ်တွေ့ရှိပါက ရောဂါအတွက် ဆရာဝန်ကြီးများညွှန်ကြားသော အချို့ဆေးဝါးများ သောက်သုံးခြင်းအားဖြင့်တွေ့ရှိနိုင်သည့်အတွက် မူးယစ်ဆေးဝါးသုံးစွဲခြင်းမရှိဟု ယူဆနိုင်ကြောင်း ထွက်ဆိုထားကြသော်လည်း မောင်စိန်၏ဆီးတွင် မော်ဖင်း စမ်းသပ်တွေ့ရှိခြင်းမှာ သက်သေခံ (ပ-၁) ပြန်ကြားစာအရ ထင်ရှားသည်''

''မောင်စိန်(ခံပြ-၂)က ၎င်းသည် လက်အဆစ်ကိုက်ရောဂါခံစားရ၍ ၁၂-၁၂-၂၀၀၃ ရက် ညနေတွင် မန္တလေးမြို့ ၃၅ × ၇၅ လမ်းထောင့်ရှိ ဒေါက်တာကျော်နိုင်ဦးထံ ပြသခဲ့ကြောင်း။ ဆရာဝန်က မန္တလေးဆေးရုံကြီးအတွင်းရှိ တားဂတ်ဆေးဆိုင်မှ ဆေးဝယ်ရန် ဆေးစာပေးခဲ့ကြောင်း။ အဆိုပါဆေးကို တစ်နေ့ ၃ ကြိမ်နှင့် ၅ ရက်သောက်ရန် ညွှန်ကြားခဲ့ကြောင်း၊ ၁၄-၁၂-၂၀၀၃ ရက်နေ့တွင် မန္တလေးမြို့မှ မိုးကုတ်မြို့သို့ ပြန်ခဲ့ကြောင်း၊ ၁၅-၁၂-၂၀၀၃ ရက်နေ့တွင် ကျောက်ရောင်းရန်ရှိ၍ ကိုဆီမောင်၏အိမ်သို့ သွားခဲ့ကြောင်း၊ ကိုဆီမောင်၏ ဖနီးမရှိ၍စောင့်နေစဉ် ရဲများနှင့်လူများရောက်လာပြီး ကိုဆီမောင်ကို ဖမ်းဆီးကြောင်း၊ ၎င်း၏ ခန္ဓာကိုယ်ကို ရှာဖွေသည့်အခါ မည်သည့်ဆေးမှ မတွေ့ကြောင်း၊ ပြစ်မှုကျူးလွန်ခြင်းမရှိ၍ အပြစ်မရှိကြောင်း ထုချေသည်''

ဒေါက်တာကျော်နိုင်ဦး (ခံပြ-၄)က ၁၂-၁၂-၂၀၀၃ ရက်နေ့တွင် မိုးကုတ်မြို့မှ မောင်စိန်ကို ဆေးကုသပေးခဲ့ကြောင်း၊ လက်အဆစ်ကိုက်၍ အက်ဒရာဂင်စင်ကိုဒင်းဆေးကို တစ်နေ့ ၃ ကြိမ်၊ ၅ ရက်သောက်ရန် မန္တလေးမြို့ဆေးရုံကြီး တားဂတ်ဆေးဆိုင်မှ ဝယ်ယူရန်ဆေးစာရေးပေးလိုက်ကြောင်း၊ မောင်စိန့်ဆီးတွင် မော်ဖင်း စမ်းစပ်တွေ့ရှိခြင်းမှာ အက်ဖရာဂင်စင်ကိုဒင်းဆေးကြောင့် ဆီးတွင် ဘေးထွက်ပစ္စည်းအနေဖြင့် မော်ဖင်းစမ်းသပ်တွေ့ရှိခြင်းဖြစ်ကြောင်း ထောက်ခံထွက်ဆိုထားသည်''

''မောင်စိန်အား ဆရာဝန်ညွှန်ကြားသည့် အက်ဖရာဂင်စင်ကိုဒင်းဆေးသည် ကျန်းမာရေးဝန်ကြီးဌာန၏ အမိန့် ၁/၂၀၁၃ အပိုဒ်၁(က) အရ အထူးထိန်းချုပ်ဆေးဝါး အမျိုးအစားတွင်ပါဝင်သည်။ အဆိုပါဆေးကို လက်လီရောင်းချခွင့်ရှိသည့် မန္တလေးမြို့ ဆေးရုံကြီး တားဂတ်ဆေးဆိုင်မှ ဝယ်ယူသောက်သုံးသည်မှာလည်းမှန်သည်။ သို့ရာတွင် အဆိုပါဆေးဝါးကို ပေးခွင့်ရှိသူမှာ ကျန်းမာရေးဝန်ကြီးဌာန အမိန့်အမှတ် ၁/၂၀၀၃ အပိုဒ် ၁၀(က)အရ အထူးကုဆရာဝန်အဆင့်နှင့်အထက် ဆရာဝန်ကြီးများဖြစ်သည်။

၎င်းတို့သည် အထူးထိန်းချုပ်ဆေးဝါးနှင့် သာမန်ထိန်းချုပ်ဆေးဝါးများကို ဝယ်ယူကုသရန် ဆေးညွှန်ကြားစာပေးခြင်း၊ ဆေးကုသပေးခြင်းတို့ ပြုနိုင်သည်။ မောင်စိန်ကို ဆေးကုသပေးသူ ဒေါက်တာကျော်နိုင်ဦးသည် အထူးကုဆရာဝန်ဖြစ်ကြောင်း မပေါ်ပေါက်ပေ။ သာမန်ဆေးကုသခွင့်ရှိသော ဆရာဝန်သာဖြစ်သည်။ သို့ဖြစ်၍ ၎င်း၏ ဆေးကုသမှုသည် ကျန်းမာရေးဝန်ကြီးဌာန၏ အမိန့်အမှတ် ၁/၂၀၀၃ အပိုဒ် ၁၀(က)နှင့် ညီညွတ်မှုမရှိပေ။ ၎င်းညွှန်ကြားသည့်ဆေးကို သုံးစွဲ၍ ဆီးတွင် မော်ဖင်းစမ်းသပ်တွေ့ရှိခြင်းဖြစ်သည်ဆိုသည့် ထုချေချက်မှာ တရားလိုဘက်မှ တင်ပြသည့် ခိုင်လုံချက်ကို ချေဖျက်နိုင်ခြင်းမရှိပေ''

''သို့ဖြစ်၍ မောင်စိန်အပေါ် ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၅ အရ ပြစ်မှုထင်ရှားစီရင်သည့် ပြင်ဦးလွင်ခရိုင်တရားရုံး အမိန့်နှင့် ယင်းအမိန့်ကို အတည်ပြုသော မန္တလေးခရိုင်တရားရုံး၏ အမိန့်တို့သည် မှားယွင်းသည်ဟု မဆိုနိုင်ချေ''

တရားရုံးချုပ်သည် အထက်ပါအတိုင်း အကျယ်တဝင့်သုံးသပ်ပြီး ပြင်ဆင်မှုကို ပလပ်ခဲ့သည်။ ယင်းအမှုကိုလည်း မောင်စိန်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ ၂၀၀၅ ခုနှစ်၊ မ. တ. စ စာ-၄၆) အဖြစ် စီရင်ထုံးပြုခဲ့ကြောင်း ရေးသားတင်ပြအပ်ပေသည်။

မောင်ဘုတ်စိန်


www.burmeseclassic.com






www.burmeseclassic.com


www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



ယနေ့ ကျွန်တော်တို့မြန်မာနိုင်ငံမှ နေ့စဉ်ထုတ်ဝေနေသော သတင်းစာများ၊ ဂျာနယ်များတွင် ယာဉ်မတော်တဆဖြစ်မှုသတင်းများ လှိုင်းထလျက်ရှိသည်ကို စာဖတ်ပရိသတ်များ စိတ်သောကဝေဒနာ အပြာပြာနှင့် ဖတ်ရှုကြရမည်ဖြစ်သည်။ သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ခရီး သွားပြည်သူများ ခရီးသွားလာရာတွင် လုံခြုံချောမွေ့ရေးအတွက် ပညာပေးစည်းရုံးခြင်းအပါအဝင် နည်းလမ်းအမျိုးမျိုးနှင့်ဆောင်ရွက်နေကြသည့် သတင်းများကိုလည်း ဖတ်ရှုခဲ့ကြရမည်ဖြစ်ပါသည်။

သို့သော် ယာဉ်မတော်တဆဖြစ်မှုမှာ တစ်နေ့တခြားများလာသည်ကို သတိပြုမိကြမည်ဖြစ်ပါသည်။ သက်ဆိုင်ရာမှ တာဝန်ရှိသူများ၏ ကြေငြာချက်အရ ရန်ကုန်–မန္တလေးအမြန်လမ်းမကြီးပေါ်တွင် ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီမှ ဒီဇင်ဘာလအတွင်း ယာဉ်မတော်တဆမှုပေါင်း ၂၆၉ မှု ဖြစ်ပွားခဲ့သည်ဟု သိရ၏။ အခြားမြို့များနှင့် ပါဆိုလျှင် မြန်မာနိုင်ငံအနှံ့ဖြစ်ပွားခဲ့သော ယာဉ်မတော်တဆဖြစ်မှုများမှာ စိတ်ပျက်ဖွယ်ကောင်းအောင် တစ်နေ့တစ်ခြားများပြားလာသည်ကို တွေ့ရသည်။

ခရီးသွားပြည်သူများ ခရီးသွားလာရာတွင် လုံခြုံချောမွေ့ရေးမှာ အမျိုးသားအားလုံးနှင့်ဆိုင်သော ပြဿနာတစ်ခုဖြစ်လာနိုင်သည်ဟုသာ ဆိုရမည်ဖြစ်ပါသည်။

အလျဉ်းသင့်သဖြင့် ကိုလိုနီခေတ်နှောင်းကာလ ၁၉၃၀ ခုနှစ်ပတ်ဝန်းကျင်တွင် ရန်ကုန်မြို့တွင်ဖြစ်ပွားခဲ့သော ယာဉ်မတော်တဆဖြစ်ပွားမှုများနှင့်ပတ်သက်၍ ရေးသားဖော်ပြမည်ဖြစ်ပါသည်။ ထိုစဉ်ကပင် အရေးကြီးတရားမှုတပါသည်မှာ ကြေငြာခဲ့သော ဖြတ်သိသူအစိုးရ၏ ဥပဒေနှစ်မျိုးသာမှုကိုလည်း စာဖတ်သူများ တွေ့ရမည်ဖြစ်ပါသည်။ ဤယာဉ်မတော်တဆဖြစ်မှုကို တင်ပြမည်ဖြစ်၍ ထိုကာလက ရန်ကုန်မြို့၏ သယ်ယူပို့ဆောင်ရေးအခြေအနေကို အလျဉ်းသင့်သဖြင့် ဖော်ပြရမည်ဖြစ်ပါသည်။ မှတ်တမ်းများအရ ရန်ကုန်မြို့တွင် ၁၉၀၃ ခုနှစ်ခန့်မှာပင် ကိုယ်ပိုင်ကားများတွေ့ရသည်ဟုဆိုသည်။ သို့သော် ကိုယ်ပိုင်ကားပိုင်သူဦးရေမှာ လက်ချိုးရေ၍ ရေတွက်ရနိုင်သည်ဟု သိရ၏။ ထို့နောက် မော်တော်ကားစီးရေ တစ်စစ များပြားလာသဖြင့် ၁၉၀၆ ခုနှစ်တွင်မှ ကိုယ်ပိုင်မော်တော်ကားများ မှတ်ပုံတင်ရန် မြန်မာနိုင်ငံ မော်တော်ယာဉ်အက်ဥပဒေကို ပြဋ္ဌာန်းရန်စီမံလာခဲ့ကြသည်။ ထိုစဉ်ကာလကမူ ပြည်သူအများမှာ မြင်းလှည်းများနှင့် လူနှစ်ယောက်စီးနိုင်၍ လူတစ်ယောက်စီးရသော အမိုးနှင့်နှစ်ဘီးတပ် လန်ချားလို့ ယာဉ်ငယ်များကိုသာ အားကိုးကြရ၏။ ထိုလန်ချားများစတင်ပြေးဆွဲစဉ်က လန်ချားဆွဲသောသူများမှာ တရုတ်အမျိုးသားများဖြစ်ကြသည်။ နောင်သောအခါ အိန္ဒိယအမျိုးသားများက [illegible]သည်။ ၁၉၃၀ ခုနှစ်ခန့်[illegible] [illegible]ကုန်မြို့တွင် လန်ချားစင်းရေ ၂၅၀၀ [illegible] လန်ချားဆွဲသူ[illegible]ရှိသည်ဟု သိရ၏။

၁၉၀၅ ခုနှစ်ခန့်ကာလ၌ ရန်ကုန်မြို့တွင် ဘတ်(စ်)ကားများ စတင်ပြေးဆွဲခဲ့၏။ ထိုစဉ်က သက်ဆိုင်ရာမှထုတ်ပြန်သောသတင်းအရ ရန်ကုန်မြို့တွင် ကိုယ်ပိုင်ကားနှင့် လော်ရီကား ၄၂၆ စီးနှင့် မော်တော်ဆိုင်ကယ် ၁၃၉ စီးရှိ

www.burmeseclassic.com





ခဲ့သည်။ တတ်ရထားမြေးဆွဲခဲ့သဖြင့် ယာဉ်မတော်တဆဖြစ်မှုများ ပေါ်ပေါက်လာခဲ့ရာမှ ယာဉ်ထိန်းလက်မြှုပ်လိပ်ရဲများခန့်ထား၍ ယာဉ်မတော်တဆဖြစ်မှု ထိန်းသိမ်းနိုင်ရန် ဆောင်ရွက်ခဲ့ကြ၏။ အထက်ဖော်ပြပါ ယာဉ်ထိန်း ပုလိပ်(ရဲ)များမှာ အိန္ဒိယတိုင်းရင်းသားများသာဖြစ်၏။ ၁၉၃၀ ခုနှစ် ရောက်ရှိလာခဲ့သည့်အခါ ရန်ကုန်မြို့တော်မှာ ကိုယ်ပိုင်ကားများ၊ ဘတ်(စ်)ကားများ၊ အငှားကားများ၊ ကုန်တင်လော်ရီများ၊ မော်တော်ဆိုင်ကယ်များ၊ လန်ခြားများ၊ မြင်းလှည်းများ များပြားလာသည့်အတွက် ယာဉ်မတော်တဆဖြစ်ပွားမှုတွေများလာသည်။

ယခုရေးသားဖော်ပြမည့် ယာဉ်တိုက်မှုမှာ ရန်ကုန်ခရိုင်၊ ရာဇဝတ်တရားသူကြီးရုံးတွင် စစ်ဆေးခဲ့သော ဂန္ထဝင်မှုခင်းကြီးတစ်မှုဖြစ်ပါသည်။ ထိုအမှုကို စစ်ဆေးသူမှာ မြန်မာအလိုတော်ရှိဟု ဗြိတိသျှအစိုးရအာဏာပိုင်များက ဘွဲ့ချီးမြှင့်ခြင်းခံရသော ရန်ကုန်အမေ့ရိုင်(ခရိုင်အုပ်ချုပ်ရေးမှူး)အိုင်စီအက်(စ်)မစ္စတာမောရစ်ကောလစ်ဖြစ်ပါသည်။ ဤနေရာတွင် အလျဉ်းသင့်သဖြင့် သူ ဂိုဏ်ဆက်စပ်နေသော အကြောင်းအရာအနည်းငယ်ကို တင်ပြလိုပါသည်။ အိုင်စီအက်(စ်)ဆိုသည်မှာ (Indian Civil Service) အိန္ဒိယပဋိညာဉ်ခံဝန်ထမ်းတစ်ယောက်ဖြစ်ပါသည်။ ဗြိတိသျှတို့သည် မြန်မာနိုင်ငံအား သိမ်းပိုက်ပြီးသည်နှင့် အိန္ဒိယနိုင်ငံ၏ ပြည်နယ်တစ်ခုအဖြစ်သတ်မှတ်ခဲ့ပြီး အိန္ဒိယဘုရင်ခံအား အုပ်ချုပ်စေခဲ့၏။

မြန်မာနိုင်ငံ၏ ဒုတိယဘုရင်ခံအညီ ဒေလီတွင် နေထိုင်သော အိန္ဒိယဘုရင်ခံချုပ်၏လက်အောက်ခံဖြစ်သည်။ ထိုကာလက အိန္ဒိယနှင့် မြန်မာနိုင်ငံအား အထက်ဖော်ပြပါ အိုင်စီအက်(စ်)များအား အုပ်ချုပ်ခိုင်းထားရာ အင်္ဂလိပ်ပညာတတ်များသည် ထိုရာထူးကို မက်မောကြသည်။ အင်္ဂလန်နိုင်ငံရှိ တက္ကသိုလ်ကျောင်းတိုက်ကြီးများဖြစ်သော အောက်စဖို့(ဒ်)နှင့်ကိန်းဘရစ်(ချ်)တက္ကသိုလ်မှ ထွက်သောသူများသည် ထိုရာထူးများကို ရကြသည်။ နောင်အခါ ရန်ကုန်တက္ကသိုလ်မှ ဘွဲ့ရကျောင်းထွက်ပုဂ္ဂိုလ်များလည်း ထိုရာထူးကို ရရှိခဲ့ကြသည်။ သူတို့သည် မြို့အုပ်(မြို့နယ်အုပ်ချုပ်ရေးမှူး)၊ နယ်ပိုင်(ခရိုင်အုပ်ချုပ်ရေးမှူး)၊ အရေးပိုင်တိုင်းမင်းကြီး၊ အတွင်းဝန်ချုပ်ထိ ရာထူးကြီးများကို ရကြသည်။ ထူးထူးခြားခြား ကံကောင်းသူများမှာ ဒုတိယဘုရင်ခံ၊ ဘုရင်ခံချုပ်စသော ရာထူးကြီးများရကြသဖြင့် လူအများကမူ သူတို့အား မိုးကျရွှေကိုယ် (Heaven Born) ဟု ကင်ပွန်းတပ်ခြင်းခံရ၏။

အငြိမ်းစားယူကြသည့်အခါတွင်လည်း ဂုဏ်ထူးဘွဲ့ထူးများရကြသည်။ ဤကဲ့သို့သော မိုးကျရွှေကိုယ်များတွင် မစ္စတာမောရစ်ကောလစ်မှာ တစ်မူထူးခြားသူဖြစ်သည်။ သူသည် မြန်မာနိုင်ငံသို့ရောက်လာသော အခြား အိုင်စီအက်(စ်)များ ကျင့်သုံးသကဲ့သို့ မကျင့်သုံး၊ မြန်မာလူမျိုးတို့၏ ရိုးရာဓလေ့ကို မြတ်နိုးသူဖြစ်သည်။ မြန်မာလူမျိုးများနှင့်လည်း လက်ပွန်းတတီးနေထိုင်သည်။ သူတာဝန်ယူအုပ်ချုပ်ရသည့်အချိန်တွင် အခြားအင်္ဂလိပ်အိုင်စီအက်(စ်)များနှင့်မတူ တရားဥပဒေအတိုင်း အမှန်လိုက်နာသည်။ အင်္ဂလိပ်နှင့် မြန်မာ အချင်းဖြစ်ပွားလျှင် မှန်သည့်အတိုင်း တရားစီရင်သည်။ ထိုအခါ အင်္ဂလိပ်များက သူ့အား မြန်မာအလိုတော်ရှိဟု ဆိုကာ သူ့အား ချောင်ထိုးထားကြ၏။

ဤသို့ဖြင့် အုပ်ချုပ်ရေးတွင် အောင်မြင်နိုင်မည်မဟုတ်ဟု ယူဆသော မစ္စတာမောရစ်ကောလစ်သည် အဆောတလျင် အငြိမ်းစားယူ၍ အင်္ဂလန်သို့ပြန်ကာ စာပေလောကသို့ ခြေစုံပစ်ဝင်ခဲ့သည်။ မြန်မာအလိုတော်ရှိဟု ထင်မှတ်ကာ အင်္ဂလိပ်အရာရှိများက ဝိုင်းပယ်ခြင်းခံခဲ့ရသည့် သူ့အား စိုင်ကော်၍ ခြုံပေါ်ရောက်သည်ဟု ဆိုရပေတော့မည်။ အဘယ်ကြောင့်ဆိုသော် သူသည် ထူးထူးခြားခြား အောင်မြင်ပေါက်ရောက်သော စာရေးဆရာကြီးတစ်ယောက် ဖြစ်ခဲ့ရ၏။

ယခုရေးသားဖော်ပြမည့် ယာဉ်မတော်တဆမှု မှုခင်းကြီးမှာ သူ ရန်ကုန်ခရိုင် အရေးပိုင်အဖြစ်ဆောင်ရွက်စဉ် စစ်ဆေးခဲ့သော အမှုဖြစ်၏။ ထိုကာလက ရန်ကုန်ခရိုင် အရေးပိုင်မှာ တရားရုံး ၆ ရုံးကို အုပ်ချုပ်ရ၏။ ထို ခြောက်ရုံးထဲတွင် သူကိုယ်တိုင်စစ်ဆေးရသော ရုံးပါဝင်၏။ ရန်ကုန်မြို့တွင်းဝယ် ဖြစ်ပွားပြီး ထောင် ၇ နှစ်ထက်ပို၍မချနိုင်သော ရာဇဝတ်မှုများကို သူ့လက်အောက်ရုံးများက စစ်ဆေးရပြီး သူကိုယ်တိုင်ကမူ ထောင်ဒဏ် ၂ နှစ်မှ ၇ နှစ်အထိ ပေးနိုင်သော အမှုများကို စစ်ဆေးရ၏။

ထိုကာလကမူ တရားဝင်ဥပဒေ



www.burmeseclassic.com

www.burmeseclassic.com



ချမှတ်ထားခြင်းမရှိသော်လည်း တရားခံဖြစ်သူသည် ဥရောပတိုက်သားဖြစ်နေပါက ထောင်ဒဏ်မည်မျှပေးနိုင်သည်ဖြစ်စေကာမူ သူကိုယ်တိုင်သာလျှင် အမှုကို စစ်ဆေးရလေသည်။ အဘယ်ကြောင့်ဆိုသော် အသားညိုမြန်မာတရားသူကြီးတစ်ယောက်က မျက်နှာဖြူတရားခံတစ်ယောက်အားအမှုစစ်ဆေး၍ စီရင်ချက်ချခြင်းသည် မျက်နှာဖြူတစ်မျိုးသားလုံးအတွက် ဂုဏ်သိက္ခာပျက်စရာဖြစ်မည်ဟု ယူဆခဲ့သည်။ အမှန်အားဖြင့် ရန်ကုန်ခရိုင်တရားသူကြီးရာထူး၌ မြန်မာအမျိုးသားတစ်ယောက် ဆောင်ရွက်ခွင့်မရှိဟု ဥပဒေမရှိသော်လည်း ထိုကာလက ရန်ကုန်ခရိုင်တရားသူကြီးရာထူးအား မြန်မာများ ခန့်ထားခြင်းမရှိခဲ့။ သို့ဖြစ်၍ အိုင်စီအက်(စ်)အရေးပိုင် မောရစ်ကောလစ်အား ရန်ကုန်ခရိုင်တရားသူကြီးအဖြစ် ခန့်ထားခဲ့ခြင်းဖြစ်သည်။

အမှန်အားဖြင့် ထိုကာလက မှတ်တမ်းများအရ တရားရုံးရောက်သည့် ဥရောပတိုက်သားရှားပါးလှ၏။ ရန်ကုန်မြို့တွင်ရှိနေသော ဗြိတိသျှအမျိုးသားဦးရေမှာ စစ်တပ်မှအပ စုစုပေါင်း ၄၀၀ ခန့်သာရှိရာ သူတို့တရားစွဲဆိုခံရသည်ဆိုသည်မှာလည်း ရှားလှ၏။ တစ်ခါတရံသာ ဥရောပတိုက်သား တစ်ဦးတစ်ယောက် တရားရုံးရောက်လေ့ရှိ၏။ ထိုသူတို့ ကျူးလွန်သော အမှုအခင်းများမှာလည်း အသေးအဖွဲ ကျူးလွန်သည့်အမှုများသာဖြစ်၏။

ရန်ကုန်ခရိုင်တရားသူကြီးအဖြစ် မြန်မာအလိုတော်ရိ မစ္စတာမောရစ်ကောလစ်ပထမဆုံး စစ်ဆေးခဲ့ရသော မော်တော်ယာဉ်တိုက်မှုမှာ ဤသို့ဖြစ်၏။ မစ္စတာဟော(လ်)ဆိုသူ ဗြိတိသျှအမျိုးသမီးတစ်ဦးသည် ရန်ကုန်မြို့တွင်း တစ်နေရာတွင် လမ်းဖြတ်ကူးသော အိန္ဒိယတိုင်းရင်းသား ဆိပ်ကမ်းအလုပ်သမားတစ်ဦးအား မော်တော်ကားနှင့် တိုက်မိရာ ထိုအိန္ဒိယအလုပ်သမားမှာ ပြင်းပြင်းထန်ထန်ဒဏ်ရာရပြီး သေဆုံးခဲ့ရသည်။ ထိုအမှုအား မစ္စတာမောရစ်ကောလစ်စစ်ဆေးရာတွင် မျက်မြင်သက်သေများ၊ ယာဉ်ထိန်းပုလိပ်(ရဲ) (ဆ ခ်အမျိုးသား)တို့၏ တိတိကျကျ ခိုင်ခိုင်မာမာထွက်ဆိုချက်အရ သေဆုံးသူ အိန္ဒိယအမျိုးသား၏ စည်းကမ်းချိုးဖောက်မှုဖြစ်သည်မှာ အထူးထင်ရှားပေါ်လွင်လှ၏။ သို့ဖြစ်၍ ကားတိုက်မှုကျူးလွန်သူ မစ္စတာဟောလ်အား တရားသူကြီးဖြစ်သူ မစ္စတာမောရစ်ကောလစ်က ပြစ်ဒဏ်ချမှတ်ခြင်းမပြုဘဲ လွှတ်ပေးခဲ့၏။

ထိုစဉ်က ရန်ကုန်မှထုတ်ဝေလျက်ရှိသော အင်္ဂလိပ်မြန်မာသတင်းစာများ၊ အိန္ဒိယတိုင်းရင်းသား အလုပ်သမားများ၊ မြန်မာဝံသာနုအသင်းများက တရားသူကြီး၊ ရန်ကုန်ခရိုင် အရေးပိုင်မစ္စတာမောရစ်ကောလစ်အား တစ်စုံတစ်ရာဝေဖန်ခဲ့ခြင်းမပြုခဲ့ကြ။ မြန်မာမျိုးချစ်သခင်လူငယ်အများကလည်း မစ္စတာမောရစ်ကောလစ်၏ ဂုဏ်သိက္ခာနှင့် စိတ်နေသဘောထား ရိုးသားဖြောင့်မတ်မှုကို သိထားသဖြင့် ထိုအမှုနှင့်ပတ်သက်၍ တစ်စုံတစ်ရာဝေဖန်ခြင်းမပြုခဲ့ကြ။ ထို့အတူ ဥရောပတိုက်သား ၊ အသိုင်းအဝန်းကလည်း မစ္စတာမောရစ်ကောလစ်အား စောင့်ကြည့်ခဲ့ကြသည်မှအပ တစ်စုံတစ်ရာ ဆွေးနွေးခြင်းမပြုခဲ့။

ထိုအမှုဖြစ်ပွားခဲ့ပြီးနောက် ဗြိတိသျှအမျိုးသား မစ္စတာမိန်းနန်နှင့် မစ္စက်ပီးယားဆိုသူတို့မှာလည်း အထက်ဖော်ပြပါမစ္စစ်ဟောလ်နည်းတူ ကားတိုက်မှုဖြစ်ပွားခဲ့သည်။ ကားတိုက်ခံရသူများမှာလည်း အိန္ဒိယတိုင်းရင်းသား ဆိပ်ကမ်းအလုပ်သမားတစ်ယောက်ဖြစ်၏။ ကားတိုက်ခံရသူမှာ ထိခိုက်ဒဏ်ရာရခဲ့သည်။ ထိုအမှုတွင်လည်း ကားတိုက်ခံရသူ၏ လမ်းစည်းကမ်းချိုးဖောက်မှုပေါ့လျော့မှု ထင်ရှားသဖြင့် ယာဉ်တိုက်မှု ကျူးလွန်သူ မစ္စတာမိန်နီနှင့် မစ္စက်ပီးယားတို့အား မစ္စတာမောရစ်ကောလစ်က လွှတ်ပေးခဲ့ပြန်သည်။

ထို့အတူ မစ္စတာလယ်ဝီလီယံဂျုံး(စ်)နှင့် ရန်ကုန်ဆိပ်ကမ်းရေဝန်ရုံး (ဆိပ်ကမ်းအာဏာပိုင်ရုံး)မှ တာဝန်ခံအရာရှိ မစ္စတာလော့ဟတ်(စ်)ဆိုသူနှစ်ဦးတို့သည်လည်း အထက်ဖော်ပြပါ အင်္ဂလိပ်အမျိုးသား၊ အမျိုးသမီးများနည်းတူ ယာဉ်တိုက်မှုဖြစ်ပွားခဲ့ပြန်သည်။ ထိုသူတို့နှစ်ဦး ယာဉ်တိုက်မှုတွင်လည်း အတိုက်ခံရ[illegible] အိန္ဒိယဆိပ်ကမ်း အလုပ်သမား၏[illegible]ဖြစ်ကြောင်း ထင်ရှားသဖြင့် မစ္စတာလယ်ဝီလီယံဂျုံးနှင့် ဆိပ်ကမ်းအရာရှိလောက်ဟတ်တို့အား မစ္စတာမောရစ်ကောလစ်က လွှတ်ပေးခဲ့ပြန်သည်။ ဤတွင် အိန္ဒိယဆိပ်ကမ်းလုပ်သားများသေဆုံးဒဏ်ရာရစေခဲ့သော ဥရောပတိုက်သား ကားတိုက်မှု ၅ မှုကို ကျူးလွန်ခဲ့သည့် တရားခံများကို မစ္စတာမောရစ်ကော

www.burmeseclassic.com



လစ်က လွှတ်ပေးခဲ့သည်။

ဤအမှုများနှင့်ပတ်သက်၍ ပတ်ဝန်းကျင်ဂယက်ရိုက်ခတ်မှုမရှိခဲ့။ ထိုစဉ်က ထိတ်ထိတ်ကြဲ ဟိုးဟိုးကျော်နေသော မြန်မာသတင်းစာကြီးနှစ်စောင်ဖြစ်သော သူရိယနှင့် မြန်မာ့အလင်းသတင်းစာ၊ အိန္ဒိယတိုင်းရင်းသားဘာသာဖြင့်ထုတ်ဝေသော သတင်းစာများ၊ တရုတ်ဘာသာဖြင့်ထုတ်ဝေသော သတင်းစာကြီးများကလည်း ရန်ကုန်ခရိုင်အရေးပိုင် တရားသူကြီးမစ္စတာမောရစ်ကောလစ်သည် ဗြိတိသျှအမျိုးသား မျက်နှာဖြူများဘက်မှ မျက်နှာလိုက်၍ တရားစီရင်သည်ဟု စွပ်စွဲရေးသားခြင်းမပြုကြ။ သူ့အား မြန်မာအလိုတော်ရိဟု စွပ်စွဲခဲ့သော ဥရောပတိုက်သားများကမူ ဆက်လက်စောင့်ကြည့်ခဲ့ကြသည်။

၁၉၃၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၈ ရက်၊ ည ၉ နာရီထိုးရန် မိနစ် ၂၀ ခန့်အလိုတွင် ရန်ကုန်မြို့အလယ်၊ ဗြိတိသျှအမျိုးသားတို့၏ ဂျင်မခါနားကလပ်အနီး၊ ဟယ်လဗင်လမ်းနှင့်ပြည်လမ်းဆုံတွင် မော်တော်ကားနှစ်စီးတိုက်မှုဖြစ်ပွားခဲ့သည်။ ဤအမှုတွင် အဓိကတရားခံဟု စွပ်စွဲခံရသူမှာ ဗြိတိသျှဘုရင်မကြီး၏ ကင်မရွန်းတပ်မတော်မှ ဗိုလ်ဖောတက်စကြူးဆိုသူဖြစ်သည်။ သူသည် အချင်းဖြစ်ပွားသည့်နေ့ညက ဂျင်မခါနာကလပ်မှ သူ့မော်တော်ကားကို အရှိန်မြှင့်၍ မောင်းနှင်လာခဲ့သည်။ သူ့ရှေ့ရှိ မော်တော်ကားနှစ်စီးကို ကျော်တက်လာခဲ့သည်။

ထိုစဉ်က ပြည်လမ်းထောင့်တွင် ရန်ကုန်မြို့တော် ယာဉ်ထိန်း ပုလိပ်(ရဲ) အဖွဲ့မှာ အထူးအတွေ့အကြုံများသူ မော်တော်ယာဉ်ထိန်းရဲ ဒါဝပ်ခန်းဆိုသူအား တာဝန်ချထားသည်။ ဒါဝပ်ခန်းသည် ယာဉ်အသွားအလာကို မီးစိမ်းမီးနီပြ၍ ရှင်းလင်းပေးသည်။ ထိုစဉ်က ဒါဝပ်ခန်းသည် ဂျင်မခါနာကလပ်မှ အရှိန်ပြင်းပြင်း မောင်းလာသော ဗိုလ်ဖောတက်စကြူ၏ မော်တော်ကားအား မီးနီဖြင့်တား၍ ပြည်လမ်းမကြီးအတိုင်း မောင်းနှင်လာသော မော်တော်ကားများကို မီးစိမ်းပြ၍ မောင်းစေသည်။ ဗိုလ်ဖောတက်(စ်)ကြူသည် လမ်းပြရဲ ဒါဝပ်ခန်း မီးနီပြ၍ တားဆီးမှုကို လိုက်နာခြင်းမရှိဘဲ ပြည်လမ်း ယာဉ်ကြောပေါ်တွင် မီးစိမ်းပြ၍ ခပ်ဖြည်းဖြည်း မောင်းနှင်နေသော မော်တော်ကားအား ဝင်ရောက်တိုက်မိတော့၏။ ဗိုလ်ဖောတက်စကြူ၏ကားမှာ အရှိန်ဖြင့် အတိုက်ခံရသည်။ မော်တော်ကားမှာ ပြည်လမ်းတစ်ဘက် ပေ ၆၀ ခန့် လွင့်စဉ်သွားခဲ့သည်။ အတိုက်ခံရသည့်ကားပေါ်မှ ခရီးသည်သုံးယောက်မှာ ပြင်းပြင်းထန်ထန် ဒဏ်ရာရသွားခဲ့သည်။ ထိုသုံးယောက်အနက် မိန်းမပျိုတစ်ဦးမှာမူ ဆီးခုံရိုးကျိုးပြီး ဆီးအိတ်ကွဲသွားခဲ့၏။

ဤ ယာဉ်မတော်တဆဖြစ်မှုအား မော်တော်ယာဉ်ပုလိပ်(ရဲ)အဖွဲ့မှ သက်ဆိုင်ရာသို့ တိုင်ကြားပြီး ပုဒ်မ ၃၈၈ ကို ကျူးလွန်သည်ဟုဆိုကာ ရန်ကုန်ခရိုင်တရားသူကြီးရုံးတော်တွင် တရားစွဲဆိုခဲ့၏။ ဥပဒေအရ ထိုအမှုကို ကျူးလွန်သူအား ထောင်ဒဏ်နှစ်နှစ်သော်လည်းကောင်း၊ ဒဏ်ငွေတစ်ရာကျပ်သော်လည်းကောင်း၊ နှစ်မျိုးစလုံးကိုသော်လည်းကောင်း အပြစ်ပေးနိုင်သည်။ ဥပဒေကြောင်းအရ ဤအမှုသည်ရာဇဝတ်မှုတစ်ခုဖြစ်နေပေသည်။

ထိုအမှုစစ်ဆေးနေစဉ်တွင် ပြင်းထန်စွာဒဏ်ရာရရှိထားသော အမျိုးသမီးငယ်မှာ သေမည်ရှင်မည်မပြောနိုင်သော အခြေအနေဖြစ်သည်။ ဗြိတိသျှလူမျိုးအများကမူ သူတို့ အမျိုးသားစစ်ဗိုလ်၏ ကားတိုက်မှုသည် မှားနေစေကာမူ လျော့နည်းသော ပြစ်ဒဏ်ကိုသာ ပေးသင့်ကြောင်း ယူဆထားကြ၏။ တရားခံ၏ ရှေ့နေဖြစ်သူကလည်း မစ္စတာမောရစ်ကောလစ်အား လာရောက်တွေ့ဆုံကာ စစ်ဗိုလ်တရားခံအား ဒဏ်ငွေချရုံ အပြစ်ပေးရန်ပြောကြားသည်။ စစ်ဘက်နယ်ဘက်မှ အင်္ဂလိပ်အရာရှိများကလည်း မစ္စတာမောရစ်ကောလစ်အား ဖိအားပေးခဲ့ကြ၏။

သို့သော် မစ္စတာမောရစ်ကောလစ်ကမူ စစ်ဗိုလ်တရားခံဖြစ်သူအား ထောင်ဒဏ်သုံးလနှင့် ဒဏ်ငွေချမှတ်၍ ဒဏ်ငွေအား ဒဏ်ရာရသူများအား ပေးလျော်စေရန် အမိန့်ချမှတ်ခဲ့၏။ ထိုအမိန့်ချမှတ်သဖြင့် မစ္စတာမောရစ်ကောလစ်အား ရန်ကုန်ဥရောပတိုက်သားအများက ပြစ်တင်ဝေဖန်ခဲ့သည့်အပြင် မောရစ်ကောလစ်အား ရန်ကုန်မှ ပြောင်းရွှေ့ရန် တောင်းဆိုခဲ့ကြ၏။ သို့သော် ထိုအမှုအယူခံဝင်ရာ ဟိုက်ကုတ်(ဗဟိုတရားရုံး)တရားသူကြီးက ထောင်ဒဏ်ကိုပယ်ဖျက်၍ ဒဏ်ငွေပေးဆောင်ရန်သာ အမိန့်ချမှတ်ခဲ့၏။

လှမိုး(ညာရေး)

ကျမ်းကိုး(၁) – In to Hidden Burma



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



အခန်း(၁)

"တစ်နှစ်တစ်ခေါက်တော့ ×××× အရောက်လာမယ် မိန်းမချောလေးရယ် ×××× ပိတောက်ပွင့်တဲ့ရက်ကိုလေ တွေးဆွေးမိတယ် ×××× အပြုံးကလေးနဲ့ မသိသလိုကွယ် လှမ်းသွားရက်တယ် ×××× တစ်နှစ်ယောက်ယောက်မို့ မောင့်ကိုလေ ခွဲခွာတာလား ×××× "

သကြ်န်တေးစီးရီးထဲမှ 'ပိတောက်တစ်မျက်နှာ' ဆိုသော သီချင်းသံစဉ် တေးသွားပင်ဖြစ်ပါသည်။ ပိတောက်ပွင့်သော လတန်ခူး၏ အတာသကြ်န်ကွင် တစ်နှစ်တစ်ခေါက်လာမည့် အကြောင်း မိန်းမချောလေးသို့ ဖွင့်ဆိုသော သီချင်းစာသားဖြစ်ပါသည်။

ထို့အတူ စာရေးသူကျွန်ုပ်လည်း တစ်နှစ်တစ်ခေါက် မန္တလေးမြို့သို့ ရောက်ဖြစ်ပါသည်။ သို့သော် အတာသကြ်န်ရက် မဟုတ်သလို မိန်းမချောလေးဆီသွားရောက်ခြင်းလည်း မဟုတ်ပါ။ စာရေးသူ သွားရောက်ချိန်က နှစ်စဉ် ဇန်နဝါရီလ ၁၉ ရက် သို့မဟုတ် ၂၅ ရက်နေ့တွင်ဖြစ်ပါသည်။ ဇန်နဝါရီလ ၁၉ ရက်နေ့သည် စာရေးသူတို့ အပတ်စဉ်မှ လူငယ်လူရွယ်များကို ရဲအရာရှိအဖြစ် ရွေးချယ်ခန့်အပ်ကြောင်း အတည်ပြုအမိန့်ထုတ်ပြန်သောနေ့ဖြစ်ပါသည်။ ထို့အတူ ဇန်နဝါရီလ ၂၅ ရက်နေ့မှာ စာရေးသူတို့အုပ်စု ရဲအရာရှိသင်တန်း စတင်ဖွင့်လှစ်တက်ရောက်သောနေ့ဖြစ်ပါသည်။

စာရေးသူသည် ၁၉၆၇ ခုနှစ်၊ ဗဟိုဝန်ထမ်းတက္ကသိုလ်၊ ဖောင်ကြီးမှ ရဲအရာရှိသင်တန်း အပတ်စဉ်(၄)တွင် တစ်နှစ်သင်တန်းတက်ရောက်အောင်မြင်ခဲ့သော ရဲအရာရှိတစ်ဦးဖြစ်သည်။ ထိုသင်တန်းတွင် ထောင်မှူးလောင်းသင်တန်း အပတ်စဉ်(၁)လည်း အတူပါသည်။ ရဲအရာရှိနှင့် ထောင်မှူးလောင်းသင်တန်း အပတ်စဉ်ကို သူရဲ(၄)တပ်ခွဲဟု အမည်ပြုထားသည်။ သင်တန်းကာလပြီးဆုံးပြီးနောက် သူရဲ(၄)တပ်ခွဲ၏ အရာရှိများတွေ့ဆုံပွဲ Gathering ကို ရန်ကုန်နှင့် မန္တလေးမြို့များတွင် နှစ်ကြိမ်ခွဲ၍ ကျင်းပပြုလုပ်ခဲ့သည်။ ရန်ကုန်က ဇန်နဝါရီလ ၁၉ ရက် ကျင်းပလျှင် မန္တလေးက ၂၅ ရက်နေ့ကျင်းပသည်။ မန္တလေးက ၁၉ ရက်နေ့ကျင်းပ

ဇာတိ
ဖြစ်လာပြီးမှတော့
ဇရာ၊ ဗျာဓိနဲ့
မရဏာဆိုတဲ့
တရားတွေကို
ဘုရားရှင်သော်မှ
လွန်ဆန်လို့ရတာမှ
မဟုတ်ဘဲ။
ဒါကြောင့် ရခဲဘိသော
လူ့ဘဝမှာ
အကုသိုလ်အမှုကို
နည်းနိုင်သမျှနည်းအောင်
သတိဆောင်ထားဖို့
လိုတယ်ကွ...



www.burmeseclassic.com

www.burmeseclassic.com






အခင်းဖြစ်ပွားရာ ခြံဝင်း

လျှင် ရန်ကုန်က ၂၅ ရက်နေ့ကျင်းပခဲ့သည်။ ဤသည်မှာ တွေ့ဆုံပွဲသို့ အပြန်အလှန် တက်ရောက်နိုင်ရန်ဖြစ်သည်။

ယခု ၂၀၁၄ ခုနှစ်၊ သူရ(၄) သူငယ်ချင်းများ၏ (၄၇)နှစ်မြောက်တွေ့ဆုံပွဲကို ဇန်နဝါရီလ ၁၉ ရက်(တနင်္ဂနွေ) နေ့တွင် မန္တလေးမြို့က ဦးစွာကျင်းပခဲ့သည်။ ထို့ကြောင့် မန္တလေးမြို့မှ သူရ(၄) သူငယ်ချင်းများ တွေ့ဆုံပွဲသို့ စာရေးသူ ရောက်ဖြစ်ခဲ့သည်။ နှစ်ပေါင်းလေးဆယ်ကျော်၊ ငါးဆယ်နီးပါး ရှိခဲ့ပြီးဖြစ်၍ သူရ(၄)သူငယ်ချင်းအားလုံးမှာ အငြိမ်းစားယူခဲ့ကြကြီးဖြစ်သလို အချို့ဆိုလျှင် ဘဝသစ်များသို့ ရောက်ရှိနေခဲ့ကြပြီး ဖြစ်သည်။ သက်ရှိထင်ရှားရှိ၍ စုံညီပွဲသို့ တက်ရောက်လာကြသူအချို့ဆိုလျှင် အိုနာကျိုးကန်းဘဝတွင် ရှိနေကြသည်။ ဤသည်မှာ သင်္ခါရတရား၏ စီမံဖန်တီးမှုပင်ဖြစ်ပါသည်။

ထိုနေ့မနက် ၉ နာရီတွင် သူရ(၄) သူငယ်ချင်းများ၏ တွေ့ဆုံပွဲကို မန္တလေးမြို့၊ လမ်း ၃၀ (၆၅ × ၆၆) လမ်းကြားရှိ အရိန္ဒမာစားသောက်ဆိုင် အပေါ်ထပ်ခန်းမတွင် ကျင်းပခဲ့သည်။ သူရ(၄)သူငယ်ချင်းများထဲမှ ဝန်ထမ်းဘဝကတည်းက လူ့ဘောင်ကိုငြီးငွေ့၍ ရဟန်းဘောင်သို့ ကူးပြောင်းသွားသူတစ်ဦးရှိသည်။ လူအမည် ဦးကျော်ရှိန်(ကသ/၆)ဖြစ်၍ ရဟန်းဘွဲ့မှာ ဦးကောဝိဒဖြစ်သည်။ ဦးကောဝိဒ(ဦးကျော်ရှိန်)သည် စစ်ကိုင်းမြို့၊ ကမ်းနားလမ်း၊ ဖောင်တော်ပဲ့ကျောင်းတွင် တစ်ပါးတည်း တရားကျင့်ကြံအားထုတ်သီတင်းသုံးနေတော်မူသည်။

ထိုနေ့က သူရ(၄)သူငယ်ချင်းများ၏ စုံညီပွဲတွင် ဦးကောဝိဒအား ပင့်ဖိတ်၍ လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခြင်း၊ သီလခံယူဆောက်တည်ခြင်း၊ အနုမောဒနာတရားနာကြားခြင်းနှင့် ရေစက်သွန်းချ အမျှဝေခြင်းစသည့် ကုသိုလ်ကောင်းမှုတို့ကို ပြုခဲ့ကြသည်။ ထို့နောက်သံဃာအရှင်သူမြတ် ဦးကောဝိဒအား နေ့ဆွမ်းဆက်ကပ်ပြီး သူရ(၄)သူငယ်ချင်းများမှလည်း နေ့

www.burmeseclassic.com



လယ်စာ လက်စုံထမင်းစားသုံးခဲ့ကြသည်။ နေ့လယ်စာ စားသုံးစဉ် သူရ(၄) သူငယ်ချင်းများ၏ ရှေးဖြစ်ဟောင်း အောက်မေ့ဖွယ်ရာများကို ပြန်လည် တမ်းတပြောဆိုကြကာ မန္တလေးမြို့မှ သူရ(၄)သူငယ်ချင်းများ၏ တွေ့ဆုံပွဲ (Gathering)ကို ကြည်နူးဝမ်းမြောက်စွာဖြင့် ရုတ်သိမ်းခဲ့ကြပါသည်။

အခန်း(၂)

"အဆင်ပြေရဲ့လား ဆရာ"

သူရ(၄)သူငယ်ချင်းများဆုံတွေ့ရာ အရှိန္ဒမာစားသောက်ဆိုင်နှင့် မှုခင်းရဲ တပ်ဖွဲ့(စီအိုင်ဒီ)အမှတ်(၃)တပ်ဖွဲ့ခွဲ၊ မန္တလေးမြို့တို့မှာ တစ်ဝန်းတစ်ဝိုင်းထဲတွင် ဖြစ်သည်။ စာရေးသူသည် မှုခင်းရဲတပ်ဖွဲ့(စီအိုင်ဒီ)တွင်နှစ်ပေါင်းအတော်ကြာ တာဝန်ထမ်းဆောင်ခဲ့ပြီး စီအိုင်ဒီမှပင် သက်ပြည့်အငြိမ်းစားယူခဲ့သည်။ ထို့ကြောင့် မန္တလေးရောက်ခိုက် စီအိုင်ဒီတွင် အတူတကွတာဝန်ထမ်းခဲ့ကြသော တပ်ဖွဲ့ဝင်များကို နှုတ်ဆက်ဖို့ စီအိုင်ဒီရုံးဘက်သို့ လျှောက်လှမ်းခဲ့သည်။

အမှတ်(၃)တပ်ဖွဲ့ခွဲမှူးရုံးခန်းသို့ ရောက်သည်။ စာရေးသူရောက်ရှိနေခြင်းနှင့် လာရင်းအကြောင်းကို သိရှိထားသူ တပ်ဖွဲ့ခွဲမှူး(ဒုတိယရဲမှူးကြီး)မှ အထောက်ပါစကားဖြင့် မေးမြန်းပါသည်။ ထို့ကြောင့် စာရေးသူက ..

"အဆင်ပြေပါတယ်ဗျာ။ တစ်ပတ်တည်းအတွင်း သူငယ်ချင်းတွေပြန်တွေ့ကြတော့ တောပြောတောင်ပြောနဲ့ အသက်(၁၅)နှစ်လောက်ပြန်ငယ်သွားသလိုပဲ"

"မှန်တာပေါ့ ဆရာရယ်၊ ဒါတောင် ငယ်သူငယ်ချင်းတွေနဲ့တွေ့လို့ ငယ်ရည်းစားနဲ့များ ပြန်တွေ့ရင် ဆရာ့အသက် ထက်ဝက်လောက်ငယ်သွားနိုင်တယ်"

စာရေးသူနှင့် တပ်ဖွဲ့ခွဲမှူးသည် ယခင်က ဌာနခွဲတစ်ခုတည်းတွင် အတူတကွ တာဝန်ထမ်းဆောင်ခဲ့ဖူးသည်။ စာရေးသူ၏ အရွှန်းအဖောက်ပြောဆိုမှုနှင့် ပျော်ရွှင်စွာနေထိုင်တတ်မှု အကျင့်စရိုက်ကိုလိုက်၍ တပ်ဖွဲ့ခွဲမှူးမှ အထောက်ပါစကားဖြင့် ပြုံးရွှင်စွာဖွင့်ဆိုပါသည်။ ဒီတော့ စာရေးသူကလည်း အားကျမခံ ..

"ငယ်ရည်းစားနဲ့ ပြန်တွေ့လို့ကတော့ ဖြူတဲ့ဆံပင်တွေမည်း၊ မွဲတဲ့မျက်စိတွေကောင်း၊ ကျိုးနေတဲ့သွားတွေ ပြန်ပေါက်လာပြီး အသက် ၁၈ နှစ်သား အရွယ်တောင် ပြန်ဖြစ်သွားနိုင်တယ်ကွ"

. ဟု ရယ်ကာရွှင်ကာ ပြောဆိုမှုကို တပ်ဖွဲ့ခွဲမှူးကလည်း ဟက်ဟက်ပက်ပက်ရယ်မောကာ ပြုံးရွှင်နေပါသည်။ ရယ်မောမှုတွင် ရယ်ခြင်းနှင့်မောခြင်း နှစ်ခုရှိပါ၏။ ရယ်ရွှင်ခြင်းသရုပ်ပြီး၍ မောပန်းခြင်းသဏ္ဌာန်အတွက် တပ်ဖွဲ့ခွဲမှူးက ..

"ဆရာတို့ အပတ်စဉ်မှာ သက်ရှိထင်ရှားဘယ်နှစ်ယောက်ကျန်သေးလဲ"

"သင်တန်းစတက်တော့ ရဲအရာရှိလောင်းက ၁၃၂ ယောက်ကွ။ ထောင်မှူးလောင်းက ၁၄ ယောက်။ သင်တန်းအားလုံး ၁၄၆ ယောက်ကွ။ အခု သက်ရှိထင်ရှားရှိရင် ထက်ဝက်လောက်တော့ ရှိမယ်ထင်တယ်"

"အင်း .. သင်္ခါရသဘောတရားတွေပေါ့ ဆရာရယ်"

"မှန်တာပေါ့ကွာ။ ဇာတိဖြစ်လာပြီးမှတော့ ဇရာ၊ ဗျာဓိနဲ့ မရဏဆိုတဲ့ တရားတွေကို ဘုရားရှင်သော်မှ လွန်ဆန်လို့ရတာမှမဟုတ်ဘဲ။ ဒါကြောင့် ရခဲဘိသော လူ့ဘဝမှာ အကုသိုလ်အမှုကို နည်းနိုင်သမျှနည်းအောင် သတိဆောင်ထားဖို့လိုတယ်ကွ"

"ဟုတ်ကဲ့ပါ ဆရာ"

"ဒါနဲ့ မောင်စံထူးတစ်ယောက်ကော ခရီးထွက်သွားလား"

**လုံခြုံရေးဝန်ထမ်းဆိုတာဟာ မိမိတာဝန်ယူရတဲ့ နေရာဒေသကို လုံခြုံမှုဆောင်ရွက်ပေးရသလို၊ မိမိအတွက်လည်း လုံခြုံမှုရှိအောင် အမြဲသတိရှိနေရပါတယ်။ လုံခြုံရေးစည်းရိုးပေါက်ပြဲသွားပြီဆိုရင် ဥစ္စာပစ္စည်း ဆုံးရှုံးပျက်စီးတဲ့အပြင် အခုလို အသက်ပါသေဆုံးတဲ့အထိ ဖြစ်ရတတ်ပါတယ် . . .**



www.burmeseclassic.com

www.burmeseclassic.com



အခန်း(၃)

"ရှိပါတယ် ဆရာရယ်။ ဆရာလာမယ်ဆိုလို့ ဆရာ့အတွက် ကွန်ပျူတာထဲက ကုန်ကြမ်းတွေ သွားထုတ်နေလို့ပါ"

ဟု စုံထောက်စံထူးက ပြောပြော ဆိုဆိုဖြင့် ကျွန်ုပ်ရှိရာ တပ်ဖွဲ့ခွဲမှူးအခန်းသို့ ရောက်ရှိလာ၏။ သူ၏ လက်ထဲတွင်လည်း စီဒီတစ်ချပ်နှင့် စာရွက်စာတမ်းတချို့ ယူဆောင်လာသည်ကို တွေ့၏။ ထို့နောက် စုံထောက်စံထူးက ကျွန်ုပ်နံဘေး ထိုင်ခုံလွတ်တွင် ဝင်ထိုင်ကာ လက်ထဲမှ စီဒီနှင့် စာရွက်စာတမ်းများကို ထိုင်ခုံရှေ့ရှိ စားပွဲပေါ်သို့တင်၏။ အကြောင်းအပေါင်းသိနေပြီဖြစ်သော ကျွန်ုပ်က ..

"အဲဒါက ဘာမှုလဲကွ"

"မန္တလေး ချမ်းမြသာစည်မြို့နယ်က သုံးလောင်းပြိုင်လူသတ်မှုပါ"

"အဲဒါဆိုလည်းကွာ .. မင်းက ကိုယ်တိုင်ပါဝင် ပူးပေါင်းစုံစမ်းဖော်ထုတ်ခဲ့သူဆိုတော့ မင်းအတွေ့ မင်းအမြင်ကို စဖွင့်ကြရအောင်"

"ဟုတ်ကဲ့ပါ ဆရာ"

၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ၏ ရာသီဥတုက မိုးအကုန် ဆောင်းအကူးဖြစ်၍ နေသာထိုင်သာရှိပါသည်။ အောက်တိုဘာလ ၂ ရက်နေ့ မနက် ၇ နာရီခန့်တွင်ဖြစ်သည်။ မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁) ရပ်ကွက်၊ ၆၉ လမ်းနှင့် နှင်းဆီလမ်းထောင့်တွင် Rainbow Bridge Distribution Co.Ltd ၏ ရုံးဝင်းအတွင်းတွင် ပင်နီဆိုးနစ်Panasonic ကုမ္ပဏီရုံးခန်းရှိသည်။ ထိုရုံးခန်း၏ ညစောင့် လုံခြုံရေးတာဝန်ကျ ဦးဟန်သောင်း အသက် ၇၀ နှစ်၊ ဦးတင်လှိုင် အသက် (၅၄) နှစ်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း(ခ) ဒေါ်ကြည်ဟန်(၃၈)နှစ်တို့မှာ ဦးခေါင်းမျက်နှာတို့တွင် သွေးထွက်သံယိုဒဏ်ရာများဖြင့် ရုံးဝင်းအတွင်း သေဆုံးနေကြောင်း သတင်းစကားဝင်လာခဲ့သည်။ ထို့ကြောင့် မန္တလေး(စီအိုင်ဒီ)ရှိ အမှတ်(၃)တပ်ဖွဲ့ခွဲမှ စုံထောက်စံထူးနှင့်အဖွဲ့ သတင်းစကားရှိရာအရပ်သို့ အပြေးတက်ကြရသည်။

အခင်းဖြစ်ပွားရာ ကုမ္ပဏီ၏ အဝန်း...ပိုင်းသည် ခိုင်ခန့်သော အုတ်တံတိုင်း၊ သံပန်းခြံစည်းရိုးနှင့် ဘောင်တင်းမြင့်မားသော သံပန်းခြံဝင်းတံခါးတို့ရှိသည်။ ကုမ္ပဏီဝင်းတံခါးမကြီးမှ

ဖြစ်မှုကျူးလွန်သူတရားခံမှ အလောင်းဆွဲသွားရာလမ်းကြောင်းတွင် ကျန်နေခဲ့သော သွေးကွက်အား တွေ့ရစဉ်



www.burmeseclassic.com

www.burmeseclassic.com



> ကျွန်တော့်အထင်တော့ နလုံးကို ဘက်ထရီနဲ့ ရှော့(ခ်)တိုက်တယ်လို့ ထင်ပါတယ်။ သေချာတာကတော့ ရင်ခွဲစစ်ဆေးမယ့် မှုခင်းဆရာဝန်ကြီးရဲ့ အဖြေက ပိုပြီးတိကျပါလိမ့်မယ် ...

ဝင်သွားလျှင် လက်ဝဲဘက်၌ အုတ်နှစ်ထပ်တိုက်ဂိုထောင်ရှိသည်။ ဂိုထောင်၏ နံဘေးဝင်းတံခါး၏ ရှေ့တည့်တည့်တွင် အုတ်နှစ်ထပ်တိုက် ရုံးခန်းတို့တည်ရှိသည်။ ခြံဝင်းအတွင်းရှိ ရုံးခန်းနှင့် ဂိုထောင်ရှေ့တွင် လုပ်ငန်းသုံးမော်တော်ယာဉ်များ ရပ်တန့်ထားသည်။

အခင်းဖြစ်ပွားရာကုမ္ပဏီဝင်းသို့ တံခါးမကြီးမှ ဝင်လျှင်ဝင်ချင်း မြေပြင်ကွန်ကရစ်ပေါ်၌ ခြောက်သွေ့လုနီးပါး သွေးအိုင်ကွက်တစ်ကွက်ကို တွေ့သည်။ ထိုသွေးအိုင်ကွက်မှအတွင်းသို့ ဒရွတ်ဆွဲသွားသော အသွင်သဏ္ဌာန်တွေ့ရသည်။ အတွင်းသို့ ဆက်လျှောက်ကြည့်ရာ ခြံဝင်းအတွင်းရပ်ထားသော ကားနှစ်စီးကြားတွင် သေဆုံးသူ အမျိုးသားတစ်ဦးကိုတွေ့သည်။ ထိုသူမှာ လုံခြုံရေးဝန်ထမ်း ဦးတင်လှိုင်ဖြစ်သည်။ ထို့နောက် ရုံးခန်းအဝင် ဆင်ဝင်အုတ်တိုင်ကွန်ကရစ်ပေါ်တွင် သေဆုံးနေသော ဦးတင်လှိုင်၏ဇနီး ဒေါ်ခင်ခင်ဝင်း(ခ) ဒေါ်ကြည်ဟန်၏ အလောင်းကို တွေ့သည်။ ထို့နောက် ခြံဝင်းအတွင်းရပ်ထားသော ကားများ၏ကြား အိပ်ရာပေါ်တွင် သေဆုံးသူ ဦးဟန်သောင်း၏ အလောင်းကို တွေ့ရှိရသည်။ သေဆုံးသူ(၃)ဦးတွင် ဦးတင်လှိုင်၏ အလောင်းကို သွေးကွက်စတင်တွေ့ရှိရာ ဝင်ပေါက်မှအတွင်းသို့ ဆွဲရွှေ့ထားဟန်ရှိပြီး ကျန်နှစ်ဦးမှာ မူလတွေ့ရှိရာနေရာ၌ပင် အသတ်ခံရကြောင်း သေဆုံးသူများ၏ မြင်ကွင်းကို စုံထောက်စံထူးမှ ခင်းကျင်းပြပါသည်။ ထို့နောက် ကျွန်ုပ်က–

"သေဆုံးသူတွေရဲ့ အနီးပတ်ဝန်းကျင်မှာ ခြေရာလက်ရာ သဲလွန်စ စတဲ့ အသွင်သဏ္ဌာန်တွေကော တွေ့မိသေးလား"

"ထူးထူးခြားခြား သဲလွန်စနဲ့ သက်သေခံပစ္စည်းတွေကတော့ ဘာမှမရှိဘူး ဆရာရဲ့။ ဒါပေမဲ့ သေဆုံးသူတွေရဲ့ ခန္ဓာကိုယ်ကို စစ်ဆေးကြည့်လိုက်တဲ့အခါ သေဆုံးသူ သုံးဦးစလုံးရဲ့ ဘယ်ဘက်ရင်ညွှန့်မှာ ပွန်းပဲ့ပေါက်ပြဲရာမရှိဘဲ ညိုမည်းနေတာကိုတွေ့ရပါတယ်"

"အဲဒီ ဒဏ်ရာကတော့ အဆန်းပဲကွ။ မင်းအနေနဲ့ ဘယ်လိုယူဆလဲ"

"ကျွန်တော့်အထင်တော့ နလုံးကို ဘက်ထရီနဲ့ ရှော့(ခ်)တိုက်တယ်လို့ ထင်ပါတယ်။ သေချာတာကတော့ ရင်ခွဲစစ်ဆေးမယ့် မှုခင်းဆရာဝန်ကြီးရဲ့ အဖြေက ပိုပြီးတိကျပါလိမ့်မယ်"

"ဒါဆိုရင်တော့ ပြစ်မှုကျူးလွန်တဲ့သူဟာ တစ်ယောက်တည်းတော့ မဖြစ်နိုင်တော့ဘူးကွ"

"ဟုတ်ပါတယ် ဆရာ၊ လူငယ်နှစ်ယောက်ပါ"

အခင်းဖြစ်ကုမ္ပဏီ၏ ခြံဝင်းမြောက်ဘက် မြေတစ်ကွက်ကျော်တွင် Omega Alpha ကုမ္ပဏီရှိသည်။ ထိုကုမ္ပဏီရှေ့တွင် CCTV ကင်မရာ တပ်ဆင်ထားသည်။ အခင်းဖြစ်သည့်နေ့ ၁–၁၀–၂၀၁၃ ည ၁၀ နာရီ ၂၀ မိနစ် အချိန်တွင် လူနှစ်ဦးစီးလာသော မော်တော်ဆိုင်ကယ်တစ်စီးသည် Omega Alpha ကုမ္ပဏီရှေ့မှ ဗဟို လမ်းအတိုင်း ဖြတ်သန်းမောင်းနှင်လာပြီး အခင်းဖြစ်သည့် Panasonic ကုမ္ပဏီခြံဝင်းရှေ့၌ ရပ်သည်။ ဆိုင်ကယ်မှာ ရှေ့နောက်ဒလက်ဘီးခွေဖြစ်ပြီး နောက်မြီးအချွန်ဖြစ်သည်။ ဆိုင်ကယ်မောင်းသူမှာ ဆံပင်ထူ၍ခန္ဓာကိုယ်ဝတုတ်ပြီး နောက်မှထိုင်စီးသူမှာ ခန္ဓာကိုယ်သွယ်၍ မျက်နှာသွယ်သူဖြစ်ကြောင်း၊ အနီးပတ်ဝန်းကျင်ရှိ လုံခြုံရေးကင်မရာ၏ အထောက်အကူပြုမှုကို စုံထောက်စံထူးက ပြောဆိုပြသည်။



www.burmeseclassic.com


www.burmeseclassic.com




''အခင်းဖြစ်တဲ့ ကုမ္ပဏီခြံဝင်းမှာ ကော လုံခြုံရေးကင်မရာတပ်မထား ဘူးလား''

ကျွန်ုပ်၏ အမေးကို စုံထောက် စံထူးက ..

''လုံခြုံရေးကင်မရာမရှိလို့ပေါ့ ဆရာရယ်၊ လုံခြုံရေးကင်မရာသာ တပ်ဆင်ထားရင် ကျွန်တော်တို့ အဲဒီလောက်အပင်ပန်းခံစရာမလိုတော့ဘူး''




ပြစ်မှုကျူးလွန်သူတရားခံဝင်ရောက်ခဲ့ရာ · လမ်းကြောင်း



www.burmeseclassic.com

www.burmeseclassic.com





ပြစ်မှုကျူးလွန်သူတရားခံဖောက်ထွင်းခဲ့သည့် ငွေထည့်ထားသည့် မီးခံသေတ္တာအသေး

"မှန်တာပေါ့ကွာ။ လုပ်ငန်းကြီးကြီး တန်ဖိုးမြောက်မြားစွာ ရင်းနှီးထားတဲ့ လုပ်ငန်းရှင်တွေဟာ လုံခြုံရေးကင်မရာတော့ တပ်ထားသင့်တာပေါ့"

အခန်း(၄)

"ဟုတ်ပါတယ် ခင်ဗျ"

အခင်းဖြစ် ခြံဝင်းအတွင်းမှ ကုမ္ပဏီရုံးခန်းသို့ သွားကြသည်။ ရုံးခန်းအဝင် အောက်ထပ်တံခါးမကြီးကို ဖျက်စီး၍ အတွင်းသို့ဝင်သော အသွင်သဏ္ဍာန်ကို တွေ့ရသည်။ အောက်ထပ်တွင် အခန်း(၃)ခန်းရှိသည်။ ထိုအခန်း(၃)ခန်းစလုံးမှာ အနေအထားမပျက် သော့ခတ်ထားလျက် ရှိသည်။ အောက်ထပ်မှ လှေကားအတိုင်း အပေါ်ထပ်သို့တက်သည်။ အပေါ်ထပ်တွင်လည်း အခန်း(၃)ခန်းရှိသည်။ မီးခံသေတ္တာထားရှိသော အခန်းတံခါးသော့ကို ဖျက်ဆီးထား၍ တံခါးမှာ ပွင့်ဟနေသည်။ ကျန်အခန်း(၂)ခန်းမှာ သော့ခတ်လျက် မူလပကတိအတိုင်း ရှိနေပါသည်။ ဖျက်ဆီးဝင်ရောက်ထားသော အခန်းတွင် စားပွဲ(၃)လုံးရှိသည်။ ထိုစားပွဲ(၃)လုံးအနက် ငွေကိုင်(Cashier) ထိုင်သော စားပွဲအံဆွဲသော့ကိုသာ ဖျက်ဆီးဖွင့်နှောက်ထားပြီး ကျန်စားပွဲနှစ်လုံးမှာ မူလအတိုင်း သော့ခတ်ထားလျက် ရှိသည်။

ငွေကိုင်ထိုင်သော ထိုအခန်းတွင် မီးခံသေတ္တာ နှစ်လုံးရှိသည်။ မီးခံသေတ္တာနှစ်လုံးအနက် တစ်လုံးမှာ ငွေမထည့်ဘဲ အလွတ်သက်သက်သာဖြစ်၍ ကျန်မီးခံသေတ္တာတစ်လုံးတွင် လုပ်ငန်းပိုင်ငွေ သိန်း ၃၀၀ ဝန်းကျင်ခန့် ရှိသည်။ ထို ငွေထည့်ထားသော မီးခံသေတ္တာ၏ သော့ပေါက်အဖုံးမှာပျောက်နေပြီး သော့ပေါက်ကိုလည်း ထိုးနှက်ထားသဖြင့် ပွန်းရာပဲ့ရာများတွေ့သည်။ သို့သော် မီးခံသေတ္တာမှာ ပွင့်သွားခြင်းမရှိသလို အတွင်းမှ ငွေသားများလည်း ပါဆုံးသွားခြင်းမရှိကြောင်း သိရသည်။ ဒါကိုကြည့်၍ ပြစ်မှုကျူးလွန်သူမှာ ကုမ္ပဏီမှဝန်ထမ်း(အတွင်းလူ)သို့မဟုတ် အတွင်းလူနှင့်အပြင်လူ ပူးပေါင်း၍လည်းကောင်း၊ အတွင်းလူမှ စနစ်တကျလက်ထောက်ချ၍ ပြစ်မှုကျူးလွန်ခြင်းဖြစ်ကြောင်း စုံထောက်စံထူးမှ သုံးသပ်ပြသည်။ ဒီတော့ ကုမ္ပဏီမန်နေဂျာဖြစ်သူက ဟုတ်မှန်ကြောင်း အထောက်ပံ့စကားဖြင့် ဖွင့်ဆိုပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကုမ္ပဏီမှာ အမြင့်ဆုံးရာထူးက နေ အနိမ့်ဆုံးအဆင့်အထိ လူအင်အား ဘယ်လောက်ရှိသလဲ"

စုံထောက်စံထူး၏ အမေးကို ဝါအရင့်ဆုံး မန်နေဂျာဦးသက်နိုင်ထွန်းက-

"လူပေါင်း ၆၀ လောက်ရှိပါတယ်"

"အဲဒီဝန်ထမ်းအမည်စာရင်းနဲ့ ကုမ္ပဏီမှာ စတင်တာဝန်ထမ်းတဲ့ နေ့စာရင်းကို ကျွန်တော်လိုချင်တယ် ဗျာ"

"ဟုတ်ကဲ့ ကျွန်တော်လုပ်ပေးပါ့မယ်"

"နောက်ပြီး နေ့စဉ် ကောက်ယူရရှိတဲ့ ငွေတွေကို ဘဏ်မှာမအပ်ဘူးလား"

ကုမ္ပဏီမှ နေ့စဉ်ကောက်ယူရရှိသောငွေများကို နောက်တစ်နေ့ ဘဏ်ဖွင့်ချိန်တွင် ရုံးချုပ်သို့ ငွေလွှဲပို့ပါသည်။ သို့သော် နောက်တစ်နေ့တွင် ဘဏ်ပိတ်ရက်ဖြစ်ပါက ယမန်နေ့ကကောက်ယူရရှိငွေနှင့် ဘဏ်ပိတ်ရက်တွင် ကောက်ယူရရှိငွေ နှစ်ရက်စာငွေသားများကို ရုံးခန်းအတွင်းရှိ မီးခံသေတ္တာတွင် ထားရှိပါသည်။ အခင်းဖြစ်သည့် ၁-၁၀-၂၀၁၃ နေ့သည် အများပြည်သူဆိုင်ရာ ဘဏ်ပိတ်ရက်ဖြစ်သည်။ ထို့ကြောင့် ဖျက်စီးခံရသော မီးခံသေတ္တာထဲတွင် ၃၀-၉-၂၀၁၃ ရက်နေ့ ကောက်ယူရရှိသောငွေနှင့် ၁-၁၀-၂၀၁၃ ရက်နေ့ ကောက်ယူရရှိသော နှစ်ရက်စာ ငွေသားများရှိကြောင်း မန်နေဂျာဦးသက်နိုင်ထွန်းမှ ရှင်းပြသည်။

"ဘဏ်ပိတ်ရက်ရှိနေရင် နှစ်ရက်စာငွေသားရှိနေတယ်ဆိုတာ ဘယ်ဝန်ထမ်းတွေသိကြသလဲ"

"အောက်ခြေဝန်ထမ်းကအစ အကုန်လုံးသိပါတယ်"

"ဘာဖြစ်လို့လဲဗျ"

"ကျွန်တော်တို့ဝန်ထမ်းအားလုံးဟာ လကုန်လို့ လစာထုတ်တဲ့အခါ ဘဏ်မှာ ATM ကတ်နဲ့ထုတ်ရပါတယ်။ အဲဒီတော့ လကုန်ရက်မှာ ဘဏ်ဘယ်နေ့ပိတ်တယ်ဆိုတာ အားလုံးသိကြပါတယ်"

"အခုဖောက်ထွင်းခံရတဲ့ ငွေကိုင်ရဲ့အခန်းက ဖျက်စီးခံရတဲ့ မီးခံသေတ္တာထဲမှာ ငွေရှိနေတယ်ဆိုတာ ဘယ်သူတွေ အသိဆုံးလဲ"

ငွေကိုင်ရုံးခန်းတွင် ငွေကိုင်၊ စာရင်းစစ်နှင့် စာရေးတို့ (၃)ဦးရှိသည်။ ဝန်ထမ်းအားလုံးတို့သည် မိမိတို့နှင့်သက်ဆိုင်သော ငွေများကို ငွေကိုင်ထံသို့ ပေးသွင်းခြင်း၊ ထုတ်ယူခြင်းများရှိပါသည်။ ငွေကိုင်သည် သူ၏ စားပွဲအံဆွဲ၌ ငွေတစ်သိန်းပြည့်အောင်မထားဘဲ ထောင်ဂဏန်း၊ သောင်းဂဏန်းမျှသာ ထားရှိသည်။ မြောက်မြားစွာသော ငွေများကို စနစ်တကျရေတွက်၍ စာရင်းဇယားဖြင့် မီးခံသေတ္တာထဲသို့ ထည့်ခြင်း၊ ထုတ်ခြင်းများ ပြုလေ့ရှိသည်။ ထို့ကြောင့် ငွေသွင်းငွေထုတ်ရှိကြသော ဝန်ထမ်းအားလုံးက မီးခံသေတ္တာထဲတွင် ငွေထားရှိသည်ကို တွေ့မြင်ကြောင်း မန်နေဂျာမှ ပြောဆိုပြသည်။ မန်နေဂျာစကားအဆုံးတွင် စုံထောက်စံထူးက ..

"အေးဗျာ၊ ငွေနဲ့ဥစ္စာပစ္စည်း ဆုံးရှုံးမှုမရှိပေမယ့် ပျက်စီးသွားတဲ့ ပစ္စည်းတွေကိုလည်း ပြန်ပြင်လို့ရပါတယ်။ ဒါပေမဲ့ သေသွားတဲ့သူသုံးယောက်အတွက်တော့ အတော့်ကို ရင်နင့်ဖွယ်ရာအဖြစ်ပါပဲဗျာ"

"ဟုတ်ပါတယ် ခင်ဗျာ"

"လုံခြုံရေးဝန်ထမ်းဆိုတာဟာ မိမိတာဝန်ယူရတဲ့ နေရာဒေသကို လုံခြုံမှုဆောင်ရွက်ပေးရသလို၊ မိမိအတွက်လည်း လုံခြုံမှုရှိအောင် အမြဲသတိရှိနေရပါတယ်။ လုံခြုံရေးစည်းရိုးပေါက်ပြဲသွားပြီဆိုရင် ဥစ္စာပစ္စည်း ဆုံးရှုံးပျက်စီးတဲ့အပြင် အခုလို အသက်ပါသေဆုံးတဲ့အထိ ဖြစ်ရတတ်ပါတယ်"

"ဟုတ်ပါတယ် ခင်ဗျ၊ အခု ကျွန်တော်တို့ကုမ္ပဏီက ဖြစ်စဉ်ဆိုရင် လုံခြုံရေးဝန်ထမ်းတွေအတွက် သင်ခန်းစာပဲ"

"လုံခြုံရေးသမားဆိုတာဟာ နားနဲ့မျက်စိကို အမြဲဖွင့်ပြီး ပါးနပ်မှုရှိရတယ်။ Every Body Respect But Suspect ဆိုတဲ့ စကားလို "လူတိုင်းကိုလေးစားပါ။ သို့သော် သံသယအတွေးတော့ ရှိပါစေ" ဆိုတဲ့ အကျင့်စရိုက်ရှိဖို့လိုပါတယ်။ ဒါကြောင့် ကျွန်တော်တို့ မြန်မာစကား[illegible]ကြီးများက ကိုယ်ကကျူး[illegible]ဘောင်မယုံနဲ့လို့ ဆွန်းဆိုထားပါတယ်"

အခန်း(၅)

"ဟုတ်ပါတယ် ..၊ ဒီအမှုမှာ အတွင်းလူ .. တစ်နည်းပြောရရင် လူယုံတော်သိက ကျူးလွန်သွားတာလို့ ကျွန်တော်တပ်အပ်ပြောရပါတယ်"

www.burmeseclassic.com



## ပြစ်မှုကျူးလွန်တဲ့သူဟာ လူသုံးယောက်စလုံးကို တစ်ပြိုင်တည်းသတ်ဖြတ်ခဲ့တယ်ဆိုတော့ သူမှာ သွေးလေခြောက်ခြားတဲ့ လက္ခဏာတော့ ရှိကိုရှိရမယ်။ ကိုယ်ကိုယ်တိုင်ပြစ်မှုကျူးလွန်တဲ့သူလို ခံစားကြည့်လိုက်လေ။ ဘယ်လိုဟန်အမှုအရာတွေပျက်လာမလဲဆိုတာ ...

ပင်နီဆိုးနစ်ကုမ္ပဏီမှ အမှုဖြစ်စဉ်ကို ချမ်းမြသာစည်မြို့နယ်၊ အမှတ်(၁) နယ်မြေရဲစခန်း (ပ)၄၉၈/၂၀၁၃၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂ ဖြင့် အမှုဖွင့်အရေးယူခဲ့ပါသည်။ အဆိုပါအမှုကို ပူးပေါင်းစုံစမ်းဖော်ထုတ်ပေးရန်အတွက် မှခင်းရဲတပ်ဖွဲ့ အမှတ်(၃)တပ်ဖွဲ့ခွဲမှူးရုံးမှ အရာရှိ(၂)ဦး၊ မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ အရာရှိ(၂)ဦး၊ မန္တလေးခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ အရာရှိ(၂)ဦးနှင့် အမှတ်(၁၁)နယ်မြေရဲစခန်းမှ အရာရှိ(၂)ဦး စုစုပေါင်းအမှုစစ်အရာရှိ(၈)ဦးကို ခရိုင်ရဲတပ်ဖွဲ့မှူးမှ ဖွဲ့စည်းတာဝန်ပေးခဲ့ပါသည်။ ထိုအမှုစစ်အဖွဲ့တွင် စီအိုင်ဒီမှ စုံထောက်စံထူးက အဖွဲ့ခေါင်းဆောင်အဖြစ် တာဝန်ယူခဲ့သည်။

အမှုစစ်အဖွဲ့သည် နေ့စဉ် ညနေနေဝင်ချိန်တိုင်း စုစည်းရာနေရာ၌ အချင်းချင်း တွေ့ဆုံဆွေးနွေးကြခြင်း၊ မိမိတို့ စုံစမ်းတွေ့ရှိချက်ကို တာဝန်ပေးသည့်အထက်ဌာနသို့ တင်ပြကြရပြီး အထက်ဌာနမှ လမ်းညွှန်မှုကိုလည်း ခံယူရပါသည်။ ထို့အတူ အဖွဲ့ခေါင်းဆောင်ဖြစ်သူ စုံထောက်စံထူးကလည်း မိမိစုံစမ်းတွေ့ရှိမှုကို မိမိအထက်ဌာနခွဲမှူး(ရဲမှူး)နှင့် တပ်ဖွဲ့ခွဲမှူး(ဒုတိယရဲမှူးကြီး)တို့အား တင်ပြ၍ လမ်းညွှန်မှုကို နာယူရပါသည်။ တစ်နေ့ညနေပိုင်းတွင် မှုခင်းရဲတပ်ဖွဲ့၊ အမှတ်(၃)တပ်ဖွဲ့ခွဲမှူးရုံးခန်း၌ဖြစ်သည်။ အမှုဖြစ်စဉ်က အခင်းဖြစ်အရပ်သို့ ရောက်ရှိခဲ့ပြီး စေ့စေ့စပ်စပ်ကြည့်ရှုစစ်ဆေးခဲ့သူ စုံထောက်စံထူးက ပြစ်မှုကျူးလွန်သူမှာ လူရင်းလူယုံထဲမှဖြစ်ကြောင်း အထက်ပါစကားဖြင့် ဖွင့်ဆိုပြပါသည်။

စုံထောက်စံထူး၏ စကားအဆုံးတွင် တပ်ဖွဲ့ခွဲမှူးက ..

''မင်းပြောတာကို တို့ဘက်က လက်ခံပါတယ်။ အတွင်းလူ လူယုံဆိုတာ လက်ရှိဝန်ထမ်းလား၊ ဒါမှမဟုတ် ကုမ္ပဏီက နုတ်ထွက်သွားတဲ့ လူယုံလူရင်းလား စိစစ်ဖို့လိုတယ်။ ပြီးတော့ CCTV ကင်မရာမှာ မပီပိုးတဝါးမြင်ရတဲ့ အမျိုးသားနှစ်ယောက်ရဲ့ပုံပန်းနဲ့ ဆိုင်ကယ်၊ အဲဒီလူပုံသဏ္ဌာန်ဟာ လက်ရှိဝန်ထမ်းထဲက ဘယ်သူနဲ့အနီးစပ်ဆုံးဖြစ်နိုင်သလဲ လေ့လာကြည့်ဖို့လိုတယ်''

ပြစ်မှုကျူးလွန်နိုင်ခြေရှိသူနှင့် ပြစ်မှုကျူးလွန်ရခြင်းအကြောင်းရင်း (Motive) ကို ဆင်ချင်သုံးသပ်၍ ပြစ်မှုအဝန်းအဝိုင်း (Crime Scope) ကို ကျဉ်းကြည့်ဖို့လိုသည်။ အထက်နှင့် အောက်ခြေဝန်ထမ်း ၆၀ ခန့်ရှိသည့် အနက် အထက်အရာဖို့အဆင့်နှင့် အမျိုးသမီးဝန်ထမ်းများကို အသာထား၍ ဖြစ်နိုင်ခြေရှိသည့် အောက်ခြေဝန်ထမ်းများကို သုံးသပ်ကြည့်ရမည်။ ပြစ်မှုကျူးလွန်ရခြင်းအကြောင်းရင်းမှာ ငွေရယူလို၍ ဖြစ်သည်။ အောက်ခြေအမျိုးသားဝန်ထမ်းများတွင် ငွေလိုသူ၊ အသွင်သဏ္ဌာန်ပျက်သူတို့ကို ဦးစားပေးလေ့လာစုံစမ်းဖို့လိုသည်။ ပြစ်မှုအဝန်းအဝိုင်းကို တစ်ဆင့်ပြီးတစ်ဆင့် ကျဉ်းကြည့်ပါက နောက်ဆုံးအဆင့်တွင် ဖြစ်နိုင်ခြေရှိသူကို တွေ့ရှိလာမည်။

ထို့အတူ တစ်ဖက်ကလည်း ကုမ္ပဏီမှနုတ်ထွက်သွားသော ဝန်ထမ်းများ၊ ဖြစ်နိုင်ခြေရှိသူများကိုလည်း လေ့လာစုံစမ်းဖို့လိုသည်။ အခင်းဖြစ်မှုတွင် ဥစ္စာပစ္စည်းနှင့်ငွေသားများပါဆုံးသွားခြင်းမရှိ၍ ပြစ်မှုကျူးလွန်သူ၏ အသွားအလာအနေအထိုင်နှင့် အသွင်သဏ္ဌာန်မှာ ထူးခြားပြောင်းလဲမည်မဟုတ်။ လက်ရှိဝန်ထမ်းဖြစ်ပါက အခင်းမဖြစ်မီရက်ပိုင်းအတွင်း ရုံးတွင်းရုံးပြင် လှုပ်ရှားမှုကို နီးစပ်သူများထံမှ



www.burmeseclassic.com

www.burmeseclassic.com



လျှို့ဝှက်စုံစမ်းဖို့လိုသည်။ အတွင်းသို့ ကိုယ်တိုင်ထိုးဖောက် သတင်းရယူခြင်းထက် မိမိယုံကြည်ရသော အရာရှိအဆင့် ဝါရင့်သူတစ်ဦးကို လျှို့ဝှက်ချဉ်းကပ်၍ အတွင်းသတ္တာန်ကို နှိုက်ယူဖို့လိုကြောင်း တပ်ဖွဲ့ခွဲမှူးမှ အကျယ်တဝင့်မိန့်ဆိုပါသည်။

"ကျွန်တော်နဲ့အတူ တိုင်း၊ ခရိုင်၊ မြို့နယ်နဲ့ ကျွန်တော်တို့ စီအိုင်ဒီနယ်မြေအဖွဲ့တွေ ပူးပေါင်းပြီး အတွင်းစည်း အပြင်စည်း တာဝန်ခွဲဝေပြီး သံသယရှိသူရဲ့လှုပ်ရှားမှုကို လျှို့ဝှက်စုံစမ်းလေ့လာပြီး တင်ပြပါ့မယ်"

"ဘယ်လိုပဲဖြစ်ဖြစ် ပြစ်မှုကျူးလွန်တဲ့သူဟာ လူသုံးယောက်စလုံးကို တစ်ပြိုင်တည်းသတ်ဖြတ်ခဲ့တယ်ဆိုတော့ သူ့မှာ သွေးလေခြောက်ခြားတဲ့ လက္ခဏာတော့ ရှိကိုရှိရမယ်။ ကိုယ်ကိုယ်တိုင် ပြစ်မှုကျူးလွန်တဲ့သူလို့ ခံစားကြည့်လိုက်လေ။ ဘယ်လိုဟန်အမူအရာတွေပျက်လာမလဲဆိုတာ နှိုင်းစာကြည့်လိုက်ပေါ့"

"ဟုတ်ကဲ့ပါ ခင်ဗျ"

"ဒီနေရာမှာ လူယုံထဲကအတွင်းလူ၊ လက်ရှိဝန်ထမ်းသာဖြစ်ခဲ့ရင် ပိုပြီးတော့ အကဲခတ်ရတာ လွယ်ကူမယ်။ ယက်ရှိဝန်ထမ်းမဟုတ်ဘဲ အပြင်က လူ့ယုံခဲတတ်သိဆိုရင်တော့ အကဲခတ်ရတာ နည်းနည်း အခက်အခဲရှိနိုင်တယ်"

"ဟုတ်ပါတယ် ခင်ဗျ၊ ဒါကြောင့် အတွင်းစည်းကို ကျွန်တော်နဲ့ တိုင်းရဲတပ်ဖွဲ့က အရာရှိတွေ တာဝန်ယူပြီး အပြင်စည်းကိုတော့ ခရိုင်နဲ့မြို့နယ်ကရဲတပ်ဖွဲ့ဝင်တွေကို တာဝန်ချထားဖို့ စီစဉ်ထားပါတယ်"

"ကောင်းပါတယ် .. အတွင်းစည်းအနေနဲ့ လေ့လာစုံစမ်းတဲ့အခါ ခုနက ကိုယ်ပြောခဲ့သလို လုံခြုံစိတ်ချရတဲ့ ဝန်ထမ်းတစ်ဦးကိုတော့ မွေးထားဖို့လိုတယ်"

အခန်း(၆)

"ဟုတ်ပါတယ်ခင်ဗျ၊ ကျွန်တော်က ဒီကုမ္ပဏီမှာ ဝါလည်းအရင့်ဆုံး အတွေ့အကြုံလည်းအများဆုံးမန်နေဂျာတစ်ယောက်ပါ"

ဟု ဆိုလာသူမှာ မန်နေဂျာ ဦးသက်နိုင်ထွန်းဖြစ်သည်။ ဦးသက်နိုင်ထွန်းသည် အထက်အောက်ဝန်ထမ်းအားလုံးနှင့် အဆင်ပြေသလို ပါးနပ်၍ သိမ်မွေ့သောသူတစ်ယောက်ဖြစ်သည်။ ထိုသူကို စုံထောက်စံထူးမှ သူ၏ ကိုယ်ပွားရုံးအတွင်းပိုင်းတွင် လျှို့ဝှက်စုံစမ်းအကဲခတ်ကြည့်ရှုရန် လူယုံမွေးလိုက်သည်။

"အတွင်းက ဝန်ထမ်းတွေကို စစ်မေးတာကတော့ ကျွန်တော်တို့ရဲ့ စုရပ်ဖြစ်တဲ့ တိုင်းရဲတပ်ဖွဲ့မှူးရုံးမှာ ခေါ်စစ်မှာပါ။ ကိုသက်နိုင်ထွန်းအနေနဲ့က ကျွန်တော်တို့ဆင့်ခေါ်တဲ့ ဝန်ထမ်းတွေကို ကျွန်တော်တို့ရှိရာကို အရောက်ပို့ပေးဖို့ပါပဲ"

ဟု စုံထောက်စံထူး၏ တောင်းဆိုမှုကို ဦးသက်နိုင်ထွန်းက ..

"ဟုတ်ကဲ့ ရပါတယ်။ ဆရာတို့ အဆင်ပြေအောင် ကျွန်တော်စီစဉ်ပေးပါ့မယ်"

"နောက်တစ်ခု အဓိကအရေးကြီးတာက ကျွန်တော်တို့ ဆင့်ခေါ်တဲ့ ဝန်ထမ်းက သူ အစစ်ခံရတော့မယ်လို့ သိသွားပြီးနောက် သူ့ရဲ့လှုပ်ရှားမှု၊ အပြောအဆို၊ အသွင်သဏ္ဌာန်ကို လေ့လာထားဖို့ပါ"

"ဟုတ်ကဲ့ .. စိတ်ချပါ ခင်ဗျ၊ ကျွန်တော် မသိမသာ အကဲခတ်ထားပါ့မယ်"

"ထို့အတူပါပဲ ကျွန်တော်တို့ စစ်မေးပြီးလို့ ပြန်လွှတ်လိုက်တဲ့ ဝန်ထမ်းတွေရဲ့ စိတ်လှုပ်ရှားမှု အခြေအနေကိုလည်း လေ့လာစောင့်ကြည့်ပေးပါ"

"ဟုတ်ကဲ့ စိတ်ချပါ"

"မန်နေဂျာကြီးရဲ့ လေ့လာတွေ့ရှိမှုတွေကို တစ်ရက်ခြားတစ်ခါ၊ နှစ်ရက်ခြားတစ်ခါဆိုတာလို ကျွန်တော်နဲ့ အချိတ်အဆက်လုပ်ပြီး ဝန်ထမ်းတွေ မျက်ကွယ်တစ်နေရာမှာ အဖြေရှာကြည့်ကြတာပေါ့"

ဤသို့ဖြင့် အမှုအရာရှိ စုံထောက်စံထူးနှင့် မန်နေဂျာဦးသက်နိုင်ထွန်း၏မှာ အမှုမှန်ပေါ်ပေါက်ရေးအတွက် နှ
ကိုယ့်တစ်စိတ်ဖန်တီး၍ ဆက်သွယ်
မည့် ဖုန်းနံပါတ်များကိုပါအပြန်အလှ
ဖလှယ်ခဲ့ကြသည်။

ထို့နောက် စုံထောက်စံထူးဦး
ဆောင်သော ပူးပေါင်းအမှုစစ်အဖွဲ့
သည် ခေါ်ယူစစ်ဆေးရမည့် ဝန်ထမ်း
များကို စုစည်းရာအရပ်၌ အလှည့်က
ခေါ်ယူစစ်မေးကြသည်။ ထို့အတူ နယ်
မြေအတွင်း ကွင်းဆင်းနေကြသော
အမှုစစ်များကလည်း ဖိုးကျရာနယ်
မြေတွင် သံသယရှိသူများကို စော

www.burmeseclassic.com


ကြည့်လေ့လာခဲ့ကြသည်။ စုံထောက်စံထူးနှင့် မန်နေဂျာဦးသက်နိုင်ထွန်းတို့ကလည်း အလျဉ်းသင့်သလို ဝတ္တရားမပျက် လျှို့ဝှက်ဆုံတွေ့ကြသည်။ သို့သော် အမှုကား အလင်းသို့ရောက်မလာသေးဘဲ အမှောင်တွင်း၌သာ ရှိနေခဲ့သည်။

အခင်းဖြစ်ပြီးနောက် ၇ ရက်မြောက်သောနေ့တွင်ဖြစ်သည်။ ထိုနေ့တွင် စစ်ဆေးရမည့်ဝန်ထမ်းများအနက် ယာဉ်မောင်းဝန်ထမ်းတစ်ဦးမှာ ခွင့်ယူထား၍ ပျက်ကွက်ရကြောင်း မန်နေဂျာဦးသက်နိုင်ထွန်းမှ စုံထောက်စံထူးသို့ ဆက်သွယ်ပြောကြားလာသည်။ ထို့နောက် ညနေရုံးချိန်ပြီးဆုံးလျှင် ဆုံနေကျနေရာ၌ တွေ့ဆုံလိုကြောင်း ဦးသက်နိုင်ထွန်းမှ ချိန်းဆိုပါသည်။

"မနက်က ခွင့်တိုင်တဲ့ ဝန်ထမ်းက ဘာဖြစ်လို့လဲ၊ နေထိုင်မကောင်းလို့လား"

ညနေပိုင်းတွင် စုံထောက်စံထူးသည် မန်နေဂျာဦးသက်နိုင်ထွန်းချိန်းဆိုရာနေရာသို့ ရောက်ရှိခဲ့သည်။ ဦးသက်နိုင်ထွန်းကို တွေ့ရှိ၍ စုံထောက်စံထူးက အထက်ပါစကားဖြင့် မေးမြန်းပါသည်။ ထိုအခါ ဦးသက်နိုင်ထွန်းက–

"နေမကောင်းတာတော့ မဟုတ်ဘူးဗျ။ အဲဒီနေ့မနက် ကိုးနာရီမထိုးခင်သူ ရုံးကိုရောက်လာတယ်။ ရုံးဝင်းထဲက ကားတွေကိုအကုန်မထုတ်ဘဲ ကားနှစ်စီးအပြင်ထုတ်ပြီး အိမ်ကို ပြန်သွားပါတယ်၊ ခဏကြာတော့ သူ့ကို ဒီကနေ့ ခွင့်တစ်ရက်ပေးဖို့ ဖုန်းနဲ့ဆက်ပြောပါတယ်"

"ဒီနေ့ သူ အစစ်ခံရမယ်ဆိုတာ မသိလို့လား"

"သိတာပေါ့ဗျာ။ မနေ့ကညနေ ရုံးအဆင်းမှာ ဒီနေ့ အစစ်ခံရမယ့် လူစာရင်းကို ကျွန်တော်ကိုယ်တိုင်ဖတ်ပြတာပဲ။ သူ့နာမည့်စာရင်းပါတာ သူသိတာပဲ"

"အဲဒီနေ့ညနေက ချက်ချင်းခွင့်မတိုင်ဘဲ ဒီနေ့မနက် ရုံးရောက်ပြီးမှ ကောက်ကာငင်ကာ ခွင့်တိုင်တယ်ဆိုတော့ သူ့အတွက်အရေးတကြီး အကြောင်းကိစ္စများ ပေါ်လာလို့လား"

"ကျွန်တော်သိရသလောက်တော့ သူ့အတွက် ဘာအကြောင်းကိစ္စမှ မရှိဘူးလို့ ကြားသိရပါတယ်"

"ဒါဆိုရင်တော့ သူခွင့်ယူတာ ရိုးရိုးသားသားမှ ဟုတ်ရဲ့လား"

"ကျွန်တော်လည်း အဲဒီလိုပဲ ထင်ပါတယ်။ ပြီးတော့ အခင်းမဖြစ်မီနဲ့ အခင်းဖြစ်ပြီးတဲ့နောက်ပိုင်းမှာ သူ့ရဲ့ မူဟန်က သိပ်ပုံမှန်မဟုတ်ဘူးဗျ"

"ဘယ်လို မူပျက်နေတာ တွေ့လို့လဲ"

ထိုဝန်ထမ်းသည် ယာဉ်မောင်းတစ်ဦးဖြစ်၍ အလုပ်ဝင်သည်မှာ တစ်လသာရှိသေးပြီး အသက်အငယ်ဆုံးဖြစ်၏။ အလုပ်စဝင်ပြီး မကြာမီတွင် မိမိနှင့်မသက်ဆိုင်သော အပေါ်ထပ်ငွေကိုင်အခန်းသို့သွား၍ သူ၏ဖုန်းဖြင့် ဂိမ်းကစားခြင်း၊ အခန်းတွင်း၌ ဖုန်းဖြင့် ဓာတ်ပုံရိုက်ခြင်း စသည်တို့ကို ပြုမူခဲ့ဖူးသည်။

ထိုယာဉ်မောင်း ရုံးတက်ရုံးဆင်း အသွားအပြန်တွင် သက်တူရွယ်တူယောကျ်ားလေး သို့မဟုတ် မိန်းကလေးတစ်ဦးက ဆိုင်ကယ်ဖြင့် အကြိုအပို့လုပ်ပေးသည်။ အကြိုအပို့လုပ်ပေးသော မိန်းကလေးမှာ သူ၏ဇနီးဖြစ်ကြောင်း နီးစပ်သူများထံမှ ကြားသိရသည်။ အခင်းဖြစ်ပြီးနောက် သူ့ကိုကြိုပို့လာသော ဆိုင်ကယ်ကို သတိထားကြည့်ရာ ဆိုင်ကယ်၏ ရှေ့နောက်ဘီးခွေများမှာအလက်ဘီးခွေများဖြစ်ကြောင်း တွေ့ရသည်။ အခင်းဖြစ်ပြီးနောက် နေ့လယ်ပိုင်း၊ ထိုယာဉ်မောင်းနှင့်ငွေကိုင်တို့သည် ရန်ကုန်ရုံးချုပ်သို့ ငွေလွှဲရန်ကားဖြင့် ဘဏ်သို့သွားကြသည်။ ထိုစဉ် ထိုယာဉ်မောင်းဝန်ထမ်းသည် နိစ္စဓူဝ ဘဏ်သို့သွားသည့် သမားရိုးကျ လမ်းကြောင်းအတိုင်း မမောင်းဘဲ လမ်းကြောင်းများ၌ မောင်းနှင်ခဲ့သည်။ ဒါကို အတူပါ ငွေကိုင်မှ လမ်းကြောင်းမှားနေကြောင်းပြောရာ ယာဉ်မောင်းက သူငယ်ချင်းဖြင့် ချိန်းဆိုထား၍ဟု ဆိုသည်။ ဤသို့ တွေ့မြင်ကြားသိခဲ့ရသော ကုမ္ပဏီမှ ယာဉ်မောင်းဝန်ထမ်း၏ အသွင်ယိမ်းယိုင်မှုကို မန်နေဂျာဦးသက်နိုင်ထွန်းမှ ခင်းကျင်းပြသည်။ မန်နေဂျာ၏ စကားအဆုံးတွင် စုံထောက်စံထူးက ..

"အဲဒီယာဉ်မောင်းက ဘယ်သူလဲ၊ ဘယ်မှာနေတာလဲ"

ရှေ့လဆက်ရန်
စုံထောက်မောင်ရေဲ

www.burmeseclassic.com



# ပရိစ္ဆေဒ

## သေသူပြောတဲ့ပုံပြင်





www.burmeseclassic.com

ဒေါက်တာဟယ်လ်ပန်၏ ကျွမ်းကျင်ပြောင်မြောက်လှသော တွေ့ရှိဖော်ထုတ်နိုင်မှုများကြောင့် အမေရိကန်နိုင်ငံတစ်ဝှမ်းမှ တရားလိုဏ်စွဲချက်နှင့် တရားခံ၏ချေပချက်များနှင့် ပတ်သက်သော ကျွမ်းကျင်သူ၏ ထောက်ခံချက်များ ဒေါက်တာဟယ်လ်ပန်ထံမှ တောင်းခံလျက်ရှိပေသည်။ သို့သော် အချို့သောအမှုများတွင် မှန်သည်မှားသည်ဟူသော အဖြေထက် ဆင်ခြင်သုံးသပ်ချက် အဖြေမျိုးကိုသာ ပေးနိုင်သည်များလည်း ရှိခဲ့ပေသည်။

---

ဒေါက်တာမစ်လတန်ဟယ်လ်ပန် အသက်(၆၈)နှစ်၊ ကွားထွားကျိုင်းကျိုင်း ဥပဓိရုပ်ကောင်းကောင်း၊ အသံသြဇာနဲ့ ပြည်စုံပြီး ဖော်ရွေသည့် အညိုရောင် ဝန်းများနှင့် စွဲမက်ဖွယ်အပြုံးပိုင်ရှင်၊ မုံထောက်တစ်ယောက်နှင့်မတူဘဲ အများချစ်ခင်လေးစားသည့် တက္ကသိုလ်ပါမောက္ခတစ်ဦးနှင့် ပို၍တူသူ။ အမှန်စင်စစ် ဟယ်လ်ပန်သည် နယူးယောက်တွဲ့လွှန်ဆေးတက္ကသိုလ် မှုခင်းဆိုင်ရာ ဆေးပညာဌာန ဥက္ကဋ္ဌဖြစ်သည်။ ဥပဒေဆေးပညာ၊ ရောဂါဗေဒနှင့် အဆိပ်ဗေဒဆိုင်ရာကျမ်းများ ရေးသားပြုစုခဲ့သူလည်း ဖြစ်သည်။

နယူးယောက်မြို့တော် ဆေးပညာကြီးကြပ်ရေးအဖွဲ့ အကြီးအကဲလည်းဖြစ်၍ အကြမ်းဖက်ရာဇဝတ်မှုများအကြောင်း အသေးစိတ်သိရှိသူဖြစ်သည်။ မြို့တော်အတွင်း နှစ်စဉ်သေဆုံးသူ(၃၁၀၀၀)ခန့်၏ မှုခင်းဖြစ်ပွားရာဝန်းကျင်ကို စစ်ဆေးရန် တာဝန်ယူထားရသူဖြစ်သည်။ သေဆုံးမှုအများစုမှာ အကြောင်းရှာမရသည့် အမှုများဖြစ်သကဲ့သို့ သံသယဖြစ်ဖွယ်သေဆုံးမှုများလည်း ဖြစ်ကြသည်။ နှစ်စဉ် သေဆုံးသူအလောင်း (၇၅၀၀)ခန့်ကို ရင်ခွဲစမ်းသပ် စစ်ဆေးခဲ့သည်။

အဆိုပါစစ်ဆေးမှုများအနက် ခွဲစိတ်မှုပေါင်း (၆၀၀၀)ခန့်ကို သူကိုယ်တိုင် (သို့) သူ၏ကြီးကြပ်မှုဖြင့် လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ သူစိတ်အဝင်စားဆုံးအချက်မှာ **'ဘယ်သူလုပ်သလဲ'** ဆိုတာထက် **'ဘာလုပ်ထားသလဲ'** ဆိုသည့်အချက်ပင်ဖြစ်သည်။ သူ၏ **'ဘာလုပ်ထားသလဲ'**ဟူသော တွေ့ရှိချက်သည် လွတ်မြောက်နေသော အမှန်တကယ် အပြစ်ရှိသူများကို အပြစ်ပေးနိုင်ခဲ့သလို အပြစ်မရှိသူများကိုလည်း လွတ်မြောက်သွားစေခဲ့သည်။

**ဒီမှာက
မနစ်မြို့ဖွယ်ရာ
သူ၏
လိမ်ဆင်ဇာတ်လမ်းကို
ပြောပြခဲ့သည်။
အခြေအနေမဲ့တစ်ဦးဖြစ်ပြီး
အရက်စွဲနေသူ
ဟောင်းဝပ်ရစ်ဒဲလ်ကို
တွေ့ရာမှ
စိတ်ကူးရခဲ့သည်ဟု
ဆိုသည် ...**



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့သောဖြစ်ရပ်များစွာအနက်မှ ထင်ရှားသောအမှုတစ်ခုမှာ 'ရောဘတ်ဒိုမာ'၏ အမှုဖြစ်သည်။ ၁၉၆၃ ခုနှစ် ဧပြီလ(၂၃)ရက်နေ့ အိုဟိုင်းအိုးပြည်နယ် မက်ဆက်လွန်မြို့ပြင်ရှိရထားနှင့် ကားလမ်းဖြတ်သည့်နေရာတွင် ဖြစ်ပွားခဲ့သော အမှုဖြစ်သည်။ ရထားမောင်းသူက လမ်းဆုံတွင် မီးလောင်ပေါက်ကွဲနေသော အရာတစ်ခုကို ရုတ်တရက်တွေ့၍ ရထားကို အမြန်ရပ်ခဲ့ရသည်။ ရထားလမ်းဘေးတွင် မီးလောင်နေသော ကားတစ်စီးကို တွေ့ခဲ့ရသည်။ ရောဘတ်ဒိုမာဆိုသူ၏ မီးကျွမ်းနေသော ပိုက်ဆံအိတ်ကို တွေ့ခဲ့ရသည်။ ဒိုမာသည် အပေါင်ခံလုပ်ငန်းများတွင် အကျိုးဆောင်အလုပ်ဖြင့် စီးပွားဖြစ်နေသူဖြစ်ပြီး ကုမ္ပဏီပိုင်ငွေများကို အလွဲသုံးစားလုပ်ခဲ့ပြီး ကြွေးလည်ပင်းနစ်နေသူဖြစ်ကြောင်း ရဲတပ်ဖွဲ့က စုံစမ်းဖော်ထုတ် သိရှိခဲ့ရသည်။ ထို့ပြင် သူသည် ဒေါ်လာသုံးသိန်းတန် အသက်အာမခံထားသူလည်း ဖြစ်သည်။ အသက်အာမခံငွေဖြင့် ကြွေးဆပ်ရန် မိမိကိုယ်ကို သတ်သေပုံရသည်။ ရဲဘက်မှ စုံစမ်းစစ်ဆေး တွေ့ရှိမှုမှာ ဤမျှသာဖြစ်သည်။

ရင်ခွဲစစ်ဆေးမှုအရ သေသူ၏နှလုံးတွင် ဆိုးဝါးသည့်ဒဏ်ရာများ တွေ့ရသည်။ အကြိမ်ပေါင်းများစွာ နှလုံးထိခိုက်မှုများ ဖြစ်ခဲ့သည်ကိုလည်း တွေ့ရှိရသည်။ အမှန်စင်စစ် ဒိုမာသည်ကျန်းမာရေးကောင်းသူတစ်ဦးဖြစ်သည်။ သေဆုံးသူတွင် သွားများမတွေ့ရသော်လည်း ဒိုမာသည် သွားအပြည့်အစုံရှိသူ ဖြစ်သည်။ သေဆုံးသူသည်ဒိုမာမဟုတ်ပေ။

ရှာဖွေစုံစမ်းစစ်ဆေးမှုများအရ ဖြစ်စဉ်တစ်ခုလုံးကို ရဲကသိရှိပြီးသည့်အခါ ဒိုမာက မနှစ်မြို့ဖွယ်ရာ သူ၏ လိမ်ဆင်ဖာတ်လမ်းကို ပြောပြခဲ့သည်။ အခြေအနေမဲ့တစ်ဦးဖြစ်ပြီး အရက်စွဲနေသူ ဟောင်းဝပ်ရစ်ဒဲလ်ကို တွေ့ရာမှ စိတ်ကူးရခဲ့သည်ဟု ဆိုသည်။ အရက်အလွန်အကျွံသောက်ရာမှ နှလုံးရောဂါဖြင့် သေဆုံးသွားခဲ့သည့် ဟောင်းဝပ်ရစ်ဒဲလ်ကို ကားရထားလမ်းဆုံသို့ ယူသွားပြီး ကားကို ဂျုန်းဆင်းတွင်ရပ်ထားခဲ့သည်။ ထို့နောက် ကားကို ဓာတ်ဆီလောင်း မီးရှို့ပြီး ရထားလမ်းပေါ်သို့ လိမ့်ချခဲ့သည်။

တရားလိုဘက်က သေသူ၏သွေးထဲတွင် ကာဗွန်မိုနောက်ဆိုက်ဓာတ်ငွေ့ မတွေ့ရခြင်းနှင့် လေပြွန်ထဲတွင် ကြပ်ခိုး(မှိုင်း)မတွေ့ရခြင်း တို့ကြောင့် မီးစတင်လောင်ချိန်ထိ အသက်ရှင်နေကြောင်း တင်ပြခဲ့သည်။ လည်ချောင်းတွင်းရှိ အသံအိုးများ မီးဟပ်ထားမှုရှိမရှိ မူတည်၍ ဆရာဝန်များအကြား ထင်မြင်ယူဆချက်အမျိုးမျိုး ကွဲပြားသွားစေခဲ့သည်။ ဤကိစ္စနှင့်ပတ်သက်၍ ဥပဒေဘက်မှ ဆေးပညာရှင်များအား တိကျသည့်အဖြေပေးရန် တောင်းဆိုခဲ့သော်လည်း တိကျသောအဖြေ မရရှိခဲ့ပေ။

မှုခင်းဆိုင်ရာဆေးပညာရှင် ဒေါက်တာဟယ်လ်ပန်က ရင်ခွဲစမ်းသပ်မှုရလဒ်များအရ ဟောင်းဝပ်ရစ်ဒဲလ်သည် မီးမလောင်မီကပင် သေဆုံးနေခဲ့ပြီးဖြစ်သည်ဟု ပြောခဲ့သည်။ ထို့ကြောင့် နောက်ဆုံးတွင် ဒိုမာတစ်ယောက် အလွဲသုံးစားလုပ်မှု၊ အလောင်းကို တရားမဝင် ရွှေ့ပြောင်းသယ်ဆောင်မှုနှင့် အခြားသောစွဲချက်များဖြင့် ထောင်နန်းစံခဲ့ရပေသည်။

ဒေါက်တာဟယ်လ်ပန်၏ အခြားသော ဖော်ထုတ်တွေ့ရှိချက်များမှာ သဘာဝအလျောက် သေဆုံးမှုအဖြစ်များယှဉ်းစွပ်စွဲခံရမှုများ ဖြစ်သည်။ တစ်ခုသောညနေခင်း မိုးရွာနေစဉ် (၁၄)နှစ်အရွယ် ကလေးတစ်ယောက် တိုက်လိုင်းတစ်ခု၏ လူသွားလမ်းပေါ်တွင် စကိတ်စီးနေသည်။ တံခါးစောင့်က



www.burmeseclassic.com



လမ်းသွားသူများ ထိခိုက်မည်စိုး၍ မစီးရန်ပြောသည်။ ကလေးက ဂရုမစိုက် စီးမြဲစီးသည်။ ပြောမရ၍ အစောင့်က လက်ဖြင့်ရိုက်လိုက်ရာ ကလေးငယ်လဲကျသွားပြီး မိနစ်အနည်းငယ်အကြာတွင် သေဆုံးသွားခဲ့သည်။ တံခါးစောင့်မှာ လူသတ်မှုဖြင့် စွဲချက်တင်ခံရသည်။ ဒေါက်တာဟယ်လ်ပန် ရင်ခွဲစစ်ဆေးကြည့်သည့်အခါ သံသယဖြစ်ဖွယ်ရာများကို တွေ့ရှိခဲ့သည်။ ဦးနှောက်အောက်ပိုင်း ဘေးဖက်ရှိ သွေးလွှတ်ကြောပေါက်သွားခြင်းဖြစ်သည်။ သွေးလွှတ်ကြောနံရံသည် မူလကတည်းက ပါးနေခြင်းဖြစ်သည်။ မွေးရာပါချို့ယွင်းချက် ဖြစ်သည်။ အချိန်မရွေးပေါက်ပြီး ရုတ်တရက်သေဆုံးနိုင်သည်။ ဒေါက်တာဟယ်လ်ပန်က တရားခွင်တွင် အသေးစိတ်ရှင်းပြခဲ့သည်။ တံခါးစောင့်အဘိုးကြီး အပြစ်မှကင်းလွတ်ခဲ့သည်။

အိုကလာဟိုးမားတက္ကသိုလ် ကျောင်းသားသုံးဦးသည် ၁၉၆၀ ခုနှစ် ဒီဇင်ဘာလ(၆)ရက်နေ့တွင် ကားဖြင့် ညအိပ်ခရီးထွက်ကြသည်။ စားသောက်ဆိုင်တစ်ခုတွင် ဘီယာသောက်ရင်း ဖော်ရွေသောလူငယ်တစ်ဦးနှင့် မိတ်ဆွေဖြစ်ကြသည်။ ညနေပိုင်းတွင် ထိုလူငယ်သည် အရက်အလွန်အကျွံသောက်ထားခြင်းမရှိဘဲ ရိုင်းစိုင်းစွာပြောဆိုပြီး ကျောင်းသားသုံးဦးကို တိုက်ခိုက်လာခဲ့သည်။ သူငယ်ချင်းသုံးယောက်က ပြန်လည်ခုခံ ထိုးကြိတ်တိုက်ခိုက်ရင်း ထိုလူငယ်လဲကျသေဆုံးသွားခဲ့၍ လူသတ်မှုဖြင့် တရားစွဲခံကြရသည်။

ယင်းအမှုကို ဒေါက်တာဟယ်လ်ပန်အား ဖိတ်ကြားစစ်ဆေးစေခဲ့ရာ လူသတ်မှုမဟုတ်ကြောင်း အတည်ပြုပေးခဲ့သည်။ ဦးနှောက်သွေးကြောပေါက်၍ သေဆုံးခြင်းဖြစ်သည်။ စိတ်တက်ကြွလှုပ်ရှားမှုနှင့်ဆက်စပ်၍ ဖြစ်ပေါ်လာခြင်း ဖြစ်သည်။ သာမန်အားဖြင့် အေးဆေးတည်ငြိမ်ပြီး နှစ်လိုဖွယ်ကောင်းသူ ထိုလူငယ်သည် ရန်လိုလာပြီး ကြမ်းကြမ်းတမ်းတမ်းပြောဆိုလာခဲ့သည်။ ထိုးကြိတ်သတ်ပုတ်မှုများကြောင့် သွေးကြောပေါက်သွားခြင်း မဟုတ်ပေ။ စိတ်လှုပ်ရှားတက်ကြွမှုက သွေးကြောပေါက်မှုကို အထောက်အပံ့တော့ ဖြစ်စေနိုင်သည်။ ဤသို့ဖြင့် ကျောင်းသားသုံးဦး အပြစ်မှလွတ်သွားခဲ့ရသည်။

### *ဖိတ်ပစ်ရသောအမှု*

အမှုအခင်းအတော်များသည် အစပိုင်းတွင် ရှုပ်ထွေးသယောင်ရှိသော်လည်း အမှန်စင်စစ် အံ့သြဖွယ်ကောင်းလောက်အောင်ပင် ရိုးစင်းကြောင်း ဒေါက်တာဟယ်လ်ပန်က ယုံကြည်သည်။ အမေရိကန်နိုင်ငံ နယူးဂျာစီပြည်နယ်မှ အသက်(၃၇)နှစ်အရွယ် လယ်သမားတစ်ယောက်သည် သူ့အဖေအား ကြိုတင်ကြံစည်သတ်ဖြတ်မှုဖြင့် တရားစွဲဆိုခံရသည်။ တရားခံအဖြစ် စွပ်စွဲခံရသူ လယ်သမား၏အဆိုအရ သူ့အဖေသည် သာမန်အားဖြင့် သဘောကောင်းသူဖြစ်ပြီး အရက်မူးလာလျှင်သာ ဆဲရေးတိုင်းထွာ ပြောဆိုတတ်သည်။ ထိုနေ့က ပါတီတစ်ခုတက်ရင်း သူ့အဖေက သူ့အား သေနတ်ဖြင့် ချိန်ရွယ်ခြိမ်းခြောက်ခဲ့ရာ ခုခံကာကွယ်သည့်အနေဖြင့် သူက ပြန်လည်ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။

အရာခံပ်သိမ်းသည် ကျည်ဆံသွားရာလမ်းကြောင်းပေါ် မူတည်နေပေသည်။ ကျည်ဆံသည် သူ့အဖေရှေ့မှ ဝင်လျှင် ကိုယ့်ကိုယ်ကိုယ် ခုခံကာကွယ်ခြင်းဖြစ်နိုင်ပြီး နောက်မှဝင်လျှင် လူသတ်မှုဖြစ်နိုင်ပေသည်။ ကံမကောင်းစွာဖြင့် အဘိုးကြီး၏အသက်ကို ကြိုးစားကယ်တင်ခဲ့ကြသော ဆရာဝန်များက ရှေ့ဘက်ကကျည်ဆံပေါက်ကို အစမကျန်အောင် ဖျောက်ဖျက်ပစ်လိုက်ကြသည်။ နောက်ဘက်မှအပေါက်ကိုလည်း ကျည်ဆံဝင်ပေါက်ဟု ရောဂါဗေဒပညာရှင်က အမိပ္ပာယ်ကောက်ယူဆုံးဖြတ်ခဲ့သည်။

**အန်ဘာဂျာ၏ ညွှန်ကြားမှုဖြင့် ဆောင်ရွက်နေသော အဆိပ်ဗေဒဓာတ်ခွဲခန်းသည် ကမ္ဘာပေါ်တွင် ပစ္စည်းကိရိယာအပြည့်စုံဆုံးဖြစ်ပြီး ရာဇဝတ်မှုအတော်များများကို ဖော်ထုတ်ရာတွင် အဓိကအခန်းမှ ပါဝင်ခဲ့သည်...**



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာဟယ်လ်ပန်က သေသူ၏အဝတ်အစားများကို စစ်ဆေးကြည့်ခဲ့သည်။ သေသူသည် အတွင်းခံစွပ်ကျယ်နှင့် အပေါ်ဝတ်ကုတ်အင်္ကျီကို ဝတ်ထားသည်။ ကုတ်အင်္ကျီနှင့် စွပ်ကျယ်ရှေ့ဘက်တွင် ကျည်ဆံပေါက်တစ်ခုစီ တွေ့ရပြီး နောက်ဘက်တွင်မူ စွပ်ကျယ်တွင်သာ အပေါက်တစ်ခုတွေ့ရသည်။ ကျည်ဆံသည် ကိုယ်ခန္ဓာကို ဖြတ်သန်းစဉ် စွမ်းအင်ကုန်သွား၍ စွပ်ကျယ်ကိုသာဖောက်နိုင်တော့ခြင်း ဖြစ်မည်ဟု ယူဆနိုင်သည်။ ထိုအချက်က နောက်ကျောဘက်သည် ကျည်ဆံဝင်ပေါက်မဟုတ်ဘဲ ထွက်ပေါက်သာဖြစ်ကြောင်း ပြဆိုလျက်ရှိသည်။ အမှန်စင်စစ် အစွဲအလန်းမထားဘဲ မှန်မှန်ကန်ကန်ရှုမြင်သူအတွက် ဖြစ်ရပ်က ရှင်းလင်းလှပေသည်။ ဒေါက်တာဟယ်လ်ပန်၏တွေ့ရှိချက်များက သားလုပ်သူသည် ကိုယ့်ကိုယ်ကို ခုခံကာကွယ်သည့်အနေဖြင့် ရှေ့ဘက်မှ သေနတ်ဖြင့်ပစ်ခဲ့ကြောင်း ပိုမိုထင်ရှားစေခဲ့သည်။ ထို့ကြောင့် စွဲချက်မှ လုံးဝလွတ်မြောက်လာခဲ့သည်။

အခြားသောအမှုများမှာ ရိုးစင်းလယ်ကူမှု မရှိလှသော အမှုများဖြစ်သည်။ တစ်ခုမှာ သတိမေ့နေသော လူနာတစ်ယောက် နယူးယောက်ဆေးရုံသို့ရောက်ပြီး ရှစ်ရက်အကြာတွင် သတိပြန်မလည်တော့ဘဲ သေဆုံးသွားခဲ့သောအမှုဖြစ်သည်။ လူနာအား ဆေးရုံမတင်မီက အခြေအနေများမှာ ရှင်းရှင်းလင်းလင်းမရှိလှသောကြောင့် ယင်းအမှုကို ဒေါက်တာဟယ်လ်ပန်ထံ ပို့ခဲ့သည်။ ရင်ခွဲစမ်းသပ်စစ်ဆေးသည့်



အခါ ဦးနှောက်သွေးယိုမှုနှင့် အာရုံကြောရောင်ရမ်းမှုကို တွေ့ရှိခဲ့ရသည်။ သို့သော် ဆက်စပ်မှုကို ရှာမရခဲ့ပေ။

ထို့နောက် သေသူ၏ရင်းနှီးသော မိတ်ဆွေက ''သူလက်ထပ်မယ့်မိန်းမနဲ့ စကားများပြီး မျက်စိကို ဝက်အူလှည့်နဲ့အထိုးခံခဲ့ရဖူးတယ်''လို့ ပြောပြမှ သေသူ၏မျက်ခွံကို ပြန်လည်စစ်ဆေးကြည့်ခဲ့ရာ မသေမီ(၁၀)ရက်ခန့်က ရသည်ဟု ခန့်မှန်းရသော သေးငယ်သည့် ဒဏ်ရာတစ်ခုကို တွေ့ရသည်။ ချွန်ထက်သောအရာတစ်ခု(ဝက်အူလှည့်) မျက်စိအပေါ်က ဖြတ်ဝင်သွားပြီး ဦးနှောက်ထဲအထိ အနည်းငယ်ဝင်သွားသည့်ဒဏ်ရာကို တွေ့ရသည်။ ယင်းဒဏ်ရာမှပင် သွေးယိုခြင်းဖြစ်နိုင်သည်။ ဦးနှောက်အတွင်း နက်နက်ရှိုင်းရှိုင်းဝင်သွားခြင်းမဟုတ်၍ ရောဂါလက္ခဏာတစ်စုံတစ်ရာမပြဘဲ အချိန်အတန်ကြာ အသက်ရှင်နေခဲ့ပြီး အာရုံကြောရောင်ရမ်းမှုကြောင့် သေဆုံးသွားခြင်းဖြစ်ကြောင်း ဖော်ထုတ်နိုင်ခဲ့သည်။

### ပုန်းရှောင်နေသော လူသတ်သမား

ဒေါက်တာဟယ်လ်ပန်၏ အတွေ့
အကြုံအရ စိတ်အကြီးအကျယ် ရှုပ်
ထွေးစေသည့်အမှုမှာ နယူးယောက်တွင်
အမှုပိုင်ငှက်များ ရောဂါရုတ်တရက်ဖြစ်
ပွားစဉ်က ပေါ်ပေါက်ခဲ့သည်။ ခြင်မ
သည့် ဆောင်းတွင်းကာလတွင် ဖြစ်ပွာ
ခြင်းက ပို၍ထူးဆန်းလှသည်။ ထို့ပြ
အမှုပိုင်းဒေသသို့ လုံးဝမရောက်ဖူးသ
များတွင် ရောဂါဖြစ်ပွားခြင်း ဖြစ်သည်

ပြဿနာ၏အဖြေကို ရင်ခွဲစ
သပ်စစ်ဆေးသည့်စားပွဲ(အလောင်း
စိတ်သည့်စင်)ပေါ်တွင် တွေ့ရှိခဲ့သည
သေဆုံးသူအားလုံးတွင် ဆေးထိုးအ
ရာများကို တွေ့ရပြီး မူးယစ်ဆေး
သွင်းအသုံးပြုသူများ ဖြစ်ကြသည်။ ၎
တို့အထဲမှတစ်ဦးသည် အမှုပိုင်ငှ
ဖျားရောဂါရှိသူဖြစ်ပြီး ဆေးထိုးအ
ရောဂါကူးစက်ပြန့်နှံ့ခဲ့ခြင်းဖြစ်သည်

ဒေါက်တာဟယ်လ်ပန်သ
နယူးယောက်မြို့ ဆေးပညာဆိုင်ရာ
စမ်းစစ်ဆေးရေးအဖွဲ့ အဆောက်အ
ကြီး၏ အဋ္ဌမထပ်တွင် ဝန်ထမ်း(၁
ကို စီမံအုပ်ချုပ်နေသူဖြစ်သည်။ ယ
အဖွဲ့အစည်းတွင် ဒေါက်တာများ
အန်ဘာဂျာ၏ ညွှန်ကြားမှုဖြင့် ဆေ
ရှက်နေသော အဆိပ်ဗေဒဓာတ်ခွဲ
သည် ကမ္ဘာပေါ်တွင် ပစ္စည်းကိရိယ



www.burmeseclassic.com

www.burmeseclassic.com



အပြည့်စုံဆုံးဖြစ်ပြီး ရာဇဝတ်မှုအတော်များများကို ဖော်ထုတ်ရာတွင် အဓိကအခန်းမှ ပါဝင်ခဲ့သည်။ ၎င်းတို့အနက် ဒေါက်တာကားလ်ကော့ပိုလီနို၏ဇနီး သေဆုံးမှုသည် ထင်ရှားလှပေသည်။ နှလုံးရောဂါဖြင့် သေဆုံးကြောင်း အတည်ပြုထားသော်လည်း နောက်ပိုင်းတွင် ဆေးထိုးသတ်ခံရသည်ဟူသော သတင်းများ ထွက်ပေါ်ခဲ့သည်။

ထို့ကြောင့် အလောင်းကိုပြန်ဖော်၍ ဒေါက်တာဟယ်လ်ပန်၏ရုံးသို့ ပေးပို့ခဲ့သည်။ ရင်ခွဲစစ်ဆေးသည့်အခါ ဘယ်ဘက်တင်ပါးတွင်ဆေးထိုးအပ်ရာတစ်ခု တွေ့ခဲ့ရသည်။ ထို့ပြင် နှလုံးအပါအဝင် ရင်တွင်းကလီစာအားလုံး ပုံမှန်ဖြစ်ကြောင်း တွေ့ရှိခဲ့သည်။ အချို့သော အစိတ်အပိုင်းများကို ဒေါက်တာအန်ဘာဂျာထံသို့ အဆိပ်သင့်ခြင်း ရှိ၊ မရှိ စစ်ဆေးရန် လွှဲပြောင်းပေးခဲ့သည်။ ကိုယ်ခန္ဓာထစ်သျှူးနှင့် အရည်များတွင် ဆက်စင်နိုင်ကိုလိုင်းပါဝင်သော အဆိပ်ရည် ရှိ၊ မရှိ ရှာဖွေရန်ဖြစ်သည်။ အဆိပ်ဗေဒပညာရှင်တစ်ဦးအတွက် အခက်ခဲဆုံးအလုပ်ဖြစ်သည်။

နောက်ဆုံးတွင် ဒေါက်တာအန်ဘာဂျာ အောင်မြင်ခဲ့သည်။ အဆိပ် (ဆက်စက်နိုင်ကိုလိုင်း အစအနများ) ကို သေသူ၏အသည်းနှင့် ဦးနှောက်တို့တွင် တွေ့ရှိခဲ့ရသည်။ ထို့ပြင် နယူးယောက်ဆေးတက္ကသိုလ် ဆေးဝါးဗေဒဌာန ပါမောက္ခဒေါက်တာဘတ်လာဒူး၏ ဓာတ်ခွဲခန်းသို့ သေသူ၏တင်ပါးတစ်သျှူးကို ပေးပို့စစ်ဆေးခဲ့သည်။ သေသူ၏ဘယ်ဘက်တင်ပါး ဆေးထိုးအပ်ရာနေရာတွင် ဆက်စင်နိုင်ကိုလိုင်းကို တွေ့ရှိခဲ့ရသည်။ ၎င်းသည် ကြွက်သားတင်းမာမှုကို ဖြေလျှော့ပေးနိုင်သော အစွမ်းထက်သည့်ဆေးဖြစ်သည်။ ခွဲစိတ်လူနာများအတွက် သတိကြီးစွာဖြင့် ထိန်းချုပ်အသုံးပြုရသော ဆေးဖြစ်သည်။ အသက်ရှူကြွက်သားများကို မလှုပ်ရှားနိုင်အောင် ပြုလုပ်လိုက်လျှင် အသက်ရှူကျပ်၍ သေဆုံးသွားနိုင်သည်။ ဒေါက်တာကော့ပိုလီနိုသည် မေ့ဆေးဆရာဝန်ဖြစ်၍ ဤဆေး၏အာနိသင်ကို ကောင်းကောင်းသိသည်။ နောက်ဆုံး ဇနီးသည်အား သတ်မှုဖြင့် တရားစွဲခံခဲ့ရပေသည်။

ဒေါက်တာဟယ်လ်ပန်သည် သူ၏ကြီးမားပြီး အလွန်အလုပ်ရှုပ်လှသည့် သူ့အဖွဲ့အစည်းအတွက် ဂုဏ်ယူသော်လည်း လေ့ကျင့်သင်ကြားပြီး မှုခင်းဆိုင်ရာ ရောဂါဗေဒပညာရှင်ရှားပါးမှုကြောင့် အခက်အခဲများနှင့် ရင်ဆိုင်နေခဲ့ရပေသည်။ "ရာဇဝတ်မှုခင်း ဖြစ်လာခဲ့လျှင် ဆေးပညာဆိုင်ရာ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နိုင်သည်"ဟူသောအချက်ကို လူအများသိရှိရန်လည်း လိုအပ်လျက်ရှိပေသည်။ လုပ်ငန်းများ ထိရောက်အောင်မြင်ရန်မှာ အတွေ့အကြုံရှိသော မှုခင်းဆိုင်ရာ ရောဂါဗေဒပညာရှင်များရရှိမှုပေါ်အဓိကမူတည်ပေသည်။ ထင်ရှားကျော်ကြားလှသော နယူးယောက်မြို့ကြီး၏ ဆေးပညာဆိုင်ရာ စုံစမ်းစစ်ဆေးရေး လုပ်ငန်းကြီးတွင် လုပ်လိုသူနည်းပါးနေခြင်းမှာ ကံမကောင်းလှဟုဆိုရမည်သာ • ။

တင်ထွေးအောက်

**Ref; R.D – 2/7၊**

**"Dead Men Do Tell Tales"**

> အသက်ရှူ
> ကြွက်သားများကို
> မလှုပ်ရှားနိုင်အောင်
> ပြုလုပ်လိုက်လျှင်
> အသက်ရှူကျပ်၍
> သေဆုံးသွားနိုင်သည်။
> ဒေါက်တာကော့ပိုလီနိုသည်
> မေ့ဆေးဆရာဝန်ဖြစ်၍
> ဤဆေး၏
> အာနိသင်ကို
> ကောင်းကောင်းသိသည်
> ...



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



အပြည့်စုံဆုံးဖြစ်ပြီး ရာဇဝတ်မှုအတော်များများကို ဖော်ထုတ်ရာတွင် အဓိကအခန်းမှ ပါဝင်ခဲ့သည်။ ၎င်းတို့အနက် ဒေါက်တာကားလ်ကော့ပိုလီနို၏ဇနီးသေဆုံးမှုသည် ထင်ရှားလှပေသည်။ နှလုံးရောဂါဖြင့် သေဆုံးကြောင်း အတည်ပြုထားသော်လည်း နောက်ပိုင်းတွင် ဆေးထိုးသတ်ခံရသည်ဟူသော သတင်းများ ထွက်ပေါ်ခဲ့သည်။

ထို့ကြောင့် အလောင်းကိုပြန်ဖော်၍ ဒေါက်တာဟယ်လ်ပန်၏ရုံးသို့ ပေးပို့ခဲ့သည်။ ရင်ခွဲစစ်ဆေးသည့်အခါ ဘယ်ဘက်တင်ပါးတွင်ဆေးထိုးအပ်ရာတစ်ခု တွေ့ခဲ့ရသည်။ ထို့ပြင် နှလုံးအပါအဝင် ရင်တွင်းကလီစာအားလုံး ပုံမှန်ဖြစ်ကြောင်း တွေ့ရှိခဲ့သည်။ အချို့သောအစိတ်အပိုင်းများကို ဒေါက်တာအန်ဘာဂျာထံသို့ အဆိပ်သင့်ခြင်း ရှိ၊ မရှိ စစ်ဆေးရန် လွှဲပြောင်းပေးခဲ့သည်။ ကိုယ်ခန္ဓာတစ်သျှူးနှင့် အရည်များတွင် ဆက်စင်နိုင်ကိုလိုင်းပါဝင်သော အဆိပ်ရည် ရှိ၊ မရှိ ရှာဖွေရန်ဖြစ်သည်။ အဆိပ်ဗေဒပညာရှင်တစ်ဦးအတွက် အခက်ခဲဆုံးအလုပ်ဖြစ်သည်။

နောက်ဆုံးတွင် ဒေါက်တာအန်ဘာဂျာ အောင်မြင်ခဲ့သည်။ အဆိပ် (ဆက်စက်နိုင်ကိုလိုင်း အစအနများ) ကို သေသူ၏အသည်းနှင့် ဦးနှောက်တို့တွင် တွေ့ရှိခဲ့ရသည်။ ထို့ပြင် နယူးယောက်ဆေးတက္ကသိုလ် ဆေးဝါးဗေဒဌာန ပါမောက္ခဒေါက်တာဘတ်လာဒူး၏ ဓာတ်ခွဲခန်းသို့ သေသူ၏တင်ပါးတစ်သျှူးကို ပေးပို့စစ်ဆေးခဲ့သည်။ သေသူ၏ဘယ်ဘက်တင်ပါး ဆေးထိုးအပ်ရာနေရာတွင် ဆက်စင်နိုင်ကိုလိုင်းကို တွေ့ရှိခဲ့ရသည်။ ၎င်းသည် ကြွက်သားတင်းမာမှုကို ဖြေလျှော့ပေးနိုင်သော အစွမ်းထက်သည့်ဆေးဖြစ်သည်။ ခွဲစိတ်လူနာများအတွက် သတိကြီးစွာဖြင့် ထိန်းချုပ်အသုံးပြုရသော ဆေးဖြစ်သည်။ အသက်ရှူကြွက်သားများကို မလှုပ်ရှားနိုင်အောင် ပြုလုပ်လိုက်လျှင် အသက်ရှူကျပ်၍ သေဆုံးသွားနိုင်သည်။ ဒေါက်တာကော့ပိုလီနိုသည် မေ့ဆေးဆရာဝန်ဖြစ်၍ ဤဆေး၏အာနိသင်ကို ကောင်းကောင်းသိသည်။ နောက်ဆုံး ဇနီးသည်အား သတ်မှုဖြင့် တရားစွဲခံခဲ့ရပေသည်။

ဒေါက်တာဟယ်လ်ပန်သည် သူ၏ကြီးမားပြီး အလွန်အလုပ်ရှုပ်လှသည့် သူ့အဖွဲ့အစည်းအတွက် ဂုဏ်ယူသော်လည်း လေ့ကျင့်သင်ကြားပြီး မှုခင်းဆိုင်ရာ ရောဂါဗေဒပညာရှင်ရှားပါးမှုကြောင့် အခက်အခဲများနှင့် ရင်ဆိုင်နေခဲ့ရပေသည်။ "ရာဇဝတ်မှုခင်း ဖြစ်လာခဲ့လျှင် ဆေးပညာဆိုင်ရာ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နိုင်သည်"ဟူသောအချက်ကို လူအများသိရှိရန်လည်း လိုအပ်လျက်ရှိပေသည်။ လုပ်ငန်းများ ထိရောက်အောင်မြင်ရန်မှာ အတွေ့အကြုံရှိသော မှုခင်းဆိုင်ရာ ရောဂါဗေဒပညာရှင်များရရှိမှုပေါ်အဓိကမူတည်ပေသည်။ ထင်ရှားကျော်ကြားလှသော နယူးယောက်မြို့ကြီး၏ ဆေးပညာဆိုင်ရာ စုံစမ်းစစ်ဆေးရေး လုပ်ငန်းကြီးတွင် လုပ်လိုသူနည်းပါးနေခြင်းမှာ ကံမကောင်းလှဟုဆိုရမည်သာ • ။

တင်ထွေးဆက်

Ref; R.D – 2/71

"Dead Men Do Tell Tales"

အသက်ရှူကြွက်သားများကို မလှုပ်ရှားနိုင်အောင် ပြုလုပ်လိုက်လျှင် အသက်ရှူကျပ်၍ သေဆုံးသွားနိုင်သည်။ ဒေါက်တာကော့ပိုလီနိုသည် မေ့ဆေးဆရာဝန်ဖြစ်၍ ဤဆေး၏ အာနိသင်ကို ကောင်းကောင်းသိသည် ...



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com



ထိုနှစ်မတိုင်ခင်ကမှ ကျွန်တော်သည် သား ဂီတာတီးသည်ကို စောင့်ကြည့်နေခဲ့မိပါသည်။ ထိုအချိန်က သူသည် လူပျိုပေါက်စဖြစ်ပြီး တိမ်းလွယ်ညွတ်လွယ်အရွယ်မျိုးဖြစ်သည်။ လွတ်လပ်ပေါ့ပါးစွာရယ်မောပြီး မျက်လုံးများမှာ အရောင်တောက်ပနေတတ်၏။ ၁၉၆၈ ခုနှစ်တွင် သူသည် ၁၅ နှစ်သားဖြစ်သည်။ ထိုအချိန်တွင် စတင်ပြောင်းလဲလာပါတော့သည်။

ဤသည်မှာ ၁၆ နှစ်အရွယ် လူငယ်တစ်ယောက်၏ ခံစားမှုများနှင့် အတွေးများဟု ကျွန်တော်ထင်ပါသည်။ ၁၉၆၉ ခုနှစ် မေလတွင် သူ စာရေးခဲ့သည်။ ထိုစာကို လအတော်ကြာမှ ကျွန်တော်တွေ့ခဲ့သည်။ ဘဝတွင် ရှုံးနိမ့်သွားပြီဟု ကျွန်တော်ခံစားရပါသည်။ ပျက်စီးမှုသည် ကျွန်တော့်ဘဝကိုသာ ကျွန်တော်နှင့်အနီးကပ်ဆုံးရှိနေသူများ၏ ဘဝကိုပါ ကူးစက်လာပါသည်။ ကျွန်တော်သည် လွန်ခဲ့သော သုံးနှစ်ကစ၍ မူးယစ်ဆေးဝါးကို သုံးစွဲခဲ့ပါသည်။ ဆေးခြောက်၊ စပီ(Speed)၊ အယ်အက်(စ်)ဒီနှင့် နောက်ဆုံးတွင် ဟီးရိုးအင်းအထိ သုံးစွဲခဲ့သည်။ ဟီးရိုးအင်းသုံးသည်မှာ သုံးလသာရှိသေးသော်လည်း ဟီးရိုးအင်း၏ ဖိစီးမှုသည် တွန်းကန်လို့မရနိုင်လောက်အောင် ကြီးမားလှပါသည်။

ထိုစာကို ရေးသည့်အချိန်တွင် ကျွန်တော့်သားသည် ပျက်စီးသွားလေပြီ။ သူ့လိုပင် ကျွန်တော်တို့ မိသားစုမှာလည်း ဘဝပျက်ခဲ့ရပါသည်။ မူးယစ်ဆေးဝါးသုံးစွဲသည့် လူငယ်တစ်ယောက်နှင့် သူ့မိသားစု၏အကြောင်းကို ပြောပြပါမည်။

မူးယစ်ဆေးဝါးမသုံးစွဲခင် (၂)နှစ်ခန့်ကဆိုလျှင် မတ်(က်)သည် ပျော်ရွှင်တက်ကြွသော လူငယ်တစ်ယောက်ဖြစ်ခဲ့၏။ အနုပညာဝါသနာပါလေသည်။

သူ မူးယစ်ဆေးဝါးစတင်သုံးချိန်တွင် ကျွန်တော်တို့သည် ကွန်နက်တီကပ်မြို့ ဆင်ခြေဖုံးတွင် နေကြ၏။ ကျွန်တော်တို့သည် ခေတ်မီသော အသိုင်းအဝိုင်းကြားတွင် နေခဲ့ခြင်းဖြစ်သည်။ မတ်(က်)သည် အထက်တန်းကျောင်းတွင် ကျောင်းတက်ပြီး မကြာခဏ အဆင့်ကောင်းများ ရခဲ့၏။

သို့သော် ဘဝသည် အစဉ်ထာဝရ ဖြောင့်ဖြူးမနေခဲ့ပေ။ ငွေကြေးအတွက် စိတ်ပူပန်မှုကို ခံစားခဲ့ရပါသည်။ ထိုအချိန်က ကျွန်တော်သည် ဝတ္ထုတစ်ပုဒ် ရေးနေခဲ့သဖြင့် ကျွန်တော့်စိတ်အာရုံသည် ထိုအလုပ်အပေါ်တွင်သာ စူးစိုက်နေခဲ့၏။ မကြာခဏပင် အရက်ကို အလွန်အကျူးသောက်တတ်လာပါသည်။ ကျွန်တော့်ဇနီးသည် ကျွန်တော်နှင့် သူမတို့ ဆုံးခန်းတိုင်အောင် မသင်ကြားခဲ့ရသော ပညာရေးကို မတ်(က်)အား ဆုံးခန်းတိုင်အောင် သင်ကြားပေးရန် ဆုံးဖြတ်ထားသည်။ ဤဖိအားပေးမှုများသည် သားဖြစ်သူအား မူးယစ်ဆေးဝါးစတင်သုံးစွဲဖို့အကြောင်းများလည်း ဖြစ်နိုင်သည်။ ကျွန်တော်တို့ မိသားစုသည် တစ်ယောက်နှင့်တစ်ယောက် ဘာသိဘာသာနေလေ့ရှိကြ၏။ မိသားစုသည် ချစ်ခင်ရင်းနှီးစွာ နေထိုင်ခဲ့ပါက ထိုအဖြစ်မျိုးဖြစ်လာမည် မဟုတ်ဟု နောင်အခါမှ ကျွန်တော်တွေးမိပါသည်။

ခါးသီးသော လျှို့ဝှက်ချက်

၁၉၆၈ ခုနှစ်တွင် ကျွန်တော်တို့မြို့တွင် ဆေးခြောက်သုံးစွဲမှုများ ပျံ့နှံ့နေခဲ့၏။ မတ်(က်)ကိုယ်တိုင် ဆေးခြောက်စမ်းသပ် သုံးစွဲခဲ့ကြောင်း ဝန်ခံခဲ့၏။ သူ့ခန္ဓာကိုယ်ပိန်လှီလာသည်ကို ပထမတွင် ကျွန်တော် သတိမထားမိပါ။ အရပ်ထွက်လာသောကြောင့်ဟု ထင်ခဲ့သည်။ ခါတိုင်းထက်ပိုမိုပြီး အပြင်ထွက်တတ်လာ၏။ သူ့သူငယ်ချင်းများနှင့် အတူ ကားလျှောက်စီးနေခဲ့၏။ ယခင်က အပေါင်းအသင်းများနှင့် မတွဲတော့ပေ။ သူ့သူငယ်ချင်းအသစ်များမှာ ပိန်ပိန်လှီလှီထဲက ဖြစ်ကြသည်။ သူတို့သည် ပင်လယ်ကမ်းခြေသို့ရောက်နေသော်လည်း ရေမကူးကြပေ။ ကျွန်တော့်သားအပါအဝင် သူတို့သည် လျှို့ဝှက်



www.burmeseclassic.com

www.burmeseclassic.com



ချက်တစ်စုံတစ်ရာရှိသည်ဟု ကျွန်တော်သံသယဝင်မိသည်တော့ အမှန်။

သူကြည့်ရသည်မှာ ဂဏှာမငြိမ်ဖြစ်နေ၏။ တစ်ခါတစ်ရံ သုန်မှုန်ပြီး တစ်ခါတစ်ရံကြောက်လန့်နေတတ်၏။ သူ့အခန်းကိုသန့်ရှင်းအောင်(သို့မဟုတ်) အိမ်ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ဖို့ ပြောလျှင် ဒေါသဖြစ်တတ်၏။ မိခင်ဖြစ်သူက စာဖတ်ဖို့(သို့)တင်းနစ်ကစားနည်းပို့ချချက် သင်ခန်းစာများကို သွားရောက်နားထောင်ရန် ပြောသောမိခင်ကို ရယ်သွမ်းသွေးတတ်လာ၏။ နောက်ဆုံး မိခင်မှာ ငိုရလေတော့သည်။ ဆယ်ကျော်သက်အရွယ်နှင့်မလိုက်ဖက်သော ကိုရီးကားယားအဝတ်အစားများကို တမင်သက်သက်ဝတ်ဆင်လာ၏။ လိမ်ညာပြောတတ်လာ၏။ သူ အပြင်ထွက်သည့်အကြောင်း၊ ဘယ်ကိုသွားသည့်အကြောင်း မည်သူတွေနှင့်ပေါင်းသင်းကြောင်းမေးလျှင် လိမ်ညာဖြေတတ်၏။

"ကျွန်တော့်မှာ လွတ်လပ်မှုမရှိဘူး"

အလိမ်ပေါ်သောအခါ သူက ပြောပြန်သည်။

"ကျွန်တော့်ကို အမြဲစစ်ဆေးနေကြတာပဲ"

တစ်နေ့တွင် အိမ်နီးချင်းတစ်ယောက်က ကျွန်တော့်အိမ်သို့လာပြီး သူ့သားနှစ်ယောက်သည် ကျွန်တော့်သားနှင့်အတူ ဆေးခြောက်ရှူသည်ဟု ဝန်ခံကြောင်းပြောပြသည်။ ဆေးခြောက်ကို မတ်(က်)က ထိုအချက်ကို ငြင်းသည်။ ကျွန်တော်ကလည်း သားဖြစ်သူကို ယုံကြည်ခဲ့၏။ နောက်တစ်နေ့တွင် ကျွန်တော်တို့သည် ထိုအိမ်နီးချင်းနှင့် လမ်းတွင်ဆုံကြ၍ အိမ်နီးချင်းက မေးသောအခါ မတ်(က်)က သူဆေးခြောက်ပေးကြောင်း ဝန်ခံလေတော့သည်။

"ဘာကြောင့် ငါ့ကို ညာပြောပြီး ဒီပြင်လူရှေ့ကျမှ ဝန်ခံရတာလဲ"

ကျွန်တော်က မေးသောအခါ ..

"ဒက်ဒီစိတ်ညစ်မှာစိုးလို့ပါ"

သူက ဖြေသည်။

"နောက်တစ်ကြိမ် ဒီအလုပ်ကို ထပ်မလုပ်တော့ပါဘူး။ အဲဒီတစ်ကြိမ်ပဲ လုပ်မိပါတယ်။

သူ့စကားကို ကျွန်တော်ယုံခဲ့ပြန်ပါသည်။ နဂိုက ရိုးသားမှုရှိသော လူကလေးတစ်ယောက်အပေါ် ယုံကြည်စိတ်အား ပယ်ဖျက်ရန် ခဲယဉ်းလှသည်။

နောက်ထပ် လပေါင်းအတော်ကြာပြီးနောက် စာတစ်စောင်တွင် ဤကဲ့သို့ ရေးထားပြန်၏။

"စက်တင်ဘာလတွင် ပထမဆုံးအကြိမ် ဘိန်းဖြူကို ကျွန်တော်သုံးစွဲပါသည်။ နှာခေါင်းမှ ရှူခြင်းဖြစ်သည်။ အိတ်တစ်ခန့်ဖြင့် ကျွန်တော်စိတ်တက်ကြွခဲ့၏။ ထို့နောက်တွင် သူ့ကို ကျွန်တော်စွဲသွားမိသည်။ ထိုရက်သတ္တပတ်အတွင်း ငါးကြိမ်ရှူခဲ့၏။ အလွန်ပျော်ရွှင်ကျေနပ်မှု ခံစားရ၏။ ထိုပစ္စည်း ဘယ်မှာရနိုင်သည်ကို ကျွန်တော်သိပါသည်"

ဤကျဆုံးမှုမှာ အိပ်မက်ဆိုးဆန်လှ၏။ မတ်(က်)သည် ကျောင်းစာကို စိတ်မဝင်စားတော့ပေ။ ကျွန်တော်တို့ကို ရိုင်းပြစွာ ဆက်ဆံလာ၏။ သူ့ကို စာကြိုးစားဖို့ပြောသည်ကို မထီမဲ့မြင်ပြု

ဆေးစွဲသော ကလေးများ၏ မိဘများအနေဖြင့် မျှော်လင့်ချက် ရပ်ဆိုင်းသွားချိန်တွင် ဆေးစွဲသူသည် မျှော်လင့်ချက် တစ်ဖန်ရှိလာတတ်၏ မတ်(က်)သည် သူ့ကိုယ်သူ ပြုပြင်ရန် ကြိုးစားလာသည်ကို တွေ့မြင်ရ၏ . . .



www.burmeseclassic.com

www.burmeseclassic.com





ခဲ့၏။ သူ့ကို အခြားသူများက ရှောင်ကြောင်းပြောသည်ကိုလည်း ဂရုမစိုက် ကျောင်းချိန်မပြီးခင် ကျောင်းမှ ထွက်လာပြီး အိမ်စာများကို မလုပ်တော့ပေ။ ပထမဆုံး ရီပို့(တ်)ကတ်တွင် ကျောင်းရက်ပျက်ခြင်း၊ အိမ်စာလုပ် ပျက်ကွက်ခြင်းများ တစ်သီကြီးပါလာ၏။

ကျွန်တော်တို့က သူ့အတွက် စိုးရိမ်သည်ကို ရယ်စရာလုပ်ပြီး သူ့မိခင်ပင် ကျိန်ဆဲလာ၏။ ကျွန်တော်က နောက်ဆုံး ရာဇသံပေးရတော့သည်။ ရာဇသံသည် ကျွန်တော့်ကိုသာ ပြန်ထိခိုက်စေ၏။ ကျွန်တော်မဖြစ်စေချင်သည့်အရာသာ ဖြစ်လာ၏။

"မင်း ကျောင်းမတက်ရင် အိမ်မှာမနေနဲ့"

ကျွန်တော် ပြောသည့်အတိုင်း ဖြစ်လာခဲ့၏။ ကျွန်တော်သည် မိမိကိုယ်ကို မထိန်းသိမ်းနိုင်သလို ကျွန်တော့်သားကိုလည်း မထိန်းသိမ်းနိုင်ကြောင်း နာကြည်းစွာ သိလာခဲ့၏။ ဖခင်တစ်ယောက်ဖြစ်လာသည်မှာ ၁၉ နှစ်ရှိပြီ ဖြစ်သော်လည်း အသိဉာဏ်မှာ နည်းပါးလှသေး၏။ သူ့မိခင်မှာ သားဖြစ်သူ ဒုက္ခရောက်တော့မည်ကို မြင်ယောင်ပြီး ကြေကွဲမဆုံးဖြစ်နေ၏။ ကျွန်တော်က ယင်မယားသည် ဘစ်ယောက်ကိုတစ်ယောက် အပြစ်ဖို့ရင်း ရန်ဖြစ်ကြတော့၏။ ကျွန်တော်သည် သားအပေါ် တင်းမာလွန်းသည်ဟု သူ့မိခင်က အပြစ်တင်၏။ သူမသည် သားကို အလိုလိုက်လွန်းသည်ဟု ကျွန်တော်က စွပ်စွဲ၏။

ဤသို့ဖြင့် သားကို ကျောင်းထုတ်လိုက်သောအခါ ကျွန်တော်တို့သည် အခြားအကူအညီရှာကြရ၏။ သူ့အား စိတ်ရောဂါကုဆရာဝန်ထံ သွားပြကြသည်။ သူနှင့်ကြာမြင့်စွာ စကားပြောပြီးနောက် စိတ်ရောဂါကုဆရာဝန်က မူးယစ်ဆေးဝါးသုံးစွဲသည့် လက္ခဏာ မတွေ့ရကြောင်း၊ ခန္ဓာကိုယ်ချို့ယွင်းမှု မတွေ့ရကြောင်း ပြော၏။

မတ်(က်)သည် သူနေသော ကျောင်းကို သဘောမကျခြင်းသာဖြစ်ကြောင်း၊ သိပ်စိုးရိမ်စရာမလိုကြောင်း စိတ်ရောဂါကုဆရာဝန်က ပြော၏။ ကျောင်းပြောင်းလိုက်ပါက ပတ်ဝန်းကျင်သစ်၊ မိတ်ဆွေသစ်များနှင့်တွေ့ရသဖြင့် ကောင်းသွားမည်ဟု ပြော၏။ မတ်(က်)သည် ကျွန်တော်တို့ နှစ်ယောက်လုံးကို ချစ်ကြောင်း၊ ကျွန်တော်တို့အတွက် ဂုဏ်ယူကြောင်းလည်း ပြောပြ၏။

ကျွန်တော်တို့မှာ စိတ်သက်သာသွားကြ၏။ နားမလည်နိုင်အောင်လည်း ဖြစ်ခဲ့၏။ ဤသို့ဖြင့် အစီအစဉ်များ ပြုလုပ်ကြသည်။ အခြားမြို့တစ်မြို့သို့ ပြောင်းရွှေ့နေထိုင်ရန် ဆုံးဖြတ်ကြ၏။ ထိုကဲ့သို့လုပ်ခြင်းဖြင့် ကျောင်းသစ်တွင် ဘဝအသစ်စနိုင်သလို ကျွန်တော်တို့လည်း တစ်ယောက်နှင့်တစ်ယောက် အပြန်အလှန်လေးစားကြရန် ဆုံးဖြတ်ကြ၏။

နေရာသစ်သို့ရောက်ပြီး မကြာခင်ပင် ကျွန်တော်သည် အလုပ်ကိစ္စဖြင့် ခရီးထွက်ခဲ့ရ၏။ ကျွန်တော်တို့ ခရီးထွက်ချိန်အတွင်း သားက သူဆေးဖြတ်လိုက်ပြီဖြစ်ကြောင်းနှင့် သူယခင်က လုပ်ခဲ့သည့် မကောင်းမှုအကြောင်းကို ပြောပြ၏။ မိခင်မှာ သူ့စကားကို ယုံကြည်ခဲ့၏။ သို့သော် ထို့နောက်ဇတော့ သူ အိမ်မှထွက်ပြေးသွားတော့၏။

အပြင်တွင် ရက်သတ္တနှစ်ပတ်

www.burmeseclassic.com



နေပြီးနောက် သူ့မိတ်ဆွေများကိုစွန့်၍ အိမ်သို့ ပြန်လာပြန်သည်။ သူ့ကြည့်ရသည်မှာ နာကြည်းဒေါသထွက်လာဟန်ရှိ၏။ နောင်တရစွာဖြင့် စက်ရုံတွင် အလုပ်ဝင်လုပ်လိုကြောင်း ပြော၏။ သို့သော် ရက်အနည်းငယ်အကြာတွင် အိမ်မှ ထွက်ပြေးသွားပြန်၏။

သူ အိမ်မှာရှိနေစဉ် တစ်မျိုး စိတ်ဆင်းရဲသလို အိမ်မှထွက်သွားပြန်တော့လည်း တစ်မျိုး စိတ်ဆင်းရဲရပြန်ပါသည်။

နွေဦးရာသီ၏ နေ့တစ်နေ့တွင် သူသည် အိမ်မှထွက်ပြေးပြီးပြန်ရောက်လာပြန်၏။ ကျွန်တော်တို့နှင့် ပြင်းပြင်းထန်ထန်စကားများကြ၏။ ကျွန်တော့်ဇနီးမှာ သားဖြစ်သူအတွက် စိတ်ဆင်းရဲရသဖြင့် အိုမင်းရင့်ရော်လာ၏။ ကျွန်တော်သည် သူ့အခန်းကိုသွား၍ပစ္စည်းအားလုံးယူပြီးနောက် ထပ်ပြန်မလာဘဲ အပြီးထွက်သွားရန်ပြောလိုက်၏။

"မင်းဟာ ဒီအိမ်မှာနေပြီး 'ငါတို့ကို သေအောင်နှိပ်စက်နေတာပဲ မတ်(က်) . . မင်းကြိုက်တဲ့နေရာမှာ သွားနေပေတော့"

ဟု ကျွန်တော်ပြောလိုက်၏။

ထိုအခါ သူက ငိုတော့သည်။ ကျွန်တော်က သူ ဘာတွေလုပ်ခဲ့သလဲဟု မေးသောအခါ ဘိန်းဖြူရှူပုံနှင့် အကြောထဲသို့ ထိုးသွင်းပုံကို ပြောပြ၏။ ခုနစ်အတွင်း သူ ခံစားခဲ့ရပုံများကိုလည်း ပြောပြ၏။ ကျွန်တော်မကြားဖူးသော အကြောင်းအရာများစွာကို ကြားရ၏။

ထိုနေ့က ကျွန်တော်တို့သည် ဘ၀၏ ကြမ်းတမ်းခက်ထန်သော အကြောင်းအရာများကို သိခဲ့ကြရ၏။ ကမ္ဘာပေါ်တွင် အချမ်းသာဆုံးဖြစ်သော ကျွန်တော်တို့နိုင်ငံတွင် မူးယစ်ဆေးဝါးစွဲသူများကို ကုသရန်လူထုဆေးကုဌာနထိုစဉ်က မရှိသေးသဖြင့် ဝမ်းနည်းမိ၏။ ကျွန်တော်တို့နယ်တွင် လူငယ်မူးယစ်ဆေးဝါးစွဲသူများကို အထူးကုဆရာဝန်တစ်ဦးနှင့် ယခင်က မူးယစ်ဆေးစွဲခဲ့သူများ စုပေါင်းတည်ဆောက်ထားသည့် နာလံထစခန်းတစ်ခုရှိ၏။ ထိုစခန်းတွင် ဆေးမကုသပေ။ ၁၉၆၉ ခုနှစ်များက အခြေအနေမှာ ဤအတိုင်းဖြစ်သည်။

ကျွန်တော်တို့သွားရောက်တွေ့ဆုံသော ဆရာဝန်မှာ သိပ်အားမကိုးရပါ။ မတ်(က်)မှာ ဆေးဝါးသုံးစွဲသည့် ကာလသိပ်မကြာသေးသဖြင့် မျှော်လင့်ချက်ရှိပါသည်။ သူ့အား ချက်ချင်းပင် မက်သာဒုန်းဆေးကျွေးပြီး ကုသမှုစတင်ပါသည်။

"သူ့ကို ယုံကြည်မှုထားပါ။ ကြင်ကြင်နာနာဆက်ဆံပါ" ဒေါက်တာက အကြံပေးသည်။

"အိမ်က တစ်ခါတလေထွက်သွားရင် မျှော်လင့်ချက်ရှိကြပါ။ သုံးလေးကြိမ်ဆိုရင်တော့" ဆရာဝန်က ခေါင်းရမ်းပြ၏။

နောက်တစ်လတွင် မတ်(က်)သည် ခြောက်ကြိမ်မြောက် အိမ်မှထွက်သွား၏။ ကျွန်တော်တို့မှာ သူ့အတွက် အထူးပူပန်မနေတော့ပါ။ သူ ဘယ်မှာရှိမည်ကိုသိထားသောကြောင့်ဖြစ်သည်။ သူပြန်လာသောအခါတွင် အဝတ်အစားများစုတ်ပြဲပြီး သွေးစွန်းနေသည်ကို တွေ့ရ၏။ သူ့ဂီတာကို ဆေး

ဝယ်ဖို့ ရောင်းလိုက်သည်မှာ ကြာပေ
ပြီ။ တစ်ကြိမ်တွင် ကျွန်တော်လက်မှ
အတုထိုးပြီး ချက်လက်မှတ်ဖြင့် ဘဏ်
ငွေထုတ်ခဲ့၏။ ထို့နောက်ပိုင်းတွင် ချ
လက်မှတ်ကို ဝှက်ထားရတော့၏။ ကျွ
တော်တို့လက်ထပ်ပြီး ၁၈ နှစ်အကြ
တွင် ပျော်ရွှင်ချမ်းမြေ့သော မိသား
ဘ၀ တည်ဆောက်ရေးကြိုးပမ်းမှု
ကို ရပ်ဆိုင်းလိုက်ရတော့၏။

ဆေးစွဲသော ကလေးများ၏ မိ
များအနေဖြင့် မျှော်လင့်ချက်ရပ်ဆ
သွားချိန်တွင် ဆေးစွဲသူသည် မျှ
လင့်ချက်တစ်ဖန်ရှိလာတတ်
မတ်(က်)သည် သူ့ကိုယ်သူ ပြုပြင်
ကြိုးစားလာသည်ကို တွေ့မြင်ရ၏။
ထွေးသော နွေရာသီက သူ့ကို အ
အညီပေး၏။ နေပူစာလှုံသည်ကို
ရ၏။ နေရောင်ခြည်အောက်တွင်
များဆန့်တန်း၏။ သူ့ကိုယ်သူ
လည်ကျန်းမာလာအောင် ကြိုးစား
ဥယျာဉ်စိုက်ပျိုးသော ကုမ္ပဏီတစ်
တွင် အလုပ်ဝင်လုပ်သည်။ မူးယ
ဆေးမသုံးချင်အောင် မက်သာ
ဆေးပြားကို အစားထိုးသုံးကြည့်
သည်။

နွေရာသီကုန်ဆုံးချိန်တွင် ကျွ
တော်တို့ မိသားစုအတွက် မျှော်
ချက်ရေးရေးပေါ်လာ၏။ မတ်(က်)
အနည်းငယ် ပြန်ကျန်းမာလာ၏။
မျက်ဝန်းပေါ်မှ မူးယစ်ဆေးသုံးစွဲ
အရိပ်လက္ခဏာများ ပျောက်သွား
ကျွန်တော်တို့ မိသားစုသည် ကိ
ကော့(ဒ်)သို့သွားပြီး ကမ်းခြေ
အပန်းဖြေကြ၏။ ရေကူးကြ၏။
ရောင်အောက်တွင် ဖောင်းကင်သို့

www.burmeseclassic.com


တက်နေသော တောင်တန်းများကို မြင်ရ၏။ သန့်ရှင်းလတ်ဆတ်သော ပင်လယ်လေကို ရှူရသဖြင့် ကျွန်တော်သည် စာရေးရန် စိတ်ကူးကောင်းများ ရလာ၏။

စက်တင်ဘာလတွင် မတ်(က်) ကျောင်းပြန်တက်၏။ မက်သာဒုန်းဆေးပြားကို သောက်ရန်မလိုတော့ပေ။ အဝတ်အစားကို သပ်ယပ်စွာ ဝတ်ဆင်လာ၏။ နံနက်တိုင်း ၇ နာရီခွဲတွင် အိပ်ရာထ၏။ ကျောင်းတွင် သူနှစ်သက်သော ဘာသာရပ်ကို သင်ကြားနိုင်၏။ ဂီတပြဇာတ်၊ အင်္ဂလိပ်ဘာသာ စသည်များဖြစ်၏။ သူ့မှတ်စုစာအုပ်များကို ကျွန်တော်ယူကြည့်၏။ ကျွန်တော်တို့လင်မယားသည် သိပ်မျှော်လင့်ချက်မထားဖို့လည်း သတိပေးကြ၏။ သို့သော် မျှော်လင့်ချက်များစွာထားမိပါသည်။

တစ်လခန့်ကြသောအခါ နံနက်စောစောထရသော သင်တန်းမတက်ချင်ကြောင်း မတ်(က်)က ပြောပြသည်။ ယခင်က ဝတ်သော လီဗီး(လ်)ဘောင်းဘီများကို ပြန်ဝတ်သည့်နေ့နံနက်တွင် သူ ကျောင်းမနေလိုတော့ကြောင်း ပြော၏။ ဤတွင် ကျွန်တော်နှင့်အကြီးအကျယ် စကားများ၏။

ထို့နောက် ယခင်အတိုင်း ပြန်ဖြစ်သွား၏။ ကျွန်တော့်ဇနီးမှာလည်း သူမသားနှင့်ပတ်သက်သော မျှော်လင့်ချက်များ အားလုံးပျက်စီးသွားချေပြီ။ မတ်(က်) အိမ်ပြန်လာလိုကြောင်းပြောသော်လည်း သူ့မိခင်က သဘောမတူသဖြင့် ကျွန်တော် လက်မခံတော့ပါ။ နိုဝင်ဘာလ နေ့တစ်နေ့ဖြစ်သည်။ မိုးရွာသဖြင့် အေးစိမ့်နေသည်။ မတ်(က်)သည် ဆွယ်တာအပါးတစ်ထည်ဝတ်ပြီး ဦးထုပ်မပါဘဲ လမ်းပေါ်တွင် လျှောက်သွားနေ၏။ သူလမ်းထဲသို့ ကွေ့ဝင်သွားချိန်အထိ ကျွန်တော်စောင့်ကြည့်နေခဲ့သည်။ ထိုနေ့မှစ၍ သူနှင့်ပတ်သက်၍ မျှော်လင့်ချက်မရှိတော့ကြောင်း ကျွန်တော်တို့သိခဲ့၏။ မကြာခင် ကျွန်တော့်မိတ်ဆွေအချို့၏ သားများသည် မူးယစ်ဆေးဝါးကြောင့် သေဆုံးခဲ့ကြ၏။

တစ်ညတွင် ကျွန်တော်သည် ည ၂ နာရီတွင် အိပ်ရာမှနိုးလာ၏။ ပြတင်းပေါက်တွင်ရပ်၍ အပြင်သို့ လှမ်းကြည့်နေခဲ့၏။ မိုးပေါက်များ တဖွဲဖွဲအောက်တွင် လမ်းလျှောက်သွားသော သားကို ပြန်မြင်ယောင်နေပါသည်။ ကျွန်တော်သည် သူ့ကို မေ့နိုင်မည် မဟုတ်ပါ။

အသည်းရောင်ရောဂါဖြင့် ဆေးရုံတက်နေသောသူ့ကို ကျွန်တော်တို့ သွားတွေ့ပါသည်။ ကျောင်းတက်သည်ဖြစ်စေ၊ မတက်သည်ဖြစ်စေ သူ့ကိုယ်သူ ပြန်လည်ပြုပြင်စေလိုသည်။

ဤသို့ဖြင့် သူ အိမ်ပြန်ရောက်လာပြန်၏။ ခရစ္စမတ်အချိန်မတိုင်ခင် အိမ်မှ လစ်ထွက်သွားပြန်သည်။ ကျွန်တော့်မျှော်လင့်ချက်များအားလုံး ပျက်သုဉ်းသွားပြန်သည်။ သို့သော် ခရစ္စမတ်အချိန်တွင် သူ ပြန်ရောက်လာသည်။ မိသားစုအားလုံးသည် စိတ်အေးချမ်းပျော်ရွှင်စွာဖြင့် ခရစ္စမတ်အချိန်ကို ကုန်လွန်စေခဲ့၏။ ခရစ္စမတ်ရက်များပြီးဆုံး၍ နှစ်ရက်အကြာတွင် သူ အိမ်မှထွက်သွားပြန်၏။ သူက ကျွန်တော်တို့ဆီ တယ်လီဖုန်းဖြင့် ဆက်သွယ်ပြီး နေ့လယ်ပိုင်းတွင် အိမ်သို့ပြန်လာ၏။

ယခုနေ့ကမ္ဘာတွင် ကျွန်တော့်သား မတ်(က်)ကဲ့သို့ ကလေးပေါင်းများစွာ ရှိနေလေသည်။ သူတို့ ဘာကြောင့် ဤကဲ့သို့ အိမ်မှထွက်ပြေးနေကြသည်ကို ကျွန်တော် မစဉ်းစားနိုင်အောင် ဖြစ်နေပါတော့သည်။ သူတို့တွင် အနာဂတ် ဟူသည်ကော ရှိကြပါဦးမည်တဲ့လား။

ဘနင်း

Ref : The Story of my Son's Heroin Addietion by Anthony Gilbert




www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com



နုံ ထောက်ရှသ

(တစ်)

အချိန်အားဖြင့်ဆိုလျှင် နေမွန်းတည့်ချိန်သို့ပင် ရောက်နေပေပြီ။ အမြန်ယာဉ်ကားပေါ်မှ ကျွန်တော်ဆင်းလိုက်သည်ဆိုလျှင် မိုးပေါက်ကလေးများ ကျဆင်းလာတော့သည်။ ထိုမိုးမွှားလေးများကြောင့် ကားထဲဝယ် အဲကွန်းဖြင့်လိုက်လာခဲ့သော်လည်း အပူအအေးပြောင်းလဲမှုကား သိသာထင်ရှားစွာမခံစားလိုက်ရ။ ဆိုရလျှင် ကားပေါ်မှမဆင်းခင်ကတည်းက ကောင်းကင်ပြင်ဝယ် မိုးသားတို့က ဆင်နေသည်ပဲလေ။ မိမိရောက်လိုသော မြို့လေးသို့ရောက်သည်နှင့် မိုးက နှုတ်ဆက်လိုက်ဘိအလား ထင်မှတ်လိုက်ရပါသည်။ မည်သို့ပင်ဖြစ်စေ ရောက်လာခဲ့ရသည်။ မြို့လေးက မိုးရေစက်တို့ဖြင့် ကြိုဆိုနေသည်ဟု သဘောပေါက်ထားလိုက်ခြင်းက ကျွန်တော့်စိတ်ကို အေးမြစေပါသည်။ အမြန်ယာဉ်ကားက ခရီးအဆုံးမဟုတ်သဖြင့် ဆက်လက်ထွက်ခွာသွားတော့သည်။ ကျွန်တော်က မိုးရေစက်များအောက်မှာပင် လမ်းလျှောက်ရင်းထွက်ခွာလာခဲ့သည်။ ခဏတာ လမ်းလျှောက်လိုက်သည်နှင့် အအေးရောအပူပါပူးတွဲရောင်းချသည့် စားသောက်ဆိုင်တစ်ဆိုင်ကို တွေ့လိုက်ရသဖြင့် မိုးခိုရင်း ဆိုင်အတွင်းသို့ ဝင်ထိုင်လိုက်ရတော့သည်။ နယ်မြို့လေးဖြစ်ပေမဲ့ စည်ကားလှသည့် မြို့လေးတစ်မြို့ဟု ဆိုရပါမည်။

"ပလိန်းကော်ဖီတစ်ခွက်ပေးပါ"

နေရာလပ်တစ်ခုတွင် ထိုင်လိုက်ရင်းမှာလိုက်သည်နှင့် မကြာမတင်မှာပင် စားပွဲပေါ်သို့ ပလိန်းကော်ဖီတစ်ခွက်လာချပေးလာသည်။ ကျွန်တော်က စားပွဲထိုးကောင်လေးအား ..

"စီးကရက်တစ်ပွဲချပေးပါဦးကွာ"

ကောင်လေးက ခေါင်းညိတ်ပြသွားပြီး နောက်မကြာခင် စီးကရက်တစ်ပွဲလာချပေးသွားသည်။ ကျွန်တော်က ကော်ဖီမစ်ထုတ်အား ဖောက်၍ ရေနွေးပူပူခွက်ထဲသို့ထည့်လျက် ဇွန်းဖြင့်မွှေရင်း ဆိုင်အတွင်းသို့ လှည့်ပတ်အကဲခတ်ကြည့်လိုက်မိပါလေ၏။ စင်စစ်သည်မြို့လေးသို့ရောက်ခဲ့သည်မှာ ပထမဦးဆုံးအကြိမ်ပင်ဖြစ်ပါသည်။ ကော်ဖီအား တစ်ကြိုက်မျှ ငုံသောက်လိုက်၏။ ဆိုင်ကောင်တာ၏ စင်မြင့်တစ်နေရာ၌ တီဗွီတွင် မြန်မာဇာတ်ကားကို ဖွင့်ပြထားသည်ကို လူအချို့ စိတ်ဝင်တစားကြည့်နေသည်ကို တွေ့နေရသည်။

"ဒီနှစ်မိုးဦးစောပါမှ နို့မို့ဆိုရင် မီးရေး၊ ထင်းရေးက အတော်လေး စိတ်မအေးစရာပဲနော်။ ခုဆိုရင် မီးကင်းတွေဆို နေ့တိုင်းလှည့်ပေးနေရတာကလား"

လူတစ်ယောက်က ကောင်တာဝယ်ထိုင်နေသော အမျိုးသမီးအား လှမ်းပြောလိုက်သံကို ကြားလိုက်ရပါလေ၏။ သူတို့နှစ်ဦးလုံးကလည်း ကျွန်တော့်လိုပင် တီဗွီဖန်သားပြင်ပေါ်မှ ဇာတ်လမ်းအား စိတ်ဝင်စားပုံမပေါ်။

"ဟုတ်တယ်နော်၊ ဦးဝင်းကျော်တို့ နယ်မြေမှူးတွေခမျာ နွေရာသီဆို အလုပ်ရှုပ်ကြရတော့တာပဲလေ"

သည်ဆိုင်လေးဝယ် မိုးခိုရင်း ကော်ဖီသောက်ခဲ့ခြင်းက ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com



အတွက် အကျိုးတစ်ခုတော့ ရလိမ့်မည်ဟု ထင်ထားခဲ့မိသည်ပဲလေ။ ကျွန်တော့်တွင် မီးခြစ်ပါသော်လည်း သူတို့ဖြင့် စကားပြောလိုသဖြင့် စီးကရက်တစ်လိပ်အား လက်ကြားညှပ်ကာ ကောင်တာရှေ့ဝယ် ကြိုးဖြင့်ဆွဲထားသော ဂက်စ်မီးခြစ်အား ဆွဲယူရင်း မီးညှိလိုက်ပါလေ၏။

စီးကရက်အား တစ်ဖွာနှစ်ဖွာမျှ ရှူရှိုက်ပြီးလေမှ စုံစမ်းမေးမြန်းခြင်းအလုပ်အား စတင်လိုက်တော့သည်။

"တဆိတ် .. သစ်ခွမြိုင်လမ်းကို ဘယ်က သွားရပါသလဲခင်ဗျ။ နောက်ပြီး အဲဒီ သစ်ခွမြိုင်လမ်းထဲမှာ ကျွန်တော့်ရဲ့မိတ်ဆွေ ကိုဝင်းအောင်မြိုင်နဲ့ မနန်းခင်မိုးတို့ ရှိသေးထင်ပါရဲ့။ ကျွန်တော်က သူတို့ဆီကို အလည်လာခဲ့တာဆိုပါတော့။ အဲဒါ လမ်းပြပေးပါလားခင်ဗျာ"

ကောင်တာထိုင်နေသော အမျိုးသမီးက ကျွန်တော့်မေးခွန်းအား စဉ်းစားနေဟန်ရှိပါလေ၏။ နောက်ပြီးမှ ..

"သစ်ခွမြိုင်လမ်းဆိုတာကတော့ ဟိုဘက်ကလမ်းပဲရှင့်၊ ဒါပေမဲ့ အဲဒီလမ်းထဲမှာ ရှင်ပြောတဲ့ ကိုဝင်းအောင်မြိုင်တို့ဆိုတာတော့ မကြားဖူးဘူးလို့ ထင်တာပဲ။ ဪ .. အဲဒီနယ်မြေက ကိုထင်အောင့်နယ်မြေပဲလေ။ ဒီမယ် ကိုထင်အောင် ဒီက မိတ်ဆွေက ရှင့်ရဲ့နယ်မြေထဲမှာရှိတဲ့ သစ်ခွမြိုင်လမ်းထဲမှာ သူ့အသိလင်မယားနှစ်ယောက်များ ရှိသလားလို့ မေးနေလို့ရှင့်။ ရှင်က နယ်မြေမှူးဆိုတော့ ပိုပြီး သိလိမ့်မယ်ထင်ပါတယ်"

ကောင်တာမှ အမျိုးသမီးက သူစဉ်းစားမရသဖြင့် နယ်မြေမှူးကိုထင်အောင်ဆိုသူအား လှမ်း၍ အကူအညီတောင်းမေးမြန်းလိုက်ခြင်းပင်ဖြစ်သည်။

"အင်း .. ကျွန်တော် ဒီရပ်ကွက်မှာ နေခဲ့တာလည်း ကြာပါပကောလား၊ နယ်မြေမှူးလုပ်လာတာလည်း လေးနှစ်လောက်ရှိပါပြီ။ မိတ်ဆွေပြောတဲ့ ကိုဝင်းအောင်မြိုင်တို့ လင်မယားဆိုတာတော့ မကြားမိခဲ့ဘူးဗျ။ ဒီရပ်ကွက်ထဲမှာလည်း ဒီနာမည်မျိုးမကြားမိခဲ့ဘူး"

"ဪ .. ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်နော်။ ဒါဖြင့် အဲဒီလမ်းထဲမှာရှိတဲ့ နှစ်ထပ်တိုက်ကလေးမှာ လင်မယားနှစ်ယောက်နေကြတာတော့ ရှိတယ်ထင်ပါရဲ့"

ကျွန်တော်က သိချင်သောအချက်အား အဓိကထား မေးကြည့်လိုက်ပါလေ၏။ ထိုအခါမှ သူက စဉ်းစားဟန်ဖြင့် ..

"အင်း .. ခင်ဗျားပြောတဲ့ ကိုဝင်းအောင်မြိုင်တို့ လင်မယားတော့ မဟုတ်ဘူးဗျ။ ဒါပေမဲ့ လွန်ခဲ့တဲ့ ၆ လလောက်တုန်းကတော့ နှစ်ထပ်တိုက်ရဲ့အောက်ထပ်ကို လာငှားနေကြတဲ့ လင်မယားနှစ်ယောက်တော့ ရှိတယ်။ ဒါကလည်း သူတို့ငှားရမ်းနေထိုင်တဲ့အကြောင်းကို ရပ်ကွက်ရုံးမှာလာပြီး ဧည့်စာရင်းတိုင်လို့ သိခဲ့ရတာဆိုပါတော့လေ။ အဲဒါတော့ အတတ်ပြောနိုင်ပါတယ်။ ယောကျ်ားနာမည်က ကိုမောင်မောင်မြင့်နဲ့ သူ့ဇနီးက ဒေါ်နီလာထွန်းတဲ့။ အမျိုးသမီးကတော့ ဘာချောသလဲမမေးနဲ့။ သူ့ယောကျ်ားနဲ့တောင် မလိုက်ဖက်ဘူး။ ဟဲ .. ဟဲ ဒါဆိုရင် ကျွန်တော် နယ်မြေမှူးဆိုတဲ့အဆင့်ကို မီပါတယ်နော်"

နယ်မြေမှူးလုပ်သူ ကိုထင်အောင်က သူပြောခဲ့သည့်စကားများအား သဘောကျသွားဟန်ဖြင့် ရယ်ကျဲကျဲလုပ်လိုက်ပါလေ၏။ သူ့အားကြည့်ကာ ကောင်တာမှ အမျိုးသမီးက မျက်စောင်းတစ်ချက် ပစ်လွှတ်လိုက်တော့သည်။ ထိုအမျိုးသမီး ကျေနပ်သည်ဖြစ်စေ၊ မကျေနပ်သည်ဖြစ်စေ ကျွန်တော်လိုချင်သောအဖြေကို ရလိုက်ရပြီမို့ ကျေနပ်သွားမိသည်ကတော့ အမှန်။

"ယုံကြည်ပါတယ် နယ်မြေမှူးကြီးရယ်။ ကိုယ်ပိုင်တဲ့ နယ်မြေအတွင်းမှာ ဘယ်သူတွေဘာလုပ်တယ်၊ ဘယ်သူတွေက ဘယ်နားမှာနေတယ်ဆိုတာ သိထားမှဗျ။ ခုလို အတတ်ပြောပြတဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ်ဗျာ"

ကျွန်တော်က ဟန်မပျက်စီးကရက်ဖွာရှိုက်ရင်း သောက်လက်စ ကော်ဖီစားပွဲရှိရာသို့ ပြန်လျှောက်လာခဲ့တော့၏။ ပြီးလေမှ လက်ကျန်ကော်ဖီကို သောက်လိုက်ရင်း စိတ်ထဲမှ "ကျားနဲ့ဆင် လယ်ပြင်မှာတွေ့ကြပြီပေါ့ကွာ" ဟု ကြိမ်းဝါးလိုက်မိပါတော့သည်။ စီးကရက်အသစ်တစ်လိပ်အား ထပ်မံညှိသောက်လိုက်ရင်း အစီအစဉ်ကို ခွဲနေလိုက်မိပါတော့သည်။ ကော်ဖီဆိုင်၏ အပြင်ဘက်တွင်မူ မိုးပေါက်လေးများက တစ်အိအိဖြင့် ရွာသွန်းနေဆဲပင်။ နေရောင်က ဝင်လုဆဲမို့ အမှောင်နှင့်အလင်းက စစ်တလင်းခင်းနေချိန်

www.burmeseclassic.com



ဟုပင် ဆိုရပြီမ့်မည်။ ကော်ဖီဆိုင်လေးထဲတွင် လူဟောင်းတွေထွက်သွားလိုက်၊ လူသစ်တွေဝင်လာလိုက်နှင့် ပြောင်းလဲသွားသော်ငြား ကျွန်တော်ကမူ တစ်ယောက်တည်း စီးကရက်ထိုင်သောက်ရင်း အတိတ်က ဖြစ်ရပ်များအား ပြန်တွေးနေမိတော့သည်။

(နှစ်)

အချိန်ကာလအားဖြင့်သိပ်မကြာလှသေး။ တစ်နှစ်ဆိုသည့်အတိုင်းအတာထက် သီသီစွန်းယုံပဲရှိဦးမည် ထင်ပါသည်။ ထိုစဉ်က ကျွန်တော်မှာ တောအုပ်ကြီးအဖြစ်နှင့် လေးမျက်နှာ သစ်တောဦးစီးဌာနမှူးရုံးတွင် တာဝန်ထမ်းဆောင်နေခိုက်ပင်ဖြစ်ပါလေ၏။ ထိုမြို့လေးမှာပင် နေခဲ့ရသည်မှာ သုံးနှစ်ဆိုသည့် အချိန်ကာလပင် ရောက်ခဲ့ရပါသည်။ အနှီသုံးနှစ်တာကာလအတွင်း၌ အထီးကျန်ဘဝဖြင့် မျှော်လင့်ချက်တစ်ခုအား ရည်မှန်းရင်း အချိန်များအား ကုန်ဆုံးစေခဲ့ပါသည်။ ကျွန်တော်၏ မျှော်လင့်ချက်ဆိုသည်ကား ရုံးနှင့်မျက်နှာချင်းဆိုင်ဝယ် ဖွင့်လှစ်ထားသည့် လက်ဖက်ရည်ဆိုင်ပိုင်ရှင်၏သမီး နီလာထွန်းပင်ဖြစ်ပါလေ၏။ ကျွန်တော်၏ မျက်စိထဲဝယ် နီလာ၏အလှမှာ ကျွန်တော့်ဘဝတွင် စိုးမိုးခဲ့သည်ကတော့ အမှန်ပင်။ စင်စစ် ကရင်သွေးတစ်ဝက်ပါသော နီလာ၏ စကားသံဝဲဝဲသည်လည်းကောင်း၊ အဝတ်အစားများမှာလည်း ပြေပြစ်စွာဝတ်စားတတ်သည့် သူမ၏ ကိုယ်လုံးကျစ်ကျစ်ထွားထွားအလှသည်လည်းကောင်း၊



ကိုမောင်မောင်မြင့်
ရင်၌ မည်သို့မည်ပုံ
ခံစားနေရမည်
ဆိုသည်ကို
ကိုယ်ချင်းစာနာ
သနားမိခဲ့သည်ကတော့
အမှန်ပင်။ သို့ပေမဲ့
အချစ်နှင့်စစ်တွင်
မတရားခြင်းဆိုသည်မှာ
မရှိဟု ဆိုခဲ့သည်ပင်
မဟုတ်ပါလား
...



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်ကဲ့သို့သော ပုရိသယောက်ျား သားများ၏ မျက်စိအာရုံဝယ် စွဲမက်စေခဲ့သည်ပဲလေ။

ပြောရလျှင် နီလာသည် ကျွန်တော်၏ မျက်စိအာရုံတစ်ခုတည်း၌သာ မဟုတ်ပါလေခဲ့။ ပတ်ဝန်းကျင်အသိုင်းအဝိုင်းရှိ လူပျိုလူရွယ်တိုင်း စိတ်ဝင်စားခဲ့ခဲ့ရသည့် အလှနတ်မိမယ်တစ်ဦးဟုသာ ဆိုလိုက်ချင်ပါသည်။ အထူးသဖြင့် နီလာက ကျွန်တော်နှင့် ကိုမောင်မောင်မြင့်အပေါ် ပိုမိုအရေးပေးခဲ့သည်မှာ ယုံမှားသံသယဖြစ်နိုင်စရာအကြောင်းမရှိပါချေ။ ကိုမောင်မောင်မြင့်ဆိုသည်က ကျွန်တော့်လက်အောက်တွင် တာဝန်ထမ်းဆောင်နေသော သစ်တောအုပ်တစ်ဦးသာ ဖြစ်ပါလေ၏။ သို့ပေမဲ့ သူက ကျွန်တော့်အရင် ၆ လသာသာမျှစောလျက် လေးမျက်နှာမြို့ သစ်တောရုံးတွင် ရောက်ရှိနေခဲ့သူပင်ဖြစ်ပါသည်။ ကိုမောင်မောင်မြင့်မှာ လုပ်ငန်းခွင်တွင် အမြဲဆိုသလို ပျက်ကွက်တတ်သူတစ်ဦးပင်ဖြစ်ပါသည်။ ရုံးမှလူတွေ၏ တိုးတိုးတိတ်တိတ်ပြောစကားအရ ကျွန်တော်မရောက်ခင်ကပင် နီလာ၏ အခွင့်အရေးအပေးအခံရဆုံးလူမှာ ကိုမောင်မောင်မြင့်ဟုပင်ဆိုသည်။

ကျွန်တော် လေးမျက်နှာသစ်တောရုံးရောက်လာမှ နီလာ၏ အခွင့်အရေးအပေးခံရသူမှာ နှစ်ယောက်ဖြစ်လာခဲ့သည်။ နောက်ထပ်တိုးလာသူကား ကျွန်တော်ပင်ဖြစ်သည်ဟု ဆိုရမလိုဖြစ်နေပါသည်။ အနှီအကြောင်းအရာဖြင့်ပတ်သက်လျက် မချင့်မရဲနှင့်စိတ်ဆင်းရဲခံရသူမှာ ကိုမောင်မောင်မြင့်ပင် ဖြစ်နေရှာတော့သည်။ ကျွန်တော့်အနေဖြင့်လည်း ဘာမျှမတတ်သာပါ။ ကျွန်တော်ကိုယ်၌ကပင် နီလာအပေါ် တစ်သက်တွင်တစ်ကြိမ်သာ ပေါ်ပေါက်ခဲ့ဖူးသည့် ချစ်ခြင်းမေတ္တာမျိုးဖြင့် ချစ်ပင်ပျိုးခဲ့မိသည်ကို မရှက်မကြောက်ဝန်ခံရမည်သာ ဖြစ်ပါသည်။ ကျွန်တော့်အနေဖြင့် လေးမျက်နှာမြို့လေးသို့ရောက်၍ လေးနှစ်လေးမိုးအချိန်ပိုင်းတွင် နီလာ၏ မေတ္တာအားရယူပိုင်ဆိုင်နိုင်ရန် အစဉ်တစိုက် ကြိုးပမ်းခဲ့ရသည်ဟု ဆိုချင်ပါသည်။

ကျွန်တော့်မေတ္တာအတိမ်အနက်အပေါ် နီလာက လေးနှစ်တာကာလအတွင်း အချိန်ယူ၍ စဉ်းစားချင့်ချိန်နေဟန်တူပါသည်။ သည့်နောက်တွင်မှ ကျွန်တော့်အချစ်အား လက်ခံသဘောတူခဲ့ပါတော့သည်။ သူမ မိဘများအနေဖြင့်လည်း ကျွန်တော်၏အလုပ်အကိုင်၊ အနေအထိုင်တို့အား လျစ်လျူရှုမထားဘဲ အကဲခတ်လေ့လာနေခဲ့သည်လေ။ နောက်ဆုံးဝယ် နီလာနှင့်ကျွန်တော်တို့နှစ်ဦးအား လက်ထပ်ပေးရန် သဘောတူကြည်ဖြူခြင်းခံခဲ့ရပါတော့သည်။ ကျွန်တော့်မှာ အောင်မြင်မှုသရဖူကိုဆောင်း၍ အောင်နိုင်ခဲ့သော်ငြား ကျွန်တော့်အရင် တိတ်တခိုးနှင့် ကြိတ်ပိုးခဲ့လေသူ ကိုမောင်မောင်မြင့်ရင်၌ မည်သို့မည်ပုံ ခံစားနေရမည်ဆိုသည်ကို ကိုယ်ချင်းစာနာ သနားမိခဲ့သည်ကတော့ အမှန်ပင်။ သို့ပေမဲ့ အချစ်နှင့်စစ်တွင် မတရားခြင်းဆိုသည်မှာ မရှိဟု ဆိုခဲ့သည်ပင် မဟုတ်ပါလား။

ချစ်ခြင်းမေတ္တာပြဿနာ အေး ချမ်းသာယာမှုရှိခဲ့စဉ်မှာပင် ဌာနတွင်း အလုပ်ကိစ္စတစ်ခုက ဝင်လာတော့ သည်။ လေးမျက်နှာသစ်တောခင်းတစ် ဖက်ဝယ် ပြည်နယ်ဘက်မှ မသမာသူ လူတချို့က နိုင်ငံတော်ပိုင် သစ်တော များထဲသို့ ဝင်ရောက်လျက် ခိုးယူခုတ် နေသော ပြဿနာက တစ်နေ့မဟုတ် တစ်ရက်တွင် ပေါ်လာတတ်သည်လေ၊ သည်အချိန်မှာပင် မြို့နယ်ဦးစီးဌာနသ သတင်းတစ်ခု ဝင်ရောက်လာသည်၊ သစ်ခိုးခုတ်သည့် မသမာသူ လူတစ် တို့ သစ်ခိုးခုတ်နေကြောင်း သတင်း ရော . . . တော့၏။ သည်တစ်ကြိ သစ်ခိုးခုတ်သူတို့မှာ ခိုးကြောင်ခိုးဝှ မဟုတ်ပါလေတော့။ သူတို့မှာ လက် နက်ခဲယမ်းများ အပြည့်အစုံဖြင့် အု လိုက်ဝင်၍ နိုင်ငံပိုင်သစ်ပင်များအ ခိုးယူခုတ်နေသည့်သတင်းပင် ဖြစ် လေ၏။

ဆိုရလျှင် ယိုသတင်းအမှန်ဖြစ် က သတင်းကောင်းတစ်ခုတော့ဖြ မဟုတ်။ အထူးသဖြင့် ကျွန်တော အတွက် သတင်းဆိုးဟုသာ ဆိုချင် သည်။ မြို့နယ်ဦးစီးမှ သူ့လက်အောက် ရှိ ကျွန်တော့်အား အာဏာကုန်လွှဲအ ၍ အနှီပြဿနာအား သွားရောက်ဖြေ ရှင်းခိုင်းလေတော့၏။ တစ်ဖက်မှ သစ် ခိုးဂိုဏ်းအဖွဲ့မှာ သာမန်သစ်ခိုးခုတ်သူ တွေမဟုတ်၊ သူတို့တွင် လက်နက်ကိုယ် စီနှင့်ဆိုတော့ မြို့နယ်ရဲတပ်ဖွဲ့ဝင်အ အကူအညီတောင်းခံရတော့သည်။ မြို့ နယ်ရဲတပ်ဖွဲ့မှ ရဲတပ်သားသုံးဦးနှင့် သစ်တောဦးစီးဌာနမှ ကျွန်တော်အပေါ်

www.burmeseclassic.com



အဝင် ဝန်ထမ်းသုံးဦးတို့အား စက်လှေတစ်စီးဖြင့် သစ်ခိုးဂိုဏ်းရှိရာ ဝေန်မြစ်ကြောင်းအတိုင်း ဆင်းခဲ့ကြရတော့သည်။

(သုံး)

ဤသို့ဖြင့် စက်လှေမောင်းသမားအပါအဝင် အဖွဲ့ဝင်ခုနစ်ဦးမှာ ဝေန်မြစ်ကြောင်းအတိုင်း နေ့ ၂ နာရီကျော်ကျော်လောက်တွင် ထွက်လာခဲ့ကြသည်။ ရေစုန် ဆယ်မိုင်ကျော်ကျော်လောက်အရောက်ဝယ် ကျွန်တော်တို့စက်လှေအား ဝေန်မြစ်ကမ်းဘေး ဝါးတောထူထပ်သည့်တစ်နေရာအရောက်တွင် ထိုးဆိုက်လိုက်သည်။ မြစ်အောက်အထိ စက်လှေအား စုန်ဆင်းရန် မဖြစ်ပါချေ။

စက်လှေသံကြောင့် သစ်ခိုးအဖွဲ့အား တပ်လှန့်ပေးသလို ဖြစ်သွားနိုင်သည်လေ။ ထို့ကြောင့် စက်လှေအားအောက်ထိမမောင်းတော့ဘဲ ချုံစပ်တစ်နေရာဝယ် ထိုးဆိုက်လျက်။ ကျွန်တော်တို့အဖွဲ့မှာ ကမ်းစပ်ဝါးပင်တောများအတွင်းမှ သစ်တောနက်အတွင်းသို့ ခြေလျင်ခရီးဖြင့်ပင် လျှောက်ကြရသည်။ ခြေလျင်ခရီး(၄)မိုင်ခန့်မျှ လျှောက်လာခဲ့ကြပြီး ခေတ္တခဏအပန်းဖြေရပ်နားလိုက်ကြသည်။ ဝါးတောထဲမှ တိုးထွက်လာခဲ့ကြရသဖြင့် ခြွက်တို့၏ ထိုးနှက်တိုက်ခိုက်ခြင်းကြောင့် ခန္ဓာကိုယ်အရေပြားများ၌ အသွေးများပင် စို့ထွက်လာရသည်။

"အင်း ‥ ကိုမြတ်ကိုအနေနဲ့ ဒီလို ရက်ပိုင်းကျမှ ခရီးကြမ်းထွက်လာရတဲ့အတွက် စိတ်ထဲတော့ မကျေမနပ်ဖြစ်နေမိမှာပဲနော်"

ကိုမောင်မောင်မြင့်က ကျွန်တော့်အားကြည့်လျက် မေးသံဖြင့် ကာလီစကားတစ်ခွန်းပြောခဲ့သော်ငြား သူ့မျက်နှာအားကြည့်မှာမူ မသိတစ်ဝက် သိတစ်ဝက်မျက်နှာထားမျိုး။

"ပါကာတော့ တာဝန်ပဲလေ။ သူ့ဆန်မား မကျေနပ်ပါ"

"ဟုတ်တော့လည်း ဟုတ်တာပေါ့လေ။ ဒါပေမဲ့ ခုလို ခရီးကြမ်းသွက်နေရမယ့်အစား တစ်ဖက်မိဘတွေ သဘောတူညီချက်နဲ့ မကြာခင် လက်ထပ်ရတော့မယ့် နီလာနဲ့ နီးနီးနားနား စကားအနုအလှလေးတွေပြောနေရရင် ပိုကောင်းမှာပေါ့နော်။ ကိုမြတ်ကိုနဲ့ နီလာတို့ နီးစပ်ကြရတော့မယ်ဆိုလို့ ကျွန်တော့်အနေနဲ့ ဝမ်းသာဂုဏ်ယူမိပါတယ်လေ"

ကိုမောင်မောင်မြင့်လေသံက မချိသွားဖြဲပြောသည့် လေသံမျိုးရယ်လေ။ သူ့ရင်ထဲဝယ် မည်သို့သော မခံချင်စိတ်တွေ ကိန်းအောင်းနေမည်ဆိုသည်ကို ကျွန်တော်က သိထားပြီးပင်ဖြစ်ပါသည်။ ရင်တွင်းဆန္ဒမပါဘဲ အပေါ်ယံပြောတတ်သူများအား ကျွန်တော်အလွန်စက်ဆုတ်ပါသည်။ တောတွင်း၌ ၁၅ မိနစ်မျှ အနားယူပြီးသည်နှင့် သတင်းရထားသည့် သစ်တောကြိုးကွင်းရှိရာသို့ ခရီးဆက်လက်ထွက်လာခဲ့ကြသည်။ သည်မှာပင် ဖြစ်ပါလေ၏။

တိုတောင်းသော အခိုက်အတန့်အချိန်ကလေးမှာပင် ဖြစ်ပါသည်။ ကျွန်တော်တို့အုပ်စုအား သစ်ပင်ပေါ်က ကင်းစောင့် မြင်တွေ့သွားဟန်တူပါသည်။ သေနတ်သံများမှာ သစ်တောအုပ်အတွင်းဝယ် ပွက်လောရိုက်သွားရတော့သည်။ ကျွန်တော်နှင့် ကိုမောင်မောင်မြင့်မှာ ကျောက်တုံးကြီးတစ်ခုဆီသို့ ပြေးလျက် အကာအကွယ်ယူခဲ့ကြပါသည်။ ကျွန်တော်တို့နှင့်အတူပါလာသော ရဲတပ်ဖွဲ့ဝင်တို့ကလည်း သစ်မှောင်ခိုသမားတို့ဘက်သို့ ပြန်လည်ထိုးစစ်ဆင်တိုက်ခိုက်ကြသည်။ သို့ပါသော်လည်း သူတို့ဘက်မှ လူအင်အားနှင့် လက်နက်အင်အားများသဖြင့် ကျွန်တော်တို့ဘက်မှ တိုက်စစ်မဟုတ်ဘဲ ခံစစ်အနေဖြင့်သာ ပြန်လည်ခုခံနေရပါတော့၏။

"တောအုပ်ကြီး ‥ ကျွန်တော်တို့ဘက်က အခြေအနေမကောင်းဘူးဗျို့။ နောက်ပြန်ဆုတ် သတင်းပို့မှဖြစ်မယ်"

ပြန်လှန်ပစ်ခတ်နေသော ရဲတပ်ဖွဲ့တာဝန်ခံအရာရှိမှ ကျွန်တော့်အား သတိပေးပြောဆိုနေစဉ်မှာပင် ‥

"ကိုမြတ်ကိုရေ ‥ အခြေအနေမကောင်းဘူးဗျ။ ကျုပ်တို့ပြန်ဆုတ်မှဖြစ်မယ်"

ပြောပြောဆိုဆိုပင် ကိုမောင်မောင်မြင့်က လှစ်ခနဲ ကျောက်တုံးကြီးနောက်မှ ပြေးထွက်သွားတော့၏။ ကျွန်တော်လည်း အခြေအနေမဟန်သည်ကို သိလိုက်သည်နှင့် ကိုမောင်မောင်မြင့်နောက်သို့ ပြေးထွက်လိုက်သွားရတော့သည်။ ခြေလှမ်းသုံးလှမ်းမျှပင်မရှိသေး။ ကျွန်တော့်ညာဘက်ခြေသလုံးဝယ် ပူခနဲ ခံစားလိုက်ရပြီး ရှေ့ဆက်မလျှောက်နိုင်တော့ဘဲ ထိုနေရာမှာပင်



ပုံခနဲလဲကျသွားခဲ့ရပါတော့သည်။ ကိုမောင်မောင်မြင့်က ကျွန်တော့်အဖြစ်အား နောက်သို့တစ်ချက်မျှသာ လှည့်ကြည့်ပြီး အကူအညီပေးရန် မကြိုးစားတော့ဘဲ ခြေကုန်သုတ်၍ ပြေးထွက်သွားလေတော့၏။ ကျွန်တော့်ခြေသလုံးအား သေနတ်ကျည်ဆန်မှန်သွားခြင်းပင် ဖြစ်ပါလေ၏။ ကျွန်တော် ထပြေးရန် ကြိုးစားကြည့်သော်လည်း အချည်းအနှီးသား။ မိနစ်ပိုင်းအတွင်းမှာပင် လက်နက်ကိုင်လူတစ်စု ကျွန်တော့်အနီးသို့ အပြေးအလွှားရောက်လာကြတော့သည်။ ခေါင်းဆောင်လုပ်သူ၏ အမိန့်ပေးလိုက်သံကိုလည်း ကြားလိုက်ရပါသည်။

"ဟေ့ .. ရှေ့ဆက်မလိုက်နဲ့တော့၊ သူ့ကိုသာ ဓားစာခံအဖြစ် စခန်းကို ခေါ်ခဲ့ကြ"

(လေး)

နောက်ဆုံး၌ သူခိုးဂိုဏ်း၏ အကျဉ်းသားဘဝသို့ ကျွန်တော်ရောက်ခဲ့ရပါတော့သည်။ တစ်ခုတော့ရှိသည်။ ကျွန်တော်၏ အဖြစ်မှန်အား သိလိုက်ကြသဖြင့် နှိပ်စက်ခြင်း၊ အလျဉ်းမပြုဘဲ ခြေထောက်မှ ဒဏ်ရာအား ဆေးကုသပေးခဲ့သဖြင့် မောင်မင်းကြီးသားများအား ကျေးဇူးပင်တင်ခဲ့ရပြန်ပါသည်။ ထို့နောက်တွင် သူတို့ခုတ်လှဲထားသော သစ်များနှင့်အတူ ကျွန်တော့်အား ဓားစာခံအဖြစ် ရန်မလုပ်သော်လည်း ပြန်မလွှတ်ခဲ့ပါ။ သူတို့ခုတ်လှဲထားသော သစ်လုံးများအား ဝေန်မြစ်မှ အဆုံးခ ၌ သစ်ဖောင်ဖွဲ့၍ ရခိုင်ပြည်နယ်ဖက်မှ တစ်ဖက်နိုင်ငံသို့ သစ်ခိုးထုတ်ကြခြင်းပင် ဖြစ်ပါလေ၏။ နောက်ဆုံးသစ်ဖောင်ဖွဲ့ပြီးသည်နှင့် ကျွန်တော့်အားတောထဲတွင် တစ်ဦးတည်းထားလျက် ထွက်ခွာသွားကြတော့သည်။

ကျွန်တော်မှာ တောထဲဝယ် အသက်မသေချန်ထားခဲ့သဖြင့် မေ့ လင့်ချက်ဖြင့် အသက်ရှင်ကျန်ရစ်ခဲ့ သည်။ ကျွန်တော်၏ အနဋ္ဌောအန အပေါ် ကြည်ညိုလေးစားခဲ့သည့် ဂု ကျေးဇူးကြောင့် အနီးအနားကျေး များမှ ဝါးလာခုတ်သည့် ရွာသားအ နှင့် ကံကောင်းထောက်မစွာ တွေ့ ပါတော့သည်။ ကံကြမ္မာ၏ ဖေးမ လူသားချင်း စာနာထောက်ထားမှုတို့ အကျိုးတရားတို့ကြောင့် ဝါးခုတ်သ တို့က ကျွန်တော့်အား ဌာနသို့အရော ပြန်လည်ပို့ဆောင်ကူညီခဲ့ကြပါသ ကျွန်တော် မိမိဌာနသို့ ပြန်လည်ရော လာခဲ့သည်မှာ အချိန်ကာလအားဖြ လေးလခန့်ကြာသွားခဲ့သည်ဟု ဆိုရ မည်။ ထိုအချိန်ကာလ ကြာမြင့်သွာ ခြင်းကပင် ကျွန်တော်နှင့်နီလာဝ ကံကြမ္မာအား လွှဲဖယ်ရန် အကြော ဖန်လာခြင်းပင် ဖြစ်ပါလေ၏။

ကျွန်တော်၏ အသက်နှင့် ကိုယ် ရှင်သန်ခွင့်ရခဲ့သော်ငြားလည အသက်တမျှချစ်ခဲ့ရပါသော နီလာ အား ဆုံးရှုံးလက်လွှတ်ခဲ့ရပါတေ သည်။ ထိုအကြောင်းရင်းမှာ ကိုမော



www.burmeseclassic.com

www.burmeseclassic.com


မောင်မြင့်က သစ်တောကြိုးကွင်းမှ အဖြစ်အပျက်အား ခုတုံးပြုလုပ်၍ သစ်ခိုးဂိုဏ်းအဖွဲ့မှ ကျွန်တော့်အား သေနတ်ဒဏ်ရာဖြင့် ဖမ်းဆီးခေါ်ဆောင်သွားကာ သစ်တောအတွင်းမှာပင် သုတ်သင်ရှင်းလင်းလိုက်ပြီဆိုသော မုသားစကားဖြင့် နီလာထွန်းမိဘများအား အယုံသွင်း၍ နီလာအား အပိုင်သိမ်းပိုက်လိုက်ခြင်းပင် ဖြစ်ပါသတည်း။

စင်စစ် နီလာထွန်းအား ကျွန်တော်အပြစ်မတင်ရက်ပါချေ။ ကျွန်တော်လေးမျက်နှာကိုမရောက်ခင်ကတည်းက သူမ၏မိဘများက ကိုမောင်မောင်မြင့်နှင့် နီလာအပေါ် နားလည်ထားကြပြီးလည်း ဖြစ်ခဲ့ပါသည်။ နီလာထွန်းကသာ အဖြေမပေးသေးဘဲ စောင့်ကြည့်နေဆဲတွင် ကျွန်တော်ရောက်လာမှ သူမ၏ မေတ္တာက ကျွန်တော့်ဘက်သို့ ဦးတိတ်ခဲ့သည်သာ။ သူမ မေတ္တာထားခဲ့သော ကျွန်တော် လူ့ဘဝထဲမှ အပြီးထွက်ခွာသွားပြီဆိုသောအခါ မိဘများ၏ စကားအား လက်ခံလိုက်ခြင်းသာဖြစ်ကြောင်း ဌာနရှိလူအများ ပြောသူက ပြောပြသဖြင့် ကျွန်တော့်အနေဖြင့် နီလာ့အပေါ် နားလည်ခွင့်လွှတ်ခဲ့ရင်း ရင်တွင်းဝေဒနာကို ကြိတ်မှိတ်ခံစားခဲ့ရသည်ဟုဆိုလျှင် ပိုရာကျလိမ့်မည်မထင်ပါချေ။

အမှန်စင်စစ် ကျွန်တော်သက်ရှိထင်ရှားရှိနေလိမ့်မည်ဆိုသည်ကိုတော့ ကိုမောင်မောင်မြင့်က နားလည်သဘောပေါက်ထားပြီးဖြစ်ပါသည်။ ထိုအသိကြောင့်ပင် နီလာထွန်းနှင့် လက်ထပ်ပြီးနောက် နယ်ပြောင်းတင်ကာ တစ်ခြားတစ်နေရာသို့ ထွက်ခွာသွားခဲ့ချေပြီတကား။ ကျွန်တော်လည်း နီလာမရှိတော့သည့် လေးမျက်နှာမြို့လေးသို့ မနေလိုတော့သည်ကတစ်ကြောင်း၊ ခြေထောက်မှဒဏ်ရာကြောင့်တစ်ကြောင်း ဌာနမှ အလုပ်ထွက်၍ အနားယူခဲ့တော့သည်။ မည်သို့ပင်ဆိုစေ ကျွန်တော့်စိတ်ထဲဝယ် မတင်မကျနှင့် တနုံ့နုံ့ခံစားနေရသောဝေဒနာအတွက် ကိုမောင်မောင်မြင့်တို့အား စုံစမ်းရှာဖွေရန် သံမိဋ္ဌာန်ချလိုက်မိတော့သည်။ ယခုတော့ဖြင့် နီလာတို့ရှိရာသို့ ၄ခြရာကောက်ခဲ့မိချေပြီတကား။

(ငါး)

ကျွန်တော်၏ အတိတ်ကာလဆီ အတွေးပုံရိပ်များမှ ပြန်ရောက်လာချိန်တွင် ကော်ဖီဆိုင်လေးဝယ် လူစဲလုနီးနီးရှိနေချေပြီ။ ဆိုင်လေးအပြင်ဘက်တွင် အမှောင်က ကြီးစိုးနေပါပကောလား။ ကျွန်တော်က ထိုအခြေအနေမျိုးကို စောင့်စားနေခဲ့ခြင်းပင်။ သူတို့နှင့်တွေ့ရချိန်ဝယ် လင်းလင်းချင်းချင်းမဖြစ်စေချင်။ အမှတ်မထင်နှင့်မထင်မရှား။ မပီဝိုးတဝါး အိပ်မက်တွေအလားတွေ့မြင်လို ခံစားစေလိုသောဆန္ဒ ကျွန်တော့်တွင် ရှိနေပါသည်။ ထို့ကြောင့် မိုးပေါက်ကျနေခြင်းအား အကြောင်းပြလျှက် ကော်ဖီဆိုင်လေးထဲမှမထွက်ဘဲ ထိုင်နေခဲ့ခြင်းသာ ဖြစ်ပါလေ၏။

ခုတော့ ကျွန်တော်စောင့်နေခဲ့သော အချိန်ကျရောက်နေချေပြီ။ လက်မှနာရီကလည်း ခုနစ်နာရီခွဲပေတော့မည်။ သည်အချိန်ဆိုလျှင် သူတို့နှင့်တွေ့ဆုံရန် အကောင်းဆုံးအချိန်ဟု ဆိုရပြီမို့မည်။ ကျွန်တော်က ထိုင်နေရာမှ ထလျှက် ကော်ဖီဆိုင်လေးအပြင်ဘက်သို့ ထွက်လာခဲ့တော့၏။ အပြင်ဘက်တွင်မူ မိုးပေါက်လေးတွေက မီးရောင်ဖျော့ဖျော့ထဲဝယ် ဆော့ကစားဆဲ။ သူတို့ပြောပြခဲ့သည့် သစ်ခွမြိုင်လမ်းထဲသို့ ခြေလှမ်းမှန်မှန်ဖြင့် လျှောက်လာခဲ့တော့သည်။ သိပ်မလျှောက်လိုက်ရ။ သစ်ခွမြိုင်လမ်းထဲတွင် နှစ်ထပ်တိုက်

သစ်ခိုးဂိုဏ်းအဖွဲ့မှ ကျွန်တော့်အား သေနတ်ဒဏ်ရာဖြင့် ဖမ်းဆီးခေါ်ဆောင်သွားကာ သစ်တောအတွင်းမှာပင် သုတ်သင်ရှင်းလင်းလိုက်ပြီဆိုသော မုသားစကားဖြင့် နီလာထွန်းမိဘများအား အယုံသွင်း၍ နီလာအား အပိုင်သိမ်းပိုက်လိုက်ခြင်းပင် ...



www.burmeseclassic.com

www.burmeseclassic.com

ဆို၍ တစ်လုံးတည်းမို့ ရှာဖွေရသည်မှာ သိပ်မခက်လှ။ ကျွန်တော်က လူသွားလူလာကို အကဲခတ်ကြည့်လိုက်သည်။ မိုးပေါက်များအကြား လူအသွားအလာက ရှင်းလှသည်လေ။ ပိတ်ထားသော တိုက်ခန်းတံခါးအနီးသို့ကပ်၍ နားစွင့်ကြည့်လိုက်ပါလေ၏။ သူတို့က မိုးအေးအေးနှင့် တီဗွီဖွင့်ကြည့်နေဆဲပါကလား။

"ဒေါက် .. ဒေါက် .. ဒေါက်"

တိုက်ခန်းတံခါးကို ခတ်ဆတ်ဆတ်လေးခေါက်ကြည့်လိုက်ပါလေ၏။ တစ်ကြိမ်၊ နှစ်ကြိမ်၊ သုံးလေးကြိမ်မျှ ခေါက်ကြည့်လိုက်မှ တိုက်ခန်းအတွင်းမှ လှုပ်ရှားသံလိုလို ကြားလိုက်မိတော့သည်။ လိုအပ်လာလျှင် အသုံးပြုရန် ယူဆောင်လာသော ဓားရှူးအား စမ်းကြည့်လိုက်၏။ ဓားရှူးက အသင့်အနေအထားမှာပင်။ ခဏအကြာမှာပင် တိုက်ခန်းတံခါးအား ဟယ့်လောက်မျှသာ ဖွင့်ဟလျက် လူတစ်ယောက်၏ မျက်နှာအား မပီဝိုးတဝါးမြင်လိုက်ရသည်။ သူ ဘယ်သူမှန်းမသိနိုင်သော်လည်း အတွင်းကလူအနေဖြင့် အပြင်မှ ကျွန်တော့်မျက်နှာကို မီးရောင်ထိုးပြသလို ဖြစ်သဖြင့် မြင်နိုင်ပါသည်။

"အပြင်က ဘယ်သူလဲ၊ ဘာကိစ္စနဲ့ တံခါးလာခေါက်တာလဲ .. ဟင် ခင် .. ခင်ဗျား"

ကိုမောင်မောင်မြင့်က ကျွန်တော့်မျက်နှာအား မြင်လိုက်ရသဖြင့် အံ့သြထိတ်လန့်သွားဟန်ရသည်ဟု မှန်းဆ၍ ကြည့်လိုက်ပါသည်။ သူ့ခန္ဓာကိုယ်ကြီးကလည်း တွန့်ခနဲဖြစ်သွားသည်ကို လှမ်းတွေ့မြင်လိုက်ရသည်။ ခပ်ဟဟ ဖွင့်ထားသော တံခါးအား ဖြတ်ဆို ပြန်ပိတ်မည်အပြု ကျွန်တော်က တိုးဝင်လိုက်ရင်း ဟက်ခနဲ အသံထွက်အောင် ရယ်လိုက်ပါလေ၏။

"ခင်ဗျား .. ကိုမြတ်ကိုမဟုတ်လား .. ခင်ဗျား သရဲလာခြောက်တာတော့ မဟုတ်ပါဘူးနော်"

ကိုမောင်မောင်မြင့်၏ ပကတိအထစ်ထစ်အငေါ့ငေါ့နှင့် လေသံက ကျွန်တော့်အသည်းနှင့် ကလီစာများအား ထိုးဆွနေဘိသို့ ခံစားလိုက်ရပါသည်။

"ဟုတ်ပါတယ်၊ ကျုပ် မြတ်ကိုပါ။ ဘာလဲ မဖိတ်ဘဲနဲ့ လာတဲ့ဧည့်စိမ်းတစ်ယောက်မို့ လက်မခံချင်ဘူးထင်တယ်။ ဟဲ .. ဟဲ ကျုပ် သရဲတစ္ဆေလာခြောက်တယ်ထင်နေလို့ ထင်ပါရဲ့"

ကျွန်တော်က တိုက်ခန်းအတွင်းသို့ ဝင်လိုက်ကာ တံခါးအား ကျောပြင်နှင့် ဖိကပ်ပိတ်လိုက်၏။ ကျွန်တော့်လက်တစ်ဖက်ကမူ ဓားကိုဆွဲထုတ်လိုက်သည်။

"ကိုမြတ်ကိုရယ် .. ခင်ဗျားကို ခုလို ရုတ်တရက်တွေ့လိုက်ရတော့ ကျုပ်မျက်စိကိုတောင် မယုံနိုင်အောင်ပါပဲဗျာ။ တကယ့်ကို ထူးထွေတည့် အံ့ရာသော်ပါပဲနော်။ ဒီမှာ နီလာရေ .. လာကြည့်ပါဦး တို့ဆီရောက်လာတဲ့ဧည့်စိမ်းလူတစ်ယောက်ကို လာကြည့်စမ်းပါဦး .. ဘယ်သူများလဲလို့"

တီဗွီကြည့်နေသည့် နီလာထွန်းမှာ ကျွန်တော်တို့နှစ်ယောက် စကားပြောနေကြသည်ကိုပင် အာရုံရောက်နေပုံမပေါ်။ မသိ၊ မမြင်၊ မကြားဖြစ်နေဟန်ပင်။ ဟန်မဆောင်နိုင်သော ဒေါသစိတ်ကြောင့် ကျွန်တော့်ရုပ်အသွင် ပြောင်းလဲသွားလိမ့်မည် ထင်ပါသည်။

ကိုမောင်မောင်မြင့်ပြောလိုက်သည့် စကားကြောင့် တီဗွီတွင် အာရုံစိုက်နေသော နီလာထွန်းမှာ ကျွန်တော့်ကို မြင်လိုက်သည်နှင့် မျက်လုံးလေးအပြူးသားဖြင့် မလှုပ်မရှက်ကြည့်နေပြန်သည်။ နောက်ပြီးမှ လေးတွဲ့သောလေသံဖြင့်–

"ဟင် .. ကို .. မြတ် .. ကို ရှင် ရှင်"

"အေး .. ဟုတ်တယ်၊ မင်းခု တွေ့မြင်နေရတာ ကိုမြတ်ကိုပါပဲ။ ခုလို အချိန်မတော်မှာပင် မင်းတို့ဆီကို ရောက်လာတဲ့ ဧည့်စိမ်းတစ်ယောက်လို့ ဆိုရင်လည်း မမှားဘူး[illegible]ဗျာ"

ကျွန်တော်၏ [illegible]ရောင်လွှမ်းနေသောမျက်နှာ၊ ဆုပ်ကိုင်ထားသော ကျွန်တော့်လက်ထဲမှဓား၊ နောက်ပြီး မမျှော်လင့်ဆုံးသော ဆုံတွေ့မှု၊ ကျွန်တော်၏ ရင့်သီးခက်ထန်သည့် မျက်နှာထားကြောင့်စကားကိုဆက်လက်မပြောနိုင်တော့ဘဲ ထိုနေရာမှာပင် ခွေခနဲ ပျော့ခွေကျသွားရင်း သတိလစ်သွားဟန်တူပါသည်။

"အေး .. ကောင်းတယ်၊ ကျုပ်တို့နှစ်ဦးပြဿနာဖြေရှင်းကြမယ့်အချိန်မျိုးမှာ နီလာထွန်း မမြင်ရ၊ မကြားရတဲ့အခြေအနေဟာ အကောင်းဆုံးပဲလို့ ထင်တယ်"

"ကိုမြတ်ကို .. ခင်ဗျားကျွန်တော့်ကို အထင်လွဲနေပြီနဲ့တူတယ်။ ခုကိစ္စမှာ ကျွန်တော်ရှင်းပြ .."

"တော်ပါတော့ ကိုမောင်မောင်

www.burmeseclassic.com



မြင့်၊ ခင်ဗျားရှင်းပြတာကို ကျွန်တော် နားထောင်ဖို့လာခဲ့တာမဟုတ်ဘူး။ နားထောင်ဖို့အချိန်လည်းမရဘူး။ ခင်ဗျား ကျုပ်အပေါ်ကို ဘယ်လောက်အကောက်ကြံခဲ့တယ်ဆိုတာကို ကျုပ်တစ်ဦးတည်း သိခဲ့တာမဟုတ်ဘူး။ ကျုပ် စခန်းပြန်ရောက်တော့ နီလာ့ကို တစ်ဖက်လှည့်နဲ့ လှည့်စားဖြားယောင်းပြီး ခေါ်ထုတ်သွားတယ်ဆိုတာ တစ်ရုံးလုံးပြောပြလို့ သိခဲ့ရပြီးပါပြီ။ ကျုပ်ဟာ သစ်ခိုးဂိုဏ်းကလူတွေက ဖမ်းယူသုတ်သင်ပစ်လိုက်တယ်ဆိုတဲ့ မုသားစကားနဲ့ နီလာ့မိဘတွေကို သိမ်းသွင်းသွားခဲ့တာပဲမဟုတ်လား။ တကယ်တော့ သေနတ်မှန်ထားတဲ့ ကျုပ်ကို အကူအညီမပေးတော့ဘဲ သေပါစေဆိုတဲ့ စိတ်ယုတ်မာနဲ့ ပစ်ထားခဲ့တာလေ။ ခုတော့ ..ဟား ..ဟား ..ဟား ကျုပ်က မသေဘဲ ခင်ဗျားတို့ဆီအရောက်လိုက်လာခဲ့တာပဲဗျ။ ဒါမှ နီလာ့ကို ခင်ဗျားပိုင်ဆိုင်ခွင့်ရမယ်ဆိုတဲ့ မိန်းဆန်တဲ့ အတ္တသမားဖြစ်နေတာလား။ နီလာဟာ ကျုပ်အပေါ်သစ္စာမဲ့တဲ့ မိန်းမတစ်ယောက်မဟုတ်ခဲ့ပါဘူး။ တကယ်တော့ သနားစရာမိန်းမတစ်ယောက်ပါ။ ခင်ဗျားလို သစ္စာမဲ့တဲ့လူတစ်ယောက်ကို လူ့လောကထဲ ဆက်ထားမယ်ဆိုရင် ..''

ပြောနေဆဲမှာပင် ကျွန်တော့်ခန္ဓာကိုယ်ကြီးမှာ ရုတ်တရက်ဆိုသလို ယိမ်းတိယိုင်းယိုင်သွားသည်။ ဘာဖြစ်လိုက်မှန်းဆိုသည်ကိုပင်အဖြေရှာမရ။ စင်စစ် ကျွန်တော်တစ်ဦးတည်း ယိမ်းယိုင်သွားခြင်းကားမဟုတ်။ ကိုမောင်မောင်မြင့်၏ ကိုယ်ခန္ဓာကြီးမှာလည်း တစ်စုံတစ်ယောက်က တွန်းလိုက်ဘိသကဲ့သို့ လဲပြိုသွားခဲ့သည်လေ။ ဒါတွင်မဟုတ်ရိုးလား။ အရာအားလုံးမှာ လှုပ်သွားခဲ့သည်ကတော့ အသေအချာပင်ဖြစ်ပါလေ၏။ သေးငယ်၍ ပြုတ်ကျနိုင်ဖွယ်ရှိသမျှအားလုံး တုံခါလှုပ်ရမ်းလဲပြိုကျသွားသည်။ အသံများက ထူးဆန်းကြောက်လန့်ဖွယ်အတိပါကလား။ မီးသီးလုံးလေးများကလည်း ဟိုယိမ်းသည်ခါဖြင့် ကဏှာမငြိမ်ဖြစ်နေသည်ကလည်း အံ့ဩဖွယ်ကောင်းနေချေသေးတော့သည်။ ထိုဖြစ်ပျက်မှုတို့၏ နောက်စက္ကန့်ပိုင်းမျှလောက်၌ ဝေါခနဲကြောက်စရာအသံကြီးက မည်သည့်နေရာကပေါ်ပေါက်လာသည်မသိ။ မမျှော်လင့်သော ထူးခြားဆန်းကြယ်လှသည့် အဖြစ်အပျက်တစ်ခုအား တွေ့ကြုံခဲ့ပါတော့သည်။

(မြောက်)

ရုပ်မြင်သံကြားဖန်သားပြင်ဝယ်ပေါ်နေသော ရုပ်ပုံတွေမှာလည်း တုန်ခါလျက် အစင်းကြောင်းတွေ ထင်လာကာ မတည်မငြိမ်ဖြစ်ရင်း အလင်းရောင်များနှင့်အတူ ပျောက်ကွယ်သွားလေတော့၏။ မှောင်နက်မည်းမည်းမှာပင် အဆောက်အအုံတိုက်တာကြီး ယိမ်းယိုင်လာဟန် ခံစားလိုက်ရပါသည်။ ကျွန်တော်တို့မှာလည်း ဘန်းထဲတွင် ဆီးဖြူဆီးထည့်၍ အလှိမ့်ခံနေရဘိသို့ပင်။ ထိုစဉ်ခဏ၌ ကိုမောင်မောင်မြင့်ထံမှ ဂက်စ်မီးခြစ်မှမီးတောက်လေး ဖျတ်ခနဲ လင်းလက်လာတော့၏။ မီးတောက်လေး၏ အလင်းရောင်က ဝန်းကျင်တစ်ခုလုံး မည်းမှောင်နေသည့်ကြားဝယ် ပိုးစုံးကြူးပမာ။

''ခုချိန်မှာ ခင်ဗျားနဲ့ကျုပ် စကားနိုင်လုနေလို့မဖြစ်သေးဘူး ကိုမြတ်ကို၊ နီလာ့ကို အပြင်ခေါ်ထုတ်မှဖြစ်မယ်။ ကျွန်တော် ရှေ့က လမ်းပြပေးမယ်။ ခင်ဗျား နီလာ့ကို ပွေ့ချီပြီးသာ နောက်ကလိုက်ခဲ့တော့ဗျာ။ အပြင်ရောအတွင်းရော ဘာတွေဖြစ်နေတယ်ဆိုတာ အတတ်မပြောနိုင်ပေမယ့် ငလျင်လှုပ်တာ တော်လဲတာ ဖြစ်လိမ့်မယ်ထင်တယ်။ ကဲ .. ကျုပ်တို့ ကြာကြာနေလို့မကောင်းဘူး မြန်မြန်လေးလုပ်ပါ''

ဘာတွေဘယ်လိုဖြစ်နေမှန်း မသိနိုင်ပါလေတော့။ အခြေအနေနှင့် အချိန်အခါအရ ကိုမောင်မောင်မြင့် စကားအား ကျွန်တော် လိုက်နာဆောင်ရွက်လိုက်ရပါတော့၏။ ကြမ်းပြင်၌ ခွေလဲကျနေသေး နီလာ့အား ပွေ့ချီလျက် ရှေ့မှ စမ်းတဝါးဝါးဖြင့် သွားနေသော ကိုမောင်မောင်မြင့်နောက်မှ လိုက်သွားရတော့သည်။ ထိုစဉ်မှာပင် အိမ်အပေါ်ထပ်ဆီမှ လူများ၏ အော်ဟစ်ဆူညံသံများနှင့်အတူ အဆောက်အအုံတစ်ခုပြိုလဲကျသံကိုပါ ကြားလိုက်ရပါသည်။ ပတ်ဝန်းကျင်မှလည်း အော်သံဟစ်သံ အကူအညီတောင်းခံသံများ ပွက်လောဆူညံနေသည်။

''ရှေ့တံခါးပေါက်က သွားလို့မရတော့ဘူးဗျို့၊ နောက်ဖေးတံခါးက ထွက်မှရတော့မယ်။ လာ ..လာ မြန်မြန်လေး''

ကိုမောင်မောင်မြင့်မှာ စကားကိုဆုံးအောင် မပြောနိုင်ပါလေတော့။



www.burmeseclassic.com

www.burmeseclassic.com

နုံ ဧ ထာ က် ရု သ

အိမ်ရှင်တစ်ဦးမို့ ထွက်ပေါက်ကိုတော့ သူက ကောင်းစွာသိထားပြီး ဖြစ်ပေလိမ့်မည်လေ။ သူက နောက်ဖေးဘက်က လှည့်ထွက်သလို ကျွန်တော်ကလည်း နောက်က စမ်းတဝါးဝါးဖြင့် လိုက်သွားရသည်မှာ မလွယ်ကူလှ။ ထိုခဏမှာပင် ပြိုလဲကျသံများ၊ အော်ဟစ်သံ၊ ငိုယိုသံနှင့် ကမ္ဘာပျက်ဘိအလားမှာ ညဥ့်အမှောင်တွင်းမှလူတွေ၏ ကြောက်လန့်တကြား ပြေးလွှားအော်ဟစ်သံများ ဆူညံစွာ ထွက်ပေါ်လာသည်။

"နောက်ပေါက်က လိုက်လာရင် ဂရုစိုက်နော်၊ တိုက်ရဲ့နောက်မှာ ချောက်ကမ်းပါးရှိတယ်"

ကိုမောင်မောင်မြင့်က ရှေ့မှ အလောတကြီးထွက်သွားသဖြင့် ကျွန်တော်ကလည်း နီလာ့ခန္ဓာကိုယ်အား ပွေ့ပိုက်ရင်း စမ်းဝါးဝါးဖြင့် လိုက်သွားရတော့၏။ တိုက်ခန်းအပြင်ဘက်ရောက်သည့်တိုင် ပတ်ဝန်းကျင်မှာ မှောင်နှင့်မည်းမည်းသာ။ တစ်မြို့လုံး မီးပျက်သွားသဖြင့် ကမ္ဘာပျက်သည့်အလား။ တိုက်အပေါ်ထပ်ရှိ လူများမှာလည်း ကယ်ပါ . . ယူပါ တစာစာအော်ဟစ်သံများက ငရဲပျက်နေဘိသို့ပင်။

"နောက်ဘက်မှာလည်း ကမ်းပါးတွေ ပြိုနေသံ ကြားနေရတယ်။ ဖြည်းဖြည်းချင်းသာ ဂရုစိုက်လိုက်ခဲ့ပါ ဆရာကိုမြတ်ကို"

ဝေါခနဲ တော်လဲသံနှင့်အတူ မြေပြင်တစ်ခုလုံး တုန်ခါသွားပြန်သည်။ တစ်ဦးတည်းရပ်တည်ရန်မလွယ်သည့် အခြေအနေတွင် လူတစ်ယောက်အား သယ်ဆောင်လာရသည်မှာ မလွယ်လှ။ သည်အချိန်မှာပင် တိုက်ခန်းကြီးမှာ ငလျင်၏ တုန်ခါလှုပ်ရမ်းမှုကြောင့် ပြိုလဲကျသံ၊ ပစ္စည်းများ ကျိုးပဲ့ကျသံများ တဆက်တည်းလိုကြားလိုက်ရသည်။

"နောက်မှာလည်း ကမ်းပါးတွေ ပြိုကျနေပြီ၊ ကျွန်တော်တို့ ဘယ်မှထွက်လို့မရတော့ဘူး ကိုမြတ်ကို . . ဒုက္ခပါပဲဗျာ"

ကိုမောင်မောင်မြင့်ထံမှ စိတ်ကုန်လူပန်း အားပျက်ခမန်းလေသံကြောင့် ကျွန်တော်မှာ စိတ်မရှည်နိုင်ပါလေတော့၊ သူ့ခန္ဓာကိုယ်ကြီးအား တွန်းတိုက်လျက် . .

"ကမ်းပါးပြိုတာက အရေးမကြီးဘူး။ နောက်က တိုက်တွေပြိုကျကုန်ပြီ။ ဖယ်ဗျာ . . ကမ်းပါးချောက်ထဲကျသွားတာကမှ တော်ရုံကျဦးမယ်။ ခင်ဗျား နောက်ကသာ လိုက်ခဲ့ပေတော့။ ဒီမှာရပ်နေလို့ အန္တရာယ်သိပ်များတယ်"

ကျွန်တော်က ဆုံးဖြတ်ချက်အားပိုင်ပိုင်ချလျက် နီလာ့အား ပွေ့ပိုက်ထားရင်း ကမ်းပါးယံဘက်သို့ တစ်ရှိန်ထိုး အပြေးထွက်လာခဲ့တော့သည်။ ကမ်းပါးမှာ ယခင်က မက်စောက်ကောင်း မက်စောက်နေပေလိမ့်မည်။ မြေငလျင်ဒဏ်ကြောင့် ကမ်းပါးယံမှာ ဆင်းလျှောပမာ နိမ့်ဆင်းသွားသည်ကို ညဥ့်အမှောင်၏ ပိုးတဝါးအမြင်ထဲဝယ် လှမ်းတွေ့လိုက်ရပါလေ၏။

"ကိုမောင်မောင်မြင့် ဒီဘက်ကို ဆင်းခဲ့တော့။ အဲဒီမှာ အန္တရာယ်များတယ် . . လာခဲ့တော့"

အချိန်အခါအရ သူ့ပေါ်တွင် ရန်သူလို မထင်မိပါလေတော့။ အတူတူ ဒုက္ခရောက်သူခြင်းမို့ သူ့အတွက် စိုးရိ မိသည်ကတော့ အမှန်ပင်။ ကျွန်တော် က ပြောရင်းပင် နီလာ့အား ပွေ့ချီထာ ရင်း ကမ်းပါးယံဘက်သို့ အပြေးထွက် လာခဲ့သည်။ ကြောက်စိတ်နှင့်စိတ်လှု ရှားမှုကြောင့်ပဲထင့် ကျွန်တော့်ခြေ ထောက်မှာ တစ်စုံတစ်ခုဖြင့် တိုက် သဖြင့် ရှေ့သို့ ဟပ်ထိုးလဲကျသွားခဲ့ ပါတော့သည်။ ကျွန်တော်နှင့်အတ နီလာရော ကျွန်တော်ပါ ပြိုလဲကျသွာ သော မြေကြီးများနှင့်အတူ အောက်သ ဒလိမ့်ကောက်ကွေး လိမ့်ကျသွား တော့သည်။ ထိုစဥ်မှာပင် ကိုမော မောင်မြင့်တို့ ငှားနေထိုင်ခဲ့သော တိုက် ကြီးပြိုကျသံနှင့်အတူ ကိုမောင်မော မြင့်၏ ကြောက်လန့်တကြား အော်ဟ လိုက်သောအသံအား ကြားလိုက် တော့သည်။ ထို့နောက်တွင်မူ ကမ်းပါ ပြိုကျရာ အောက်ခြေသို့ လိမ့်ဆင်း သွားခဲ့ရပါတော့သည်။ ထိုအချိန်မှစ ကျွန်တော်အသိစိတ်များ ပျောက်ကွယ သွားရပါတော့သည်။

(ခုနစ်)

အချိန်မည်မျှကြာလေသည်မသ ကျွန်တော် အသိစိတ်ပြန်ဝင်လာခ ဝယ် ကျွန်တော့်တစ်ကိုယ်လုံး ရိုက်နှ ခံထားရသလို နာကျင်နေပါတော့သည ကျွန်တော်သတိရသည့် အချိန်တ အရှေ့မိုးကောင်းကင်ဆီမှ ရောင်နီသ လာသည်ကို တွေ့မြင်ရပါသည်။ လျော့နေရာမှ ပထမဦးဆုံး သတိ



www.burmeseclassic.com

www.burmeseclassic.com



သိုက်က နီလာ။ သတိရခြင်းနှင့်အတူ ိုးရိမ်စိတ်များက ထိပ်သို့ တက်သွားရ တော့သည်။ မျက်စိအား ဟိုသည်သည် သမ်းမျှော်ကြည့်လိုက်မိပါလေ၏။ နီလာ ၏ အရိပ်အယောင်ကိုကား အလျဉ်း မမြင်တွေ့ခဲ့ရပါလေတော့။ ကျွန်တော့် ရင်ထဲ၌ စိုးရိမ်စိတ်များက ပြောမပြ တတ်အောင်ပင်။ ကြီးမားသော စိုးရိမ် စိတ်က စိတ်ဓာတ်ကျဆင်းခြင်းကို တွန်း အားပေးဘိသို့ပင်။ ထို့ကြောင့် ကျွန် တော်သတိရနေရာမှာပင် သက်ပြင်း တစ်ချက်ချကာ ပြန်အိပ်နေလိုက်ပါ တော့သည်။

စိုးရိမ်ကြောက်လန့်မှု၊ ပင်ပန်း နွမ်းနယ်မှု၊ စိတ်ဓာတ်ကျဆင်းမှုတို့ ကြောင့် ကျွန်တော့်စိတ်အား လွှတ် ထားလိုက်ကာ ကျရာမြေနေရာပေါ်မှာ ပင် လှဲအိပ်နေလိုက်မိတော့သည်။ အချိန်မည်မျှကြာလိုက်သည်မသိ။ ကျွန် တော့နားထဲသို့ ငိုရှိုက်သည့်အသံတစ်ခု ဝင်လာခဲ့တော့သည်။ သည်လိုအချိန် မျိုးဝယ် ငိုရှိုက်သူများစွာရှိနေပေလိမ့် မည်။ ညဉ့်အမှောင်ကျခြင်းကြောင့် မည်သူမည်ဝါ မသိနိုင်ငြားပေမဲ့ ကြေ ကွဲဝမ်းနည်းဆွေးမြည့်မှုကြောင့် ငိုကြွေး နေသည်ကတော့ အမှန်ပင်။ ကျွန် တော်စဉ်းစားမိသည့် နောက်တစ်ချက် က ထိုအသံမှာ အပေါ်မှ ထွက်ပေါ် လာခြင်းမဟုတ်ဘဲ ကျွန်တော်နှင့်အနီး ဆုံး ကမ်းပါးအောက်ကပင် ဖြစ်နေပါ သည်။ ကျွန်တော်က မည်သို့မျှ မျှော် လင့်ချက်မထားသော်ငြား အများအပြား သော ပျက်စီးမှုများကြားမှထလျက် ငို ရှိုက်သံကြားရာဆီသို့ ထသွားကြည့် လိုက်မိပါသည်။

နံနက် အာရုံလင်းရောင်ခြည်သဲ့ သဲ့အောက်ဝယ် အမျိုးသမီးတစ်ဦး ထိုင် လျက်သားဖြင့် ကြေကွဲဝမ်းနည်းစွာ ငို ကြွေးနေချေသည်လေ။ သေသေချာချာ ကြည့်လိုက်ပါမှ ငိုကြွေးနေသူဟာတခြား ဟုတ်ရိုးလား။ နီလာမှ နီလာရယ်လေ။ သည်မြင်ကွင်းကို မြင်လိုက်ရသည်နှင့် ကျွန်တော့်မှာ ဝမ်းသာလှိုက်ဘိဖြစ်ခြင်း မနေနိုင်ပါလေတော့။ ရင်ထဲမှ မျှော် လင့်ချက်များစွာဖြင့် နီလာရှိရာသို့ အပြေးအလွှားပင် သွားရောက်ဖေးမ ပွေ့ထူလိုက်ပါသည်။

"နီလာ . . နီလာ ဒီမှာ ကိုမြတ် ကိုရယ်လေ။ ဘာဖြစ်လို့ ငိုနေရတာ လဲကွယ်။ အစ်ကိုတို့ အန္တရာယ်ဘေးက ကင်းလွတ်သွားခဲ့ပြီပဲလေ . . ငိုမနေပါ နဲ့တော့ကွာ"

ပုံပုံလေး လဲကျနေရာမှ နီလာမှာ ကျွန်တော်၏ ပွေ့ပိုက်လိုက်သည့် လက် များပေါ်ဝယ် အလိုက်သင့်ပါလာခဲ့ပါ သည်။ သူမ၏ မျက်လုံးအစုံမှာ အရုဏ် ဦးလင်းရောင်ခြည်အောက်၌ မျက်ရည် စများဖြင့် စိုရွှဲရွှန်းလဲ့နေချေသည်လေ။ နီလာက ကျွန်တော့်အား မြင်တွေ့လိုက် ရသည်နှင့် စောစောက ကြိတ်မှိတ်ငို နေရာမှ ရှိုက်ကြီးတငင် ငိုချလိုက်ရင်း ကျွန်တော့်ရင်ခွင်အတွင်းသို့ သူမ၏ မျက်နှာအား ထိုးအပ်ထားလိုက်လေ တော့၏။

"အစ်ကိုက . . နီလာ့အတွက် ညွှေ့စိမ်းလူတစ်ယောက်ပါ။ ဒါပေမဲ့ ခု တော့ အစ်ကိုဟာ နီလာ့အတွက် ထာဝရလက်တွဲပြီး မခွဲတမ်းနေသွား မယ့် အိမ်ရှင်တစ်ယောက်ဆိုတာ ယုံ စမ်းပါ အချစ်ရယ်"

ကျွန်တော်က ပြောပြောဆိုဆို နီလာရဲ့ မြေကြီးမှုန်တွေ အလိမ်းလိမ်း ပေကျံနေတဲ့ ပါးပြင်ပေါ်ကို အနမ်းမိုး တွေ ရွာချလိုက်တော့၏။ နီလာက တော့ ဆက်လက်ငိုရှိုက်နေဆဲပင်။ သို့ပေမဲ့ သူမ၏ ငိုရှိုက်သံက ဝမ်း နည်းကြေကွဲမှုတို့၏ ဟိုမှာဘက် မမျှော် လင့်သော မဖိတ်ခေါ်ဘဲရောက်လာ သည့် ညွှေ့စိမ်းလူတစ်ယောက်နှင့် ပြန် လည်ဆုံတွေ့ရခြင်းကြောင့် ဝမ်းသာ ကြည်နူးမှုငိုရှိုက်သံဖြစ်ပေလိမ့်မည်။ တကယ့်ကို ချစ်သူတို့နှစ်ဦး၏ ပြန်လည် ဆုံတွေ့ခြင်းမှာ သဘာဝအန္တရာယ်တွေ ကြားမှာပါတဲ့ကား။

သိဏ်းသန်းအောင်



www.burmeseclassic.com



# ဓါးရဲ့သန့်

## ကျေးလက်စုံထောက် မောင်တောကျော် နှင့် အင်ရေခွံလဲသူ



www.burmeseclassic.com

www.burmeseclassic.com



ဆောင်းဝင်စနေ့တစ်နေ့၏ မနက်(၃)နာရီခွဲအချိန်ခန့်၊ ရွာလူကြီးဦးဘမောင်၏အိမ်ဦးခန်း၌ ရေနွေးကြမ်းဝိုင်းသားမှာ နှစ်ယောက်တည်းသာ ရှိနေသည်။ ဦးဘမောင်နှင့် ကျေးလက်တောကျော်ဟု နာမည်ရနေသော ကိုတောကျော်တို့ပင်။

ရွာလူကြီးဦးဘမောင်က သူ့ခေါင်းပြောင်ပြောင်ကို လက်နှင့်ပွတ်၍သာနေ၏။ စဉ်းစားရလွန်း၍ ခေါင်းခြောက်နေသည့် သဘောပင်။ ရွာလူကြီးနှင့် မျက်နှာချင်းဆိုင်မှာထိုင်၍ ရေနွေးကြမ်းသောက်နေသော ကိုတောကျော်က အိုက်စပ်စပ်ဖြစ်လာဟန်ဖြင့် ရုပ်အင်္ကျီအနက်နှင့် အဖြူကွက်ကျားကိုချွတ်လိုက်၏။ အောက်ခံစွပ်ကျယ်-လက်ရှည်အဖြူက ခပ်ပါးပါးမို့နေသာသွားဟန်ဖြင့် လေပူတစ်ချက်ကို မှုတ်ထုတ်လိုက်သည်။

"မောင်တောကျော်"

ခေါင်းပွတ်ခြင်းအလုပ်ကိုရပ်၍ ဦးဘမောင်က ပြုံးခနဲခေါ်လိုက်၏။

ကိုတောကျော်က ချွတ်ပြီးခေါက်ထားသော အပေါ်ထပ်အင်္ကျီကို တင်ပြင်ခွေထိုင်ထားသည့် သူ့ဒူးတစ်ဖက်အောက်သို့ ခုသွင်းလိုက်ရင်း –

"ပြောပါဦးလေး ... ဘယ်လိုအကြံအစည်များထွက်လာလို့လဲဟ"

"ဟာ ... အကြံတော့ မထွက်ဘူး၊ ခေါင်းကိုပွတ်ရလွန်းလို့ မီးခိုးပဲထွက်တော့မယ် ...၊ ခုကိစ္စက မြို့ပေါ်မှာဖြစ်တဲ့ကိစ္စကွ၊ တို့ရွာသား 'နောက်တိုး'ရဲ့စက်ဘီး ပျောက်သွားလို့သာ မခံချင်စိတ်ဖြစ်မိတာ၊ ဒီလိုစက်ဘီးအခိုးခံရတဲ့သတင်းက မြို့ပေါ်မှာ ခဏခဏဆိုပဲ၊ တရားခံကလည်း လျှင်ပါ့ကွာ၊ စက်ဘီးကို နင်းသွားတာမြင်လို့ လိုက်ပြီးဖမ်းပေမဲ့ လမ်းတစ်ကွေ့ရောက်သွားရင် မတွေ့ရတော့ဘူးတဲ့၊ မင်းကလည်း ကျေးရွာအမှုတွေလောက်ပဲ ဖော်ထုတ်နိုင်မယ်နော်၊ မြို့က သူခိုးကျတော့လွယ်မယ်မထင်ဘူး"

ဦးဘမောင်၏ အဆုံးသတ်စကားက ကိုတောကျော်အား စိန်ခေါ်လိုက်သလိုဖြစ်သွား၍ စိတ်ထဲ ဖျဉ်းခနဲဖြစ်သွားစေသည်။ မိမိကို အထင်သေးသည့်စကား။ သို့သော် စိတ်ကိုပြန်လျှော့ချလိုက်ရင်း စက်ဘီးပျောက်သွားသည့် 'နောက်တိုး'နှင့်သွားပြီးတွေ့ရန်သာဆုံးဖြတ်လိုက်၏။ ရွာလူကြီးကိုတိုင်ပင်နေလျှင်လည်း မည်သည့်အကြံကောင်းမျှ ထွက်လာမည်မဟုတ်ပေ။

ထိုစဉ် လှေကားမှ တဒုန်းဒုန်းနှင့် နင်းတက်လာသောခြေသံကို

သိပ္ပံခေါင်းအား၊
တတ်မြောက်များမှု၊
တောသားရန်အောင်၊
ခြသေ့်ယောင်သို့၊
မနောင်မညာ၊
တင်းတင်းမာ၍၊
ပညာရဲရင့်၊
ပွဲလယ်တင့်လိမ့်လို့
ဆိုရိုးရှိတယ်
...

ကြားလိုက်ရသည်။ ကိုတောကျော်က ရွာလူကြီးကို တစ်ချက်ကြည့်လိုက်ရင်း

"ဦးလေးတပည့်သားအေးခြေသံမဟုတ်လား"

"အေး ... ဟုတ်တယ်၊ ခြေနင်းကြမ်းကြမ်းနဲ့ ခပ်လေးလေးတက်လာတဲ့အသံကို မှန်းပြီးပြောလိုက်တာမဟုတ်လား၊ အင်း ... ဒီလိုခြေသံပိုင်ရှင်တွေဟာ ခပ်နုံနုံခပ်ထူထူသမားတွေပေါ့ကွယ်၊ ဒီကောင် တင်းကုပ်ထဲက နွားကိစ္စတွေပြီးသွားပြီထင်တယ်"

ဦးဘမောင်ပြောလိုက်ပုံအား ကိုတောကျော်က ပြုံးပြီးကြည့်လိုက်ရင်း နှုတ်ခမ်းမွှေးကို လက်ဖြင့်သပ်ကာ –

"ဟား ... ဦးလေးတောင်မှ ခန့်မှန်းမှုပညာ တော်တော်လေး တိုးတက်လာပြီပဲ၊ ကောင်းတယ်ဗျာ ..."



www.burmeseclassic.com

www.burmeseclassic.com



ကိုတောကျော် ချီးမွမ်းလိုက်သောစကားကြောင့် ဦးဘမောင်မှာ မနေတတ် မထိုင်တတ်ပုံစံဖြင့် ရှေ့မှ ရေနွေးကြမ်းခွက်ပူပူကို ကောက်ကိုင်ပြီး တဖူးဖူးမှုတ်၍ သောက်နေတော့သည်။ ထိုအချိန်၌ တံခါးဝမှ သာအေး ပေါ်လာပြီး အံ့သြသွားဟန်ဖြင့် –

"ဟာ ... ခုန ကျွန်တော် တင်းကုပ်ထဲမှာ နွားကိစ္စလုပ်ရင်း အိမ်ရှေ့လှမ်းပြီး ကြည့်လိုက်တုန်းက ခြံဝက ဝင်လာတဲ့ ကိုကြီးတောကျော်က အင်္ကျီလက်ရှည်ကွက်ကြားနဲ့ပါ၊ အခု အိမ်ပေါ်ရောက်တော့ အင်္ကျီအဖြူနဲ့၊ အံ့ရောပဲဗျာ၊ ဘယ်လိုဖြစ်သွားတာလဲ၊ ပုတ်သင်ညိုလို အရောင်ပြောင်းတတ်တာလား၊ ကျုပ်ပဲ မျက်စိလည်သွားတာလားဗျာ"

ဇဝေဇဝါဖြစ်သွားသော သာအေးကိုကြည့်၍ ရွာလူကြီးဦးဘမောင်က ရယ်မောရင်း –

"ဟဲ့ ... ငထူ အေရဲ့၊ နင်မြင်လိုက်တဲ့ သူ့အပေါ်ထပ်အင်္ကျီကိုချွတ်ပြီး ဒူးအောက်မှာခုပြီး ထိုင်ထားတာ နင်မှမသိဘဲ၊ ဒါများကွာ ထူးထူးဆန်းဆန်း ကျနေတာပဲ"

ဦးဘမောင်ပြောလိုက်တော့မှ သာအေးမှာ ရယ်ရယ်မောမောဖြစ်သွားတော့၏။ ဆရာတပည့်နှစ်ယောက် စကားပြောနေသံကို နားထောင်နေရင်း ကိုတောကျော်မှာ တွေခနဲ တစ်ချက်ဖြစ်သွားသည်။

ဒူးအောက်မှအင်္ကျီအခေါက်လိုက်ကို လက်မှကိုင်ကာ ဆတ်ခနဲထ၍ရပ်လိုက်ပြီး –

"ကဲ ... ဦးလေးရေ ကျွန်တော့်ကို ခွင့်ပြုပါဦး"

"ဟ ... နေပါဦး၊ ဘယ်လိုဖြစ်တာလည်း မောင်တောကျော်ရယ်၊ 'နောက်တိုး'ကိစ္စအတွက် ဖြစ်နိုင်တဲ့ အဖြေရှာပါဦးလားကွာ၊ ငါက သာအေးကို အမြည်းလုပ်ခိုင်းတော့မလို့၊ မင်းကလည်း ချက်ချင်းကြီးပဲကွာ"

"ဟုတ်သားပဲ ... ကိုကြီးတောကျော်ရာ"

ကိုတောကျော်က တစ်ချက်ပြုံးလိုက်ရင်း ရွာလူကြီးကို ကြည့်လိုက်ပြီး

"ကဲ .. ဦးလေးရေ၊ စက်ဘီးသူခိုးကို ဖမ်းမိတဲ့နေ့ကျမှ လာခဲ့တော့မယ်ဗျာ"

ပြောပြောဆိုဆိုဖြင့် ကိုတောကျော်မှာ လှည့်၍ထွက်သွားတော့၏။ တံခါးဝနားအရောက်တွင် ဦးဘမောင်တို့ထံသို့ လှည့်ပြန်ကြည့်လိုက်ရင်း –

"ဦးလေးရေ .. အကြောင်းအရာတွေက တစ်ခါတလေကျရင် 'မထူးပေမဲ့ ဆန်းပြီး၊ မဆန်းပေမဲ့ ထူးတတ်တယ်ဗျ .. ဟဲ .. ဟဲ"

ရယ်မောရင်း ကိုတောကျော်မှာ တံခါးဝမှထွက်၍ လှေကားအတိုင်း မှန်မှန်ဆင်းသွားတော့၏။

ကိုတောကျော်စကားကို သာအေးက နားမလည်ဟန်ဖြင့် ကြောင်တောင်တောင်။ ဦးဘမောင်ကိုယ်တိုင်ကလည်း ဘာအဓိပ္ပာယ်နှင့်ပြောသွားမှန်း မသိသောကြောင့် မျက်မှောင်ကြုတ်၊ ခေါင်းကိုရမ်းရင်းသာ ကျန်ရစ်ခဲ့ရှာတော့သည်။

> **မထူးပေမယ့် ဆန်းတတ်သည်**
> **မဆန်းပေမယ့် ထူးတတ်သည်**
> **မောင်တောကျော်**

+++

'စိန်လှဝိုး' ကဖီးဆိုင်လေးအတွင်း၌ လက်ဖက်ရည်သောက်သုံးသူများနှင့် အတော်ပင်စည်ကားနေ၏။ စားပွဲတိုင်းနီးပါပင်။ ထိုကဖီးဆိုင်လေးက မြို့နှင့်ဆယ်သွယ်ရေးလမ်းမကြီးဘေးတွင် ရှိနေသည့်ကပင် ကျေးလက်ခရီးသွားတို့အဖို့ အပန်းဖြေနားခိုရာ ဖြစ်ခဲ့၏။ ဈေးအသွားအပြန် နားခိုသူများနှင့် စည်ကားနေသည့်ဆိုင်လေးရှေ့သို့ ကိုတောကျော် စက်ဘီးကိုထိုးရပ်လိုက်သည်။

ဆိုင်ထဲသို့ မျက်လုံးတစ်ချက်ဝေ့ကြည့်လိုက်ပြီး သူ့စက်ဘီးကို ဒေါက်ထောက်လိုက်၏။ ပြီးလျှင် ခပ်မှန်မှန်ခြေလှမ်းများဖြင့် ဆိုင်လေးထဲသို့လှမ်းဝင်လာခဲ့ရာ –

"ဗျို့ ... ကိုတောကျော်၊ ဒီကိုလာဗျို့၊ ဘာလဲ မြို့ပေါ်တက်မလို့လား၊ ခင်ဗျားသတင်းကတော့ မွှေးနေတာပဲဗျာ၊ ကဲ .. လာပါဗျ၊ ကျုပ်တို့ဝိုင်းကို"

ကိုတောကျော်ကို နှုတ်ဆက်လာသူက ရွာနီးချင်းမောင်သာအောင် ဖြစ်နေ၏။ သူနှင့်အတူ ခရီးဖော်သုံးယောက်လည်း ထိုင်နေသည်ကိုတွေ့ရသဖြင့် ကိုတောကျော်လည်း ထိုဝိုင်းမှာပင် ဝင်ထိုင်လိုက်ပြီး –

"ကဲ ... ကျွန်တော့်ကိုလည်း လက်ဖက်ရည်ချိုချိုတစ်ခွက် ပေးဗျာ"

ကောင်တာသို့ ခပ်ကျယ်ကျယ်လေး လှမ်းမှာလိုက်၏။ စားပွဲဝိုင်းတွင် မောင်သာအောင်နှင့် ကိုတောကျော် အပါအဝင် ငါးယောက်ဖြစ်သွားသည်၊ ငါးယောက်စလုံးက တောသူတောင်သားများပီပီ ညိုညိုမောင်းမောင်းနှင့် သန်သန်မာမာများပင်။ ကိုတောကျော်က လာချပေးသောလက်ဖက်ရည်ကို

www.burmeseclassic.com



တစ်ကျိုက်မော့သောက်လိုက်ပြီး –

"အင်း ... ဒီအင်အားနဲ့ဆို လုံလောက်ပါတယ်"

အဆက်အစပ်မရှိသော စကားကြောင့် မောင်သာအောင်က –

"ဘာကိုလဲဗျ .. ကိုတောကျော်ရဲ့"

"ဒီလို မောင်သာအောင်ရေ ..၊ ခုတလော မြို့ပေါ်ကိုသွားတဲ့ တို့တောသားမအူမလည်တွေ စက်ဘီးအခိုးခံနေရတာကို မင်းတို့ကြားမှာပေါ့၊ သူခိုးကလည်း ခုထိမမိသေးဘူးလေ၊ ဟိုး တစ်မြန်နေ့ကပဲ တို့ရွာက'နောက်တိုး'ရဲ့ စက်ဘီး ပျောက်ပြန်ပြီကွ ..."

"ဩော် ... အင်း၊ ကြားလိုက်ပါတယ်၊ မြို့ပေါ်မှာ ရဲစခန်းရှိပါတယ်ဗျ၊ တော်ကြာမိမှာပါ"

/ "ဒါတော့ ဒါပေါ့ကွာ ...၊ ဒါပေမဲ့ ပျောက်တော့ လိုက်ရှာတဲ့အချိန်နဲ့ စခန်းကိုအကြောင်းကြားတော့ နောက်ကျနေပြီလေ ...၊ ဒီပုံနဲ့ဆို ဒီသူခိုးကို မမိမချင်း ထပ်ပြီးပျောက်ကြဦးမှာပဲ၊ ဒါကြောင့် ..."

"ဘာလည်း ကိုတောကျော်က သွားပြီးဖမ်းမလို့လား ...၊ မြို့ပေါ်မှာ မလွယ်ဘူးထင်တယ်ဗျ၊ ခင်ဗျားတို့ကျုပ်တို့က တောသားတွေလေ ..."

မောင်သာအောင်ကလည်း ရွာလူကြီးဦးဘမောင်လေသံနှင့် တစ်ထပ်တည်း။ တောသားက မြို့ပေါ်ကသူခိုးအား မဖမ်းနိုင်ဘူးဆိုသည့်သဘောမျိုး။ ထိုအတွေးကို ကိုတောကျော်လက်ခံချင်ပေ။ ထို့ကြောင့်ပင် မောင်သာအောင်ကိုကြည့်လိုက်ရင်း –

"ဒီမှာ မောင်သာအောင် ...၊ သိပ္ပခေါင်အား၊ တတ်မြောက်များမှု၊ တောသားရန်အောင်၊ ခြသေ့်ယောင်သို့ မနှောင်မညာ၊ တင်းတင်းမာ၍၊ ပညာရဲရင့်၊ ပွဲလယ်တင့်လီမ့်လို့ ဆိုရိုးရှိတယ်ကွ၊ လေ့လာသုံးသပ်မှုပညာကို အသုံးချတတ်ဖို့ပဲ လိုတယ်ကွ၊ အဲ ... မင်းနဲ့ မင်းရဲ့သူငယ်ချင်းတွေသာ သူခိုးကိုဖမ်းမိဖို့ တစ်ချက်လောက် ကူညီပေးစမ်းပါကွာ ..."

ကိုတောကျော်၏ဆိုလိုရင်းကို အတိအလင်းသိလိုက်ရသော မောင်သာအောင့်သူငယ်ချင်းတစ်ယောက်က –

"ဟာ ... ဟုတ်တယ်၊ ဒီက အစ်ကိုကို လူချင်းသာမရင်းနှီးတာ သူဖော်ထုတ်ခဲ့တဲ့သတင်းကြားဖူးနေတာကြာပြီ၊ ခုကိစ္စလည်း ပိုင်မယ်ဆိုရင် ချသာချဗျာ၊ ကျုပ်တို့ ကူညီပါ့မယ်"

ကိုတောကျော် အားရှိသွား၏။ အခြားတစ်ယောက်ကလည်း –

"ဟုတ်တယ်ဗျ ... ကျွန်တော်တို့ တောဖက်လူတွေ စက်ဘီးပျောက်တာ သိရသလောက်ဆို သုံးလေးစီးထက် မနည်းဘူး ...၊ လုပ်ဗျာ ... ဒီနေ့ အိပ်မပြန်နောက်ကျရင် ကျပါစေ ...၊ ကူမယ်ဗျာ ..."

ထိုနှစ်ယောက်က စိတ်ထက်သန်လာသဖြင့် မောင်သာအောင်နှင့် ကျန်သည့်တစ်ယောက်လည်း မနေသာတော့။ တစ်ဝိုင်းလုံးစုစည်းမိသွား၏။ မောင်သာအောင်က –

"ဟဲ ... ဟဲ ... သူခိုးက တစ်ယောက်၊ ကျုပ်တို့က ငါးယောက်ဆိုတော့ သိက္ခာကျသလိုပဲဗျ ..."

"ဟာ ... မကျပါဘူး မောင်သာအောင်ရယ်၊ ခံစစ်တစ်ရာ၊ စစ်လာတစ်ထောင်တဲ့၊ ကိုယ့်ဘက်က လူများတော့ ပိတ်ဆို့မှု ပိုပြီးကောင်းတာပေါ့၊ ဒါနဲ့ မင်းတို့မှာ စက်ဘီးတွေပါတယ်မို့လား"

"ဟုတ်ကဲ့ ... ပါပါတယ်ဗျ"

"ကောင်းပြီ ... မောင်သာအောင်၊ ငါတို့ သူခိုးဖမ်းမယ့်အစီအစဉ်ကို ပြောပြမယ်၊ ပြီးတော့ ထူးခြားမှုတစ်ခုကို လေ့လာလို့ရတာက ဒီနေ့လိုဈေးမှာလူစည်ကားတဲ့နေ့ ဖြစ်နေတယ်၊ လူတွေ ယောက်ယက်ခတ် သွားလာနေတာကို အခွင့်ကောင်းယူတဲ့သဘောပေါ့၊ ဒါကြောင့် ငါတို့အစီအစဉ်က ..."

ကိုတောကျော်က အစီအစဉ်ကို အကွက်ကျကျ အသေးစိတ်ပြောပြနေတော့၏။ တဖြည်းဖြည်းနှင့် မောင်သာအောင်အပါအဝင် ကျန်သုံးဦး၏မျက်နှာများ၌ အားတက်မှုပေါ်လွင်လာနေသည်။ စာရွက်တစ်ရွက်ပေါ်၌ ဈေးလမ်းများ စွဲပြထားသောမြေပုံကိုထောက်ရင်း ရှင်းနေ၏။ အားလုံး ခေါင်းတညိတ်ညိတ်နှင့်ပင်။ နားလည်သွားသည်နှင့် ကိုတောကျော်က လက်ကျန်လက်ဖက်ရည်ကို တစ်ရှိန်ထိုး ကောက်၍မော့ချလိုက်ပြီး –

"ကဲ ... အားလုံးပဲ သွားကြမယ်"

လက်ဖက်ရည်ဖိုးပိုက်ဆံရှင်းပြီးသည်နှင့် ငါးယောက်သား ဆိုင်အပြင်သို့ထွက်လာကာ မြို့ဖက်သို့ စက်ဘီးကိုယ်စီနှင့် ထွက်ခွာသွားကြတော့သည်။

+++

တံခါးဝမှ ခြေသံကြားလိုက်ရသဖြင့် ဖတ်လက်စစာအုပ်ကိုပိတ်ပြီး ကြည့်လိုက်ရာ –

"ဟား ... မောင်တောကျော်



www.burmeseclassic.com

www.burmeseclassic.com



လား၊ သူခိုးလဲ မိပြီလား''

ရွာလူကြီးဦးဘမောင်မှာ ကိုတောကျော်ကိုမြင်လိုက်ရသဖြင့် အံ့ဩသွားသောမျက်နှာနှင့် အလောသုံးဆယ်မေးလိုက်၏။

ကိုတောကျော်က သူ့ဟန်အတိုင်း ပြုံးစစဖြင့် နှုတ်ခမ်းမွှေးကို တစ်ချက်သပ်လိုက်ရင်း –

''ချိုးကူတော့ယာ၊ ခွေးအူတော့ရွာ ဆိုသလို၊ ခိုးပါများလာတော့ ဘယ်ကောင်ဟာသူခိုးဆိုတာ မိတော့တာပေါ့ဗျာ ...''

ကိုတောကျော်က အထက်ပါစကားအားပြောရင်း ဦးဘမောင်၏ရှေ့မှာ ဝင်ထိုင်လိုက်သည်။ ဦးဘမောင်က ရေနွေးပန်းကို ရှေ့တိုးပေးရင်း –

''ကဲ ... ရေနွေးကြမ်းခါးခါးလေးလည်း သောက်ပါဦး။ ဖမ်းမိပုံလေးလည်း လင်းစမ်းပါဦးကွ ...''

''အင်း ... ဒီလိုပါ၊ ဟိုတစ်လောက ကျွန်တော် အပေါ်ထပ်အင်္ကျီချွတ်ထားတာကို သာအေးမျက်စိလည်သွားတာမှတ်မိမှာပေါ့ ...''

''အေးလေ ... ဟုတ်သားပဲ၊ ဘာလည်း မျက်စိလည်သွားတဲ့ သာအေးက သူခိုးဖမ်းနည်းသင်ပေးလိုက်လို့လား''

**အစွမ်းစစ်ရင် လမ်းဖြစ်တာပါပဲ၊ ခုတော့ "တောသား ရန်အောင် ခြသေ့်ယောင်" ဆိုသလို ...**



''အင်း ... အဲဒီလိုပြောလို့ရပါတယ်''

''ဟ ... ဒီဒင်္ဂက တယ်ဟုတ်ပါလား၊ လုပ်ပါကွ ... ရှင်းရှင်းလင်းလင်း ပြောပြစမ်းပါ''

ဦးဘမောင်မှာ အားမလိုအားမရ ရှေ့နားသို့တိုးရွှေ့လာ၏။ အိုက်စပ်စပ်ဖြစ်လာ၍ ကိုတောကျော်က အပေါ်ထပ်အင်္ကျီချွတ်လိုက်ရင်း စက်ဘီးသူခိုးဖော်ထုတ်ဖမ်းဆီးလိုက်ပုံကို ပိုင်ပိုင်နိုင်နိုင် ပြောပြလိုက်တော့သည်။

+++

မောင်သာအောင်မှာ ကမူးရှူးထိုးပုံစံဖြင့် ဈေးဝင်းပလက်ဖောင်းပေါ်၌ စက်ဘီးကိုရပ်ခဲ့ပြီး ဈေးတန်းထဲဝင်သွား၏။ နံနက်ကိုးနာရီဝန်းကျင်မို့ ဈေးရောင်းသူ ဝယ်သူများဖြင့် ဆူညံရှုပ်ထွေးလို့နေသည်။ ထို့အပြင် လက်ဖက်ရည်ဆိုင်များမှ ဖွင့်လိုက်သောဆောင်းဘောက်စ်အသံများကလည်း ဆူညံလို့နေတော့၏။ ဈေးအစည်ကားဆုံးအချိန်ပင်။

ကိုတောကျော်ကား ဈေးထိပ်ကွမ်းယာဆိုင်လေးဘေးမှာထိုင်ရင်း စက်ဘီးလေးဘေးမှ ဖြတ်သွားဖြတ်လာများကို စေ့စေ့စပ်စပ်အကဲခတ် လေ့လာနေ၏။ အချိန်ကြာလာသော်လည်း အခြေအနေက မထူးခြားသေး။ သားကောင်က ငြိမ်သက်နေသေးသည်။

''အင်း .. ဒီနေ့လာမှလာပါ့မလား''

အတွေးတစ်စဝင်လာသော်လည်း ကိုတောကျော် စိတ်ကိုရှည်ရှည်ထားနေရ၏။ တစ်ချက်တစ်ချက် သူထိုင်နေသည့်နေရာနှင့် မျက်စောင်းထိုးကျကျ

www.burmeseclassic.com



လက်ဖက်ရည်ဆိုင်ဆီမှ ဆောင်းဘောက်စ်သံက ထွက်ထွက်လာတတ်သေးသည်။

"အင်း ... သာအောင်ကတော့ ဗိုလ်ချုပ်လမ်းထိပ်၊ ဒါမှမဟုတ် အရှေ့လမ်းသစ်တန်း၊ ဒါမှမဟုတ် နာရီစင်လမ်းတွေမှာ စောင့်နေတဲ့ သူငယ်ချင်းတွေဆီ ရောက်နေလောက်ပြီ၊ ဒီမှာကလည်း ခုချိန်ထိ ထူးခြားမှုမရှိသေးဘူး၊ ဟူး ... သူခိုးကလည်း ဒီနေ့မှာ လာပါဦးမလားပဲ၊ အေးလေ ... ဆယ့်တစ်နာရီအထိတော့ စောင့်လိုက်ဦးမယ်၊ ကတွတ်ပေါက်က ဗျိုင်းလိုပေါ့ ..."

ကိုတောကျော် စိတ်ထဲမှပြောရင်း လက်ပတ်နာရီကို ပြန်ပြီးကြည့်လိုက်၏။

"ဆယ်နာရီတောင်ခွဲတော့မယ်၊ ကဲ ... ညီလေးရေ ကွမ်းတစ်ထုပ်လောက်လုပ်ပေးပါဦးကွ၊ ဟင် ..."

ကွမ်းယာမှာနေစဉ် လက်ဖက်ရည်ဆိုင်ဖက်မှ အသက်အစိတ်ခန့် လူငယ်တစ်ယောက်ကို ထူးခြားစွာမြင်လိုက်ရသည်။ ဆွယ်တာအနက်ရောင်ခပ်နွမ်းနွမ်းနှင့် ပုဆိုးကိုဝတ်ထားသော်လည်း ခြေထောက်မှာ ရှူးဖိနပ်ကို ဝတ်ထားသည်က ဘယ်လိုမှမအပ်စပ်လှ။

အခြားသူများမှာ ကိုယ့်ကိစ္စနှင့်ကိုယ်သွားလာနေကြသဖြင့် ဂရုမပြုမိကြသော်လည်း ကိုတောကျော်လိုလူမျိုးအဖို့ စိတ်ဝင်စားစရာ အကွက်တစ်ခုပင်။ ထို့အပြင် မောင်သာအောင်ဝင်ရောက်သွားသော ဈေးတန်းဖက်ကို အကဲခတ်သည့်ပုံဖြင့် စက်ဘီးရှိရာဘက်သို့ တဖြည်းဖြည်းလမ်းလျှောက်သွားနေ၏။ ထိုအချိန် –

"အစ်ကိုကြီး ... ကွမ်းယာရပြီ"

"သြော် ... အေး အေး၊ ပေးရော့ ပိုက်ဆံ"

ကွမ်းထုပ်ကိုဖွင့်၍ ကွမ်းတစ်ယာပါးစောင်ထဲထည့်ပြီး စက်ဘီးရပ်ထားရာသို့လှမ်းအကြည့်စက်ဘီးကမရှိတော့။

"ဟာ ... ပါသွားပြီ"

ကိုတောကျော် ချက်ချင်းပင် စက်ဘီးကိုတွန်းပြီး ထွက်လိုက်ရင်း နာရီစင်ဘက်သွားသော ဈေးလမ်းကို ကြည့်လိုက်၏။ ထိုလမ်းက လူသွားလူလာအရှုပ်ဆုံး။ စက်ဘီးကိုစီးပြေးဖို့ မဖြစ်နိုင်။ အမြန်စီးထွက်မည်ဆိုလျှင် လမ်းသစ်တန်းလမ်းကိုသာ ရွေးရပေမည်။ လူအသွားအလာလည်း သိပ်မရှုပ်။

ကိုတောကျော် စက်ဘီးကိုအမြန်နင်းတက်ရင်း လမ်းသစ်တန်းလမ်းဘက်ကိုရွေးလိုက်၏။ စက်ဘီးကို အရှိန်တင်လိုက်ရင်း ရှေ့သို့လှမ်းကြည့်လိုက်ရာ ..

"ဟာ ... ဟိုးရှေ့မှာပဲ၊ ဆွယ်တာအနက်နဲ့ကောင်၊ ငါထင်တဲ့အတိုင်းပဲ၊ တွေ့ကြသေးတာပေါ့ကွာ၊ ကျေးလက်စုံထောက်နဲ့ မြို့ပေါ်က သူခိုး"

စိတ်ထဲမှကြုံးဝါးရင်း လမ်းသွားလမ်းလာအချို့ကို ရှောင်ကွင်း၍ ရှေ့မှလူကို အမီလိုက်ခဲ့တော့သည်။

ရှေ့မှလူက ဗိုလ်ချုပ်လမ်းထိပ်ရောက်သော်လည်း ချိုးမကွေ့ဘဲ လမ်းသစ်တန်းလမ်းအတိုင်း ဆက်၍နင်းပြန်၏။ ကိုတောကျော်က စက်ဘီးကို ထပ်မံအရှိန်တင်၍ အမီလိုက်ရန်ပြင်လိုက်စဉ်

"ဗျို့ ... ကိုတောကျော်၊ ကျုပ်တို့က ဒီမှာဗျ ..."

ဗိုလ်ချုပ်လမ်းထိပ်မှ မောင်သာအောင့်အသံပင်။ သူ့အသံကြောင့် ကိုတောကျော် အရှိန်တန့်သွားသော်လည်း လှည့်မကြည့်ဘဲ လိုက်ခဲ့ရန်သာ လက်ပြခဲ့၏။ စက်ဘီးသူခိုးမှာ စံရွှေးတန်းလမ်းထဲသို့ အရှိန်မြင့်၍ ချိုးကွေ့ဝင်သွားတော့သည်။ သူ့မူအတိုင်း၊ လမ်းတစ်ကွေ့ဗျူဟာကို စတင်သုံးလိုက်ပေပြီ။

နောက်မှကိုတောကျော်လည်း စံရွှေးတန်းလမ်းထိပ်အရောက် မောင်သာအောင်တို့လည်း နှစ်ယောက်သား စက်ဘီးတစ်စီးဖြင့် မီလာတော့၏။ မောင်သာအောင်က ပြူးပြူးပြာပြာဖြင့် –

"ကျုပ်စက်ဘီးပါသွားပြီလား ကိုတောကျော်၊ ပြန်မရရင်တော့ ကျုပ်တို့ လင့်မယား ကွဲမှာဗျ ... ဒုက္ခပါပဲ"

"ကဲ ... မြန်မြန်သာလိုက်စမ်းပါကွာ၊ ဒီကောင့်ကို ငါမှတ်မိတယ်၊ ဆွယ်တာအနက်နဲ့ ပုဆိုးဝတ်ထားပေမဲ့ မစပ်မဟပ် ရှူးဖိနပ်ဝတ်ထားတယ်၊ အသိသာကြီး၊ မြန်မြန်လိုက်ကွ၊ မင်းစက်ဘီးဆုံးသွားရင် ငါလျော်ပေးမယ်"

သူတို့သုံးယောက်သား ရပ်ကွက်လမ်းထဲ ချိုးဝင်လိုက်သည်နှင့် လမ်းတစ်လျှောက် လူရှင်းနေ၏။ ရှေ့ခပ်လှမ်းလှမ်း၌သာ စက်ဘီးစီးသွားသူတစ်ယောက်ကို လှမ်းမြင်ရသည်။ သို့သော် ထိုလူက ဘောင်းဘီရှည်အနက်နှင့် စပို့ရှပ်အဖြူလက်တိုကို ဝတ်ထားသူပင်။ စက်ဘီးခိုးသူ၏ ဝတ်စုံမျိုးမဟုတ်။ သူခိုးကား ဘယ်ချောင်ကပ်နေသည်မသိ။

လမ်းထဲသို့ဝင်လာသည့်အချိန်မှစ၍ ကိုတောကျော်က မျက်လုံးတစ်စုံလုံးကို အနားမပေး။ လမ်းဟိုဘက်သည်ဘက်နှင့် ဈေးဆိုင်ပေါင်းမကျန် ကြည့်လာခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေရာအရောက် ကုက္ကိုပင်အမြစ်ဆုံအခွက်ကြားသို့ အကြည့်ရောက်သွားပြီး ပြုံးလိုက်ရင်း –

"ကဲ ... ဟိုးရှေ့ကကောင်ကို မိအောင်လိုက်ပြီး ဖမ်းကြတော့"

"ဟာ ... ခိုးတဲ့ကောင်က ဆွယ်တာအနက်နဲ့ဆို၊ ပြီးတော့ ပုဆိုးနဲ့ဆို၊ ရှေ့ကကောင်ဝတ်ထားတာက ..."

"သူခိုးကို ငါပြပြီးပြီနော် ...၊ ဒီကောင် နောက်တစ်လမ်းကွေ့သွားရင် မင်းရဲ့စက်ဘီး ပျောက်နိုင်တယ်"

ကိုတောကျော်၏ ခပ်ပြတ်ပြတ်အပြောကြောင့် မောင်သာအောင်မှာ ကုန်းရုန်းပြီး အမြန်နင်းလိုက်သွားတော့၏။ ကြံ့ခိုင်သန်စွမ်းသော တောသားလည်းဖြစ်ပြန်၊ သူ့စက်ဘီးအတွက် စိုးရိမ်စိတ်ကြောင့် နစ်ယောက်ဝိတ်ပင်ဖြစ်သော်လည်း ရှေ့မှစက်ဘီးသမားကို ခဏလေးနှင့်ပင် မီသွားတော့၏။ ဘေးချင်းယှဉ်မိသည်နှင့် –

"ဟ ... ငါ့စက်ဘီးဟ"

အော်လည်းအော်၊ စက်ဘီးပေါ်မှလည်း ခုန်ဆင်းလိုက်ကြ၏။ မောင်သာအောင်က သူ့စက်ဘီးကိုဆွဲလုနေပြီး ကျန်တစ်ယောက်က ဘောင်းဘီရှည်နှင့် သူခိုးကို အတင်းဖမ်းချုပ်တော့သည်။ သူခိုးကလည်း ရုန်းကန်ရင်း ပြန်လည်ခုခံရန် ကြိုးစားနေ၏။

ထိုအချိန်တွင် ကိုတောကျော်လည်း အနားရောက်သွားပြီး စက်ဘီးပေါ်မှဆင်းလိုက်ကာ –

"ကဲ ... ကိုယ့်လူ၊ မင်းရဲ့အရေခွံပြောင်းပြီးခိုးတဲ့လုပ်ရပ်ကို ဒီနေ့အဆုံးသတ်လိုက်ပြီဟေ့၊ အေး ... မင်းလည်း အသားမနာချင်ရင် အေးအေးဆေးဆေး စခန်းကိုလိုက်ခဲ့ပေတော့၊ ကလန်ကဆန်လုပ်နေရင်တော့ ငါ့လက်သီးက နှာမတန်းမတစ်ကောင်ကိုတောင် ဖင်ထိုင်ပြီးကျစေတယ်နော် ..."

စက်ဘီးသူခိုးမှာ ကိုတောကျော်၏ အမူအရာ ဟိတ်ဟန်နှင့် ပြတ်သားသောအပြောကြောင့် ခေါင်းစိုက်၍ငြိမ်ကျသွားတော့ပေသည်။

+++

"ဟား ... ပိုင်လိုက်တာ မောင်တောကျော်ရယ် ...၊ ဒါနဲ့ အရေခွံခွာတဲ့ကိစ္စကို လင်းစမ်းပါဦး"

ရွာလူကြီးအမေးစကားအား ကိုတောကျော်က နှုတ်ခမ်းမွှေးကို တစ်ချက်သပ်လိုက်ရင်း –

"ဒီလို ဦးလေးရေ ...၊ ပထမတော့ လမ်းတစ်ခုထဲချိုးဝင်သွားတိုင်း ဒီကောင့်ကိုမတွေ့ရတော့တာ မြှုပ်ကွက်တစ်ခုတော့ရှိမှာပဲလို့ တွေးမိတယ်၊ အဲဖြစ်ချင်တော့ ကျွန်တော့်အကျီချွတ်တာကို သာအေးမျက်စိလည်သွားတာက နည်းပညာရလိုက်တာပဲလေ ..."

"ဟေ ... ဒီလိုဆို ဒီသူခိုးက အကျီတွေလဲပစ်တာပေါ့ ... ဟုတ်လား"

"ဟုတ်ပါ့ဗျား ...၊ အင်း .. ကောင်းလှျင်တစ်ကွက်၊ ဆေးကောင်းလှျင်တစ်စက် ဆိုသလိုပေါ့၊ အတွေးကောင်းလေးတစ်ချက်ကြောင့် သူခိုးကို ဖမ်းမိရတာပေါ့ဗျာ၊ ဒီကောင်က စပို့ရှပ်နဲ့ဘောင်းဘီကို အောက်ကခံဝတ်ထားတာ၊ ရှူးဖိနပ်ကိုဝတ်ထားတာကိုး၊ လမ်းထဲဝင်လိုက်ကတည်းက ဒီကောင့်အဝတ်ပေှာင်းတွေကို ကြည့်လာခဲ့တာ၊ ဟဲ ... ဟဲ၊ ကုက္ကိုအမြစ်ကြားမှာ ဆွယ်တာနဲ့ပုဆိုးကို လှမ်းမြင်လိုက်တာဟာ ဒီကောင် အရေခွံလဲလိုက်တာပဲ၊ သာအေးကပေးလိုက်တဲ့ အတွေးတစ်ချက်ဟာ ကွက်တိကိုထိသွားတော့တာပဲ ဦးလေးရေ ..."

"ဟယ်လည်း တော်ပါလား မောင်တောကျော်ရယ် ...၊ မင်းလို ငါတို့မတွေးမိပါဘူးကွာ၊ ဒါကြောင့် မြို့ပေါ်ကသူခိုးကို ဖမ်းနိုင်မယ်လို့ ငါမထင်ခဲ့တာပါ၊ ကဲ ... ရေနွေးခါးခါးနဲ့ လက်ဖက်အမြည်းလေး သုံးဆောင်ပါဦးကွ"

ဦးဘမောင်က ရေနွေးဇန်းကို ရှေ့သို့တိုးရွှေ့ပေးလိုက်ရာ ကိုတောကျော်က လက်ကာလိုက်ရင်း –

"နေပါစေ ဦးလေး၊ ကျွန်တော် မသောက်တော့ပါဘူး၊ သူခိုးမိတဲ့နေ့ကျမှ လာခဲ့မယ်လို့ ပြောထားခဲ့လို့ ဦးလေးဆီကိုလာခဲ့တာပါ၊ ပြီးတော့ ... မြို့သား တောသားရယ် 'မဟုတ်ပါဘူး၊ အစွမ်းစစ်ရင် လမ်းဖြစ်တာပါပဲ၊ ခုတော့ 'တောသားရန်အောင်ခြသေ့်ယောင်' ဆိုသလို ကျွန်တော် ရဲရဲကြီး လုပ်ပြနိုင်ခဲ့ပြီဆိုတာလည်း သိစေချင်လို့ပါ၊ ကဲ ... ကျွန်တော့်ကို ခွင့်ပြုပါဦး"

ပြောပြောဆိုဆိုဖြင့် ထ၍ပြန်သွားသော ကိုတောကျော်၏ ရဲဝံ့ပြတ်သားသော စိတ်ထားအား ရွာလူကြီးဦးဘမောင်မှာ မလေးစားဘဲမနေနိုင်တော့ပြီတကား ...။

ခြူးရဲသန့်



www.burmeseclassic.com

www.burmeseclassic.com

# ရှင်လွှန်းမယ်

## ယုံလွယ်လျှင် အမှားတစ်ရာ





www.burmeseclassic.com

www.burmeseclassic.com



အခန်း(၁)

"စပယ်ရှယ်ဝမ်း ကုန်စုံဆိုင်"

အဖြူခံပေါ်တွင် အနီရောင်ရဲရဲ စာလုံးများက ထင်းနေသည်။ ညအခါ ဆိုင်ပိတ်လျှင် ဆိုင်းဘုတ်၏အပေါ်၌ မီး[illegible]င်းတွန်းထားသဖြင့် ရပ်ကွက်ထဲက ပဲ[illegible]ကြည့်ကြည့်၊ ဘယ်ကပဲကြည့် ကြည့်[illegible]ထင်းနေသည်။

[illegible]ဆိုင်ပြုလုပ်ထားပုံက စာစ် ထပ်တိုက်[illegible]များလိုက်ခပ်ရှည်ရှည် ပေသုံးဆယ်ခန့် ဆောက်ထားခြင်းဖြစ် သည်။ ပစ္စည်းပစ္စယကလည်း စုံသည်။ ကုန်မာ၊ ကုန်ခြောက်၊ ကုန်စို(ဟင်းသီး ဟင်းရွက်) လာမေးလျှင် မရမရှိအောင် အစုံအလင်ထားသည်။

ဈေးကလည်း လက်မလည် အောင်ရောင်းရပါလျက် အဘယ့် ကြောင့် အကြွေးစာရင်းထဲတွင် နှစ်ဆဲ မှတ်တတ်မှန်းမသိချေ။ သူဌေးဖြစ် နောက်ကျနေဦးမည်။ ဒါကလည်း ဒေါ် စိုးမော်ရဲ့ ညာဉ်ဆိုးပင် ဖြစ်သည်။

ဒေါ်စိုးမော်သည် ဤဘိုးသာ အေးကုန်းဇာတိပင်ဖြစ်သည်။ ဘိုးသာ အေးကုန်းအကြောင်း ရှင်းပြရဦးမည်။ ဤဘိုးသာအေးကုန်းဖြစ်လာမည့်နေရာ သည် ယခင်က ဗမာသချိုင်းကုန်းဖြစ် သည်။ ထိုသချိုင်းကုန်းစောင့်(သုဘရာ ဇာ)ဘိုးသာအေးတို့မိသားစုပဲနေသူရှိ သည်။ နောက်နှစ်ကာလတွေကြာ လူဦး ရေထူထပ်လာသောအခါ သချိုင်းကုန်း ကို မြို့ပြင်သို့ရွှေ့လိုက်သည်။ နောက် တော့ ထိုသချိုင်းကုန်းအဟောင်း တိုး ချဲ့ရပ်ကွက်သည် ဘိုးသာအေးကုန်းဟု အမည်တွင်လေတော့သည်။

ဆင်းရဲသော ဒေါ်စိုးမော်မှာ ကားဝပ်ရှော့ပိုင်ရှင် ဦးဟန်တင်နှင့် အကြောင်းပါသောအခါ ပြေလည်လာ သည်။ အစပိုင်းတွင် ရွှေတွဲလဲငွေတွဲလဲ နေနိုင်ရုံမျှသာဖြစ်သော်လည်း ဦးဟန် တင်၏ကြိုးစားမှုကြောင့် တိုက်နှင့်နေ နိုင်လာသည်။

မရှိတုန်းကတော့ မရှိသည့်အ လျောက် ရှိတော့လည်း ရှိသည့် အလျောက် လူတွေရဲ့စိတ်များ ပြောင်း လဲတတ်သည်။ ထိုကဲ့သို့ပင် ဒေါ်စိုးမော် သည်လည်း အိတ်ဖောင်း၍စိတ်ပြောင်း လာခဲ့သည်။ ရပ်ကွက်အတွင်း အတိုး ကြီးကြီးနှင့် ငွေတိုးပေးသည်။ ဘဝတူ အချင်းချင်းအပေါ် ကုပ်သွေးစုပ်ရင်း ကြီးပွားချမ်းသာလာသည်။

လက်ကောက်များ တံတောင် ဆစ်အထိ ဆင့်ဝတ်၍ ရွှေဆွဲကြိုးခပ် တုတ်တုတ်က ချက်သို့ပင် ထိလုထိခင်။ လူအများကြားရောက်လျှင် လက် ကောက်ကို တချွင်ချွင်မြည်အောင်လုပ်၊ နားကပ်မြင်သာစေရန် ခေါင်းတယမ်း ယမ်းလုပ်၍ စကားပြောတတ်သည်။

ဆယ့်ငါးနှစ်အရွယ် အပျိုပေါက် သမီးကြီးဖြစ်သူ ချိုချိုတင်ကလည်း မ ခေချေ။ မိခင်ရဲ့ခြေရာကို အသေအချာ နင်းနိုင်သည်။

"မိချိုတို့ရဲ့ရာဇဝင်မှာ သူများ အကြော နည်းနည်းမှခံရိုးထုံးစံမရှိဘူး"

ဟု ရာဇဝင်နှင့်ချီ၍ ပြောတတ် ကြွားတတ်သည်။ နောက် ယခုဝတ် ထားတာက ဘယ်လောက်ဈေးကြီး ကြောင်း၊ နောက်ဆုံးပေါ်မဟုတ်လျှင် လှည့်တောင်မကြည့်တတ်ကြောင်း ပြောတတ်သေးသည်။

တော်ပါသေးရဲ့ ...။

ဆယ့်နှစ်နှစ်အရွယ် မော်မော် တင်က မကြွားတတ်တာလား၊ မကြွား တတ်သေးတာလားမသိ။ မဟုတ်လျှင် ဒေါ်စိုးမော်တို့မိသားစုရဲ့လေနဲ့တင် ဤ ရပ်ကွက်လေး လွင့်နိုင်သည်။

ဦးဟန်တင်တစ်ယောက် ဇနီး သည်ရဲ့ ကြွားဝါမှုကိုပဲ မကြားချင်တာ လား၊ ဘီယာယဉ်ကျေးမှုကိုပဲ အားပေး တာလားမသိ၊ အလုပ်သိမ်းလျှင် တစ် ရက်ဘီယာ(၃)ဘူး အသာလေးသောက် နိုင်သည်။ ဘီယာသောက်တာကလည်း ရေသောက်သကဲ့သို့ တကျိုက်ကျိုက်နှင့် ပင်။ ထို့ကြောင့် ဗိုက်ကြီးက ရွဲသထက် ရွဲကာ ဖောင်းကား၍ ပေါက်ကွဲဖို့ပင် တာစူနေပြီလားမသိချေ။

ဒေါ်စိုးမော်ပုံစံကလည်း သူ့ ယောက်ျားကဲ့သို့ပင် ဝဝဖိုင့်ဖိုင့်၊ လမ်း လျှောက်လျှင် ဝသဖြင့် အိပဲ့အိပဲ့၊ လှုပ်စိလှုပ်စိနှင့် လိုရာခရီးကိုပင် အနိုင် နိုင်။ ပိုဆိုးသည်က အလှုပ်အရှားနည်း တစ်နေရာသွားလျှင် ဆိုင်ကယ်နှင့်၊

www.burmeseclassic.com



ဘယ်နေရာသွားသွား ဆိုင်ကယ်နှင့်ဆို
တော့ ပိုဆိုးသည်။

အခန်း(၂)

"ဦးဟန် ... ဖျို့ ဦးဟန်"

ညသန်းခေါင် ခေါ်သံများက ထိန်းထွက်လာသည်။ တစ်ရပ်ကွက်လုံး အမှောင်ထုအောက်တွင် ငြိမ်သက်တိတ်ဆိတ်နေသည်။ အိမ်မကြီးက ဆိုင်ဘန်းလျားနောက်ဘက်တွင် ရှိသဖြင့် ခေါ်သံ၊ အော်သံများကို တော်ရုံမကြားရတတ်ချေ။

"ဦးဟန်တင် ... ဒေါ်စိုးမော်"

ခေါ်သံ၏နောက်တွင် ခွေးဟောင်သံများ အဆက်မပြတ်ထွက်လာသည်။

"ဟော့ ... ခေါ်သံကြားလားလို့ ဟောင်ကြစမ်း ..."

ဒေါ်စိုးမော်တို့မိသားစုက ကိုရီးယားဇာတ်လမ်းတွဲထဲတွင် စိတ်ဝင်စားနေသည်။ ခေါ်သံကို သတိမထားမိချေ။ ဦးဟန်တင်ကကြား၍ ပြောလိုက်ခြင်းမို့ ...းစွင့်လိုက်ကာ -

"ဟုတ်တယ် ... သွားစမ်း အငယ်မ ... တံခါးဖွင့်စမ်း"

ဒေါ်စိုးမော်က ကိုရီးယားကားဆွဲခေါ်ရာနောက် ပါနေသဖြင့် မထချင်ပေ။ ဇာတ်လမ်းကလည်း စိတ်ဝင်စားရကောင်းနေသည်။

"ဘယ်အချိန်ရှိပြီလဲ ... ကလေးကိုနိုင်းရအောင် ..."

ဦးဟန်တင်က ပွစိပွစိနှင့်ပြောကာ သူပဲသွားဖွင့်လိုက်သည်။ ဒေါ်စိုးမော်က လှည့်၍ပင်မကြည့်ချေ။ ကိုရီးယားကားကြည့်ရင်း အငယ်ဆုံးမကို ဆူလိုက်သည်။

"နိုင်းရင် သွက်သွက်လက်လက် ကိုမရှိဘူး"

ဦးဟန်တင် အိမ်ထဲသို့ပြန်ဝင်လာသောအခါ လူတစ်ယောက်ပါလာသည်။

အသက်(၃၀)အရွယ် ဖြူဖြူချောချော၊ အရပ်မြင့်မြင့်နှင့်လူတစ်ယောက်ပါလာသည်။ ဒေါ်စိုးမော်က မမြင်ဖူးသဖြင့် စိတ်ဝင်စားစွာ လှည့်ကြည့်နေသဖြင့် ဦးဟန်တင် အလိုက်တသိဖြင့် -

"မစိုး ... ဒီကောင်လေးက ငါတို့ရွာက သူငယ်ချင်းထင်ကျော်ရဲ့သား ဇော်ဇော်အောင်တဲ့ ...၊ မောင်ဇော်ဇော်အောင်ရေ ငါကတော့ မင်းကိုလုံးဝ မမှတ်မိတော့တာဟော့ ... မင်းငယ်ငယ်က အသားမဲမဲ၊ သွားကြီးကြီးလေးနဲ့ အခုလိုခန့်လာလိမ့်မယ် မထင်ဘူး"

"အို ... တော်ကလဲ"

ဒေါ်စိုးမော်က လူရွယ်ကိုအားနာစွာ ဦးဟန်တင်ကို ဟန့်လိုက်သည်။ လူရွယ်ကပြုံးကာ -

"ရပါတယ် ဒေါ်လေး၊ ကျွန်တော်ငယ်ငယ်က တော်တော်ရုပ်ဆိုးခဲ့တာကိုးဗြဲ ... ဒါနဲ့ ဦးကြီးအတွက် ရွာက လက်ဆောင်တွေ ထည့်ပေးလိုက်တယ် ဦးကြီး ...၊ ဒီအိတ်က ဒေါ်လေးတို့အတွက် ..."

"အိုကွာ .. ဒါတွေမလိုပါဘူးကွဲ့"

ဦးဟန်တင်က ထန်းခေါက်တောင်းနှစ်တောင်းနှင့် အပြည့်ထည့်လာသော သူတို့ရဲ့ အညာထွက်ပစ္စည်းများကိုကြည့်ကာ မလိုပါဘူးဟု ဆိုသော်လည်း မျက်လုံးများက ဝင်းလက်သွားသည်။ သူ့မိန်းမကို လှမ်းကြည့်လိုက်တော့ ဒေါ်စိုးမော်မျက်နှာ၌ အချိုပေါ်သကာလောင်းလျက်ရှိသည်။

**လူလိမ်တွင်
ချို(ဂျို)မပါချေ။
မိမိ၏
သတိတရား၊
အသိဉာဏ်နှင့်သာ
ဆုံးဖြတ်ရမည်
ဖြစ်သည်။
လူတို့၏
အယုံလွယ်ခြင်းသည်
လူတို့ကို
ဒုက္ခပေးခြင်း
ဖြစ်သည်
...**



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်စိုးမော်သည် မိန်းမတို့၏ထုံးစံအတိုင်း သူ့အမျိုးဘက်က ဆွေမျိုးများကို တင်ကျွေးထားခြင်း၊ သိအောင်ပေးခြင်း၊ မသိအောင်ပေးခြင်းများ ပြုလုပ်သော်လည်း ဦးဟန်တင်က သူ့ရဲ့ဆွေမျိုးများပေါ် ပေးကမ်းထောက်ပံ့မှုကိုတော့ အင်မတန်ကြောက်တတ်သည်။ လာရောက်တည်းခိုမှုကိုလည်း မလိုမုန်းထားကာ ဆောင့်အောင့်တတ်သည်။



ယခုတော့ ပြည့်ဖောင်းသောမျက်နှာက မောင့်လပြည့်ဝန်းဖြစ်ကာ –

"ဒါတွေမလိုပါဘူး မောင်ရင်ရယ်၊ ခရီးကလာတယ်ဆိုတော့ ဘာမှမစားခဲ့ရသေးဘူးထင်တယ် ...၊ သမီးကြီးရေ ညည်းအစ်ကိုအတွက် ထမင်းပွဲသွားနွေးလိုက်ပါကွယ် ..."

လူရွယ်က ထိုင်ရာမှထဖို့ပြင်နေသော ချိုချိုတင်ကို လက်ကာပြကာ

"နေပါစေဒေါ်လေး ...ကျွန်တော် မြို့ထဲမှာစာခဲ့ပြီးပါပြီ ဒေါ်လေး"

"ဟုတ်လား ...၊မောင်ရင့်မိဘတွေကကော အခုရွာမှာပဲလား၊ တောင်သူအလုပ်ပဲလုပ်ကြတာလား ..."

ဒေါ်စိုးမော်က ဇော်ဇော်အောင်ကို အင်တာဗျူးနေသည်။ လူရွယ်က ရုပ်ရည်သားသားနားနား၊ နောက် ဆွဲကြိုးများ၊ ဟန်းချိန်းများ၊ လက်စွပ်များ ဝတ်ထားသဖြင့် ပို၍ ဖော်ရွေနေသည်။

"ဒီမှာတည်းနော် ... ဘာမှမပူနဲ့ ကိုယ့်ရပ်ဆွေရပ်မျိုးတွေပဲ ...၊နောက်လားရှိုးလာရင် ဒေါ်ဒေါ်တို့ဆီမှာပဲ တည်း ...ကြားလား"

"ဟုတ်ကဲ့ ဒေါ်လေး"

အခန်း(၃)

"မောင်ဇော်ဇော် ...မင်းလုပ်စရာမလိုပါဘူးကွဲ့ ...၊ ဟဲ့ ...အလုပ်သမားတွေဘယ်သူမှမရှိတော့ဘူးလား ...လာကြစမ်းပါဦး ..."

"ရပါတယ် ဒေါ်လေးရယ်၊ ညှဲ့သည်လို သဘောမထားပါနဲ့၊ ဒီအိမ်ရဲ့ ထမင်းစားပြီးမှတော့ ကျွန်တော့်ကို ဒီလောက်တော့ လုပ်ခွင့်ပေးပါ"

"အို ... မဟုတ်တာ၊ အေးအေးသက်သာနေစမ်းပါ"

နှစ်ယောက်သား ဟုတ်တော[...] ဟုတ်နေသည်။ ဇော်ဇော်အောင် ဤ[...] အိမ်သို့ရောက်လာသည်မှာ တစ်[...] ပြည့်တော့မည်။ အပြောကကော[...] ကောင်း၊ အလိုက်ကလည်းသိသိ[...] ဒေါ်စိုးမော် ခုထက်ထိ ငြိုငြင်မှုမပြေ[...] ချေ။

သမီးကြီးချိုချိုတင်နှင့် ရင်း[...] နီးနီးရှိနေသည်ကိုပင် မသိသလိုလို[...] မြင်သလိုလို လုပ်နေလိုက်သည်။

"ဟဲ့ ...အလုပ်သမားတွေ [...] တော့ဘူးလားလို့"

"လာပါပြီ အန်တီစိုး"

အိမ်နောက်ဘက်မှ ဆိုင်အ[...] ကောင်လေး ပြေးထွက်လာသည်။ [...] စိုးမော် ခါးပေါ်လက်တင်ကာ –

"ဒီအချိန် ငါပြန်ရောက်မယ်မှ[...] သိရဲ့နဲ့ နောက်ဘက်ဘာသွားလုပ်[...] တာလဲ ...၊ နင်တို့ အလုပ်ကိုနိ[...] ဖို့ပဲ သိမနေနဲ့၊ အလိုက်တသိဘာမှ[...] ဘူး၊ ညှဲ့သည်ကိုအားနာစရာ၊ မော[...] ဇော်ဇော်ထားခဲ့ ... ထားခဲ့၊ အဲဒါ[...] ထား အိမ်ထဲသွား၊ ဆိုင်ကအလ[...] သမားတွေက ကူတဲ့သူရှိရင် ခိုက[...] တတ်တယ် ..."

"ဟုတ်ကဲ့ ဒေါ်လေး"

ဇော်ဇော်အောင်က ဆိုင်နော[...] ဘက်က အိမ်မကြီးဆီသို့ လျှောက်သ[...] သည်။ ဆိုင်အကူကောင်လေးက [...] စိုးမော် အသလွှတ်ဟောက်သည်[...] မကျေနပ်သဖြင့် –

"နောက်ဆို အန်တီစိုး သေ[...] မသိဘဲနဲ့ ဘာမှမပြောပါနဲ့"

"အောင်မယ် ဘာမသေချာဘဲ[...]

www.burmeseclassic.com



ငှ်အလုပ်က ဆိုင်ကိုစောင့်ဖို့မဟုတ်ဘူး၊ ဆိုင်မစောင့်ဘဲ ဘာလို့နောက်ကက်သွားနေတာလဲ''

''အဲဒါ အန်တီစိုးငြိမ့်သည်ကင်းလို့လေ၊ အိမ်နောက်ဘက်မှာ ပလပ်တစ်အမှိုက်တွေ ရှုပ်နေတယ်၊ သွားင်းလိုက်ဦးဆိုလို့''

''အေးလေ ... ဟုတ်သားပဲ၊ င်ကြာလည်း မခိုင်းရင် မလုပ်ဘူး၊ င်းမှလုပ်တယ်၊ ကိုယ့်အိမ်က အလုပ်ဟုတ်လို့ ... ဟွန်း ...''

ဒေါ်စိုးမော်က ဇော်ဇော်အောင်ရဲ့ သိတတ်မှုကိုသဘောကျကာ အလုပ်သမားကို ငေါက်လိုက်သေးသည်။

အခန်း(၄)

''အမလေး ... ကုန်ပါပြီ ... ကုန်ပါပြီ ... အရပ်ကတို့ရေ ... အီးဟီးဟီး ...''

မနက်(၅)နာရီခန့် ...။ စောစောစီးစီးဟုပင် ဆိုရမည်။ မနက်စောစော ကျက်သရေမရှိ အော်ငိုသံများက တစ်အိမ်နှင့်တစ်အိမ် ထိစပ်နေသော ရပ်ကွက်အတွင်း အကျည်းတန်သွားစေသည်။ လက်လုပ်လက်စားရပ်ကွက်မို့ ဤအချိန် ဘယ်သူမှမထသေးတာ မဟုတ်ပေမဲ့ ညဥ့်နက်အောင် အလုပ်လုပ်ရသူများအဖို့ ကြီးစွာသောအနှောင့်အယှက်ဖြစ်လေသည်။

''ဘာဖြစ်တာလဲ ... ဘယ်သူ့အိမ်ကလဲ''

''ဘာဖြစ်မှန်းမသိဘူး''

''ဒေါ်စိုးမော်အိမ်ကပဲ၊ လာလာ သွားကြည့်ရအောင်''

ယောက်ျားသားအချို့နှင့် မိန်းမသားများက ဒေါ်စိုးမော်အိမ်ဆီသို့ ရောက်သွားသည်။ ရပ်ကွက်ထဲရှိလူများ ရောက်လာသောအခါ ဒေါ်စိုးမော်အိမ်ထဲတွင် ရပ်ကွက်လူကြီး ဦးဝင်းမောင်ကို တွေ့လိုက်ရသဖြင့် အိမ်ထဲကိုမဝင်သော်လည်း ပြူတစ်ပြူတစ်နှင့် ကြည့်ကြလေသည်။

ကြည့်ရသည်မှာ ဒေါ်စိုးမော်တို့ မိသားစု မျက်နှာပင် သစ်ရသေးဟန်မတူချေ။ ဦးဝင်းမောင်က ဒေါ်စိုးမော်ကို မေးမြန်းခြင်း လုပ်ပါတော့သည်။

''ဘာဖြစ်တာလဲ မစိုးမော်''

''ဦးလေးရေ ... လုပ်ပါဦး၊ ကျွန်မတို့ရွှေငွေတွေနဲ့ ဆိုင်ကယ်ခိုးခံရလို့''

''ဟေ ... ဟာ ... ဒါဆို ရဲတိုင်မှဖြစ်မှာပေါ့ ... အချိန်ဆွဲနေလို့ ဘယ်ဖြစ်ပါ့မလဲ၊ ဖုန်းရှိတယ်မဟုတ်လား ပေးစမ်း''

ဦးဝင်းမောင်က အမှတ်(၁)ရဲစခန်းကို ဖုန်းဆက်နေသည်။ အကြောင်းအရင်းကိုသိသွားကြသည့် ရပ်ကွက်သူ၊ ရပ်ကွက်သားများက ဒေါ်စိုးမော်၏ အငိုမျက်နှာကို မသနားသည့်အပြင်

''နည်းတောင်နည်းသေး ...''

''ဟုတ်ပါ့ ... သူများအပေါ် မသထာရေစာတွေ စားထားလို့လေ''

''တွေ့တယ်မဟုတ်လား၊ ငါတို့ဆီက ပိုက်ဆံတွေ ပိုပိုစားထားတာ အခုတော့ သူ့ရွှေငွေတွေ သူများမသွားပြီ''

ထုံးစံအတိုင်း မိန်းမတို့၏သဘာဝအတိုင်း အတင်းကတုပ်သေး၊ တိုးတိုးသာသာမပြော၊ ကြားရသူအဖို့ နားမချမ်းသာစရာ၊ ဦးဝင်းမောင်က ဒေါ်စိုးမော်ကို သိပ်မဟုတ်သော်လည်း ဦးဟန်တင်ကို အားနာစွာ –

''ဟဲ့ ... သွားကြစမ်း၊ နေရင်လည်း တိတ်တိတ်နေကြ၊ ခဏနေ ရဲတွေလာတော့မယ်''

ရဲတွေလာတော့မည် ဆိုသောစကားကြောင့် အားလုံးချက်ခြင်းတိတ်ကျသွားသည်။

ကလေးတစ်ယောက်က ဖြဲခနဲအော်ငိုသောအခါ မိခင်က ကလေးငယ်ခေါင်းကို ဒေါက်ခနဲခေါက်ကာ –

''ဟဲ့ တိတ်စမ်း ... ရဲတွေဖမ်းမှာ မကြောက်ဘူးလား''

သူ့ခြိမ်းခြောက်ပုံက ကောင်းသား။ ကလေးငယ်က ချက်ခြင်းအငိုတိတ်သွားလေသည်။ ရဲတွေရောက်လာသောအခါ –

''ပစ္စည်းခိုးသွားတဲ့သူကို သိသလား''

''ဟုတ်ကဲ့ ... ဇော်ဇော်အောင်တဲ့၊ (...)ရွာကပါ၊ ကိုဟန်တင်ရဲ့ ညီ့သည်ဆိုပြီး ရောက်လာခဲ့တာပါ''

''ဘာပစ္စည်းတွေ ပါသွားသလဲ၊ ဘယ်လောက်သွားသလဲ မှတ်မိရင်ပြောပါ ...''

''အံဆွဲထဲမှာထည့်ထားတဲ့ ငွေသား သိန်း(၂၀)၊ လက်ဝတ်လက်စားတွေက တစ်မတ်သားဆွဲကြိုး(၂)ကုံး၊ တစ်ကျပ်သားဆွဲကြိုးတစ်ကုံး၊ စိန်ခြယ်နားကပ် တစ်ရံ၊ ကျောက်နီလက်စွပ်တစ်ကွင်း။ အဲဒါက အိမ်တွင်းပစ္စည်းပါဆရာ၊ ဆိုင်ထဲမှာထည့်ထားတဲ့ လိုင်စင်ရှိ ကန်ဘို(Kenbo)ဆိုင်ကယ်ပါသွားပါတယ် ...''

သိန်းလေးဆယ်နီးပါး ခိုးမှုတစ်ခုပင် ဖြစ်သည်။ များပြားလှသောအတိုင်းအတာမို့ အခုမှ စုတ်တသတ်

www.burmeseclassic.com





မကောင်းမှုပြု
လုပ်ထားသူသည်
ကြာကြာပုန်း၍
မရနိုင်ပါ။
ဥပဒေအရေးခွဲ
မခြုံသရွေ့
ဘယ်မှာ
လုံခြုံနိုင်ပါမည်နည်း
...

သတ်နှင့် ဖြစ်လေတော့သည်။

"ဖော်ဖော်အောင်က ဦးဟန်တင်တို့ ရွာသားဆိုတာ ဟုတ်လား"

"ဟုတ်ပါတယ်ဆရာ ...၊ သူ့မိဘတွေနဲ့ ကျွန်တော်သိပါတယ်၊ ရွာကဆိုင်ကယ်ဝယ်ဖို့ တက်လာတာတဲ့၊ မူဆယ်မှာ ဆိုင်ကယ်သွားဝယ်မယ်ဆိုပြီး အခု အိမ်ကဆိုင်ကယ် မသွားတော့တာပဲ ဆရာရယ်"

ကဲ .. အချိန် ဆွဲလို့မရဘူး ... ဆရာကျော်ကျော် ..."

အခန်း(၅)

ရဲများ (–)ရွာသို့ ရောက်သွားသည်။ ရပ်ရွာလူကြီးနှင့်အတူ ဖော်ဖော်အောင်၏မိဘများအိမ်သို့ ရောက်သွားသောအခါမှ အဖြစ်မှန်သိလိုက်ရသည်။ ဦးဟန်တင်အိမ်ရောက်လာသော ဖော်ဖော်အောင်သည် ဦးထင်ကျော်၏သား ဖော်ဖော်အောင် မဟုတ်ပါ။ ဖော်ဖော်အောင်နာမည် အလွဲသုံးစားလုပ်ထားသည့် လူလိမ်အယောင်ဆောင် မျိုးဝင်းနိုင်ဖြစ်သည်။ မျိုးဝင်းနိုင်မှာ ဖော်ဖော်အောင်၏သူငယ်ချင်းအဖြစ် မြို့မှ ရောက်လာပြီး ရွာတွင်လည်း လိမ်လည်မှုတစ်ခုကို ကျူးလွန်ပြီး ဦးဟန်တင်တို့အိမ်သို့ ရောက်သွားခြင်းဖြစ်သည်။

ဦးထင်ကျော်၏သား ဖော်ဖော်အောင်မှာ မန္တလေးတွင် အလုပ်လုပ်နေသူဖြစ်သည်။ ဖော်ဖော်အောင်နှင့် မျိုးဝင်းနိုင်သည် အလုပ်တစ်ခုတည်းတွင် လုပ်နေသူများဖြစ်ပြီး မျိုးဝင်းနိုင် ဖော်ဖော်အောင်တို့၏ရွာ အလည်သွားသောအခါ ဖော်ဖော်အောင်က ဆိုင်ကယ်ဝယ်ဖို့ငွေငါးသိန်း ဖခင်ဆီ လူကြုံနှင့်

တောင်းခိုင်းခြင်းဖြစ်သည်။ ထိုငွေငါး သိန်းကို မျိုးဝင်းနိုင်က ဦးထင်ကျော်ဆီ တောင်းပြီး လစ်ပြေးလေသည်။

မျိုးဝင်းနိုင်သည် မန္တလေးဇာတိ ဖြစ်သည်။ မိဘများမရှိတော့ချေ။ အဒေါ်၏အိမ်တွင် နေသူဖြစ်သည်၊ အဒေါ်ဆိုသူက –

"သူ အိမ်ကိုပြန်မလာတာ (၃) လတောင်ရှိပြီဆရာ ...၊ ဒီရောက် ဘာတွေရှုပ်ထားပြန်ပြီလည်းမသိဘူး ခဏခဏအမှုရှာတဲ့ကောင် ..."

ဟု မြည်တွန်လေသည်။ ဟိုဟိုဒီဒီ လှည့်ပတ်မေးရင်း မျိုးဝင်းနိုင် ဘယ်မှာ ရှိသလဲ မသိကြောင်း သတိထားမိ သည်။ လိမ်လည်မှု၊ ခိုးမှု(၂)မှု ကျူး လွန်ခဲ့သော မျိုးဝင်းနိုင်၏လမ်းစက တော့ ပျောက်နေသည်။

လူလိမ်တွင် ချို(ဂျို)မပါချေ။ မိမိ ၏သတိတရား၊ အသိဉာဏ်နှင့်သာ ဆုံးဖြတ်ရမည် ဖြစ်သည်။ လူတို့၏ အယုံလွယ်ခြင်းသည် လူတို့ကို ဒုက္ခပေး ခြင်းဖြစ်သည်။ တိုးတက်လာသော ခေတ်တွင် ဝတ်ကောင်းစားကောင်းများ နှင့် သူခိုးအကြီးစားများ ဒုနှင့်ဒေး ဟိတ်ဟန်ကောင်းသည်၊ မင်မောင်းကောင်း ကောင်းနှင့် လိမ်ညာကတ်သည်။ ထိုသို့ သောလူမျိုးများ မကောင်းမှုကို ကျူး လွန်သောအခါ မထင်ရဘူးနော်ဟု မှတ် ချက်ပေးတတ်ကြလေသည်။ သို့သော် မကောင်းမှုပြုလုပ်ထားသူသည် ကြာ ကြာပုန်း၍မရနိုင်ပါ။ ဥပဒေအရေးခွဲ မခြုံ သရွေ့ ဘယ်မှာလုံခြုံနိုင်ပါမည်နည်း။

ရှင်လွန်းမယ်


www.burmeseclassic.com



ပညာရှိသောသူသည် အပြစ်လွတ်ကင်း၍
သန့်ရှင်းသော၊ ရှန့်ရှင်းကြမ်းတမ်းမှု
အလျဉ်းမရှိသော သာယာနာပျော်ဖွယ်မှန်သော
စကားကိုသာ ပြောဆို၏ . . .

# မောင်ဆစ်နွယ်

## စကားချိုချို စကားခါးခါး





www.burmeseclassic.com

www.burmeseclassic.com

နံ့ယောက်ရသ

မည်ဆိုလျှင် ဗာရာဏသီ၏အရှင်သခင် ဖြစ်သော ဘုရင်ဗြဟ္မဒတ္တအကြောင်း သာလျှင်ဝိတ္ထာချဲ့စရာရှိပေသည်။

ဘုရင်သည် လွန်စွာတရားမဲ့၏။ စကားအရာတွင် အလကားမရှိ။ ပြောသင့်မပြောသင့် အဆင်ခြင်ကင်းမဲ့သူ၊ နှုတ်ထွက်ကြမ်းတမ်းရမ်းကားသူ၊ တုတ်ထိုးအိုးပေါက်၊ ငါ့စကားနွားရ ပြောလေ့ပြောထရှိ၏။ ငါဘုရင် ငါပြော ချင်ရာပြောမည်။ ဆိုချင်ရာဆိုမည်။ ခံနိုင်လျှင်ခံ၊ မခံနိုင်လျှင်နေဟူသော ကိုယ်ချင်းစာတရားကင်းမဲ့ဆိတ်သုဉ်းသူပင်။

အပြောအဆိုခံရသူများသည် ဘုရင်၏ ရိုင်းပြသော၊ စော်ကားနှိမ့်ချသော ဖရုသဝါစာများကြောင့် နာလိုခံခက်ဖြစ်ကြ၏။ မကျေနပ်သော်လည်း သက်ဦးဆံပိုင်ဘုရင်နှင့်အညတရပြည်သူများသာဖြစ်၍ နှုတ်လှန်မထိုးဝံ့။ ထိရှနာကျင်မှုများကို သည်းခံကြရသည်သာ။

ဘုရင်ကစ၍ ရန့်ရင်းကြမ်းတမ်းသဖြင့် ဘုရင့်အမှုတော်ထမ်းများထဲမှ တစ်ချို့ တချို့သော မင်းမှုထမ်းများသည် ဘုရင့်သံယောင်လိုက်၍ မည်သူ့ကိုမျှ လူမထင်ကြတော့။ ခေါင်က မိုးမလုံသောအခါ အရာရာတရားမဲ့တတ်သည့် သဘောပင်။ ဗာရာဏသီဘုရင်နှင့် သူ၏ အပေါင်းပါအခြွေအရံသိကများသည် ဗာရာဏသီတွင် နာမည်ဆိုးဖြင့် ကျော်ကြားသူများပင် ဖြစ်ပါသတည်း။

+++

(၁)

ဗာရာဏသီပြည် ..။

အေးချမ်းသည်။ စည်ပင်သည်။ ဝပြောသာယာသည့် ရွှေမြို့တော်ကြီးလည်းဖြစ်သည်။ စုလစ်မွန်းချွန်၊ တိုက်တာအိမ်ခြေ၊ လမ်းတံတားများဖြင့် ခံ့ညားတင့်တင်သည်။

ဗာရာဏသီသည် မြေပေါ်မြေအောက် သယံဇာတများလည်းပေါများကြွယ်ဝသည်။ ပြည်သူများ၏ စားဝတ်နေရေးအတွက် လောက်ပြေည့်စုံသည့်အပြင် အိမ်နီးချင်းနိုင်ငံများသို့ပင် ကူးသန်းရောင်းဝယ်ရ၏။

နယ်နိမိတ်ချင်းထိစပ်တည်ရှိနေသော အိမ်နီးချင်းနိုင်ငံများထဲ၌ လူဦးရေထူထပ်သိပ်သည်းသောနိုင်ငံရှိသလို အစာရေစာခေါင်းပါးဆင်းရဲသော နိုင်ငံများလည်းရှိ၏။ ထိုနိုင်ငံများမှ ပြည်သူများမှာ ဝလင်စွာမစားသောက်ရ၊ ဗာရာဏသီနှင့် အပြန်အလှန်ကုန်စည်စီးဆင်းခြင်းကို မှီခိုအားထားရပ်တည်ရသော နိုင်ငံများပင်ရှိနေသဖြင့် အိမ်နီးချင်းနိုင်ငံများအလယ်တွင် ခံ့ညားခြင်းခံရ၏။ မျက်နှာပွင့်လန်းတင့်တယ်၏။ အရေးတယူအဆက်အဆံပြုခြင်းလည်း ခံရပေသည်။

ဗာရာဏသီပြည်သူပြည်သားများမှာ အေးချမ်းစွာနေလိုကြ၏။ တစ်ဦးနှင့်တစ်ဦး ဖော်ရွေပွင့်လင်းသော ဆက်ဆံမှုကို နှစ်သက်မြတ်နိုးကြ၏။ ရသမျှနှင့် ရောင့်ရဲတင်းတိမ်သူများလည်းဖြစ်သည်။ စိတ်ဓာတ်ရိုးသား၍ သိမ်မွေ့နူးညံ့သူများဖြစ်သည်။

ပြည်သူပြည်သားများ၏ အရေးအရာများနှင့် ပတ်သက်ဆက်နွှယ်၍ အထူးအထွေဆိုဖွယ်ရာမရှိချေ။ ပြောရ

www.burmeseclassic.com



(၂)

ကျွန်ုပ်သည် ဗာရာဏသီပြည့်ရှင် ဘုရင်မင်းမြတ်၏ အားကိုးအားထားပြုရာ မင်းတိုင်ပင်အမတ်ဖြစ်၏။ ယခု ပြဟ္မဒတ္တမင်း မတိုင်မီ ခမည်းတော် ဘုရားလက်ထက်တော်အခါကပင် မင်းဆရာအဖြစ် မြှောက်စားသူကောင်းပြုခြင်းကိုခံခဲ့ရသူ၊ ရှေ့မီနောက်မီ ပညာရှိသုခမိန် ..။

ကျွန်ုပ်ကိုတော့မူ ဘုရင်မင်းမြတ်က အလေးထား၏။ ရှိသေကိုင်းညွတ်သည်ဟု ဆိုရမည်ဖြစ်သော်လည်း မွေးသန္ဓေသေခါမှပျောက်ဟူသော ဆိုရိုးစကားအတိုင်း ကျွန်ုပ်ကို တိုင်ပင်အသိပေးသည်က မဆိုသလောက်။ သူ ထင်ရာစိုင်းသည်က အဆမတန်။

ကျွန်ုပ် 'သည်ပုတ်ထဲကသည်ပဲ' အဖြစ်မခံလို၊ ဘုရင်မင်းမြတ်တစ်ပါးအနေဖြင့် ကိုယ့်လက်အောက်ငယ်ကျွန်များနှင့် တိုင်းသူပြည်သားများအပေါ် သာယာညင်းပြောင်းစွာ ဆက်ဆံစေချင်၏။ ဆိုခဲစေ မြဲစေချင်၏။ ရှေးထုံးရှေးစံများအတိုင်း တိုင်းသူပြည်သားများအပေါ် တရားစောင့်သည့် မင်းတစ်ပါးပီပီ ရင်ဝယ်သားကဲ့သို့ ချစ်ခင်မြတ်နိုးသောဘုရင်၊ တိုင်းသူပြည်သားများက အဖကဲ့သို့ ကိုးစားယုံကြည်သော ဘုရင်တစ်ပါး ဖြစ်စေလိုသော ဆန္ဒရှိလေသည်။ ဤသည်မှာ ကျွန်ုပ်၏စေတနာအမှန်ပင်။

ကျွန်ုပ်သည် အကြောင်းတိုက်ဆိုင်အလျဉ်းသင့်တိုင်း ဥပါယ်တမျဉ်ဖြင့် သွယ်ဝိုက်ကာ ပြောဆိုဆုံးမခဲ့သော်လည်း နားမဝင်။ ထို့ထက်ပို၍လည်း ကျွန်ုပ်မပြောထိုက်၊ သက်ဦးဆံပိုင်ဘုရင်တစ်ပါးကို နွားရှေ့ထွန်ကျူးသော အဖြစ်မျိုးကဲ့သို့ တစ်ခါကနှစ်ခါပြောရန်မသင့်။ မည်မျှပင် ကိုယ်က စေတနာမှန်သည်ဖြစ်စေ၊ သူ့အနိုက်အလှည့်မသင့်လျှင် ထိလွယ်ရှလွယ်သည်မို့ ကုပ်ပေါ်ဓားဝဲသော အန္တရာယ်ရှိသည်ပင် မဟုတ်တုန်လော။

ဘုရင့်အပါးခစားရသော မင်းခစားတို့၏ဘဝသည် ကေန်ပင် ကမ်းနားသစ်ပင်။ နေ့မြင်၍ ညပျောက်နိုင်သည့် အန္တရာယ်သည် လက်တစ်ကမ်းမျှသာ ကွာလေသည်။

ဘုရင့်အပါး
ခစားရသော
မင်းခစားတို့၏
ဘဝသည်
ကေန်ပင်
ကမ်းနားသစ်ပင်။
နေ့မြင်၍
ညပျောက်နိုင်သည့်
အန္တရာယ်သည်
လက်တစ်ကမ်းမျှသာ
ကွာလေသည်
...

ကျွန်ုပ်နှင့်အတူ ဘုရင်မင်းမြတ်ကို ခစားကြသော ဘဝတူမင်းမှုထမ်းများမှာ ဘုရင်၏ မဖွယ်ရာ ရန့်ရင်းခက်ထန်သော စကားအပြောအဆိုအမူအကျင့်များနှင့်ပတ်သက်၍ ကျွန်ုပ်က ဆိုဆုံးမပေးစေချင်ကြသည်။

အမတ်ကြီးပြောလျှင်ရပါသည်။ ဘုရင့်ကို ဆုံးမပါဦး။ ဒီအတိုင်းကြည့်မနေပါနဲ့ဟူ၍ ကရုဏာဒေါသောဖြင့် ပြောသူက ပြော၏။

ကျုပ်တို့ဘုရင် ဒီအတိုင်းသာဆက်ပြီး ရန့်ရင်းကြမ်းတမ်းခက်ထန်နေမည်ဆိုလျှင် တိုင်းသူပြည်သားများ၏ မေတ္တာကင်းမဲ့ခြင်းကို ခံရတော့မည်။ အပါယ်ကျတော့မည်ဟု ယူကြုံးမရပြောသူက ပြော၏။ ကျွန်ုပ်မတတ်နိုင်ပါ။

တစ်ခုတော့ရှိ၏။ အခွင့်အလှည့်



www.burmeseclassic.com

www.burmeseclassic.com



ကို စောင့်ရမည်။

တစ်နေ့နေ့ တစ်ချိန်ချိန်တွင် ‥

+++

(၃)

တပေါင်းနွေလဖြစ်၏။

ရိုးတံကျဲကျဲနှင့် သစ်ပင်တို့သည် ရွက်သစ်နုဝေချိန်ပင်။ ကမ္ဘာလောကသည် ပူပြင်းလောင်မြိုက်သည့် နေပူဒဏ်အောက်တွင်ခါးသည်းဖွယ်ဝေဒနာခံစားနေရချိန် …။

ဗာရာဏသီမြို့တော်ကြီးတစ်ခုလုံး အုံးအုံးကျွက်ကျွက် ပြေးလွှားအော်ဟစ်သံများဖြင့် ရုတ်ရုတ်သဲသဲဖြစ်သွားသည်ကို ကျွန်ုပ်မြင်တွေ့ရလေသည်။ မည်ကဲ့သို့သောအကြောင်းခြင်းရာရှိမည်ကို ကျွန်ုပ်စူးစမ်းရတော့၏။

ချက်ချင်းပင် ခြေမြန်တော်မင်းချင်းတစ်ယောက်ကို စေလွှတ်စုံစမ်းခိုင်းရ၏။ ကျွန်ုပ်စေလွှတ်လိုက်သော မင်းချင်းသည် ဆောလျင်စွာပြန်လည်ရောက်ရှိလာ၏။

"အချင်း ‥ မည်ကဲ့သို့သော အကြောင်းကိစ္စရှိသဖြင့် ထိုသို့သဲသဲရုတ်ရုတ်ဖြစ်ဘိသနည်း"

မင်းချင်းသည် ကျွန်ုပ်အား တုပ်ပျဝပ်တွားလျက် ‥

"လိပ်တစ်ကောင် ဗာရာဏသီကောင်းကင်မှ နန်းရင်ပြင်ပေါ် ပြုတ်ကျလာသည်ကို မြင်ရသောကြောင့် လူတို့ရုတ်ရုတ်သဲသဲ ပြေးလွှားကြည့်ရှုနေကြခြင်းဖြစ်ပါသည် အမတ်ကြီး"

"အလို ဘုရား ‥ ဘုရား"

ကြားရသည့်သတင်းစကားသည် ယုံနိုင်ဖွယ်မရှိပါတကား။ ဖြစ်နိုင်ဖွယ်မရှိသောစကားကို ဆိုရကောင်းလားဟူ၍ပင် ငယ်ကျွန်တပည့်မင်းချင်းကို ကျွန်ုပ်အပြစ်ဆိုမိကြ၏။

"မဖြစ်နိုင်တာဘဲ။ လိပ်သတ္တဝါကဲ့သို့ အတောင်မဲ့သော ကုန်းနေရေနေတိရစ္ဆာန်သည် မည်သို့မည်ပုံ ကောင်းကင်သို့ ပျံတက်နိုင်ပါမည်နည်း။ သင်နားကြားလွဲသည်မဖြစ်နိုင်သလော"

"ကျွန်တော်မျိုး နားကြားလွဲခြင်းလုံးဝမဟုတ်ပါ။ တစ်ဦးတစ်ယောက်တည်းကိုသာ ကျွန်တော်မျိုး မေးမြန်းစုံစမ်းလာခဲ့ခြင်းလည်းမဟုတ်ပါ။ မေးသမျှတိုင်းသောလူတို့သည် ညီညွတ်စွာပြောကြားကြခြင်း ဖြစ်ပါ၏"

ကျွန်ုပ် စဉ်းစားရပါပြီ။ လိပ်တစ်ကောင် ဗာရာဏသီကောင်းကင်ယံမှ ကျလာခြင်းသည် ဖြစ်ရိုးဖြစ်စဉ်မဟုတ်။ ထူးခြားဆန်းကြယ်သော၊ ဂမ္ဘီရဆန်သော အဖြစ်မျိုးပင်။ ကျွန်ုပ်သည် တစ်ဆင့်စကား ကြားရခြင်းကို ကျေနပ်နေ၍ မဖြစ်တော့။ ကိုယ်တိုင်ပင် လေ့လာစူးစမ်းရပေတော့အံ့။

+++

(၄)

ကောလာဟလများသည်လည်း လျင်မြန်စွာ ပျံ့နှံ့ကျယ်ဝန်းလာသည်။ ကုန်းနေရေနေသတ္တဝါတစ်ကောင်ဖြစ်သော လိပ်သည် ကောင်းကင်ပေါ်သို့ ပျံတက်ရာမှ ပြုတ်ကျသေဆုံးရခြင်းမှာ ကောင်းသောအတိတ်နိမိတ်မဖြစ်နိုင်။ အတိတ်ဆိုး နိမိတ်ဆိုးသာ ဖြစ်နိုင်ကြောင်းယူဆ၍ ပြည်သူများအထိတ်တလန့်ဖြစ်ကြ၏။

ဘယ်သူ သတင်းလွှင့်လိုက်မှန်းမသိသည့် "လိပ်ပျံမိုးတက် တိုင်းပြည်ပျက်" ဟူသော တဘောင်စနည်းတစ်



www.burmeseclassic.com



## လိပ်ပျံမိုးတက် တိုင်းပြည်ပျက် ဟူသော တဘောင်စနည်းတစ်ခုကလည်း အချိန်ကိုက်ထွက်ပေါ်လာသေး၏။ တိုင်းသူပြည်သားများအပေါ် ဘုရင်မင်းမြတ်၏ တရားမဲ့အုပ်ချုပ်ပုံနှင့် နှုတ်မစောင့်စည်းပုံအား မကျေနပ်ကြသော...

ခုကလည်း အချိန်ကိုက်ထွက်ပေါ်လာသေး၏။ တိုင်းသူပြည်သားများအပေါ် ဘုရင်မင်းမြတ်၏ တရားမဲ့အုပ်ချုပ်ပုံနှင့် နှုတ်မစောင့်စည်းပုံအား မကျေနပ်ကြသော လူတစ်စုက တိုင်းပြည်ချောက်ချားတုန်လှုပ်အောင် တမင်ဖန်တီးလိုက်ခြင်းဖြစ်နိုင်သည်ဟု ကျွန်ုပ်ယူဆ၏။ စင်စစ် တိုင်းရေးပြည်ရာများ ရှုပ်ထွေးအောင် ရည်ရွယ်သည့် နိုင်ငံရေးထိုးနှက်ချက်ဖြစ်နိုင်ပေသည်။ ပြည်သူများ အထိတ်တလန့်ဖြင့် သည်အကြော င်းကိုပင် အဆန်းတကြယ် ပြောမကုန်နိုင်အောင်ဖြစ်နေသဖြင့် မင်းနားတစ်ထောင်ဆိုသော စကားအတိုင်း ဘုရင်မင်းမြတ်၏ ရွှေနားတော်သို့ ပေါက်ကြားသွားပုံရ၏။ ကျွန်ုပ်အား အလျင်အမြန် ရှေ့တော်သို့ဝင်ရန် ခြေမြန်တော်တစ်ယောက်လွှတ်၍ အမိန့်တော်မှတ်သဖြင့် ကျွန်ုပ်သည် ဘုရင့်စံနန်းဆောင်သို့ သုတ်ခြေတင်ရတော့သည်။

ဘုရင်မင်းမြတ်၏ နန်းဆောင်ခန်းမတော်သို့ ကျွန်ုပ်ရောက်သောအခါ ဘုရင်မင်းမြတ်၏ မျက်နှာတော်သည် နွမ်းလျှညှိုးရော်နေ၏။ ထိတ်လန့်ကြောက်ရွံ့နေပုံပင်။ ဗာရာဏသီမြို့တော်ကြီးအတွင်း တောမီးပမာ အလျင်အမြန်ကျယ်ပြန့်သွားသော ကောလာဟလသတင်းကို ဘုရင်မင်းမြတ်ကြားပြီးဖြစ်ဟန်တူပါ၏။ ဘုရင်မင်းမြတ်သည် ပလ္လင်တော်ပေါ်မှာပင် မထိုင်နိုင်ရှာ။ စိတ်လှုပ်ရှားတုန်လှုပ်စွာ ခေါက်တုံ့လူးလာလျှောက်နေရင်းမှ ..

"အမတ်ကြီး သိပြီးပြီမဟုတ်လား၊ လိပ်တစ်ကောင် ဗာရာဏသီကောင်းကင်မှ ရွှေနန်းတော်ပေါ် ပြုတ်ကျသောသတင်းသည် လွန်စွာထူးဆန်းပေ၏။ သင် အသို့ထင်မြင်ပါသနည်း လျှောက်တင်ပါလော့"

ဘုရင်က အမေးတော်ရှိလာပါပြီ။ ကျွန်ုပ် ဖြေကြားရပေတော့အံ့။ ကျွန်ုပ်သည် အမှန်တရားမှအပ ဘုရင်ကျေနပ်စေရန် လိမ်လည်လှည့်ဖြား၍ မပြောလိုသဖြင့် ..


"မှန်လှပါ အရှင်၊ ကျွန်တော်မျိုးကြီးကိုယ်တိုင်လည်း ကြားသိပြီးဖြစ်ပါ၏။ သို့သော် အမှန်ကို တိတိပပမသိရသေးသဖြင့် ခေတ္တသည်းခံတော်မူပါ။ ကျွန်တော်မျိုးကြီးကိုယ်တိုင် လက်တွေ့စုံစမ်းမေးမြန်းပြီး အရှင့်ကို ပြန်လည်တင်ပြလျှောက်ထားပါမည်ဘုရား"

ဘုရင်၏မျက်နှာတော်ပျက်သွားသည်ကို ကျွန်ုပ်ကောင်းစွာသတိထားမိ၏။ ဘုရင်က ကျွန်ုပ်နှုတ်မှ ဘုန်းတော်ဘွဲ့တွေ တသီကြီးရွတ်ဆို၍ ဥပါဒ်တစ်စုံတစ်ရာမရှိကြောင်း၊ အရှင့်ဘုန်းကံကို တုမယှဉ်နိုင်သဖြင့် လိပ်သည် ကောင်းကင်မှကျသေရခြင်းဖြစ်ကြောင်းစသည်ဖြင့် ရွှန်းရွှန်းဝေဝေ မုသားကို တန်ဆာဆင်၍ လျှောက်ထားလိမ့်မည်ဟု မျှော်လင့်ထားပုံရ၏။ ကျွန်ုပ်က ဘုရင်ထင်သလို သံတော်ဦးမတင်သောအခါ အလိုမကျမှု၊ နှစ်လိုခြင်းမရှိမှုတို့ဖြင့် ဘုရင့်မျက်နှာတော်သည် သုန်မှုန်လျက်ရှိပေသည်။

ကျွန်ုပ်သည် ဘုရင့်ရှေ့တော်မှ အလျင်အမြန်ထွက်ခွာခဲ့၏။ မိမိစံအိမ်သို့ပင်မပြန်၊ အဆောင်အယောင်အားလုံးကိုထားခဲ့လျက် တစ်လမ်းဝင်တစ်

www.burmeseclassic.com





လမ်းထွက် စုံစမ်းမေးမြန်းရလေ၏။ ကျွန်ုပ်မေးသမျှသော လူတို့သည် စောစောက ကျွန်ုပ်စုံစမ်းခိုင်းလိုက်သော ငယ်ကျွန်မင်းချင်း ပြန်လည်လျှောက်ထားသည့်အတိုင်း တစ်သဝေမတိမ်း တူညီ၏။

သို့ဖြစ်၍ ကောင်းကင်မှကျသည်ဆိုသော လိပ်သေကို ယူခဲ့ရန်စေခိုင်းရ၏။ များမကြာမီမှာ လိပ်သေကောင်ရောက်ရှိလာသည်။ ကျွန်ုပ်လိပ်သေကို အနုလုံပဋိလုံ စစ်ဆေးကြည့်၏။ လိပ်သည် အစာရေစာငတ်မွတ်မှုဘေးဆိုးကြောင့် ခြောက်ကပ်ပါးလျနေ၏။ လိပ်ဝမ်းဗိုက်တွင် အစာဟူ၍ လုံးဝရှိမနေ။ စိုစိုလန်းလန်းလည်းမရှိရှာ။ မွဲခြောက်ပိန်လှီနေ၏။ လိပ်သည် ဗာရာဏသီအနီးအနားမှပင် ဖြစ်ဟန်တူပေသည်။

နွေအပူကြောင့် တန်ခူးရေကုန်၊ ကဆုန်ရေခန်းဆိုသကဲ့သို့ပင် ရေများခမ်းခြောက်၍ ရေကန်များလည်း ရေလုံးဝမရှိတော့ဘဲ ပက်ကြားအက်များဖြင့် အကျည်းတန်ချိန်ဖြစ်၏။

လိပ်သည် ရေခမ်းခြောက်သွားသော ရေကန်တစ်ကန်အနီးမှ ဖြစ်နိုင်ချေရှိကြောင်း ကျွန်ုပ်ခန့်မှန်းမိ၏။ ပညာရှိတို့ တွေးကြည့်လျှင် ပြေးကြည့်သည့်အကပ်ပင် မှန်သည်ဟု ဆိုသော်လည်း ဤသို့ ကောင်းကင်သို့မည်သို့မည်ပုံ လိပ်ပျံတက်လာသည်ကိုတော့ ကျွန်ုပ် ဉာဏ်မမီချေ။

ကျွန်ုပ်သည် ရိက္ခာထုပ်နှင့် ရေကြည်ကိုဆောင်ယူလျက် ဗာရာဏသီမြို့တံခါးမှ မြင်းကိုစိုင်းနှင်၍ထွက်ခဲ့သည်။ နေမွန်းမတိမ်းသေးသော်လည်း နွေအပူ၊ နေအပူသည် အသားများကို ပြင်းရှပူလောင်နေ၏။

ဗာရာဏသီမြို့ပြင်ရှိ ခမ်းခြောက်နေသော ရေတွင်းရေကန်များအနီးသို့ အရောက်သွား၏။ သဲလွန်စရှာသည်၊ မတွေ့။ သို့နှင့် ရေခမ်းကန်တစ်ကန်အနီးရောက်လာပြန်၏။ ရေကန်ကြီး၏ ရေအောက်ကြမ်းပြင်သည် ပက်ကြားအက်ကြီးများဖြင့် ပြည့်နေ၏။

မိုးတွင်းမိုးခါဆိုလျှင် စိမ်းစိုလန်းဆန်းဟန်ရှိသည့် ကန်ပေါင်ပေါ်မှ မြက်ခင်းသည် ခြောက်သွေ့ကျွမ်းလောင်နေ၏။ ကျွန်ုပ်၏ ခန္ဓာကိုယ်သည် ချွေးတို့ဖြင့် ရွှဲနစ်နေ၏။ ကျွန်ုပ်၏မြင်းသည်လည်း အပူဒဏ်ကြောင့် အမောဖောက်၍ နှာတဖူးဖူးမှုတ်လျက် ပါးစပ်အတွင်းမှ အမြှုပ်များပင်ထွက်နေ၏။ မြင်းကိုအနားပေး၍ ကျွန်ုပ်ကိုယ်တိုင်လည်း ဆာလောင်မှုအတွက် ဖြေရှင်းရတော့မည်ဖြစ်၏။

ကံအားလျော်စွာပင် ရေကန်ကြီး၏ မနီးမဝေးတွင် အရွက်အကိုင်းတို့

**ထိုလိပ်သည်**
**နှုတ်ကို မစောင့်စည်းနိုင်သဖြင့်**
**ကောင်းကင်မှ**
**ပြုတ်ကျပျက်စီးရပေသည်။**
**လောက၌**
**နှုတ်မဆင်ချင်သောသူသည်**
**ဆင်းရဲသို့ ရောက်ရသည်သာတည်း . .**

www.burmeseclassic.com



ဖြင့် ဝေစီအုပ်ဆိုင်းနေသော ညောင်ပင်ကြီးတစ်ပင်ကို တွေ့ရသဖြင့် မြင်းဖက်ကိုဆွဲ၍ နေရိပ်ခိုရန် ကျွန်ုပ်လာခဲ့လေသည်။ ကျွန်ုပ်ညောင်ပင်ကြီးအရိပ်အောက်သို့ ဝင်မိလျှင် ..

"အပူရှိန်ပြင်းလှသည် ဒကာတော်နားပေဦးလော့"

အေးချမ်းတည်ငြိမ်လှစွာသော အသံဖြင့် ကျွန်ုပ်ကို ပဋိသန္ဓာရပြုသူသည် ဦးပြည်းခေါင်းတုံးဖြင့် ဖန်ရည်ဆိုးသောသင်္ကန်းကိုဝတ်ဆံင်ထားသော ရဟန်းတစ်ပါးဖြစ်၏။ လောဘ၊ ဒေါသ၊ မောဟတည်းဟူသော ဒုစရိုက်တရားတို့ကင်းစင်ဟန်ရှိသော ရဟန်း၏ ဥပမိအားဖြင့် မြင်ရရုံနှင့်ပင် အကျင့်သီလနှင့် ပြည့်စုံပုံရကြောင်း ခန့်မှန်းမိ၏။ ရဟန်းမြတ်၏ အဆင်းအရည်သည် ...င့်တယ်၏။ အသံတော်သည် ကြည် ... ချမ်း၏။ ကျွန်ုပ်သည် နွေကန္တာရကို ဖြတ်သန်းခဲ့ရသဖြင့် နွမ်းလျပင်ပန်း... ...နှင့် ရင်ထဲမှသောကများ ပြေပျောက်...သကဲ့သို့ ခံစားရပေသည်။ မ...ထမ်းဖြစ်သော ပူပြင်းလောင်မြိုက်ခြင်းများ ရစ်ဖွဲ့ခံထားရသည့် ကျွန်ုပ်ဘဝနှင့်မှု မိုးနဲ့မြေပါတည်း။ အားကျစရာပါပင်။

ရဟန်းမြတ်သည် ညောင်ပင်ကြီး၏ အခြေရှိ မြေမို့မို့တွင် ယာယီသတင်းသုံးရန် အသင့်ယူဆောင်လာသော အခင်းကိုခင်းပြီးနောက် သပိတ်ကိုချလျက် ထိုင်နေတော်မူ၏။ ကျွန်ုပ်သည် ရဟန်းမြတ်အား ကြည့်ရင်းမှာပင် ကြည်ညိုစဖွယ်အဆင်းကြောင့် ထိချင်းငါးပါးဖြင့် ရှိသေစွာဦးနှိမ်ချလျက် ..

"အရှင် အဘယ်အရပ် ဘယ်ဒေသမှ ဒေသစာရီ ကြွချီတော်မူခဲ့ပါသနည်း"

"ကျွန်ုပ်သည် ဟိမဝန္တာမှ ကြွတော်မူလာခဲ့ခြင်းဖြစ်ပေတယ် ဒကာတော်"

ဟိမဝန္တာနှင့် ဗာရာဏသီသည် နီးလှသည်မဟုတ်။ ကွာလှမ်းရှည်ဝေးသော အရပ်ဒေသမှ ကြွချီတော်မူလာခဲ့သော်လည်း ရဟန်းမြတ်သည် ပန်းလျှနွမ်းနယ်သည့် ရုပ်လက္ခဏာမရှိ၊ ပကတိတက်ကြွရွှင်လန်းလျက်ပင် ..။

ကျွန်ုပ်သည် ကောင်းကင်ယံတွင် အစွမ်းကုန်တောက်ပစူးလက်နေသော သူရိယနေမင်းအား မော့ကြည့်မိ၏။ နေလုံးကြီးသည် မွန်းတည့်ရန်အတန်ငယ်လိုသေးသည်ကို တွေ့ရသဖြင့် ရိက္ခာအလို့ငှာ ဆောင်ယူလာသော ထမင်းထုပ်ကိုဖြည်၍ ရဟန်းမြတ်အား သဒ္ဓါထက်သန်စွာ ကပ်လှူလိုက်၏။

ရဟန်းမြတ်သည် ဆွမ်းအလို့ငှာ ကျွန်ုပ်ဆက်ကပ်လှူဒါန်းသည်ကို သပိတ်ဖြင့် ခံယူတော်မူ၍ ဘုဉ်းပေးသုံးဆောင်တော်မူ၏။ ကျွန်ုပ်သည် ဆောင်ယူလာသော ရေကြည်ကိုလည်း ထပ်မံဆက်ကပ်၏။ ရဟန်းမြတ်ကလည်း ခံယူတော်မူ၍ ဘုဉ်းပေးသုံးဆောင်၏။

ထို့နောက် ..

"အို .. ဒကာတော်"

"အမိန့်ရှိတော်မူပါ ဘုရား"

"လိပ်သည် ကောင်းကင်ယံသို့ မပျံနိုင်ပေ။ တစ်စုံတစ်ရာသော အကြောင်းတရားကြောင့်သာ ကောင်းကင်သို့ ရောက်ရှိခြင်းဖြစ်၏။

သို့ရာတွင် ထိုလိပ်သည် နှုတ်ကို မစောင့်စည်းနိုင်သဖြင့် ကောင်းကင်မှ ပြုတ်ကျပျက်စီးရပေသည်။ လောက၌ နှုတ်မဆင်ချင်သောသူသည် ဆင်းရဲသို့ ရောက်ရသည်သာတည်း"

ကျွန်ုပ်သည် ရဟန်းတော်မြတ်၏ နှုတ်မြွက်ဖွင့်ဟစကားကြောင့် တအံ့တသြဖြစ်ရပေသည်။ ဤရဟန်းသည် သာမန်ရဟန်းမဟုတ်။ အရဟတ္တဖိုလ်၌ တည်သော ရဟန္တာအရှင်သူမြတ်ပင် ဖြစ်ရမည်ဟု ကျွန်ုပ်သိလိုက်ပြီ ထို့ကြောင့် ..

"အို .. ကျေးဇူးကြီးလှသော အရှင်သူမြတ်၊ လိပ်ကောင်းကင်မှ ပြုတ်ကျခဲ့ရသောချင်းရာ ထင်ရှားစေခြင်းငှာ တပည့်တော်အား ဟောကြားညွှန်ပြတော်မူပါဟု တောင်းပန်လျှောက်ထားပါသည် ဘုရား"

ရဟန္တာအရှင်သူမြတ်သည် နှစ်လိုစွာ ပြုံးတော်မူ၏။

"ကောင်းပြီ .. ဒကာတော် နာကြားတော်မူလော့"

+++

(၅)

နေစောင်းခဲ့ပြီ ..

နွေအပူပင်လျှင် လျော့ပါးသက်သာစပြု၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် အရှင်သူမြတ်ပေးပြောကြားတော်မူလိုက်သော လိပ်၏ဖြစ်အင်အား မှတ်သားနာယူ၍ ဗာရာဏသီနန်းတော်သို့ ပြန်ခဲ့လေ၏။

ကျွန်ုပ် ဘုရင့်ရှေ့တော်မှောက်သို့ ဝင်ရောက်ခစားသောအခါ ဘုရင့်မျက်နှာတော်သည် ဒေါသဖြင့် ခက်ထန်သုန်မှုန်နေမှုကြောင့် ဟသ်ာပြဒါးကဲ့သို့ ရဲရဲနီနေ၏။ မျက်လုံးတို့မှာလည်း မီးလျှံမီးခိုးတို့ဖြင့် အလျှံငြီးငြီးတောက်ပနေ၏။ နှုတ်တော်ကို တင်းတင်းစေ့၍ အံကြိတ်ထားရာမှ ..

"ဟဲ့ .. ခေါင်းဖြူစွယ်ကျိုး အမတ်အိုကြီး၊ သင့်အား ကောင်းကင်မှကျသော လိပ်အကြောင်းစုံစမ်းရန် ငါအမိန့်တော်မှတ်ခဲ့၏။ သင်သည် ငါကဲ့သို့ ထီးဆောင်းမင်း၏ အမိန့်တော်ကိုပင် အလေးဂရုမပြုဘဲ သွေဖီဆန့်ကျင်လျက်သွားချင်ရာသွားနေပုံရ၏။ ခေါင်းကောင်း၍ ဓားတောင်းခြင်းပေလော"

"သင့်ခေါင်းအား လည်မှ ငါ၏သန်လျက်ဖြင့် မဖြတ်သင့်ကြောင်း သင်အသို့အကြောင်းပြ လျှောက်ထားမည်နည်း။ လျှောက်ထားနိုင်ကလျှောက်ထားသံတော်ဦးတင်လော့"

ဘုရင်သည် ကျွန်ုပ်၏သျှောင်ကိုဆွဲ၍ ခေါင်းကိုဖြတ်ရန် သံလျက်ဖြင့်ရွယ်၏။ နန်းတော်တစ်ခုလုံး အပ်ကျသံကြားရမလောက်ပင် တိတ်ဆိတ်သွား၏။ နန်းတွင်းသူ နန်းတွင်းသားတို့သည် အသက်ကိုပင် ရဲရဲရှူဝံ့ဟန်မတူ။ စိတ်မထင်လျှင် မထင်သလို နှုတ်၏ကြမ်းတမ်းခြင်း၊ ကိုယ်ထိလက်ရောက်ကျူးလွန်ခြင်း၊ ဥပဒေသကိုကျော်လွန်၍ အဆမတန်သည့် ပြစ်မှုပြစ်ဒဏ်များချမှတ်တော်မူလေ့ရှိခြင်းတို့ကြောင့် မိုးကြိုးပစ်ရာ စက်ကွင်းမလွတ်သာသောလူများဖြစ်မည်စိုးရွံ့သဖြင့် ခေါင်းပင်မဖော်ရဲရှာတော့ဘဲ ငြိမ်ကုတ်၍ တဆတ်ဆတ်တုန်နေရှာ၏။

ကျွန်ုပ်သည် ရိုသေကျိုးနွံစွာ ဘုရင်မင်းမြတ်အား မော့၍ဖူးလိုက်၏။

"အို အရှင်မင်းမြတ်၊ ကျွန်တော်မျိုးကြီးသည် အရှင့်အမိန့်တော်ကို ဦးထိပ်ပန်ဆင်လျက် ကောင်းကင်မှကျ၍ သေပွဲဝင်ရရှာသော လိပ်၏ဖြစ်အင်ကို စုံစမ်းရန် ထွက်ခဲ့ပါ၏"

"ဗာရာဏသီမြို့တံခါးမှလွန်သောအခါ ဟိမဝန္တာတောကြီးတွင် မှိုင်၍ တရားဘာဝနာအားထုတ်နေသော ရဟန္တာအရှင်မြတ်တစ်ပါးနှင့် တွေ့ဆုံဖူးမြော်ခွင့်ရသဖြင့် အကြောင်းစုံသိခဲ့ရပါ၏"

ဘုရင်သည် တည်ငြိမ်ကျနေ့ရစွာလျှောက်ထားနေသော ကျွန်ုပ်ကို စူးစူးရဲရဲကြည့်ရာမှ ..

"အကြောင်းစုံသိခွင့်ရခဲ့တယ်ဆိုရင်လည်း ခုချက်ချင်း သံတော်ဦးတင်ပါတော့လား။ ဘာကြောင့် အချိန်ဆွဲနေသလဲ။ သေချင်လို့လားဟင်"

"ကောင်းပါပြီ အရှင်၊ ကျွန်တော်မျိုးကြီး လျှောက်ထားသံတော်ဦးတင်ပါ့မယ်။ သောတ ပန်ဆင်တော်မူပါလော့"

+++

နှုတ်အာကြမ်းတမ်းရန့်ရင်းသူသည် မိမိကိုယ်ကိုကိုယ်တိုင် သတ်ဖြတ်သည်နှင့် တူ၏။ မိမိသိက္ခာဂုဏ်ကိုလည်း ကိုယ်တိုင်ဖျက်ဆီးသည်နှင့် တူလေသည် ...


www.burmeseclassic.com



(၆)

ဟာရာဏာသီမြို့ပြင်ရှိ တစ်ခုသော ရေကန်ကြီး၌ လိပ်တစ်ကောင်မှီတင်းနေထိုင်၏။ ထိုရေကန်သည် ကြည်လင်၍ ကြာမျိုးငါးပါးဖြင့် တင့်တယ်၏။ ငါး ပုစွန်တို့ ပေါများ၏။ စိမ်းလန်းသော စိုပြည်ရှုမောဖွယ်သောကန်ပေါင်မြက်ခင်းရှိ၏။

အစာရေစာအလို့ငှာ လှည့်လည် ကျက်စားကုန်သော ဟင်္သာနှစ်ကောင်သည် နေ့စဉ်လိုပင် ရေကန်သို့ရောက်သဖြင့် လိပ်နှင့်ဟင်္သာနှစ်ကောင်သည် အဆွေခင်ပွန်းများဘဝသို့ ရောက်ရှိကြလေသည်။ ပူပြင်းခြောက်သွေ့သော



နွေရာသီသို့ ရောက်ရှိလာ၏။ နွေအပူဒဏ်ကြောင့် ကန်ဘောင်တွင် အမြဲစိမ်းလန်းသောမြက်တို့ နွမ်းရော်ပျက်စီးသွား၏။ ရေကန်၏ ကျက်သရေဆောင်ကြာမျိုးငါးပါးတို့နှင့် ငါးပုစွန်တို့လည်း သေကြေကြသည်။ လိပ်သည် အစာရေစာငတ်မွတ်ခေါင်းပါးလာ၏။ မကြာမီမှာပင် ရွှံ့နုံးမြေအဖြစ်သာ ကျန်ရှိနေသော ရေကန်အောက်ခြေသည် လုံးဝခမ်းခြောက်ခြင်းသို့ ရောက်၍ ပက်ကြားအက်များ ဖြစ်ပေါ်လာတော့၏။

သဘာဝဘေးဒဏ်ကြောင့် သေရတော့မည်ကိုသိရသော လိပ်သည် ပူဆွေးသောကရောက်လျက် ငိုကြွေးရှာလေ၏။ အဆွေခင်ပွန်းများဖြစ်သော ဟင်္သာနှစ်ကောင်သည် ကြေကွဲစွာငိုကြွေးနေရှာသော လိပ်၏ဖြစ်အင်အားမကြည့်ရက်ကြ။ ကူညီကယ်တင်ပေးလိုကြသည်။ ဟင်္သာတစ်ကောင်က လိပ်ကို ခွေးထွေးကြင်နာစွာကြည့်ရင်း ..

"အို အဆွေလိပ်မငိုပါလင့်။ သင့်ကို ငါတို့ကူညီပါမည်။ သင်မသေစေရပါ"

လိပ်သည် မိတ်ဆွေဟင်္သာများ၏ စကားကြောင့် အားတက်ဝမ်းသာရှာ၏။

"အဆွေတော် ဟင်္သာတို့ ကျွန်ုပ်ကို အသက်ဘေးလွတ်မြောက်အောင် သင်တို့ မည်သို့ကူညီကြပါမည်နည်း"

"ငါတို့နေသည့် ဟိမဝန္တာရှိ စိတ္တကုဋ္ဌတောင်ခြေရွှေလိုဏ်ဂူအရပ်သည် သာယာမှုတသော ဥတုရာသီရှိ၏။ အမြဲမခမ်းခြောက်သော ရေအိုင်တို့ ပေါများ၏။ အာဟာရအတွက် ပူပင်သောကမရောက်ရသော အရပ်တည်း။ ငါတို့နှင့် အတူတကွသင်လိုက်လိုသလော"

လိပ်၏ မျှော်လင့်ခြင်းအိပ်မက်သည် ဓာဒင်္ဂအတွင်းမှာပင် ပျက်ပြယ်ပျောက်ဆုံးသွားရရှာ၏။ သူ့အနေဖြင့် ဟိမဝန္တာတောသို့ မည်သို့မျှလိုက်နိုင်မည်ကားမဟုတ်ချေ။

"အဆွေတော်တို့ စေတနာကို ကြားသိခွင့်ရသဖြင့် ကျွန်ုပ်အတိုင်းထက်အလွန် ဝမ်းသာပါဘိ။ သို့ရာတွင် ကျွန်ုပ်သည် ခြေလက်တို့ရှိသော်လည်း နှေးကွေးလေးလံစွာ တွားသွားရသော သတ္တဝါဖြစ်၏။ ဝေးလံခေါင်သီသော အဆွေတော်တို့၏ မွေ့လျော်ဖွယ် ဟိမဝန္တာအရပ်သို့ မည်သို့ရောက်အောင်သွားနိုင်ပါမည်နည်း"

လိပ်၏စကားကိုကြားသောအခါ ဟင်္သာနှစ်ကောင်က ..

"အဆွေတော်မပူပန်လင့်၊ အကယ်၍ သင်သည် နှုတ်ခံတွင်းကို စောင့်စည်းခြင်းငှာ စွမ်းဆောင်နိုင်သည်ဖြစ်အံ့။ ငါတို့သည် သင့်အား



www.burmeseclassic.com

www.burmeseclassic.com



ဆောင်ယူသွားပါမည်"

"ကောင်းပါပြီ အဆွေတို့၊ ကျွန်ုပ် နှုတ်စောင့်စည်းပါမည်"

ဟင်္သာနှစ်ကောင်သည် တစ်ခုသော တုတ်တံ၏အလယ်ကို လိပ်အား ကိုက်ခဲစေ၏။ နှစ်ဖက်သော တုတ်တံအစွန်းတို့အား ဟင်္သာနှစ်ကောင်က တစ်ဖက်တစ်ချက်ကိုက်၍ ကောင်းကင်သို့ ပျံတက်လေ၏။ လိပ်သည် ကောင်းကင်ခရီးဖြင့် ဟင်္သာနှစ်ကောင် သယ်ဆောင်ရာသို့ လိုက်ပါသွားလေ၏။

ကျေးရွာဇနပုဒ်များအပေါ်မှ ဟင်္သာနှစ်ကောင်သည် တုတ်တံကို ကိုက်ခဲထားသောလိပ်ကို ဆောင်ယူပျံသန်းနေသည့်မြင်ကွင်းကို ရွာသူရွာသားများ မြင်တွေ့ကြသောအခါ ထူးဆန်းအံ့ဩလွန်းသဖြင့် အောက်မှ ပြေးလိုက်လျက် ..

"ဟေ့ .. ကြည့်ကြစမ်းကွယ်တို့၊ အတောင်မပါဘဲ မပျံတတ်တဲ့လိပ်ကို ဟင်္သာနှစ်ကောင်က ဆောင်ယူသွားတဲ့အတွက် လိပ်ပျံဖြစ်နေပြီဟေ့။ မယုံနိုင်စရာပဲကွ"

"ဟုတ်ပါရဲ့ .. အတောင်မရှိတဲ့ လိပ် ကောင်းကင်ပျံတာ ဒီတစ်ခါပဲ မြင်ဖူးပါရဲ့။ ကြည့်ကြဟေ့ .. ကြည့်ကြဟေ့ လိပ်ပျံကွ .. လိပ်ပျံ .. ဟား .. ဟား .. ဟား"

လူအများအပြေးလိုက်၍ အုတ်အော်သောင်းနင်း ပြောဆိုနေသံများနှင့် တသောသောရယ်မောကြသော အသံများကို ကြားရ၏။ တချို့ကလည်း ..

"လိပ်အစွမ်းရှိလို့ ကောင်းကင်ပျံတာမဟုတ်ဘူးကွ။ ဟင်္သာနှစ်ကောင်ချီယူလို့ ပါသွားတာ။ တော်တော်အပါးခိုတဲ့လိပ်၊ ဝမရှိဘဲ ဝိလုပ်ချင်တဲ့ လိပ်ပျင်းကွ"

လူအများ အပြေးလိုက်၍ ပြောဆိုအော်ဟစ်နေသံများကို ကြားရသဖြင့် လိပ်မခံမရပ်နိုင်အောင်ဖြစ်လာ၏။

"သင်းတို့က .. ငါ့ကို လှောင်ပြောင်သရော်ကြတယ်ပေါ့လေ။ ငါ့မှာ အတောင်မပါလို့ မပျံတတ်ပေမဲ့ ငါ့အပေါင်းအသင်း မိတ်ဆွေကောင်းတွေက ယူဆောင်ပေးတဲ့အတွက် ကောင်းကင်ပေါ်ရောက်တာ ဘာဖြစ်လဲ။ သူများကောင်းစားတာကို မနာလိုမစ္ဆရိယစိတ်မွေးတဲ့ ကျွန်ယုတ်တွေ။ ငါ့ ဘုန်းငါ့ကံကြောင့်ဖြစ်တာ သင်းတို့က ဘာဖြစ်လို့ မနာလိုနေကြတာလဲ"

ဟူ၍ ပြောချင်လွန်းသဖြင့် မဆင်ချင်နိုင်တော့ဘဲ ခံတွင်းကိုဟလိုက်ရာ ဗာရာဏသီ နန်းရင်ပြင်သို့ ကောင်းကင်ယံမှ ဦးစောက်ကျွမ်းပြန်ကျသဖြင့် မရှုမလှသေပွဲဝင်ရလေသတည်း။

+++

(၇)

နန်းတော်တစ်ခုလုံး တိတ်ဆိတ်နေဆဲ ..။


ကျွန်ုပ်ပြောပြသော နှုတ်စောင့်စည်းဆင်ခြင်နိုင်မှုမရှိသည့် လိပ်၏ဖြစ်အင်ကို အားလုံးစိတ်ဝင်တစား နားထောင်နေကြ၍ဖြစ်၏။

ဘုရင်မင်းမြတ်သည် ဆွဲထားသောကျွန်ုပ်၏သျှောင်ကိုလည်းကောင်း ခေါင်းကိုဖြတ်ရန်မိုးထားသောသန်လျက်ကိုလည်းကောင်း လွှတ်၍ ကျောက်ဆစ်ရုပ်ကဲ့သို့ပင် ကြောင်ကြောင်ငေးငေး ရပ်တည်နေ၏။

## ပညာရှိသောသူသည် အပြစ်လွတ်ကင်း၍ သန့်ရှင်းသော၊ ရန့်ရှင်းကြမ်းတမ်းမှု အလျဉ်းမရှိသော သာယာနာပျော်ဖွယ်မှန်သော စကားကိုသာ ပြောဆို၏ . . .

www.burmeseclassic.com





ကျွန်ုပ်စောင့်စားငံ့လင့်နေခဲ့သော
ချိန်သို့ကား ရောက်ပေပြီ။ ဘုရင်
င်းမြတ်ကို ကျွန်ုပ် ဆုံးမရပေတော့
ည်။

"မင်းမြတ် ... လိပ်သည် နှုတ်
စောင့်စည်းသဖြင့် တစ်ပါးသူပြော
ကားကိုချေပရန် ကြံစည်၍ အမှတ်
မဲ့ နှုတ်ခံတွင်းကိုဖွင့်ဟမိ၏။ ကိုက်ခဲ
ားသောတုတ်တံလွတ်၍ ကောင်းကင်
ကာ သေပွဲဝင်ရသည်။ မိုက်မဲလွန်း
စွ"

"အို ... မင်းမြတ်၊ နှုတ်ကိုဆင်
င်ရာ၏။ နှုတ်ထွက်စကားကို မဆင်
ချင်မပြောရာ။ နှုတ်ကြမ်းသော သူ
ည် ယုတ်မာသည်မည်၏။ သူယုတ်
တို့၏ သွားလမ်းအတိုင်း ထိုလိပ်ကဲ့သို့
င် တစ်နေ့နေ့တစ်ချိန်ချိန်တွင် ကေန်
ားဒုက္ခတွေ့ရတတ်ပေ၏။

နှုတ်ချိုသောသူကို လူချစ်၏။
န်သောစကားကို ချိုသာ ယဉ်ကျေး
ပြောသောသူကို ပို၍ချစ်၏။ နှုတ်
တွင်းမှ ညင်းပြောင်းသာယာသော
လနှင့် မုန်တိုင်းကဲ့သို့ ကြမ်းတမ်း
င်းပြစွာထွက်သောလေ၏ ခြားနားမှု
န်ဖိုးသည် မတူညီပေ။ နှုတ်ကြောင့်
သဟူသော စကားကိုအရ နှုတ်အာ
ကြမ်းတမ်းရုန့်ရင်းသူသည် မိမိကိုယ်ကို
ကိုယ်တိုင်သတ်ဖြတ်သည်နှင့်တူ၏။ မိမိ
သိက္ခာဂုဏ်ကိုလည်း ကိုယ်တိုင်ဖျက်ဆီး
သည်နှင့်တူလေသည်။

"မင်းမြတ် ... ပညာရှိသောသူ
သည် အပြစ်လွတ်ကင်း၍ သန့်ရှင်း
သော၊ ရုန့်ရင်းကြမ်းတမ်းမှုအလျဉ်းမရှိ
သော သာယာနာပျော်ဖွယ် မုန်သော
စကားကိုသာ ပြောဆို၏"

"အခွင့်အာဏာကိုလွန်၍ မပြော
ဆိုသင့်။ စကားများများပြောခြင်းဖြင့်
အမှားကိုမဖိတ်ခေါ်ပါနှင့်။ ကောင်းကင်
မှမြေသို့ကျ၍ ပျက်စီးရသောလိပ်ကို
နမူနာပြုလျက် ဆိုခဲ့စေ မြဲစေရာ၏။
ဆင်ခြင်တုံတရားဖြင့် စဉ်းစားတော်မူပါ
လော့ ဘုရင်မင်းမြတ်"

ဘုရင်သည် ကျွန်ုပ်၏ အချက်
ကျကျဆုံးမခြင်းကို စောဒကမတတ်
သာတော့ဘဲ ငြိမ်သက်သွားလေ၏။
အတိတ်က သူ၏ ကြမ်းတမ်းရုန့်ရင်းခဲ့
သော စကားပြောဆိုမှုများအတွက်
လည်း နောင်တရဟန်တူ၏။

ကျွန်ုပ်သည် တုပ်ပျဝပ်တွား
ခစားနေရာမှထ၍ မတ်မတ်ခိုင်ခိုင်ရပ်
လိုက်ရင်း ရှင်ဘုရင်အား ကျောခိုင်း
လိုက်သည်။ သာမန်လူတစ်ယောက်
အနေဖြင့် ဝတ်ကြောင်ဝတ်ထားသော
ကျွန်ုပ်၏ သေးသိမ်မှုကို ငြီးငွေ့ပါပြီ။
လူတစ်ယောက်၏ဘဝ အကျဉ်းထောင်
နှင့်တူသောနန်းတော်ထဲမှလည်းကောင်း၊
မိသားစုဘဝထဲမှလည်းကောင်း ရုန်း
ထွက်၍ နှလုံးသားဖြူစင်မြင့်မြတ်သူ
တို့နားခိုကျင့်ကြံရာ ဟိမဝန္တာဆီသို့
ကျွန်ုပ်၏ ခြေလှမ်းများသည် ...။

မောင်သစ်နွယ်

<u>ဝန်ခံချက်</u>

<u>ဓမ္မပဒဝတ္ထု ၂၅/ဘိက္ခုဝင်နှုတ်မစောင့်စည်း</u>
<u>သောလိပ်ဝတ္ထုကို မှီငြမ်းပြု၍ ခံစားရေးဖွဲ့ပါသည်။</u>



www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com



သို့ပေမဲ့ သူဝင်ရောက်အမှုထမ်းခဲ့မိသော ဤဌာနမှာ လာဘ်ပေးလာဘ်ယူမှုတွေ ပိုပြီး ထူပြောနေတာ တွေ့ရတော့ ဖွဲ့မာန်စိတ်ပျက်မိသည်။ ပြည်သူလူထုထံမှ ဝန်ထမ်းက လာဘ်ယူသည်။ ဝန်ထမ်းထံမှ အရာရှိငယ်က ယူသည်။ အရာရှိငယ်ထံမှ အရာရှိကြီးက ယူသည်။ အပြန်အလှန်သဘော အရ အရာရှိကြီးက ဖောင်းသောကြောင့် အရာရှိငယ်က ရှာရသည်။ အရာရှိငယ်က ရှာခိုင်းသောကြောင့် ဝန်ထမ်းက ပြည်သူထံမှ ညှစ်ရသည်။

"ဤဌာနသို့ ဝင်မိမှတော့ ဤစက်ဝန်းမှာလည်ပတ်နိုင်မှသာ ရှင်သန်ဖွံ့ဖြိုးနိုင်မည်။ ဤစက်ဝန်းထဲမှာ မလည်ပတ်နိုင်ရင်တော့ ဘေးရောက်သွားပြီး ဘဝပါသေသွားမည့် သဘောမျိုးပါပဲ"

ဟု ဖွဲ့မာန် နားလည်နေမိတော့သည်။

+++

ဤဌာနသို့ ဖွဲ့မာန်ရောက်ပြီးနောက်၊ အလုပ်သင်ကာလပြီးဆုံး၍ အရာရှိငယ်အဖြစ် တာဝန်ထမ်းဆောင်ရန် သတင်းပို့တော့ တောက မိဘများ ပို့ပေးလိုက်သည့် ငှက်ပျောခိုင်ကိုထမ်းကာ တိုင်းဒေသကြီးညွှန်ကြားရေးမှူးထံ သွားရောက်သတင်းပို့ရသည်။ ရုံးပိတ်ရက်ဖြစ်၍ နေအိမ်သို့သွားခြင်းဖြစ်သည်။ ၎င်း၏ နေအိမ်အစောင့် လုံခြုံရေးအဖွဲ့က ဖွဲ့မာန်အား အဆင့်၊ အမည်နှင့် တာဝန်တို့ကိုမေးပြီး မှတ်တမ်းစာအုပ်တွင် ရေးဖြည့်သည်။ ခဏအကြာတွင် ..

"အစောင့်တစ်ယောက် သွားသတင်းပို့နေပြီ။ ခဏစောင့်ပါ .. ခင်ဗျားငှက်ပျောခိုင်ကြီးကလည်း များပြားလှချည်လား။ လက်ခံပါ့မလား မသိဘူး"

ဟု ကြီးကြပ်သူက ပြောသည်။ ဖွဲ့မာန်က နားမလည်၍ ပြန်မေးကြည့်မိသည်။

"ဗြော် .. ညွှန်မှူးကြီးက များရင် လက်မခံဘူးလား"

"ခင်ဗျား မကြားဖူးဘူးထင်တယ်။ ညွှန်မှူးကြီးက ပစ္စည်းကြီးရင် မကြိုက်ဘူးဗျ။ ဗြော် .. ဒါနဲ့ .. ခင်ဗျား ညွှန်မှူးနာမည်ကောသိရဲ့လား"

လာဘ်ပေးလာဘ်ယူမှုကင်းရှင်းရာနေရာဆိုတာ ဤလောကကြီးမှာ ရှိကောရှိနိုင်ပါ့မလား။ "လကွယ်ည သန်းခေါင်ယံအလယ်မှာ မဟူရာကျောက်ရိုင်းတုံးဟစ်တုံးကို လူတကာကောက်နိုင်းဦးတော့ ရှာလို့တွေ့ချင်တွေ့ပါလိမ့်မယ်" ဆိုတဲ့ ဂန္ထဝင်တေးသံရှင် ကိုတင်လှိုင်၏ သီချင်းထဲကလိုဖြစ်မှာပဲလို့ ဖွဲ့မာန်တွေးမိသည်။ ရှိပါစေတော့လေ။ အဲဒီ လာဘ်ပေးလာဘ်ယူကိစ္စကို နိုင်ငံတော်နှင့်ချီပြီး ကင်းရှင်းအောင်၊ ပပျောက်အောင် နိုင်ငံတော်အကြီးအကဲတွေကိုယ်တိုင် Clean Government ဆိုပြီး အစီအမံများ ချမှတ်ဆောင်ရွက်နေဆဲကိစ္စမို့ ဖွဲ့မာန်ကတော့ ဘာမျှ ဝေဖန်ထောက်ပြစရာမရှိပါ။

**ဘုရင်တစ်ပါးအုပ်စိုးစဉ်ကပေါ့။ နန်းရင်ပြင်မှာ ညီလာခံသဘင်ကျင်းပတဲ့အခါတိုင်း ဝန်ကြီးမှူးမတ်တွေက တံစိုးလက်ဆောင်ရယူနိုင်ပုံတွေကို တစ်ဦးနဲ့တစ်ဦး ပြိုင်ဆိုင်ကြသတဲ့။ ဒါကို ဘုရင်ကလည်း အားပေးသတဲ့။ လာဘ်အစားနိုင်ဆုံးပုဂ္ဂိုလ်ကို "တံစိုးထိပ်ခေါင်" ဘွဲ့ချီးမြှင့်မယ်လို့ ကြေညာသတဲ့ . . .**



www.burmeseclassic.com

www.burmeseclassic.com



"သိတယ်လေဗျာ .. ဦးဆွေလှ မဟုတ်လား"

"မှန်ပါတယ် .. ဒါပေမဲ့ ဝန်ထမ်းအားလုံးက ဦးငွေအိုးလို့ ခေါ်ကြတယ်ဗျ .. မှတ်ထား။ ဒါကြောင့် ခင်ဗျား ငှက်ပျောခိုင်ကြီး သူကြိုက်မှာမဟုတ်ဘူးလို့ ပြောတာ"

မှန်ပါသည်။

ညွှန်မှူးကြီးက ဖွဲမာန်ကို လက်ခံတွေ့ဆုံခဲ့ရာ ဖွဲမာန်က အလုပ်သင်ကာလ ပြီးဆုံး၍ လာရောက်သတင်းပို့ခြင်းဖြစ်ကြောင်း သတင်းပို့တော့ ..

"ပေါက်ဈေးကော လေ့လာခဲ့သလား" ဟု ညွှန်မှူးက မေးသည်။ ဖွဲမာန်က ..

"ဗျာ .. ငှက်ပျောသီးကို ဈေးက ဝယ်လာတာမဟုတ်ပါဘူး ခင်ဗျာ"

"အဲဒါပြောတာ မဟုတ်ဘူးကွ။ မင်းက ဘယ်မှာနေချင်တာလဲ။ ဘာတာဝန်ထမ်းဆောင်ချင်တာလဲလို့ မေးတာ"

"ဘယ်မှာထားထား .. ဘာတာဝန်ပေးပေး ကျွန်တော်လုပ်နိုင်ပါတယ်" ဟု ဖွဲမာန်ပြောတော့ ညွှန်မှူးကြီး၏ ဖြူပြပြမျက်နှာကြီးက သွေးဆုတ်သွားပြီး သေရာမှ ဘဝကူးလာသော တစ္ဆေတစ်ကောင်ကဲ့သို့ ရှုံ့မဲ့သွားသည်။

"ဒါဆို ဒီငှက်ပျောခိုင်ကဘာလဲ"

"ကျွန်တော့်အမေ တောက လူကြုံနဲ့ ပို့လိုက်တာပါ။ ညွှန်မှူးကြီးကို ဆရာသမားအဖြစ် ကျွန်တော်လာကန်တော့တာပါ"

"အေး .. ဒါမျိုး ဘယ်တော့မှ ယူမလာနဲ့။ ငါမစားဘူး။ မင်းပဲ ပြန်ယူသွား"

ဟု ပြောပြီး ညှော်ခန်းထဲမှ ပြန်ထွက်သွားသည်။ ငှက်ပျောခိုင်ထမ်းပြီး ပြန်လာသော ဖွဲမာန်အား ဂိတ်စောင့် လုံခြုံရေးအဖွဲ့က လှောင်ပြုံးပြုံးကြည့်ရင်း ကျန်ရစ်ခဲ့ကြသည်။

+++

နောက်တစ်နေ့တွင် ဖွဲမာန်အပါအဝင် အလုပ်သင်ကာလပြီးဆုံးသော အရာရှိငယ်များ၏ တာဝန်ချထားမိန့် ထွက်လာသည်။ ဖွဲမာန်က ဝေးလံခေါင်ဖျားနေရာသို့ တာဝန်ကျသည်။ ထိုသတင်းကိုကြားတော့ ဖွဲမာန်၏ အရင်းနှီးဆုံး စီနီယာလည်းဖြစ် ထိုဌာန၏ မြို့နယ်အရာရှိတစ်ဦးလည်းဖြစ်သော ကိုကြီးကျော်က ဖွဲမာန်ထံ ရောက်လာသည်။ ဖွဲမာန်နှင့် တိုင်းရင်းထိပ်က လက်ဖက်ရည်ဆိုင်တွင် ထိုင်ကြရင်း စီနီယာက စကားစသည်။

"ကောင်လေးရာ .. အဲဒီလူကြီး ဆီမသွားခင် ကိုယ့်ကို အရင်လာတွေ့ရောပေါ့ကွာ။ မင်း အခုတော့ သောက်ရှက်ကွဲတာပေါ့"

"ကျွန်တော်က အခွင့်အရေးတောင်းဖို့အတွက် လာဘ်သွားပေးတာမှ မဟုတ်ပဲ။ ဘာရှက်စရာလိုလဲ။ ရှက်ရမှာက အဲဒီလူကြီးဗျ။ ငှက်ပျောခိုင်က စိတ်ဆိုးစရာလားဗျာ"

"ငှက်ပျောခိုင်က စိတ်ဆိုးစရာ မဟုတ်ပေမဲ့ မင်းက ဘာအခွင့်အရေးမှမတောင်းတော့ စိတ်ဆိုးစရာဖြစ်တာပေါ့"

"ခင်ဗျာ"

ပါးစပ်အဟောင်းသားဖြစ်သွားသော ဖွဲမာန်ကို စီနီယာအစ်ကိုကြီးက သနားမိသည့် မျက်လုံးများဖြင့်ကြည့်ကာ ..

"ဩော် .. အေး .. မင်းက ဘယ်နားလည်ပါ့မလဲ။ မင်း ဘာမှ မတောင်းဆိုတော့ ညွှန်မှူးက ပေါက်ဈေးပြောလို့ ဘယ်ရတော့မလဲ"

"ဘယ်လိုပေါက်ဈေးလဲ"

"အေး .. အဲဒါက နေရာဒေသကိုလိုက်လို့ပေါ့ကွာ။ ငါ ရှင်းပြမယ်။ တစ်ခါတုန်းက ငါ့မိတ်ဆွေ မြို့နယ်အရာရှိက အကောင်းဆုံးမြို့နယ်တစ်ခုကို ဗေကင်စီဖြစ်တယ်ကြားလို့ အဲ့ဒီမှာ တာဝန်ထမ်းဆောင်ချင်ကြောင်း ညွှန်မှူးကြီးကို သွားပြောတယ်။ ဒီတော့ ညွှန်မှူးက "ငါ .. သော့လိုချင်တယ်" လို့ ပြောသတဲ့။ ဒါနဲ့ ငါ့သူငယ်ချင်းလည်း "ရပါတယ် အဘ" ဆိုပြီး သော့ဆိုင်သွား။ အကောင်းဆုံး အာမခံသော့အမျိုးမျိုး၊ တံခါးတပ်မှာဆိုရင်လည်း တစ်ခါတည်းတပ်ပေးဖို့ လက်ကိုင်ဘုနဲ့ သော့တွေပါ ဝယ်သွားသတဲ့။ ဟိုရောက်တော့ ညွှန်မှူးက သူ့သော့တွေကြည့်ပြီး အလွန်ဒေါသဖြစ်တဲ့ မျက်နှာနဲ့ "ငါလိုချင်တာ ဒီသော့မဟုတ်ဘူးကွ၊ မင်းနဲ့ အဲ့ဒီမြို့နယ်လည်း မတန်ဘူး။ ပြန်တော့" လို့ ပြောလို့ ငါ့ကောင်လည်း သော့တွေ အိတ်ကြီးနဲ့ဆွဲပြီး ပြန်လာခဲ့ရသတဲ့ကွ"

"ဒါဆိုရင် သူလိုချင်တဲ့သော့မျိုးက အဲ့ဒီထဲမှာမပါဘူးပေါ့"

"အေးပေါ့ကွာ။ ငါ့ကောင်က အဲ့ဒီအကြောင်းကို မြို့နယ်အရာရှိတွေဆို



www.burmeseclassic.com

www.burmeseclassic.com





တုန်းပြောပြတော့ ကွက်ကျော်မြင်တဲ့ အရာရှိတစ်ယောက်က နောက်တစ်နေ့ မှာ သော့သွားပေးလိုက်တာ အဆင် ပြေသွားသတဲ့"

"ဘယ်လိုသော့ပေးတာလဲဗျ"

"အဲဒီပုဂ္ဂိုလ်က သော့တံလေး တစ်ခုယူသွားပြီး ..'အဘလိုအပ်နေ တဲ့ သော့နဲ့ ကန်တော့ပါတယ်။ တိုယို တာ–ဗင်ကားကို ပေါ်တီကိုအောက်မှာ ရပ်ထားခဲ့ပါပြီ' လို့ ပြောပြီး သော့ ပေးလိုက်တော့ ..'အေး အေး ..ငါ့ တပည့် လိုရာဆုပြည့်စေ' လို့ ပြော လိုက်သတဲ့။ နောက်တစ်နေ့ ပြောင်း မိန့် ထွက်ပေးလိုက်တယ်ဆိုပဲ"

ဖွဲမာန် အံ့ဩသောမျက်လုံးများ ဖြင့် သူ့စီနီယာကို ကြည့်ရင်း ..

"အစ်ကိုရာ ..ဒီဌာနမှာ ဒီ လောက် လာဘ်ပေးလာဘ်ယူ ရှုပ်လိမ့် မယ်လို့ ကျွန်တော် မထင်ခဲ့မိဘူး"

"ဟ ..ကောင်လေး ..ဘယ် မှာမဆို လာဘ်ပေးလာဘ်ယူမကင်းဘူး ကွ.. တံစိုးလက်ဆောင်ပေးတယ်။ ယူ တယ်ဆိုပဲဟ ဟိုး ..တို့မြန်မာဘုရင် တွေလက်ထက်ကတည်းက ယဉ်ကျေး မှုဓလေ့ထုံးစံအဖြစ် ကျင့်သုံးခဲ့ကြတာ။ လာဘ်ပေးလာဘ်ယူပြိုင်ပွဲတွေတောင် ကျင်းပကြသတဲ့။ မင်း မကြားဖူးသေး ဘူးထင်တယ်"

"အစ်ကိုကလည်း ပေါက်တတ် ကရ ပြောရော့မယ်"

စီနီယာက ရေနွေးကြမ်းတစ် ခွက်သောက်လိုက်ပြီး စားပွဲထိုးအား–

"ဟေ့ ချာတိတ် ..စီးကရက်ပေး ပါဦး"

ကြံကြံဖန်ဖန်ကွာ
ငါ့မိဖုရားတွေဆီကတောင်
လာဘ်စားတဲ့ကောင်
နန်းမြင့်မျှော်စင်ပေါ်က
အမြန်ဆင်းခိုင်း။
တံစိုးထိပ်ခေါင်ဘွဲ့
အမြန်ချီးမြှင့်ပြီး
သူလိုချင်တဲ့
နေရာကို
အမြန်ဆုံးပို့စေလို့
...

ဟု မှာလိုက်ရင်း ..

"ဒီလိုကွ ..တစ်ခါတုန်းက တိုင်းပြည်တစ်ပြည်မှာ ဘုရင်တစ်ပါး အုပ်စိုးစဉ်ကပေါ့။ နန်းရင်ပြင်မှာ ညီလာခံသဘင်ကျင်းပတဲ့အခါတိုင်း ဝန်ကြီးမှူးမတ်တွေက တံစိုးလက် ဆောင်ရယူနိုင်ပုံတွေကို တစ်ဦးနဲ့တစ် ဦး ပြိုင်ဆိုင်ကြသတဲ့။ ဒါကို ဘုရင်က လည်း အားပေးသတဲ့။ လာဘ်အစား နိုင်ဆုံးပုဂ္ဂိုလ်ကို 'တံစိုးထိပ်ခေါင်' ဘွဲ့ ချီးမြှင့်မယ်လို့ ကြေညာသတဲ့။

[illegible]တာ ..အစ်ကိုကြီးကလည်း ဘုရင်ကိုယ်တိုင်အားပေးမှတော့ တိုင်း ပြည်ပျက်မှာပေါ့။ ကျွန်တော်တို့နိုင်ငံမှာ



www.burmeseclassic.com

www.burmeseclassic.com



သမ္မတကြီးက Clean Government လို့ သတ်မှတ်အကောင်အထည်ဖော်နေတာတောင်မလိုက်နာကြလို့ ပြည်သူတွေ ဘယ်လောက်ခံနေရတုန်း''

''ကောင်လေးနဲ့တော့ ခက်နေပါပြီ။ ထားပါတော့ကွာ။ ငါ့ပုံပြင်တောင် ဘယ်ရောက်သွားမှန်းတောင် မသိဘူး။ အဲ . . မှတ်မိပြီ ဝန်ကြီးတွေ . . မှူးမတ်တွေ အဲဒီလို အပြိုင်အဆိုင်လာဘ်စားကြတဲ့အထဲမှာ မှူးကြီးတစ်ပါးက အတော်နာမည်ကြီးသတဲ့၊ ဘယ်လောက်တောင်နာမည်ကြီးသလဲဆိုရင် သူ့ကို ''ဆန်မစားဘူး . . ပြောင်းစားတယ်'' လို့တောင် ဆိုကြသတဲ့။ ဘာဖြစ်လို့လဲဆိုတော့ ဝန်ထမ်းတွေကို ဟိုပြောင်း ဒီပြောင်းနဲ့ ပြောင်းပြောင်းပြီး စားလို့တဲ့''

စီနီယာက အာခြောက်သွားဟန်ဖြင့် ရေနွေးကြမ်းတစ်ငုံ သောက်လိုက်ပြီး . .

''ဒါနဲ့ ဘုရင်က အဲဒီမှူးကြီးကို တံစိုးထိပ်ခေါင်ဘွဲ့ချီးမြှင့်ဖို့ ဝန်ကြီး၊ မှူးမတ်တွေနဲ့တိုင်ပင်တော့ 'ဒီလောက်နဲ့ 'တော့ ဒီဘွဲ့တံဆိပ်မပေးသင့်ကြောင်း၊ သူ့ကို တခြား ဝေးလံခေါင်းပါးနေရာ ပို့ပြီး စမ်းသပ်သင့်ကြောင်း' လျှောက်တင်ကြသတဲ့။ ဒါနဲ့ အဲဒီလာဘ်မှူးကြီးကို ပင်လယ်ကမ်းစပ် တံငါရွာကို ပို့လိုက်သတဲ့။ လာဘ်မှူးကြီးလည်း တံငါရွာမှာ လာဘ်စားစရာမရှိလို့ ငေးမှိုင်နေတော့တာပေါ့။ တစ်နေ့မှာတော့ ဘင်္ဂလားပင်လယ်အော်မှာ လေဖိအားနည်းရပ်ဝန်းဖြစ်ပြီး ရုတ်တရက် မုန်တိုင်းကျလာလို့ ပင်လယ်ကူးရွက်လှေကြီးတွေ ရွက်တိုင်ကျိုးပြီး ဟိုမျော၊ ဒီ



ပါနဲ့ နီးရာကမ်းဝင်ကပ်ကြတော့ အဲဒီလာဘ်မှူးကြီးရောက်နေရာ တံငါရွာကို လာဆိုက်ကြသတဲ့။ အဲဒီနောက် သူတို့ရဲ့ အထည်အလိပ်တွေ ကုန်စည်တွေနဲ့ စားစရာ ငါးပိ၊ ငါးခြောက်၊ ဆန်၊ ဆီတို့နဲ့ လဲလှယ်ကြရာကနေ စည်ကားတဲ့ ဈေးကွက်ကြီးဖြစ်လာသတဲ့။ ဒါနဲ့ လာဘ်မှူးကြီးလည်း သွင်းကုန်၊ ထုတ်ကုန်တွေအပေါ် စိတ်ကြိုက်အခွန်အတုပ်ကောက်ပြီး အားရပါးရလာဘ်စားတော့တာပဲတဲ့။ လာဘ်ရတဲ့ငွေထဲက ဘုရင်ထံ တံစိုးလာဘ်ဆောင်တွေ ပို့လိုက်သတဲ့။ ဒါနဲ့ ဘုရင်ကြီးလည်း အဖြစ်မှန်သိသွားပြီး လာဘ်မှူးကြီးကို တံစိုးထိပ်ခေါင်ဘွဲ့ ချီးမြှင့်ဖို့ ဝန်ကြီးမှူးမတ်တွေနဲ့ တိုင်ပင်ပြန်တယ်။ ဒါပေမဲ့ အားလုံးက ဘွဲ့ချီးမြှင့်ဖို့ စောသေးကြောင်း ထပ်မံစမ်းသပ်သင့်ကြောင်း လျှောက်ပြန်သတဲ့''

''အစ်ကို့ပုံပြင်ကလည်း အဲဒီလာဘ်မှူးကြီးကို ဘွဲ့ချီးမြှင့်လိုက်တယ်ဆိုလည်း ပြီးတာပဲ''

''နေဦးလေကွာ . . ဒီဘွဲ့က လွယ်လွယ်နဲ့မရဘူးဆိုတဲ့သဘောပေါ့ကွာ။ ဒါနဲ့ အဲဒီ လာဘ်မှူးကြီးကို လာဘ်စားလို့ မဖြစ်နိုင်အောင်ဆိုပြီး နန်းမြင့်မျှော်စင်ပေါ်မှာ ဗဟိုရ်စည်တီးဖို့ တာဝန်ချထားလိုက်ပြန်သတဲ့။ လာဘ်မှူးကြီးလည်း နန်းမြင့်မျှော်စင်ပေါ်မှာ နာရီစဉ်အလိုက် ဗဟိုရ်စည်တီးနေရတော့ ဘယ်ကိုမှလည်းသွားလို့မရ၊ ဘယ်ကမှလည်း လာဘ်မရနဲ့မို့ အတော်ပဲ စိတ်ပိန်သွားသတဲ့။ ဒီလိုနဲ့ တစ်ညကျတော့ အိပ်ငိုက်သွားလိုက်တာ ဆတ်ခနဲနိုးလို့ ကြည့်လိုက်တော့ ၁၅

www.burmeseclassic.com



မိနစ်လောက် နောက်ကျနေတာတွေ့ရသတဲ့။ နိုးနိုးချင်းပဲ ဗဟိုရိုစည်ကိုတီးလိုက်ပြီး "ပြဿနာတော့ပေါ်ပြီထင်တယ် ဘယ်လိုဖြေရှင်းရပါ့" လို့ စဉ်းစားနေမိသတဲ့။ နောက်တစ်နေ့ နံနက်ခင်းမှာ မင်းချင်းလုလင်တစ်ပါး နန်းမြင့်မျှော်စင်ပေါ်တက်လာကာ လာဘ်မှူးကြီးအတွက် အနောက်မိဖုရားက ချီးမြှင့်လိုက်တာပါ" လို့ ပြောပြီး တံစိုးလက်ဆောင်တွေပေးသတဲ့။

"ဘာကြောင့်ပေးတာလဲ" မေးတော့ "လာဘ်မှူးကြီး ယမန်နေ့ညက ညဉ့်တစ်ချက်တီး စည်တော်ကို ၁၅ မိနစ် နောက်ကျတီးတဲ့အတွက် မောင်တော်ဘုရားက အနောက်နန်းဆောင်မှာ ၁၅ မိနစ် ပိုမိုစံမြန်းပျော်ပါးသွားတာကို ကျေးဇူးတင်လို့ပါ" လို့ ပြောသတဲ့။

"ကျေနပ်တဲ့ မိဖုရားရှိသလို မကျေနပ်တဲ့ မိဖုရားကော မရှိနိုင်ဘူးလား အစ်ကိုရဲ့"

"အေး ‥ အဲဒီလိုပဲ လာဘ်မှူးကြီးလည်း တွေးရင်း ကြောက်ရွံ့နေတုန်း မျှော်စင်ပေါ်ကို နောက်ထပ် မင်းချင်းလုလင်တစ်ပါး တက်လာပြန်သတဲ့။ "တောင်နန်းမိဖုရားက လာဘ်မှူးကြီးအတွက် ပေးလိုက်တာပါ" လို့ ပြောပြီး တံစိုးလက်ဆောင်တွေပေးသတဲ့။ "ဘာကြောင့်ပေးတာလဲ မေးတော့ ယမန်နေ့ညက စည်တီးတာ ၁၅ မိနစ်နောက်ကျလို့ မောင်တော်ဘုရား သူ့နန်းဆောင်ကို ၁၅ မိနစ် နောက်ကျပြီးမှ ရောက်လာလို့ သိပ်အဆင်မပြေဘူး။ အဲဒါ ‥ ဒီညတော့ နောက်မကျပါစေနဲ့တဲ့ ‥ အဲ ‥ စောချင်ရင် စောပလေ့စေ"လို့ မှာလိုက်ပါတယ် လို့ ပြောသတဲ့။ အဲဒီနေ့က စပြီး လာဘ်မှူးကြီးလည်း နန်းမြင့်မျှော်စင်ပေါ်မှာ ဗဟိုရိုစည်တီးရင်း မိဖုရားတွေ၊ မောင်းမမိဿံတွေထံက လာဘ်လာဘ တံစိုးလက်ဆောင်တွေနဲ့ စည်ပြိုးနေသတဲ့။ ဒါကြောင့် ဘုရင်က ဒီအဖြစ်မှန်သိသွားပြီး "ကြဲကြဲဖန်ဖန်ကွာ ငါ့မိဖုရားတွေဆီကတောင် လာဘ်စားတဲ့ကောင် နန်းမြင့်မျှော်စင်ပေါ်က အမြန်ဆင်းခိုင်း။ တံစိုးထိပ်ခေါင်ဘွဲ့ အမြန်ချီးမြှင့်ပြီး သူလိုချင်တဲ့နေရာကို အမြန်ဆုံးပို့စေ" လို့ အမိန့်ချမှတ်သတဲ့။ ကိုင်း ‥ ကောင်လေး သဘောပေါက်ပြီလား"

ဖွဲမာန်လည်း သဘောကျလို့ တဟားဟားရယ်မောရင်း စိတ်မကျေနပ်မှုတွေကို ခဏတာ မေ့ဖျောက်ထားလိုက်မိတော့သည်။

သူတို့၏
ညွှန်မှူးကြီး
ဦးငွေအိုးသာ
ထိုလာဘ်ပြိုင်ပွဲ၌
ပါဝင်ယှဉ်ပြိုင်ခဲ့မည်ဆိုလျှင်
အဆိုပါ
လာဘ်မှူးကြီးရရှိခဲ့သည့်
တံစိုးထိပ်ခေါင်ဘွဲ့ထက်
တစ်ဆင့်မြင့်သော
"တံစိုးထိပ်ခေါင်
လာဘ်မှူးနောင်"ဘွဲ့ကို
ရရှိသွားမည်မှာ
မလွဲကေန်ပါပဲ
...

+++

၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၇ ရက်နေ့တွင် "အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေ" ကို ပြဋ္ဌာန်းခဲ့ပြီး စက်တင်ဘာ ၁၇ ရက်နေ့မှစ၍ အာဏာတည်သည်ဟု နိုင်ငံတော်သမ္မတကြီးက အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်ခဲ့ချေပြီ။

ခုတလော ညွှန်မှူးကြီး ဦးငွေအိုးလည်း အသံသိပ်မထွက်တော့ချေ။ ဘယ်နေရာ၊ ဘယ်ဌာနက္ကရဆိုလျှင် ပေါက်ဈေးမည်မျှဆိုသော လေလံကြမ်းခင်းဈေး ပြင်ဆက်ချက်တွေလည်း ပျောက်ကွယ်စပြုနေပြီဟု သတိပြုလိုက်မိသည်။

တစ်နေ့မှာတော့ ဖွဲမာန်တို့လိုပင် ရိုးဖြောင့်အေးဆေးသည့် အရာရှိငယ် ကိုတင်အောင် ဤတိုင်းဒေသကြီးသို့ ပြောင်းရွှေ့ရောက်လာသည်။ တိုက်တိုက်ဆိုင်ဆိုင်ပင် အကောင်းဆုံးနေရာ တစ်ခုမှာလည်း လစ်လပ်နေပြီး အ[illegible]သ်၍ ထိုလစ်လပ်နေရာ၏ ပေါက်ဈေးအတိုင်း တောင်းခံပါကလည်း ကို တင်အောင်က ပေးနိုင်မည့်အခြေအနေ



မရှိပါ။ ညွှန်မှူးက ထိုအခြေအနေကို သိသလို ဖွဲ့မာန်တို့ ဝန်ထမ်းအားလုံးကလည်း သိထားသည်။ ဘယ်လိုဖြစ်သောမလဲဆိုတာကို အားလုံးက စိတ်ဝင်စားစွာ စောင့်ကြည့်နေကြသည်။

နောက်တစ်နေ့မှာပင် ကိုတင်အောင်အား ထိုလစ်လပ်နေရာတွင် တာဝန်ချထားလိုက်ကြောင်း အမိန့်ထွက်လာသည်။ သမ္မတကြီး၏ Clean Government အောင်မြင်မှုပေလား။ "အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ" ၏ အရှိန်အဝါ ကြီးမားမှုကြောင့်ပေလား သို့တည်းမဟုတ် ဖွဲ့မာန်တို့လို ညွှန်မှူးကြီးဦးငွေအိုးပင် ဒီမိုကရေစီဘက်တော်သားအဖြစ် ခံယူချက်တွေပြောင်းခဲ့လေသောကြောင့်ပေလား ဟု တွေးကာ အံ့ဩဝမ်းသာခြင်း ဖြစ်နေကြရပါသည်။

သို့ပါသော်လည်း နောက်တစ်နေ့ ကိုတင်အောင် တာဝန်ကျရာသို့ မထွက်ခွာမီ ဖွဲ့မာန်တို့ နှုတ်ဆက်ကြတော့မှ အဖြစ်မှန်ကို သိရတော့သည်။ ကိုတင်အောင် မရွှင်မလန်းဖြစ်နေ၍ မေးကြည့်ရာ ကိုတင်အောင်က ..

"ကျွန်တော် အကြွေးတင်နေလို့ စိတ်မကောင်းဖြစ်မိတာပါဗျာ"

"ဘာအကြွေးလဲဗျ"

"ဒီလိုပါဗျာ .. ညွှန်မှူးကြီးက ကျွန်တော့် ဆရာသမားအရင်းဆိုတော့ ကျွန်တော် စုဆောင်းထားတာလေး နည်းနည်းပါးပါး ကန်တော့လိုက်ရုံနဲ့ ဒီနေရာကို ရတယ်လို့ ခင်ဗျားတို့ ထင်နေကြတာမဟုတ်လား။ အမှန်တော့ ညွှန်မှူးကြီးက ကျွန်တော့်ကို "မင်းက တပည့်အရင်းမို့ ယုံကြည်လို့ အဲဒီနေရာကို ပေးလိုက်မယ်။ အခုတော့ မင်းမှာပါသလောက်ပေးခဲ့။ ဟိုရောက်မှ ပေါက်ဈေးအတိုင်း ပြည့်အောင်ထဲပ်ပေး။ အင်စတောမင့်နဲ့ပေါ့ကွာ .. နော်" လို့ မှာလိုက်တယ်ဗျာ"

ကြေကွဲစွာပြောနေသော ကိုတင်အောင်ကို ကြည့်ရင်း ဖွဲ့မာန် စိတ်မကောင်းဖြစ်မိသည်။ ရိုးသားသော အရာရှိငယ်ကိုတင်အောင်တစ်ယောက် သူ့ရဲ့ငွေအရင်းအပြင် ညွှန်မှူးကြီးထံ ပေးဆပ်ရမည့် အကြွေးတွေကိုပါ ရှာရပေဦးတော့မည်ဟုလည်း စဉ်းစားမိသည်။

တစ်ဆက်တည်းမှာပင် အဂတိလိုက်စားမှုတားမြစ်သော ဥပဒေများ၊ အမိန့်ညွှန်ကြားချက်များ အထပ်ထပ်ကြားမှ သူလိုချင်သော ပေါက်ဈေးအတိုင်း ငွေကြေးအရေအတွက်ကို မပြည့်ပြည့်အောင် အင်စတောမင့်(ခေါ်) အရစ်ကျစနစ်ဖြင့် သေသေသပ်သပ် ကျွမ်းကျင်ပိုင်နိုင်စွာ မျက်လှည့်ပြလိုက်သော ညွှန်မှူးကြီး ဦးငွေအိုး၏ လာဘ်စားလိုက်ပုံကို ကြားသိလိုက်ရသည့်အတွက် ဖွဲ့မာန်အံ့သြခြင်းဖြစ်မိ၏။ ထို့အပြင် ချီးကျူးမိ၏။ လက်ဖျားခါမိ၏။ ထို့နောက် သူ့စီနီယာအစ်ကိုကြီးပြောပြခဲ့ဖူးသည့် လာဘ်ပုံပြင်ထဲက တံစိုးထိပ်ခေါင်ဘွဲ့ကို ဆွတ်ခူးခဲ့သော လာဘ်မှူးကြီးကိုလည်း သနားမိပါ၏။ သူတို့ ညွှန်မှူးကြီး ဦးငွေအိုးသာ ထိုလာဘ်ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ခဲ့မည်ဆိုလျှင် အဆိုပါ လာဘ်မှူးကြီးရရှိခဲ့သည့် တံစိုးထိပ်ခေါင်ဘွဲ့ထက် တစ်ဆင့်မြင့်သော "တံစိုးထိပ်ခေါင် လာဘ်မှူးနောင်"ဘွဲ့ကို ရရှိသွားမည်မှာ မလွဲကေန်ပါပဲလို့ ဖွဲ့မာန်တွေးနေမိပါတော့သည်။

ကြင်ဦးလှ

www.burmeseclassic.com



# ခင်ဗျားတို့ သက်ရှည်ကျန်းမာ ရယ်စရာ



## ကလေးလေးယောက်

ဈေးထဲရှိ လက်ဖက်ရည်ဆိုင်တွင် လူနှစ်ဦး လက်ဖက်ရည်သောက်နေစဉ် လမ်းမမှ ဈေးဝယ်လာသော မိန်းကလေး ချောချောတစ်ဦးလျှောက်သွားသည်ကို တွေ့ကြရ၏။ လူတစ်ဦးက ကြည့်ပြီး ..

"တော်တော်ချောပြီးတောင့်တဲ့ ကောင်မလေးပဲဗျာ"

"ကလေးလေးယောက်နဲ့လေ"

"ခင့်ဗျားကလည်း ဒီကောင်မလေးက အပျိုစစ်စစ်လေး။ ကြည့်ရုံနဲ့ ကလေးလေးယောက်မရှိမှန်းသိပါတယ်"

"ကျုပ်ပြောတာ၊ ခင်ဗျားမှာ ကလေးလေးယောက်ရှိတာကို ပြောတာပါ"တဲ့။

---

## သူမဆုတောင်း

လက်ပံခါးရွာ၌ နေထိုင်သော ဒေါ်ခင်ဝင်းသည် သူ့ယောက်ျားလယ်တောဆင်းတိုင်း ..

"ကျွန်မချစ်လင် လယ်တောဆင်းရာ မြွေဆိုးများနှင့်ကင်းဝေးပါစေ" ဟု အမြဲဆုတောင်း၏။ များမကြာမီကမူ သူတို့ရွာသို့ မြွေဝယ်သူများဆင်းဝယ်ကြရာ ဒေါ်ခင်ဝင်း၏ ဆုတောင်းပုံပြောင်းလဲသွား၏။ သူမဆုတောင်းပုံမှာ ..

"ကျွန်မချစ်လင် လယ်တောဆင်းရာ မြွေပွေးကြီးကြီးနှင့်တွေ့ပါစေ။ ထိုမြွေပွေးအား ရောင်းစားများများပိုက်ဆံ ရပါစေ" ဟူ၍ ဖြစ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com


## ပိုင်ရှင်

တစ်ခါက မုဆိုးသည် တောစပ်သို့ရောက်လာလေ၏။ ထိုစဉ် ကျွဲအုပ်နှင့်ထိုင်နေသောကလေးငယ်တစ်ယောက်ကိုတွေ့ရ၏။ ထိုအခါ မုဆိုးသည် အကြံပေါ်လာသည်။

"ဟေ့ .. ချာတိတ်၊ ငါ ကျွဲအုပ်ထဲကို သေနတ်နဲ့သုံးချက်ပစ်မယ်။ သေတဲ့အကောင်ကို ငါယူမယ်။ မင်းကို ငွေဘယ်လောက်ပေးရမလဲ" ဟု မေး၏။

"တစ်ချက်ပစ်မယ်ဆိုရင် တစ်သောင်း၊ သုံးချက်ပစ်မယ်ဆိုရင်တော့ သုံးသောင်းပေါ့ဗျာ"

ဟု ကလေးငယ်က ပြန်ဖြေသည်။ မုဆိုးသည် ကျွဲတန်ဖိုးနှင့် ငွေအရေအတွက်ကွာခြားနေသဖြင့် အချိန်မဆိုင်းဘဲ ကျွဲအုပ်ထဲသို့ သေနတ်ဖြင့်ချိန်ကာ သုံးကြိမ်ပစ်လိုက်သည်။ ကျွဲအုပ်ထဲမှ ကျွဲသုံးကောင်သေဆုံးသွားသည်။ အခြားကျွဲများလည်း ထွက်ပြေးသွားကြသည်။

"ဟား .. ဟား .. ဟား တန်လိုက်တာကွယ်" ဟု မုဆိုးက ရယ်ရင်း ငွေသုံးသောင်းထုတ်ပေးလိုက်သည်။ ကလေးငယ်က ငွေကိုယူ၍ ပြန်ဖြေပုံမှာ ..

"ကျွန်တော်က ပိုတန်ပါတယ် မုဆိုးကြီးရယ်။ အဲဒီ ကျွဲအုပ်က ကျွန်တော်ပိုင်တာမဟုတ်ဘူးဗျ။ ဒီနေရာမှာ ပျင်းလို့လာထိုင်နေတာပါဗျာ။ ပိုင်ရှင်က ပြဿနာရှာရင်တော့ ကိုယ့်ဘာသာကိုယ်ရှင်းပေါ့"

ဟု ပြောပြောဆိုဆို ကလေးငယ်က ပြေးထွက်သွားလေ၏။

## လေမုန်တိုင်းသာ ပို့ပေးပါ

မြို့တစ်မြို့၌ လေမုန်တိုင်းတိုက်ခတ်သဖြင့် သစ်ပင်များ၊ အိမ်များ၊ ပြိုကျပျက်စီးကုန်သည်။ ထိုအခါ မိသားစုတစ်စုသည် အပျက်အစီးများကို ပြန်လည်ထူထောင်ရေးလုပ်ရာ ၃ နှစ်သားအရွယ် သားငယ်ကို ညီဖြစ်သူမိသားစုရှိရာမြို့သို့ ပို့ထားရ၏။ ၅ ရက်ခန့်ကြာသောအခါ ညီက အစ်ကိုမိသားစုသို့ ဖုန်းလှမ်းဆက်သည်။

"အစ်ကို့သားကို အမြန်ပြန်ခေါ်ပါ။ ကျွန်တော်တို့အိမ်ကို လေမုန်တိုင်းသာ ပို့ပေးလိုက်ပါ"

ဟု ပြောလေ၏။

## အပြင်မှာစားလို့ကောင်းတယ်

လက်ထပ်ပြီးစလင်မယားနှစ်ယောက် သူငယ်ချင်းများနှင့်တွေ့သည့်အခါ ..

"ကျွန်တော်တို့လင်မယားက အိမ်မှာထမင်းစားရတာမကောင်းဘူး။ မကြာခဏ အပြင်မှာထွက်စားတာ ထမင်းမြိန်တာပဲ။ ငွေလည်း စုမိဆောင်းမိတယ်ဗျာ"

သူငယ်ချင်းတစ်ဦး ..

"အပြင်မှာစားတော့ ငွေကုန်မှာပေါ့ဗျ။ ဘယ်လိုစုဆောင်းမိတာလဲ"

"ဟဲ .. ဟဲ ကျွန်တော့်ဇနီးရဲ့ မိဘအိမ်မှာစားလိုက်၊ ကျွန်တော့်မိဘအိမ်မှာစားလိုက်နဲ့ပေါ့ဗျာ"

ခင်မြင့်

www.burmeseclassic.com



# မေးပါရစေဦး

သဇင်ပွင့်ခက်တွေရဲ့
လက်ကျန်ရာသီ ပါးပါးလေးမှာ
ဥသြတွေလည်း
တွန်သံမြူးနေလိုက်ကြတာ
အချစ်ဦးမဟုတ်တဲ့ အချစ်နဲ့
နှုတ်မှုးတွေ့ ဒူးတွေ့ တွေ့လိုက်ရတော့
ရှုံးမတတ်ပါပဲကွယ်။

မေးပါရစေ
ငါ့ကို တကယ်ချစ်ရဲ့လား။


နှစ်ယောက်အတူတူ
ထိုင်ခဲ့ကြပါတယ်
တိတ်ဆိတ်ငြိမ်သက်လို့
သူ့နှလုံးသားရဲ့
ခံစားမှု တံခါးပေါက်ကို
ခဏခဏ ခေါက်ပြီး
အခါအခါ ဖတ်ကြည့်။

မေးကြည့်မိတယ်
ငါ့ကို. တကယ်ချစ်ရဲ့လား။

သူ့ရဲ့တစ်ခြမ်းတည်းသော
နှင်းဆီဖူး နီနီလေးမှ
ကြွေဆင်းလာတဲ့ စကားစမြည်ကို
ဘာမှပြန်မပြောဘဲ နားထောင်ခဲ့ပါတယ်
နားထောင်ရင်းနဲ့လည်း
သူ့ရင်ဘတ်ထဲကို ဝင်ကြည့်မိတယ်
နူးညံ့လွန်းတဲ့ ပိုးထည်အဖြူစတွေနဲ့ပြည့်လို့

ဒါပေမဲ့
မေးပါရစေဦး
ငါ့ကို တကယ်ရော ချစ်ရဲ့လားကွယ်။ ။


ရာဇဗွား(မွန်လေး)





www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com





ကြော်ငြာကတစ်ဆင့် အနုပညာလောကထဲ
စတင်ရောက်ရှိလာပြီး TV ကြော်ငြာများ၊ ဘေဘုတ်ကြော်ငြာများအပြင်
လက်ရှိမှာ Video ဇာတ်ကားများလည်း
လက်ခံရိုက်ကူးလာပြီဖြစ်တဲ့ မော်ဒယ်သရုပ်ဆောင် Patricia ရဲ့
ရှေ့ဆက်မှုအနုပညာအစီအစဉ်များကို
သူနဲ့တွေ့ဆုံစဉ်မှာ မေးကြည့်တဲ့အခါ ...

**အနုပညာလှုပ်ရှားမှုတွေအကြောင်း ပရိသတ်များသိအောင် စပြီးပြောပြပါလား။**

ညီမအခု တီဗွီကြော်ငြာတွေ ဘေဘုတ်ကြော်ငြာတွေ MTV တွေ Video ဇာတ်ကားတွေလည်း ရိုက်ကူးနေပါတယ်။ Video ဇာတ်ကားကတော့ ရိုက်ကူးထားတာ လေးကားလောက်တော့ရှိနေပါပြီ။ ဆက်လက်ရိုက်ကူးဖို့အတွက် လက်ခံထားတာတွေလည်း ရှိပါတယ်။

**ရိုက်ထားတဲ့ Video ဇာတ်ကားလေးကားမှာကော ဘယ်လိုကာရိုက်တာတွေများသလဲ။**

ရိုက်ထားတဲ့ ဇာတ်ကားတွေမှာကတော့ တစ်ခုနဲ့တစ်ခု တစ်ကားနဲ့တစ်ကားမတူဘူးပေါ့နော်။ ပထမဆုံး စရိုက်တဲ့ ဇာတ်ကားကတော့ Fancy ကားလေးပါပဲ။ ဒုတိယဇာတ်ကားကတော့ အငြိမ်ဇာတ်ရုပ်လေးပေါ့။ ဒရမ်မာကားလေးပါ။ အရိုက်များတာကတော့ Fancy ဇာတ်ကားပေါ့နော်။ ကျွာ. ရိုက်တာကတော့ အစုံရိုက်ရမှာပဲပေါ့။

**ပညာရေးအခြေအနေလေးကိုကော ပရိသတ်များကို အသိပေးပါဦး။**

ပညာရေးကတော့ အခု ဆယ်တန်းတက်နေတယ်။ အင်္ဂလိပ်ကျောင်းမှာပါ။ ကျောင်းကတစ်ဖက်ဆိုတော့ အနုပညာအလုပ်တွေကိုလည်း ကိုယ်ကဝါသနာပါတဲ့အတွက် ကျောင်းအားတဲ့ရက်လေးတွေမှာ အနုပညာအလုပ်တွေကို ဆောင်ရွက်ရတာပေါ့နော်။ ဒီလိုပဲမျှအောင် ဆောင်ရွက်နေရပါတယ်။ ကျူရှင်လည်းတက်၊ ကျောင်းလည်းတက် အနုပညာအလုပ်လည်း လုပ်ပေါ့နော်။



www.burmeseclassic.com

www.burmeseclassic.com



**Video ဇာတ်ကားတွေကို ဆက်လက်ရိုက်ကူးဖို့ လက်ခံထားတာတွေကောရှိလား။**

Video ဇာတ်ကားတွေကတော့ နောက်ထပ်ရိုက်ကူးဖို့အတွက် လာရောက်ကမ်းလှမ်းထားတာတွေ လက်ခံရိုက်ကူးဖို့တွေလည်း ရှိပါတယ်။

**အရင် Model အနေနဲ့သာ ရပ်တည်နေရာက သရုပ်ဆောင်လိုင်းကူးလာတဲ့အချိန်မှာ ဘယ်လိုကြုံတွေ့ရသလဲ။**

အရင်က Photo Model တစ်ယောက်အနေနဲ့သာ လက်ခံရိုက်ကူးလာတော့ ကိုယ့်အတွက်က Use to ဖြစ်နေတာပေါ့နော်။ အခက်အခဲတွေမရှိဘူး။ Video စတင်ရိုက်ကူးတဲ့အခါ သရုပ်ဆောင်စလုပ်တဲ့အချိန်မှာတော့ ကိုယ်က အသစ်တစ်ယောက်လည်းဖြစ်တယ်။ သရုပ်ဆောင်သင်တန်းတွေကလည်း မတက်ဖူးဘူးဆိုတော့ အတွေ့အကြုံအသစ်တွေရတယ်။ Video ဇာတ်ကားမှာ သရုပ်ဆောင်ရတာက Photo Model နဲ့ကတော့ တစ်ခြားစီပေါ့နော်။ Photo Model လိုတော့ မလွယ်ကူဘူး။ ဒါပေမဲ့ ရိုက်ကူးရာမှာတော့ အခက်အခဲတွေမကြုံခဲ့ရဘူး။ [illegible] အဆင်ပြေအောင်ကြိုးစား သရုပ်ဆောင်တယ်။



သရုပ်ဆောင်စလုပ်တဲ့ အချိန်မှာတော့ ကိုယ်က အသစ်တစ်ယောက်လည်း ဖြစ်တယ်။ သရုပ်ဆောင် သင်တန်းတွေကလည်း မတက်ဖူးဘူးဆိုတော့ ...

**ကိုယ်နဲ့အတူတွဲပြီး သရုပ်ဆောင်ရတဲ့ စီနီယာ Actor တွေဆီကကော ဘယ်လိုကူညီမှုတွေ[illegible] သလဲ။**

စီနီယာသရုပ်ဆော[illegible] ကြီးတွေကတော့ သင်ပေး[illegible] ကြပါတယ်။ ကိုကျော်ကျော်[illegible] နဲ့ ရိုက်တုန်းကလည်း ဘ[illegible] နေရာမှာ ဘယ်လိုသရုပ်ဆော[illegible] ရမလဲ၊ ဘယ်လို Mo[illegible] သွင်းရမလဲ[illegible]

www.burmeseclassic.com





သိုတာကအစ ပြောပြပေးတယ်။ အရမ်းခက်ခဲတဲ့ဇာတ်တွေအတွက် ကိုယ်ကလည်းအသစ်တစ်ယောက် ဆိုတော့ စီနီယာကြီးတွေဆီက သင်ယူရတာပေါ့။

**ဘယ်လို ကာရိုက်တာမျိုးကို လက်ခံရိုက်ကူးရတာအားသန် လဲ။**

လော်လောဆယ်မှာတော့ Fancy ဇာတ်ကားလေးတွေ ကို ပိုအားသန်တယ်လို့ ပြောရမှာ ပေါ့နော်။ အသစ်တစ်ယောက် လည်းဖြစ်တယ်။ လေ့လာသင်ယူ နေဆဲဆိုတော့လေ။ ဒရမ်မာ ဇာတ်ကားတွေလည်း ရိုက်တာက တော့ ရိုက်နေတာပဲ။ ဒါပေမဲ့ တဖြည်းဖြည်း ရိုက်ရင်းနဲ့ အဆင် ပြေလာမှာပါ။

**Video ဇာတ်ကားတွေ ရိုက် နေပြီဆိုတော့ Photo Model အနေနဲ့ရော ဆက်လှုပ်ရှား ဦးမှာလား။**

ဒါကတော့ တစ်ကန့်စီခွဲထားပါ တယ်။ ကားရိုက်တာ လည်း၊ ဆက်လက်ရိုက်ကူးမယ့် သလို Model အနေနဲ့လည်း၊ Photo Model အဖြစ် ရိုက်တယ်။ TV ကြော်ငြာတွေလည်း ဆက် တိုက်ရိုက်ကူးနေတယ်။ MTV VCD တွေလည်း တော်တော် များများ ရိုက်ဖြစ်နေပါတယ်။

**ရေရှည်မှာတော့ အနုပညာ လောကမှာ အလုပ်တွေကို ဘယ်လိုဆောင် ရွက်သွားဖို့ စိတ်ကူးထားသလဲ။**

ရှေ့ဆက်တော့ ကြိုးစားရမှာ ပေါ့နော်။ အရမ်းကြိုးစားပေးနေကြတဲ့ Facebook ပေါ်က ပရိသတ်တွေကော အပြင်က ပရိသတ်တွေကော သူတို့အား ပေးရကျိုးနပ်အောင် အမြဲကြိုးစားနေပါ တယ်။ ဘယ်အရာကိုမဆို စိတ်ဓာတ်မကျ တဲ့ အနုပညာလမ်းကြောင်းမှာ အကောင်းဆုံး လျှောက်လှမ်းသွားပါမယ်။

ငြိမ်းချမ်း



www.burmeseclassic.com

www.burmeseclassic.com





# စုဝေနှင်း
# မျက်တောင်များ လှပကော့ညွတ်နေစေရန်

အမျိုးသမီးတစ်ဦး၏ မျက်နှာပြင်တွင် ဆွဲဆောင်မှု အရှိဆုံးဖြစ်သည့် မျက်ဝန်းများသည် သူမ၏ စိတ်တံခါးပေါက်ပင် ဖြစ်ပါသည်။ ထိုမျက်လုံးအစုံတွင် အဓိကကျသော အဆင်တန်ဆာမှာမူ ထိုမျက်ဝန်းကိုပိုမိုထင်းလင်းတောက်ပစေသည့်အရာမှာ မျက်တောင်၊ တိတိကျကျဆိုရမည်ဆိုပါက ကော့ညွတ်ရှည်လျားသော မျက်တောင်များပင် ဖြစ်ပါသည်။ အလှအပနှင့် ဖက်ရှင်ရေစီးကြောင်းသည် အစဉ်သဖြင့် ပြောင်းလဲနေပြီး ပြင်ဆင်မှုများမှာလည်း ခေတ်စားလိုက်၊ ပျောက်သွားလိုက်ဖြစ်သော်လည်း မျက်တောင်ကော့ကော့တစ်စုံမှာမူ အစဉ်အဆက် ခေတ်စားလှပနေပြီး မပြောင်းလဲသောအရာပင် ဖြစ်ပါသည်။ သဘာဝအတိုင်း မျက်တောင်များ မကော့ညွတ်နေလျှင်မူ မျက်တောင်များကို အလှကုန်ပစ္စည်းများဖြင့် ယာယီလှပရှည်လျားကော့ညွတ်အောင် ဖန်တီးယူနိုင်ပြီး ဖြစ်ပါသည်။ ထို့ကြောင့် အကုန်အကျများသော မျက်တောင်ခတ်ခြင်းနှင့်အချိန်ကုန်သော မျက်တောင်တုတပ်စရာမလိုစေရန် သာမန်မျက်တောင်ကော့ဆေး (Mascaros) ဖြင့် မျက်တောင်ပြင်ဆင်နည်းကို ဖော်ပြလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



(၁) မျက်တောင်ကော့ကိရိယာ

သင်၏မျက်တောင်များ ကောညွတ်လှပစေရန် မရှိမဖြစ် ဝယ်ယူထားရမည့်ကိရိယာမှာ မျက်တောင်ကော့ကိရိယာပင် ဖြစ်သည်။ အရည်အသွေးမြင့် သံ(သို့မဟုတ်) စတီးဖြင့်ပြုလုပ်ထားသော ကိရိယာကို ရှာဖွေဝယ်ယူထားပါ။ ပြီးလျှင် ထိုကိရိယာကို မိမိမျက်တောင်တွင် မသုံးသေးဘဲ ကိရိယာသီးသန့်ကိုသာ စတင်စမ်းသပ်အသုံးပြုကြည့်ပါ။ အသားကျပြီဆိုမှ မျက်တောင်ကို အရင်းမှစ၍ အပေါ်သို့ ကော့ညွတ်စေရန် ဤကိရိယာအကူအညီဖြင့် ကော့ပေးပါ။ ဤသို့ကော့ပေးခြင်းကို မျက်တောင်ပျက်စီးမှုမဖြစ်စေရန် မျက်တောင်ကော့ဆေးမသုံးမီ ပြုလုပ်ပေးရပါမည်။

(၂) မျက်တောင်ကော့ဆေး တစ်ထပ်နှင့်တစ်ထပ်ကြား ခြောက်စောင့်ဆိုင်းပါ။

မျက်တောင်ပါးသူများအနေဖြင့် မျက်တောင်ထူထဲသည်ဟု ထင်ရစေရန် မျက်တောင်ကော့ဆေးကို လိုအပ်သလို ထပ်ဆိုးပေးရပါမည်။ ထိုသို့တစ်ထပ်မကဆိုးပါက မျက်တောင်ကော့ဆေးတစ်ထပ်နှင့် တစ်ထပ်ကြားတွင် လေသလပ်ချိန် ခြောက်ပေးရပါမည်။ သို့မှသာ မျက်တောင်ပေါ်တွင် ကော့ဆေးသည် သဘာဝကျကျဖွဲ့စည်းကာ လှပထူထဲမည်ဖြစ်ပါသည်။ ထိုသို့ခြောက်မစောင့်ဘဲ ထပ်ဆိုးမိပါက မျက်တောင်တွင် ကော့ဆေးများ အပြုလိုက်ခဲပြီး မညီမညာ မလှမပ ဖြစ်တတ်ပါသည်။ ထိုကဲ့သို့ အထပ်ထပ် ဆိုးလိုသူများ အနေဖြင့် ထူထဲစေ၍မကပ်သော (Volumizing non-Clumping) အမျိုးအစားကို ရွေးချယ်အသုံးပြုရမည် ဖြစ်ပါသည်။

(၃) မျက်တောင်များ ကပ်သွားခြင်းမဖြစ်စေရန် မျက်တောင်မွှေး ကော့တံတစ်မျိုး အပိုထားပါ။

မျက်တောင်ကော့ဆေးတစ်ဘူးကုန် သွားလျှင် ထိုဘူးထဲမှ ကော့တံကို ဖြုတ်ယူထားပြီး ယင်းကို ဆေးကြောသန့်စင်ပြီး သိမ်းထားပါ။ မျက်တောင်ကော့ဆေးအသုံးပြုပြီး မျက်တောင်များကပ်နေပါက ယင်းကော့တံအပိုဖြင့် မျက်တောင်များကို ဖြီးသင်ပေးရပါမည်။ သို့မှသာ မျက်တောင်များ ကပ်စေးခြင်းမရှိဘဲ ထူထဲရှည်လျားကော့ညွတ်စွာလှပမည်ဖြစ်ပါသည်။

(၄) တစ်နှစ်ကျော်သွင် မတူညီသော မျက်တောင်ကော့ဆေးများ အသုံးမပြုပါနှင့်။

မတူညီသောကော့ဆေးတံဆိပ်များသည် မတူညီသော ဖော်မြူလာနည်းပညာတို့ဖြင့် ဖော်စပ်ထုတ်လုပ်ထားသောကြောင့် ယင်းတို့ကို တစ်ချိန်တည်းတွင် ပေါင်းစပ်သုံးမိပါက မျက်တောင်ပေါ်တွင် ကပ်သွားခြင်း၊ ခဲသွားခြင်း ဖြစ်တတ်ပါသည်။ သို့ဖြစ်၍ မျက်တောင်ထူထဲစေရန် အထပ်ထပ်ဆိုးလိုပါက တူညီသော မျက်တောင်ကော့ဆေးကိုသာ အသုံးပြုရပါမည်။

(၅) မျက်တောင်များကို အာဟာရဖြည့်ပေးပါ။

မျက်တောင်သည်လည်း ဆံပင်ကဲ့သို့ ကိုယ်ခန္ဓာတွင်ရှိသော အမွေးအမှင်ပင်ဖြစ်လေရာ ဆံသားတို့ကဲ့သို့ပင် ဂရုတစိုက်အားဖြည့်ပေးသင့်ပါသည်။ မျက်တောင်များ သဘာဝအတိုင်း သန့်စွမ်းစေရန်မှာ ညအိပ်ရာမဝင်မီ မျက်တောင်ကို သံလွင်ဆီအနည်းငယ် သုတ်လိမ်းပေးခြင်း၊ ဗီတာမင်အီးကို စိုခြင်းတို့ ပြုလုပ်ရပါမည်။ မျက်လုံးကို လက်ဖြင့် ပြင်းစွာပွတ်သပ်ခြင်းကို ရှောင်ရှားရပါမည်။ ထိုသို့ပြုလုပ်ခြင်းကြောင့် မျက်တောင်များ အားနည်းကာ လွယ်ကူစွာ ကျွတ်ထွက်နိုင်ပါသည်။ မျက်တောင်ကော့ဆေးကိုလည်း အရည်အသွေးမြင့် ဈေးနှုန်းသင့်သော အမျိုးအစားကို ဝယ်ယူသုံးစွဲပါ။ သို့မှသာ မျက်တောင်ပျက်စီးခြင်းကို ရှောင်ရှားနိုင်မည် ဖြစ်ပါသည်။

သံလွင်အနံ့ကို မကြိုက်သူများအနေဖြင့် Vaseline (သို့မဟုတ်) မျက်နှာလိမ်းအစိုဓာတ်ထိန်းကရင်မ်ကို ညအိပ်ရာမဝင်မီ မျက်တောင်ကို သုတ်လိမ်းပေးပါ။ မျက်နှာလိမ်း အစိုဓာတ်ထိန်းကရင်မ်ကို မိတ်ကပ်မပြင်မီ (မျက်တောင်ကော့ဆေးအသုံးမပြုမီ)တွင် မျက်တောင်ကို လိမ်းပေးနိုင်ပါသေးသည်။

အလှကြိုက်သူအမျိုးသမီးများအနေဖြင့် ရောင်စုံမိတ်ကပ်ပစ္စည်းများမသုံးဘဲ မျက်တောင်ကော့ညွတ်ရှည်လျားနေရုံဖြင့် သဘာဝကျကျလှပသော ပြင်ဆင်မှုများကို ပြုနိုင်ကြပါစေရန်ရည်ရွယ်၍ ရေးသားတင်ဆက်လိုက်ရပါသည်။

Ref:Lush Lashes


စုစည်း



www.burmeseclassic.com

www.burmeseclassic.com





# အများနဲ့ မတူအောင် တကူးတက လုပ်ယူတာ မဟုတ်ဘူးဆိုတဲ့ ဒါရိုက်တာ မင်းထင်ကိုကိုကြီး

နှင့်

## စကားစမြည်

အခုတလော ဒါရိုက်တာမင်းထင်ကိုကိုကြီးရဲ့ ဇာတ်ကားတွေ အထွက်ကျဲ နေလို့ ပရိသတ်ရင်ထဲ အတွေးများနေကောင်းများနေပါလိမ့်မယ်။ ဒါကြောင့်မို့ အလုပ်တွေများနေတဲ့ ဒါရိုက်တာ မင်းထင်ကိုကိုကြီးကို တကူးတက ချိန်းဆိုပြီး အခုလို ပရိသတ်ဆီ မင်းထင်ကိုကိုကြီးရဲ့ ရင်တွင်းစကားများကို ပေးပို့လိုက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com


**ဆရာ့အနေနဲ့ ရုပ်ရှင်ဇာတ်ကားတစ်ကားဖန်တီးတဲ့အပေါ်မှာ ရုပ်ရှင်ဇာတ်ကားတစ်ကားကို ဖန်တီးသူတစ်ယောက်အနေနဲ့ ထားရှိတဲ့ခံယူချက် ပရိသတ်အပေါ်မှာ ထားရှိတဲ့ခံယူချက် အဲဒါလေးတွေကို ပြောပြပေးပါလား။**

ကျွန်တော်ပြောချင်တဲ့ ကျွန်တော့်ရဲ့ခံယူချက်က ဘာလဲဆိုတော့ ရုပ်ရှင်ဇာတ်ကားတွေနဲ့ပတ်သက်ပြီး ဘာမက်ဆေ့ချ်ပေးချင်တာလဲဆိုတဲ့ မေးခွန်းကို မကြိုက်ဘူးဗျာ။ အဲဒီမေးခွန်းအတွက်လည်း ဘာအဖြေမှ ကျွန်တော်ပေးမှာမဟုတ်ဘူး။ ကျွန်တော်မကြိုက်ဆုံး မေးခွန်းဖြစ်တာကြောင့်ပါ။ ကျွန်တော့်ရဲ့ခံယူချက်က ကိုယ်က ပရိသတ်ကို မက်ဆေ့ချ်ပေးရအောင် ပရိသတ်က အသိဉာဏ်မရှိတဲ့သူတွေမှမဟုတ်တာပဲ။ မက်ဆေ့ချ်ပေးတယ်ဆိုတာက အသိဉာဏ်မရှိတဲ့လူတွေကို အသိဉာဏ်ရသွားပါစေဆိုပြီး ဆောင်ရွက်တာဗျ။ ကိုယ်က ပရိသတ်ကို မက်ဆေ့ချ်ပေးချင်လို့ ပြောလိုက်ရင် ပရိသတ်ကြီးက ကိုယ့်လောက်အသိဉာဏ်မရှိဘူးလို့ အထင်ရောက်သွားမယ်လေ။

လူဆိုတာ ကိုယ့်အသိဉာဏ်နဲ့ ကိုယ်သိကြရှိကြတာပဲ။ နည်းနည်းသိတာရယ်။ များများသိတာရယ်။ ဒါပဲကွာမယ်လေ။ တစ်ယောက်အထက်မှာ တစ်ယောက် ဘယ်သူမှမရှိဘူး။ အနုပညာနည်းနည်းလေးဖန်တီးတတ်တာနဲ့ပဲ လူတွေရဲ့အထက်မှာရှိနေပြီလို့ထင်လို့မရဘူးဗျ။ အနုပညာအလုပ်၊ ကဗျာနည်းနည်းလေးရေးတတ်မယ်။ ပန်းချီနည်းနည်းလေးဆွဲတတ်မယ်။ သီချင်းလေးဆိုတတ်မယ်။ ရုပ်ရှင်လေးနည်းနည်းရိုက်တတ်မယ်။ ဒါဆိုရင်ပဲ အဲဒီလူရဲ့ အသိပညာဟာ တခြားသာမန်လူတွေရဲ့ အသိပညာထက်ပိုပြီးမြင့်တယ်လို့ ပြောလို့မရဘူးဗျ။

အနုပညာသမားဟာ သူ့ပါရမီ သူ့အထုံရှိလို့ ဖြစ်လာတာ၊ ကျွန်တော်လည်း ကျွန်တော့်ပါရမီ ကျွန်တော့်အထုံနဲ့ ရုပ်ရှင်လေးနည်းနည်းရိုက်တတ်တယ်၊ ဒါကို ကျွန်တော်က ခင်ဗျားတို့ထက် ပိုပြီးအသိဉာဏ်ရှိတယ်လို့ထင်ရင် မှားလိမ့်မယ်။ လူအားလုံးကို ကျွန်တော်နဲ့ အသိဉာဏ်တစ်တန်းတည်းရှိတယ်လို့ပဲ ယူဆတယ်။ ဒါကြောင့် မက်ဆေ့ချ်ပေးတယ်။ မက်ဆေ့ချ်ပေးသလားဆိုတဲ့စကားတွေကို ကျွန်တော်လုံးဝလက်မခံနိုင်ပါဘူး။

**တချို့ဗီဒီယိုဇာတ်ကားတွေရဲ့ အရည်အသွေးညံ့ဖျင်းမှုတွေအတွက် ဒါရိုက်တာကြောင့်လား။ ဇာတ်ညွှန်းကြောင့်လား။ ဇာတ်လမ်းကြောင့်လားဆိုတာကို ဆရာ့အနေနဲ့ ဘယ်လိုမြင်ပါသလဲ။**

အဲဒါကတော့ ကျွန်တော်ပြောဖို့ မလိုဘူးထင်တယ်ဗျ။ ပြောလည်းမပြော


www.burmeseclassic.com

www.burmeseclassic.com



တတ်ဘူးဗျ။ သူတို့တွေအားလုံးမှာ သူတို့သိသလောက် သူတို့တတ်သလောက် သူတို့မှာရှိတဲ့ အရည်အချင်းအလိုက် လုပ်ပြကြတာပဲဗျ။ ကျွန်တော်လည်း ကျွန်တော်သိသလောက်တတ်သလောက် လုပ်ပြတာပဲလေ။ ဒါတွေကတော့ ပရိသတ်ကပဲ ဆုံးဖြတ်သတ်မှတ်ကြမှာဖြစ်ပါတယ်။ ပရိသတ်ရဲ့ အဆုံးအဖြတ်ကိုပဲ ကျွန်တော်တို့ကျေနပ်စွာ ခံယူရမှာဖြစ်တယ်ဗျ။

**ဆရာ့ရုပ်ရှင်ကားတွေက သူများနဲ့ အိုင်ဒီယာကွဲထွက်တာကို တွေ့ရတယ်။ ဒီလိုခြားနားနေအောင် ဆရာ့ဘက်က ဖန်တီးခဲ့မှုလေးတွေ ပြောပြပါဦး။**

အဲဒါက အမှန်ပြောရရင် ကျွန်တော့်ဘက်ကတော့ အဲဒီလိုမဟုတ်ဘူးဗျ။ တစ်ချက်က ကျွန်တော် အနုပညာကိုဖန်တီးတာ စံနှုန်းတွေဘာတွေက ဘာမှမဟုတ်ဘူး။ ကျွန်တော်ကြိုက်တဲ့ဟာကို ကျွန်တော်လုပ်တယ်။ ကျွန်တော်ကြိုက်ပြီဆိုရင် လွှတ်လိုက်တယ်။ ဇာတ်ညွှန်းလည်း ကိုယ့်ဟာကိုယ်ရေးတယ်။ Editing လည်း ကိုယ့်ဟာကိုယ်ပဲလုပ်တယ်။ ကိုယ့်စိတ်ကြိုက်ဖြစ်ပြီဆို လွှတ်လိုက်တာပါပဲ။ သူများထက်ထူးခြားအောင်တို့ဘာတို့ဆိုတာတွေ မရှိပါဘူး။ တွေးလည်းမတွေးဘူး။ ကျွန်တော် လုပ်ချင်တဲ့ဟာကိုလုပ်တယ်။ ပိုက်ဆံအတွက် အလုပ်မလုပ်ဘူး။ ပရိသတ်နောက်ကနေလည်း မလိုက်ဘူး။ ကျွန်တော့်နောက်မှာ ပရိသတ်တစ်ယောက်ပဲရှိနေပါစေ။ ကျွန်တော်ကတော့ ကျွန်တော်ယုံကြည်တဲ့လမ်းကိုပဲ ကျွန်တော်လျှောက်မှာပါ။ ကျွန်တော် ဒီလောကမှာ ပိုက်ဆံရရေး သူများပိုက်ဆံယူပြီးမှ ဒီလောကမှာ ရှင်သန်နိုင်ရေးမလုပ်ဘူး။ ကိုယ့်ပိုက်ဆံနဲ့ကိုယ် ကိုယ့်စိတ်အတိုင်းပဲကိုယ်လုပ်ပါတယ်။

**ဆရာအရင်က ကဗျာတွေလည်း ရေးခဲ့ဖူးတယ်နော်။**

ဟုတ်ပါတယ်။ ကျွန်တော် အရင်က ရေးခဲ့တယ်။ မဂ္ဂဇင်းတွေလည်း ပို့ခဲ့ပါတယ်။ ခုတော့ မပို့ဖြစ်တော့ပါဘူး။ ကဗျာတွေကိုတော့ ခုထိတိုင်ချစ်နေဆဲပါပဲဗျာ။

**ဆရာ ခုဆိုရင် ကားရိုက်ကျဲတယ်နော်။ ပရိသတ်က ဆရာ့ကားတွေ မမြင်ရတာကြာတဲ့အပေါ် ပြောပြပေးပါဦး။**

အလုပ်အပ်တဲ့သူတွေတော့ ရှိပါတယ်။ ဒါပေမဲ့ ကျွန်တော် ပိုက်ဆံရမယ့်အလုပ်တွေကို စိတ်မဝင်စားသေးလို့ အခု ပိုက်ဆံမရတဲ့အလုပ်တွေကိုပဲ လုပ်နေပါသေးတယ်။

စန္ဒီမြင့်မို

www.burmeseclassic.com

နံ့ဆောက်ရှသ



# ရှစ်ခွင်ကျော်ဟောင်တော်သိ အာဒိပ်ဂျိဉ် ဟိတ်မရှိသူ



www.burmeseclassic.com

www.burmeseclassic.com



နာရေးကူညီမှုအသင်းရယ်လို့ မပေါ်ခင် ၁၉၈၀ ပြည့်လွန်နှစ်တွေက ကျုပ်တို့ထောက်ကြန့်မှာ အသုဘအကျိုးဆောင်အဖွဲ့တစ်ဖွဲ့ ရှိခဲ့ဖူးပါတယ်။ ဒေသခံအခေါ်အဝေါ်ကတော့ မသာပွဲစားပါတဲ့ ...။

ပိန္နဲသီးမောင်မောင်ဆိုတာ အဖွဲ့ရဲ့ခေါင်းဆောင်ပါ။

ဆင်းရဲနွမ်းပါးလို့ သက်ပျောက်ဆွမ်းတောင် မကပ်နိုင်ဘူးလား၊ ဆွေမျိုးမိသင်္ဂဟမရှိလို့ အသုဘပို့ဆောင်၊ မြေမြှုပ်ဖို့ အခက်အခဲရှိနေလား၊ ရက်လည်ဆွမ်း သပိတ်သွတ်ဖို့တောင် ငွေကြေးအဆင်မပြေဘူးလား၊ ပိန္နဲသီးမောင်မောင်နဲ့သာ ဆက်သွယ်လိုက်ပါ။ မသာရှင် ကျေနပ်မှုရပြီး အားလုံးအဆင်ပြေသွားပါလိမ့်မယ်။

ရက်လည်ဆွမ်းကြွေးမှာ မုန့်ဟင်းခါးလား၊ ထမင်းလား၊ ဖြစ်စေချင်တဲ့ဆန္ဒကိုသာ ထုတ်ဖော်လိုက်ပါ။ ပိန္နဲသီးမောင်မောင်ဘက်က လိုက်လျောပြီးသားပါ။

သူ့အကျိုးဆောင် ကိုယ့်အကျိုးအောင် ...

အသားလိုလို့ အရိုးတောင်းတယ်လို့ ပြောရင်လည်းရပါတယ်။ ဘာကြောင့်ဆို သေဆုံးတဲ့နေ့ကနေ ရက်လည်တဲ့အထိ ဖဲဝိုင်းမျိုးစုံကရတဲ့ အကောက်ငွေရဲ့တစ်ဝက် ခံစားခွင့်ကို အသုဘရှင်ဘက်က လိုက်လျောပေးရခြင်းပါ။

ငါ့ဘိုးဘွား၊ ငါ့မိဘ၊ ငါ့ဆွေမျိုးရယ်လို့ ဖဲဝိုင်းက အကောက်ကောက်ဖို့မပြောနဲ့ လက်ဖျားနဲ့တောင် တို့လို့မရပါဘူး။ ရှိရှိသမျှ ဖဲဝိုင်းက အကောက်ကို ပိန္နဲသီးမောင်မောင်ရဲ့ တပည့်လက်သားတွေက စေ့စေ့ငုငုကောက်ယူမှာ ဖြစ်လို့ပါပဲ။

အကောက်အဖွဲ့ခေါင်းဆောင်လုပ်သူက (၂၄)နာရီတစ်ကြိမ် စာရင်းချုပ်ပြီး အသုဘရှင်ကို ခွဲဝေပေးရပါတယ်။ နေ့စဉ်ရတဲ့အကောက်ငွေချည်းပဲ ရက်လည်လို့ စာရင်းချုပ်လိုက်ရင် ခုံတင်ကူငွေမပါ သိန်းနဲ့ချီပြီးတော့ အမြတ်အစွန်းကျန်ပါတယ်။

အသုဘရှင်က လိုက်လျောပေးရတာကတော့ ဆေးလိပ်၊ ကွမ်းယာ၊ ရေနွေးကြမ်း၊ လိုအပ်ရင် ထမင်းဟင်း စီစဉ်ပေးရပါတယ်။ အသေးအမွှားလောက်ပါ။ ဖဲဝိုင်းကြေးကြီးသမား၊ လက်ကြီးသမားတွေရဲ့ တောင်းဆိုချက်ရှိလာရင်တော့ ပိန္နဲသီးမောင်မောင်ရဲ့ တပည့်လက်သားတွေက တာဝန်ယူရပါတယ်။ ဘာကြောင့်ဆို ခေါက်ဆွဲ၊ ထမင်းကြော်၊ ဒံပေါက်။ ဒီလိုမှာစားတတ်ကြလို့ပါပဲ။ တရားမျှတမှု ရှိပါတယ်။ မသာရှင်ဘက်ကသာ ကုန်ကျစရိတ်ခံရမယ်ဆိုရင် ကိုယ့်တုတ်နဲ့ကိုယ် အရိုက်ခံရမယ့်သဘော ရှိနေတယ် မဟုတ်လား။

ဘယ်လိုပဲကျွေးကျွေး၊ ဘာနဲ့ပဲကျွေးကျွေး၊ စာရင်းချုပ်လိုက်ပြီဆိုရင်တော့ ဖဲနိုင်လို့ရတဲ့ငွေရော အကောက်ကောက်လို့ရတဲ့ငွေရော ပေါင်းလိုက်ရင် မသာတစ်လောင်း ရင်းနှီးမြှုပ်နှံလို့ အသုဘရှင်ဘက်က သိန်းချီပြီး အမြတ်အစွန်းကျန်သလို ပိန္နဲသီးမောင်မောင်တို့ဘက်ကလည်း အသုဘရှင်ထက် နှစ်ဆ၊ သုံးဆ အမြတ်ကျန်ပါတယ်။

www.burmeseclassic.com



အသုဘအိမ် ဖဲဝိုင်းစည်အောင် အကောက်များများရအောင် စွမ်းဆောင်ပေးနိုင်သလို၊ ပိန္နဲသီးမောင်မောင်ရဲ့မျက်နှာ၊ သူရဲ့မိတ်ဆွေအပေါင်းအသင်းအင်အားကြောင့် စည်ကားသိုက်မြိုက်စွာနဲ့ အသုဘပို့နိုင်ပါတယ်။ ကိုယ့်မိတ်နဲ့ကိုယ်၊ ကိုယ့်အစီအစဉ်နဲ့ကိုယ် ဆိုရင်တော့ မသာတစ်လောင်းကို ဖျာလိပ်ပတ်ပြီး အိမ်နီးချင်းဆယ်ဂဏန်းလောက်နဲ့ ပို့ကြရမှာပါ။

ပိန္နဲသီးမောင်မောင်ရဲ့ အရှိန်အဝါဟာ မရှိဆင်းရဲသူတွေအတွက်တော့ ဇရာမရှိပေမဲ့ အာဏာရှိသူ၊ ကျေးဇူးခံမရှိပေမဲ့ ကျေးဇူးစားရသူအဖြစ် အမွှန်းတင်လို့ရသလို ကန်တော့ခံပုဂ္ဂိုလ်လို့လည်း ဆိုနိုင်ပါတယ်။

+++

ထောက်ကြန့်မြို့ RTC ဝင်းရဲ့ရှေ့ စားသောက်ဆိုင်တန်း ကျူပ်ဆိုင်နဲ့ဘေးချင်းကပ် ကိုရေခဲဆိုတဲ့လူ ဦးနှောက်သွေးကြောပြတ်ပြီး ရုတ်တရက်သေဆုံးစဉ်ကပါ။

ကျောထောက်နောက်ခံ သားသမီးတွေက နယ်တွေမှာ။ သူတို့တွေအချိန်မီရောက်လာလည်း ဘာအထောက်အပံ့မှ ရမှာမဟုတ်ကြောင်း ကိုရေခဲဇနီး မအေးက ကျူပ်ကိုရင်ဖွင့်ပြောဆိုပြီး ရက်လည်တဲ့အထိ တာဝန်ယူပေးပါဆိုပြီး ကျူပ်ကိုအပ်တယ်။ သူ့ခများ ဘာမှမတတ်နိုင်လို့ ကျူပ်ကိုရော တတ်နိုင်လို့လားဆိုတော့မတတ်နိုင်ဘူး။ ဒါကြောင့် ဒေါ်အေးဆန္ဒယူပြီး ပိန္နဲသီးမောင်မောင်လက် ဝကွက်အပ်လိုက်ရပါတယ်။

ထောက်ကြန့်မြို့ခံတွေက အယူသီးတယ်ခေါ်ရမလားတောင် မသိပါဘူး မသာအလောင်းကြီး အိမ်မှာရှိနေခဲ့ဆို ဖဲသမားတစ်ယောက်မှ ပေါ်မလာလို့ ပိန္နဲသီးမောင်မောင်လက် ဝကွက်ပြီး အပ်မိတာ မှားပြီးလို့တောင် အထင်ရှိပါတယ်။

ပိန္နဲသီးမောင်မောင်မျက်နှာနဲ့ အသုဘကို စည်ကားသိုက်မြိုက်စွာ ပို့ဆောင်သဂြိုဟ်ပြီး တတိယမြောက်ညကစလို့ အိမ်ပေါ်မှာရော အိမ်ရှေ့မြေကွက်လပ် ကန္နားဖျဉ်းထဲမှာပါ ထိုးသား၊ ဒိုင်၊ ကြားပေါက်၊ ဝိုင်းကြည့်လူအုပ်ကြီးက အုံးအုံးကိုထလို့ပါ။

အကြောင်းမသိသူတွေအတွက် အဝေးကလှမ်းကြည့်ရင် မသာအိမ်လို့မထင်ဘဲ နတ်ကန္နားပေးတဲ့အိမ်လို့တောင် အထင်ရှိမှာပါ။

ပိန္နဲသီးမောင်မောင်ရဲ့ စွမ်းဆောင်မှုပါပဲ။

ပိန္နဲသီးမောင်မောင်ကြောင့်လို့ဆိုပေမဲ့ ကိုရေခဲသေတဲ့နေ့က နာရီပိုင်းလောက်ပဲ မြင်တွေ့လိုက်ရတာပါ။ နောက်ရက်တွေမှာတော့ အရိပ်တောင်မမြင်ရတော့ပါဘူး။ တပည့်လက်သားတွေနဲ့ လွှတ်ပေးပြီး သူကိုယ်တိုင်ကတော့ သူ့အိမ်မှာ အခြေအနေမပျက်အငြိမ့်သားထိုင်၊ ဆက်သားလွှတ်၊ ကွန်ထရိုးပေး ကြိုးကိုင်ထားပါတယ်။

ပိန္နဲသီးမောင်မောင် လာတယ်ဆိုရင်လည်း လူပိုတစ်ယောက်လိုပဲ ဖြစ်မှာပါ။

ပိန္နဲသီးမောင်မောင်အဆင့်က ထောက်ကြန့်မြို့ပေါ်မှာသာမက မှော်ဘီ၊ တိုက်ကြီး။ လှည်းကူး။ အတွင်းပိုင်းဆို မြောက်ဥက္ကလာပ၊ မင်္ဂလာဒုံ၊ အင်းစိန်အထိအောင် လွှမ်းမိုးနိုင်တဲ့အဆင့်လို့တောင် သိရပါတယ်။ ပိန္နဲသီးမောင်မောင်ပညာကို ယှဉ်လို့မရတာကြောင့် သူဝင်ပါမယ်ဆိုရင် ဖဲဝိုင်းက အဝင်မခံဘဲ ဆက်ကြေးပေး ပူဇော်ပသပြီး တားမြစ်ရတဲ့အဆင့်။ ပညာရှိ၊ သမ္မာရှိ၊ ဖဲဝိဇ္ဇာကြီး ဖြစ်နေလို့ပါတဲ့။

ဆရာ,မပါပေမဲ့ ဆရာ့တပည့်တွေက လက်စောင်းထက်လွန်းလို့ မျက်နှာလွှဲထားတယ်လို့လည်း သိရပါတယ်။

ပိန္နဲသီးမောင်မောင်လောကမှာ

**ဘယ်နည်းကိုမှ ကျွမ်းကျွမ်းကျင်ကျင်မကစားတတ်ပါဘူး။ ဒါပေမဲ့ ဖဲသူခိုး၊ ဖဲမှော်အောင်၊ ဖဲနတ်မျက်စိ၊ ဖဲဝိဇ္ဇာတွေကို အုပ်ချုပ်ရတဲ့ဆရာအကြီးအကဲဖြစ်ရသလဲဆိုတော့ • •**

www.burmeseclassic.com



အရှုံးမရှိ၊ အနိုင်ချည်းပဲဆိုတော့လည်း လက်မထောင်တာ မဆန်းပါဘူး။

ထုံးစံအတိုင်းဆိုရင် သပိတ်သွတ်ပြီးတဲ့နေ့ဟာ ပတ်စာခွာ ဖျာသိမ်း ပွဲပြီးမီးသေ ဖြစ်ရမှာပါ။

+++

ရက်လည်သပိတ်သွတ် တရားနာ၊ ရေစက်ချ၊ ညှော်ခံကျွေးမွေးပြီး မွန်းတည့်(၁၂)နာရီလောက်ကတည်းက စလိုက်တဲ့ ကိုးမီးဝိုင်းဟာ ညပိုင်းရောက်လို့ ပွဲပျက်မသွားတဲ့အပြင် ညဉ့်နက်လေပိုစိပ်လာလေပါပဲ။

ခုနစ်ရက် ခုနစ်လီ လူရောစိတ်ပါ ပင်ပန်းလွန်းလို့ အနားယူမယ်ဆိုပြီး ညကိုးနာရီကျော်လောက်မှာ ကျုပ်ဆိုင်ခန်းဘက် ပြန်ကူးလာစဉ်မှာ –

"မှတ်လူ ... ကိုဘိုကြီး"

လို့ အသံပြုခေါ်လိုက်လို့ ကြည့်လိုက်တဲ့အခါ မျက်နှာစိမ်းတစ်ယောက်ဖြစ်နေလို့ ကြောင်အမ်းအမ်းနဲ့ ကြည့်နေမိပါတယ်။

မျက်နှာစိမ်းလူက 'လာဗျာ' ဆိုပြီး မီးရောင်ရှိရာ ကန္နားဖျဉ်တဲကို ဆွဲခေါ်ပြီး သူ့ခေါင်းပေါ်က လျှာထိုးဦးထုပ်ကို ချွတ်ပြလိုက်ပါတယ်။ ဘယ်သူဘယ်ဝါ ဘယ်လိုပတ်သက်ခဲ့တယ်ဆိုတာ ကျုပ်စဉ်းစားလို့မရသေးပါ။

"ကိုဘိုကြီး ... ကျွန်တော့်ကို မမှတ်မိဘူးဘဲ"

လို့ ပြောဆိုရင်း ကျုပ်လက်ကို အားမလိုအားမရ ကိုင်လှုပ်ပါတယ်။

"လွန်ခဲ့တဲ့ဆယ်နှစ်ကျော်၊ တိတိကျကျပြောရရင် ၁၉၇၃ ခုနှစ်ရဲ့ မိုးတွင်းကာလ၊ ကျုံဒိုး–မော်လမြိုင်ပြေးဆွဲတဲ့ နှစ်ထပ်သင်္ဘောကြီးကို မှတ်မိဦးမယ်ဆိုရင် ကျွန်တော့်ကို ..."

"ဟာ ... ကိုမိုးကောင်း"

စကားမဆုံးခင်မှာပဲ နှစ်ထပ်သင်္ဘောကြီးလို့ ဆိုလိုက်တာနဲ့ မျက်စိထဲ ကွင်းကွင်းကွက်ကွက် ပြန်မြင်ပြီး ပါးစပ်က လွှတ်ခနဲခေါ်လိုက်မိခြင်းပါ။

"ကဲ ... လာ၊ ကျွန်တော့်ဆိုင်ထဲသွားမယ်"

"မလိုက်ဘူး ...၊ ကျွန်တော် ဖဲရိုက်ချင်လို့ဝင်လာတာ"

"ဖြစ်ပါ့မလား ကိုမိုးကောင်း၊ ထောက်ကြန့်မြို့ပေါ်က ဖဲသမားတွေက ကျားဆိုးတွေနော်၊ အဆိပ်ပြင်းတဲ့ မြွေဆိုးတွေနော် ...၊ ခင်ဗျား ယှဉ်လို့ရမယ် မထင်ဘူး"

"မပူပါနဲ့ ... ကျွန်တော့်ကာသိုလ်ပေါ့ဗျာ"

ကိုမိုးကောင်းက ကျုပ်ကို ထမင်းတစ်နပ်ကျွေး၊ လမ်းစရိတ်ပေးခဲ့ဖူးတဲ့ ကျေးဇူးရှိလို့ စေတနာနဲ့တားမြစ်ခြင်းပါ။

တကယ်တော့ ကျုပ်နဲ့ ကိုမိုးကောင်း အတိတ်သမိုင်းကြောင်း၊ ထိတွေ့ဆက်ဆံရေးဟာ ဆိုးကျိုးတွေနဲ့ရင်ဆိုင်ပြီး လမ်းခွဲခဲ့ရတာပါ။ ဒါထက် တိတိကျကျပြောရရင် ဆေးလိပ်တစ်တိုသောက်စရာမရှိ၊ ထမင်းဖိုး၊ လမ်းစရိတ် စတဲ့ငွေစလေး တစ်ပြားမကျန်အောင် ဘဝပျက်၊ အရှုံးပေးခဲ့ရတဲ့ ကိုမိုးကောင်းကို လက်ခံစကားပြောစရာတောင် မလိုပါ။

အတိတ်သမိုင်းကြောင်းမှာ ကျုပ်တို့တွေက အဆိပ်ပြင်းတဲ့မြွေဆိုးတွေပါ။ မရှိသယောင်ယောင်နဲ့ ကျုပ်တို့အသွေးကျုပ်တို့အသား၊ ကျုပ်တို့ တစ်ကိုယ်လုံးကို ဝါးမြိုခဲ့တဲ့ ငန်းတော်ကျားလို့လည်း ပြောရင်ရလောက်တဲ့ ပုဂ္ဂိုလ်ထူးတစ်ယောက် ဖြစ်ခဲ့ပါတယ်။

+++

ကျုပ်ဘဝမှာ ဖဲမှော်အောင်၊ ဖဲဝိဇ္ဇာ၊ ဝါရှိသမ္မာရှိ တပည့်လေးယောက်ရှိခဲ့ဖူးပါတယ်။

လိုချင်တဲ့ဖဲပွင့်ကို ဖြန်းခနဲရိုက်ချပြီး ထိုးသားတွေကို တစ်ပွင့်စီးနှစ်ပွင့်စီးနဲ့ရိုက်တဲ့ မှော်အောင်ဝင်း၊

ကုလားဖန်ထိုး၊ ဖဲမှတ်၊ ဖဲဆင်ပြီးပြီဆို ကြိုက်သလိုချိုး၊ ဘယ်အိမ်ဘယ်ဖဲကျတယ်ဆိုတာ အတတ်ပြောအနိုင်ရိုက်တဲ့ မြင့်သောင်း၊

ကိုးမီးဝိုင်း ဖဲသုံးချပ်မှာ အမြဲတန်း တစ်ချပ်ခိုးပြီး အနိုင်ရိုက်တဲ့ သူခိုးမြညွန့်၊

ငါးလက်လောက် ဝိုင်းလည်ပြီးပြီဆို (၅၂)ချပ်သောဖဲတွေ အကုန်မှတ်မိတဲ့ နတ်မျက်စိသန်းဝင်း၊

ကျုပ်ဆိုတဲ့ မောင်ဘိုကြီး

ဖဲကစားနည်းမျိုးစုံ တီးမိခေါက်မိပေမဲ့ ဘယ်နည်းကိုမှ ကျွမ်းကျွမ်းကျင်ကျင်မကစားတတ်ပါဘူး။ ဒါပေမဲ့ ဖဲသူခိုး၊ ဖဲမှော်အောင်၊ ဖဲနတ်မျက်စိ၊ ဖဲဝိဇ္ဇာတွေကို အုပ်ချုပ်ရတဲ့ဆရာ အကြီးအကဲ ဖြစ်ရသလဲဆိုတော့ ကျုပ်က အရင်းစိုက်ထုတ်ရလို့ပဲ။

ဝိုင်းသိမ်းပြီဆို ကျုပ်စိုက်တဲ့ အရင်းဖယ်၊ အနိုင်အမြတ်ငွေကို ငါးပုံပုံ၊ တစ်ယောက်တစ်ပုံစီ ဝေခြင်းပေါ့။ ဒီတပည့်လေးယောက်နဲ့ လုပ်စားလာတာ ဆယ်စုနှစ်နီးပါပဲ။ ရှုံးဖူး



www.burmeseclassic.com

www.burmeseclassic.com



သလား၊ မရှိုးဘူးလို့ ရေရှည်လက်တွဲနိုင်ခြင်းပါ။

၁၉၇၀ ပြည့်နှစ်ဝန်းကျင်မှာ မိတ္ထီလာ၊ ဝမ်းတွင်း၊ သဲဇော၊ သာစည် ဖြစ်တဲ့ ကျုပ်တို့ဇာတိနယ်မြေမှာ ကျုပ်တို့ဆို ဖိန့်ဖိန့်တုန်အောင် ကြောက်ကြတယ်လေ။ ဖဲဝိုင်းရိုက်တဲ့နေရာ ကျုပ်တို့ထဲက တစ်ယောက်ယောက် လူလုံးပြလိုက်တာနဲ့ ဖဲဝိုင်းမထိုင်၊ ဖဲတစ်ချပ်မကိုင်ရဘဲ ဒါကမုန့်ဖိုး၊ ဒါကနေ့တွက်၊ ဒါက ခရီးစရိတ်လို့ ပြောဆို၊ အပေါ်ပွဲနဲ့တင်မြှောက်ရအောင် အရှိန်အဝါရှိခဲ့ကြတာပါ။

အပေါ်ပွဲတင်မြှောက်ရုံနဲ့ ကျုပ်တို့စီးပွားဖြစ်မှာလား၊ ဒါကြောင့် ငွေရှာလို့ကောင်းတဲ့နေရာ၊ အိုဗျာ . . . လိမ်ရိုက်လို့ရတဲ့နေရာ ရှာရင်းဖွေရင်း၊ မွန်ပြည်နယ် မုဒုံမြို့မှာ ယာယီအခြေပြု၊ မော်လမြိုင်–ကျုံဒိုး နှစ်ထပ်သင်္ဘောနဲ့ လိုက်ပါတဲ့ မှောင်ခိုလောဘသား ခရီးသည်တွေဆီက စီးပွားရှာနေခြင်းပါ။

တစ်ရက်မှာတော့ ချိန်းဝိုင်းတွေရှိတဲ့ မြဝတီ၊ ကော့ကရိတ်၊ ကျုံဒိုးစတဲ့ မြို့တွေမှာ မကြုံစဖူး အနိုင်ရခဲ့တာဟာ ငွေတွေ စစ်ကျောပိုးအိတ်တစ်လုံးအပြည့်၊ ဝိုင်းပြီးပြန့်မရွေးအဆုံးနဲ့ ဈေးဖြတ်ကစားလို့ အနိုင်ရခဲ့တဲ့ အချိုမှုန့်အထုပ်၊ အလိပ်၊ လူသုံးကုန်နဲ့ အလှပြင်ပစ္စည်းပါ ပိန်အိတ်ဆယ်လုံးပါ အပိုဆောင်းပါလာလို့ တစ်ဖွဲ့သားလုံး ပျော်တပြုံးပြုံးပေါ့။

ကျုပ်တို့အပြုံးပျော်ဟာ တစ်နေ မကုန်လိုက်ပါဘူး။

+++

ဒီတစ်ခေါက် မော်လမြိုင်အပြန် ထူးထူးခြားခြားနှစ်ထပ်သင်္ဘောကြီးအပေါ်ထပ်ဦးပိုင်း အထက်တန်းခန်းကို အပြတ်ငှားပြီး လိုက်ပါစီးနင်းပါတယ်။ အရာရှိ အရာခံ ဝန်ထမ်း မဟုတ်ပေမဲ့ ကျုပ်တို့မှာ ပိုက်ဆံတွေပါတယ်။ အနိုင်ရ မှောင်ခိုပစ္စည်း ပိန်အိတ်ဆယ်လုံးပါနေလို့ လုံခြုံရေးအတွက် အထက်တန်းကိုမှ သီးသန့်ငှားရမ်းလိုက်ပါခြင်းပါ။



ကျုံဒိုးက စထွက်ပြီး နာရီဝက်လောက်အကြာမှာ နှစ်ထပ်သင်္ဘောကြီးအပေါ်ထပ် ပဲ့ပိုင်းက စားသောက်ဆိုင်မှာ ကျုပ်တစ်ယောက်တည်း ထမင်းကြော်စား၊ လက်ဖက်ရည်သောက်ပြီး . . .

"ပိုက်ဆံရှင်းမယ်ဟေ့"

"အာစရိအတွက် ဟိုစားပွဲက အစ်ကိုကြီး ရှင်းပြီးသွားပြီ"

လို့ စားပွဲထိုးကောင်းလေးက ပြောလို့ ကြည့်လိုက်တော့ သင်္ဘောစထွက်ကတည်းက အခြားခရီးသည်တွေနဲ့ ရောနှောမစီးဘဲ ကျုပ်တို့အထက်တန်း အခန်းပေါက်မှာ တစ်ယောက်တည်း စီးနင်းလိုက်ပါတဲ့ မျက်နှာစိမ်းခရီးသည် ဖြစ်နေပါတယ်။

အသက်အရွယ်က သုံးဆယ်ငါးဝန်းကျင်လောက်ရှိပြီး လူရည်သန့်တစ်ဦးပါ။ ဝတ်စားဆင်ယင်မှု မတောက်ပြောင်ပေမယ့် သူလွယ်ထားတဲ့ ပင်အမေရိကန်ဘေးလွယ်အိတ် ဖောင်းဖောင်းကားကားကြီးကြောင့် အထင်သေးလို့မရတဲ့ အခြေအနေပါ။

ကျုပ် အခြေအနေကြည့် သုံးသပ်နေစဉ်မှာပဲ မျက်နှာစိမ်းခရီးသည်ဟာ ကျုပ်နဲ့မျက်နှာချင်းဆိုင် ခုံလွတ်မှာ ဝင်ထိုင်ရင်း –

"ကျွန်တော် မိတ်ဆွေဖွဲ့ချင်လို့ ဒကာခံလိုက်တာပါ"

www.burmeseclassic.com



လို့ စကားပလ္လင်ခံပြီး ဆက်ပြောတာကတော့ သူဟာ ကချင်ပြည်နယ် မိုးကောင်းဇာတိဖြစ်ကြောင်း၊ ရှမ်း–ဗမာ ဗုဒ္ဓဘာသာဖြစ်ကြောင်း၊ သူ့နာမည်ကလည်း 'မိုးကောင်း'လို့ခေါ်ကြောင်း။ ဖားကန့်က သူကိုယ်တိုင်ရှာဖွေတွေ့ရှိတဲ့ သဘာဝသီးအလတ်စားအရွယ် အရည်ရောအသားပါပြည့်တဲ့ ကျောက်စိမ်းတုံးကို တစ်ဖက်နိုင်ငံမှာ သွားရောင်းတာ သူမျှော်မှန်းတာထက် ဆယ်ဆလောက်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ ငွေသားကြီးပဲဆို သယ်ရပိုးရ အဆင်မပြေလို့ ဘတ်ကြိုးတွေ၊ လက်ဝတ်ရတနာတွေ ဝယ်ခဲ့ကြောင်း ပြောဆိုပြီး သူ့ရဲ့ ပင်အမေရိကန်ဘေးလွယ်အိတ်ကြီး ဖွင့်ပြပါတယ်။

ဟုတ်ပါတယ်။ ကိုမိုးကောင်းပြောသလိုပါပဲ။ အဝတ်အထည်နဲ့ အသုံးအဆောင်ပစ္စည်းမပါ ဖောင်းကားနေခြင်းဟာ ရတနာပစ္စည်းထည့် ဘူးတစ်ဒါဇင်ကျော်နဲ့ တစ်ရာတန်ငွေစက္ကူအုပ်တွေချည်း ဖြစ်နေပါတယ်။

ကိုမိုးကောင်း ဆက်ပြောတာက ခရီးဖော်မပါ တစ်ယောက်တည်းဖြစ်နေလို့ သူ့လုံခြုံရေးအတွက် ကျုပ်တို့နဲ့ပူးပေါင်းပြီး လိုက်ပါခွင့်တောင်းခံပါတယ်။ ကျုပ်တို့ငါးယောက်လုံးအတွက် စားရေးသောက်ရေးအတွက် တာဝန်ယူမယ့်အကြောင်းလည်း ပြောပြပါတယ်။ ယုံကြည်စိတ်ချရတဲ့ အခြေအနေရှိလို့ ကျုပ်ခွင့်ပြုလိုက်ပါတယ်။

အမှန်ကတော့ ကျုပ်လုပ်ရပ်ဟာ ကိုယ့်လည်ပင်းကိုယ် ကြိုးကွင်းစွပ်သလိုပါ။

+++

"ကျွန်တော် ... အိမ်ပြည့်သွားအောင် တစ်အိမ်လောက်ဝင်လိုက်မယ်လေ ..."

အရက်သမား အရက်မသောက်ရရင် မနေနိုင်သလို ဘိန်းစား ဘိန်း

---

**ကုလားဖန်ထိုးတာ**
**မသေသပ်၊**
**ဖဲဝေတာလည်း မသေချာ၊**
**သုံးချပ်သောဖဲကို**
**မျက်နှာအပ်ပြီး**
**အပွင့်တွေ**
**ရေတွက်နေပုံကလည်း**
**ကျုပ်တပည့်တွေကို**
**မဟာအခွင့်အရေးကြီး**
**ပေးနေသလို ဖြစ်နေလို့**
**ကျုပ်မျက်စိထဲမှာ**
**ကျားစာဖြစ်မယ့်**
**သမင်တစ်ကောင်လို**
**သနားဂရုဏာ**
**ဖြစ်မိပါတယ်**
**...**

မစားရရင် ယင်းထသလို၊ ကျုပ်တပည့်လေးယောက်လည်း ဘေးလူနဲ့မကစားရတော့ အချင်းချင်းပိုကာဝိုင်းဖွဲ့ ကစားလာကြပါတယ်။ ကိုမိုးကောင်းလည်း ကျုပ်တပည့်တွေလိုမျိုးများလားပဲ။ ပိုကာဝိုင်း လေးငါးလက်လှည့်ပြီးတယ်ဆိုရင်ပဲ သူပါ ဝင်ပါဖို့ ခွင့်တောင်းလိုက်ပါတယ်။

"ဝါသနာပါရင်လည်း ဝင်ရိုက်လိုက်ပေါ့ဗျာ ..."

ကျုပ်ရဲ့ခွင့်ပြုချက် ရတယ်ဆိုရင်ပဲ တပည့်တွေက တစ်နေရာစာချဲပေးပါတယ်။ ချဲပေးတဲ့နေရာ ကိုမိုးကောင်းဝင်ထိုင်ပြီး သူ့ရဲ့ပင်အမေရိကန် ဘေးအိတ်ကြီးကို ဖစ်ဖွင့်လိုက်ချိန်မှာတော့ ကျုပ်တပည့် ဖဲဝိဇ္ဇာတွေရဲ့မျက်လုံးအစုံဟာ အခိုးအငွေ့တွေ ထွက်နေသလိုပါပဲ။

လက်သည်လုပ်ဖို့ ဖဲတစ်ချပ်စီဝေတဲ့အခါ ကိုမိုးကောင်းတစ်ဖဲရပါတယ်။

ကျုပ်တပည့် အောင်ဝင်းပေးတဲ့ ပိုကာထုပ်ကို ကိုမောင်းကောင်းယူပြီး ကုလားဖန်ထိုးလိုက်တယ်ဆိုရင်ပဲ –

"ဟိုက် ... သွားပြီ"

ကျုပ်ပါးစပ်ပေါက်က လွှတ်ခနဲထွက်သွားတာပါ။ ကိုမိုးကောင်း ဖဲကလားဖန်ထိုးနေပုံဟာ ဖဲချပ်တွေဘေးကိုစင်ကုန်ပါတယ်။ လန်တဲ့ဖဲကလန်၊ အထုတ်လိုက်ပြုတ်ကျလို့ကျ၊ ဖဲချပ်တွေ ပြန့်စီတော့လည်း သွက်သွက်လက်လက်မရှိ။ လက်နှစ်ဖက်က တုံ့ချိချိ၊ ဒီလူ့အရည်အချင်းနဲ့ ကျုပ်တပည့်လေးယောက်ကို ယှဉ်မရတာကြောင့် ပါးစပ်က ယောင်ရမ်းပြီး ထွက်သွားတာပါ။

www.burmeseclassic.com



"ပျင်းစရာကြီးဗျာ ...၊ ကိုးမီးကစားရအောင်၊ ကျွန်တော် ဒိုင်လုပ်မယ်"

ဝိုင်းတစ်ပတ်လည်ပြီးပြီးချင်း ကိုမိုးကောင်း ဆန္ဒပြုတောင်းဆိုပါတယ်။

ကိုမိုးကောင်းတိုက်ကျွေးတဲ့ ထမင်းကြော်တစ်ပွဲ၊ လက်ဖက်ရည်တစ်ခွက်၊ စီးကရက်တစ်လိပ်ကျေးဇူး တို့ ပြန်သင့်တယ်ထင်လို့ –

"အေးအေးဆေးဆေး ပိုကာပဲ ဒေါင်းစမ်းပါ ကိုမိုးကောင်းရာ ..."

ကျုပ် အချိန်မီတားမြစ်တာကို လက်မခံဘဲ ရပါတယ်၊ ကိစ္စမရှိပါဘူး၊ ကျွန်တော့်အတွက် မစိုးရိမ်ပါနဲ့ဆိုတဲ့ စကားလုံးတွေနဲ့ချေပပြီး ကိုးမီးဝိုင်းကစားဖို့ပဲ ကြိုးစားပါတယ်။

စလွှတ်တယ်ဟေ့ ဆိုရင်ပဲ ငါးလက်ဆက်တိုက် အလျော်ပေးရလို့ ရှေ့မှာထုတ်ပုံထားတဲ့ ငွေပုံကြီးဟာ ပြောင်သလင်းခါသွားပါတယ်။ အပွင့်မသာလို့ အလျော်ပေးရတဲ့ သုံးလက်အတွက် ဖြေသာပေမဲ့ တစ်ချပ်ပို၊ တစ်ချပ်လိုလို့ အသားလွတ်အလျော်ပေးရတဲ့ နှစ်လက်အတွက် ကိုမိုးကောင်း အပြုံးမပျက်ပေမဲ့ ကျုပ်ရင်ထဲက မကောင်းနိုင်ပါဘူး။

မကိုက်တတ်တဲ့ခွေးကို ချောင်ပိတ်ရိုက်တယ်ဆိုရင် ကျုပ်စကားရိုင်းသွားမလားဘဲ။ ကုလားဖန်ထိုးတာ မသေသပ်၊ ဖဲဝေတာလည်း မသေချာ၊ သုံးချပ်သောဖဲကို မျက်နှာအပ်ပြီး အပွင့်တွေ ရေတွက်နေပုံကလည်း ကျုပ်တပည့်တွေကို မဟာအခွင့်အရေးကြီးပေးနေသလို ဖြစ်နေလို့ ကျုပ်မျက်စိထဲမှာ ကျားစာဖြစ်မယ့် သမင်တစ်ကောင်လို သနားဂရုဏာဖြစ်မိပါတယ်။

"ကိုယ် မကျွမ်းကျင်တဲ့အလုပ်ကို မလုပ်ချင်ပါနဲ့ ကိုမိုးကောင်းရာ"

ကျုပ်စေတနာစကားကို ကိုမိုးကောင်း ကြားပုံမပေါ်ပါဘူး။ ရှုံးမဲမဲနေလို့ပါ။ ကျုပ်တပည့်လေးယောက်ကတော့ ကျုပ်ကိုကြည့်နေပုံဟာ မုတ်ဆိတ်ပျားစွဲနေတဲ့ ပျားအုံကို ဖယ်ရှားနေသလိုမျိုး၊ သူတို့စားမယ့်ထမင်းလုပ်ကို ပုပ်ချနေသလိုမျိုး သဘောဆောင်နေပါတယ်။

"ကိုမိုးကောင်း ...ဖဲသေရင်လည်း ခဏနားလိုက်ပါလား"

"ဟာ ...အာစရိကလည်းဗျာ ဝင်မပါစမ်းပါနဲ့"

ကျုပ် မနေသာတော့လို့ တားမြစ်တာကို မှောင်အောင်ဝင်းက မျက်ထောင့်နီကြီးနဲ့ ပြန်ပက်ပါတယ်။ အသားထဲကလောက်ထွက်နေပြီ၊ သူ့ခိုးခားရိုးကမ်းနေပြီဆိုတဲ့ စကားလုံးတွေ သူတို့ရင်ထဲ ရှိနေမှာအမှန်ပါပဲ။

"ကိုမိုးကောင်း ...ကျွန်တော်ပြောတာကြားလား"

ကျုပ်ဖွတ်ပြောတဲ့စကားကို ကိုမိုးကောင်းက –

"ဖုံလုံတစ်လှည့် ငါးပျံတစ်လှည့်ပါ"

"ကြွေတစ်လှည့် ကြက်တစ်ခုန်ပါ"

ဆိုတဲ့ စကားလုံးတွေနဲ့ ချေပလို့ ရေငုံနှုတ်ပိတ်နေဖို့ပဲ ဆုံးဖြတ်လိုက်ပါတယ်။

"ဖုံလုံတစ်လှည့် ငါးပျံတစ်လှည့်" ဟုတ်ပါတယ်။ ကိုမိုးကောင်းပြောသလိုပါပဲ။ ကိုမိုးကောင်းအလှည့်ရောက်လို့လာပါပြီ။ ကိုမိုးကောင်း ဖဲစီးလာပါပြီ။ ကိုမိုးကောင်း ကံတရားထံမှ ဉာဏ်သမား ကျုပ်တပည့်တွေ ဘယ်လိုမှ လိုက်မမီတော့ပါ။

မြဝတီ၊ ကော့ကရိတ်၊ ကျုံဒိုး ချိန်းဝိုင်းတွေမှာ မသမာနည်းနဲ့ရှာကြခဲ့တဲ့ ငွေတွေဟာ ကိုမိုးကောင်းရဲ့ ပင်အမေရိကန်ဘေးအိတ်ကြီး ပြည့်လျှံနေပါပြီ။ ကိုမိုးကောင်းရှေ့က စားထားတဲ့ ငွေပုံကြီးဟာ တောင်ပို့ကြီးလို မို့မောက်နေပါပြီ။

"ထိုးထိုး ...ကြိုက်သလောက်ထိုး၊ ကိုယ်ထိုးမှ ကိုယ်ရမှာ၊ စိတ်ပါရင် လက်ကျန်ပိန်းအိတ်ကြီးငါးလုံးပါ ထိုးလို့ရတယ်"

ကိုမိုးကောင်းအသံကျယ်လာပါပြီ။ လက်မထောင်လာပါပြီ။ သူ့တုတ်နဲ့သူရိုက်ရတာဆိုတော့ ပြောအားရှိလာပါပြီ။

ဘာပဲဖြစ်ဖြစ် ငါးလက်ခြောက်လက်လောက်ထက် ပိုပြီးမစားနိုင်ပါဘူး။ ကိုမိုးကောင်း စိန်ခေါ်တယ်ခေါ်မလား၊ ဆွပေးတယ်ခေါ်မလား၊ ဖဲအလှည့်ဟာ ကျုပ်တပည့်တွေရဲ့အလှည့်ပါ။ ကျုပ်ဒီလိုပဲတွက်ပါတယ်။ ကျုပ်တပည့်တွေလည်း ဒီလိုပဲတွက်မှာပါ။

ဖဲဝေပြီး ဒိုင်ဖဲသုံးချပ်ကို ကိုမိုးကောင်း မျက်နှာနဲ့အပ်ပြီး အပွင့်ရေနေချိန်မှာ ကျုပ်ဘောင်းဘီအိတ်ထဲက ပိုက်ဆံတွေကို မြည်ဟန့်ပေါင်ပေါ် ပစ်တင်လိုက်ပါတယ်။ သူ့ခိုးမြည်ဟန့်က ဘေးအိမ်နှစ်အိမ် ထိုးကွက်နေရာကို မသိမသာ တွန်းရွှေ့လိုက်ပါတယ်။

လက်သည်းဆိတ်တော့ လက်ထိပ်နာရခြင်းပါ။



www.burmeseclassic.com



"ဟာ ... အပွင့်ရေလို့မရသေးဘူးလား ...။ ကြာလိုက်တာ"

မော်အောင်ဝင်းရဲ့ လှို့ဆော်ချက်ပါ။

အခြေအနေအရ လုပ်သင့်လုပ်ထိုက်တယ်ထင်လို့ လုပ်လိုက်ရခြင်းပါပဲ။

အောင်ဝင်း ဖဲမော်မအောင်တော့ပါဘူး။

မြင့်သောင်းဆင်သမျှဖဲတွေ ကိုမိုးကောင်း ဖရိုဖရဲဖျက်နေပါပြီ။

ဖဲသူခိုးမြည္ထွန့် ငါးချပ်နဲ့ရိုက်တာတောင် ရှုံးပြီးရင်း ရှုံးဆဲပါ။

နတ်မျက်စိသန်းဝင်းလည်း စုံလုံးကန်းနေပါပြီ။

ဒီတစ်လက်မှ အလျော်မခံရရင် ဆေးလိပ်တစ်တိုတောင် သောက်စရာမရှိတော့တဲ့ကိန်းဖြစ်လို့ စွန့်စားလိုက်ကြရခြင်းပါ။

"ခင်ဗျားတို့ဖဲတွေအရင်လှန်ဗျာ"

"ဟာ ... တစ်မျိုးကြီးပါလား၊ ရတယ် ... ရတယ်"

ထုံးစံမဟုတ်ပေမဲ့ လေးယောက်လုံး တဖြန်းဖြန်းနဲ့ရိုက်ပြီး ချပြပါတယ်။

"ခုနစ်ပေါက်"

မြင့်သောင်းဖဲပါ။

"ရှစ်ပေါက် ..."

"ငါလည်းရှစ်ပေါက်"

သန်းဝင်းနဲ့မြည္ထွန့်ဖဲပါ။

"ကုလားကွာ .. ဖြန်း .. ကိုး လျော် .. တစ်ဝိုင်းလုံးလျော်"

မော်အောင်ဝင်းပါ။ ဆက်ပြောပါတယ်။

"ဒိုင်ဖဲခေါ်လေ"

မော်အောင်ဝင်း စိတ်မရှည်လို့ ပြောလိုက်ပေမဲ့ ကိုမိုးကောင်းဟာ မျက်နှာနဲ့အပ်ထားတဲ့ဖဲချပ်တွေကို ခွာပြီး ထိုးထားတဲ့ငွေပုံကို မသင်္ကာတဲ့မျက်လုံးနဲ့ ကြည့်ပါတယ်။

"ထိုးထားတဲ့ငွေတွေကလည်း မနည်းပါလား၊ ခင်ဗျားတို့ဟာ ဟုတ်ရောဟုတ်ကြသေးရဲ့လား"

"အလျော်ပေးရမယ့်အလှည့်ကျမှ ခင်ဗျား သွေးမကြောင်နဲ့၊ ဂျီဂျောင်မလုပ်နဲ့"

"မလုပ်ဝံ့ပါဘူးဗျာ"

"မလုပ်ဝံ့ရင် ဒိုင်ဖဲချပြီးလျော်"

"အပွင့်မရှိလို့"

ကိုမိုးကောင်းပြောပုံဆိုပုံ လုပ်ပုံတွေဟာ အသည်းယားစရာ၊ မခံချင်စရာပါ။ ကလိတယ်၊ ဆွတယ် ခေါ်မလား၊ ပြောဆိုပြီးမှ ချလိုက်ပါတယ်။

"သုံးကောင်"

+++

"ကိုဘိုကြီး ... ကျွန်တော့်အနားမှာ အဲဖော်အဖြစ်ထိုင်ပေးပါဗျာ"

အတိတ်ကာလကို လွင့်မြောနေတဲ့ ကျုပ်စိတ်အစဉ်ကို ကိုမိုးကောင်းစကားကြောင့် ပြန်စုစည်းလိုက်ပါတယ်။ ကျုပ် ကိုမိုးကောင်းတောင်းဆိုချက်ကို အဖြေမပေးသေးပါ။

"ဒါနဲ့ ကိုဘိုကြီး ... အခု ဘာတွေလုပ်နေလဲ"

ကျုပ် အသုဘဆိုင်ဘေးက ယှဉ်

www.burmeseclassic.com



လျှက်ဆိုင်ကိုညွှန်ပြီး –

"ဒါ ကျွန်တော့်ဆိုင်လေ၊ မုန့်ဟင်းခါး၊ အသုပ်စုံ၊ အပြည်း၊ အရက်ရောင်းတယ်"

"အဆင်ကောပြေရဲ့လား"

"နေ့စဉ်ပုံမှန်တော့ စားရပါတယ်"

"ရွှံ့သည်ဖြစ်စေ၊ နိုင်သည်ဖြစ်စေ၊ ဝိုင်းသိမ်းရင် ကိုဘိုကြီးဆိုင် တိုးချဲ့ဖို့ လုံလောက်တဲ့အရင်းအနှီး ကျွန်တော်ကူညီခဲ့ပါ့မယ် …၊ ဖဲဝိုင်းမှာ ကျွန်တော်နဲ့ အဖော်လိုက်ထိုင်ပေးပါ"

အမှန်အတိုင်းပြောရရင် ကျုပ်ဖဲဝိုင်းတွေကို ကျောခိုင်းခဲ့တာ ဆယ်စုနှစ်ကျော်လွန်ခဲ့ပါပြီ။ ရှင်းရှင်းဝန်ခံစကားဆိုရရင် ကိုမိုးကောင်းကို လက်မြှောက်အရှုံးပေးခဲ့ရတဲ့နောက်ပိုင်းက အစပါပဲ။ ဒါပေမဲ့ ကျုပ်ဆိုင်လေးက စီးပွားဖြစ်မယ့် အနေအထားမျိုးမဟုတ်လို့ "လုံလောက်တဲ့အရင်းအနှီး"စကားအခံကြောင့် ကိုမိုးကောင်းဆန္ဒကို လိုက်လျောလိုက်ပါတယ်။

"တစ်အိမ်လို"

"ကျွန်တော်ဝင်မယ်ဗျို့"

ကိုးမီးဝိုင်းနားရောက်တယ်ဆိုရင်ပဲ ကိုးမီးဒိုင်လုပ်တဲ့ ပိန္နဲသီးမောင်မောင်တပည့်က အော်လိုက်လို့ ကိုမိုးကောင်းသွက်လက်စွာပြောဆိုပြီး လွတ်နေတဲ့နေရာဝင်ထိုင်၊ သူ့ရဲ့ အရောင်အဆင်းမရှိတော့တဲ့ ကချင်လွယ်အိတ်ကြီးထဲက ငွေတွေ စုပုံလိုက်ပါတယ်။

ခပ်ကုတ်ကုတ်လေးနေထိုင် ခပ်နွမ်းနွမ်းလေးဝတ်ဆင်ထားလို့ အထင်ကြီးစရာမရှိတဲ့ ကိုမိုးကောင်းဆီက ငွေထုတ်ကြီးကိုမြင်လို့ ပါးစပ်အဟောင်းသားနဲ့ အံ့သြနေကြပါတယ်။

"ကျွန်တော် ဒိုင်ကိုင်လို့ရမလား"

"ဟာ … ရတာပေါ့ဗျာ …၊ ကိုင်ပါ … ကိုင်ပါ"

လို့ ပိန္နဲသီးမောင်မောင်တပည့်က ပြောဆိုပြီး ဖဲထုတ်ကိုပေးလိုက်ပါတယ်။

ကိုမိုးကောင်း ဖဲထုတ်ယူပြီး ကုလားဖန်ထိုးနေပုံဟာ ကျုပ်ရဲ့မျက်စိထဲမှာ ဆယ်စုနှစ်ကျော်ကပုံရိပ်တွေ ပြန်ပေါ်လာနေပါတယ်။ လက်တစ်ကိုင်တောင်မရှိတတ်တဲ့ (၅၂)ချပ်သောဖဲချပ်တွေ လန်ကုန်ပါတယ်။ အထုတ်လိုက်ပြုတ်ကျပါတယ်။ အရင်ပုံစံအတိုင်း

**ဆယ်စုနှစ်လုံးလုံး ကျုပ်ဟာ ကိုမိုးကောင်းနဲ့တွေ့စဉ်က ရေမြွေလို၊ မြွေပတုတ်လို အစွယ်မရှိတဲ့ အဆိပ်မရှိဘဲ ကံတရားနဲ့ကစားခဲ့တယ်ပဲ အထင်ရှိခဲ့တာဟာ ခုမှပဲ …**

တစ်ခုမှပြောင်းလဲမှုမရှိပါဘူး။

အမှန်အကန်ပဲလား အကြံအဖန်လား ဆွဲဆောင်မှုသဘောလားတော့ မသိပါ။ ကိုမိုးကောင်းရဲ့လှုပ်ရှားမှုကို ကြည့်ပြီး လက်ရှိထိုးသားနေရာတွေ ဖယ်ခိုင်းပြီး ပိန္နဲသီးမောင်မောင်ရဲ့ တပည့်တွေ ဝင်ထိုင်လိုက်ပါတယ်။

ကိုးမီးဝိုင်းစလွှတ်တယ်ဆိုရင်ပဲ ကိုမိုးကောင်း တစ်ဝိုင်းလုံးလျော်လိုက်ရပါတယ်။ အပွင့်သာလွန်လို့မဟုတ်တဲ့ လေးအိမ်မှာ နှစ်အိမ်က နှစ်ချပ်စီပဲ ဖဲဝေမိလို့ပါ။

ငါးလက်ဆက်တိုက်လျော်လိုက်ရလို့ ကိုမိုးကောင်းရဲ့ ကချင်လွယ်အိတ်ကြီးဟာ ကပ်ကျိုးသွားပါပြီ။ ဝိုင်းထဲက အလျော်အစားငွေတွေ ပလူပျံနေတာဟာ ဖဲဝိုင်းလောင်းကစားငွေလို့တောင် ထင်မှတ်စရာမရှိဘဲ ဘဏ်ခါးပြတိုက်လို့ရတဲ့ငွေကို ဓားပြခေါင်းဆောင်က ခွဲတမ်းချဝေငှနေသလိုပါပဲ။

ကိုမိုးကောင်း အပြုံးမပျက် ဆက်ကစားပါတယ်။

ညဝက်လောက်အထိဟာ ဒိုင်နဲ့ထိုးသား ဘတစ်ပြန် ကျားတစ်ပြန်ပါ။ ဖဲလှူးတယ်လို့ ခေါ်ပါတယ်။ အနိုင်အရှုံး အပြေထုတ်လို့မရသေးပေမဲ့ အကောက်သမားကတော့ မှီရတဲ့ မျက်နှာလို ပြုံးရွှင်နေပါတယ်။ ရသမျှ အကောက်ဟာ သူတို့တစ်ဝက်ပိုင်နေပြီမဟုတ်လား။

ညဝက်ကျော်လွန်လာချိန်မှာတော့ ကိုမိုးကောင်းပြောဖူးတဲ့ ပုံလုံတစ်လှည့် ငါးပျံတစ်လှည့်၊ ကြွေတစ်လှည့် ကြက်တစ်ခုန် စကားပုံတွေ ပြန်လည်ကြားယောင်မိပါတယ်။ ကံလိုက်လာတဲ့ ကိုမိုး



www.burmeseclassic.com

www.burmeseclassic.com


ကောင်းမဲကို ဉာဏ်သမား ပိန္နဲသီး မောင်မောင်တပည့်တွေ လိုက်မမီတော့ပါဘူး။

မော်တော်ဆိုင်ကယ်နဲ့ ဆက်သားလွှတ်ပြီး ပိန္နဲသီးမောင်မောင်ဆီက ယူလာသမျှ လေးငါးခေါက်သော သယ်ပို့ငွေတွေဟာ ဇက်ကျိုးနေတဲ့ ကိုမိုးကောင်း ကချင်လွယ်အိတ်ကြီး ဖောင်းကားသွားသလို ကိုမိုးကောင်းရှေ့က ငွေစက္ကူပုံကြီးဟာ ခြတောင်ပို့လို မို့မောက်နေပါတယ်။

ည နှစ်နာရီကျော်လောက်မှာ ဖဲဝိုင်းခဏနားပါတယ်။

ပိန္နဲသီးမောင်မောင်ဆီ သတင်းပို့ငွေယူသွားတဲ့ ဆိုင်ကယ်စီးဆက်သား ပြန်မရောက်သေးလို့ပါပဲ။

ကျုပ် ကိုမိုးကောင်းနားနားကပ်ပြီး ပိုင်းလိုက်လို့ပြောပါတယ်။ ကိုမိုးကောင်း ကျုပ်ကို တံတောင်နဲ့တွတ်ပြီး ရပါတယ် အသာနေစမ်းပါသဘောမျိုးနဲ့ တုန့်ပြန်ပါတယ်။

"တီ ... တီ"

"တီ ... တီ"

နာရီဝက်လောက်အကြာမှာ ဆိုင်ကယ်နှစ်စီး မီးထိုးဟွန်းတီးအချက်ပေးပြီး ရောက်လာပါတယ်။ ဆက်သားအပြင် ပိန္နဲသီးမောင်မောင်ကိုယ်တိုင် ပါလာပါတယ်။

ပိန္နဲသီးမောင်မောင်လောကမှာ ဒီလိုမျိုး အရှုံးပေးလိုက်ရတယ်ဆိုရင် ရာဇဝင်ရိုင်းသွားမှာပါ။ အရှိန်အဝါ မှေးမှိန်သွားမှာပါ။ ဂုဏ်သိက္ခာ ကျဆင်းသွားမှာပါ။ ဒီလိုမျိုးအဖြစ်မခံနိုင်လို့ ကိုယ်တိုင်လိုက်လာတဲ့ သဘောပါပဲ။

တပည့်တစ်ယောက်ကို ဝိုင်းထဲက ဖယ်ခိုင်းပြီး ပိန္နဲသီးမောင်မောင် ဝင်ထိုင်လိုက်ပါတယ်။ ကိုမိုးကောင်းရှေ့က ဖဲထုတ်ယူ အပြန်အလှန်စစ်ဆေးပြီး ကျွမ်းကျင်ပိုင်နိုင်စွာနဲ့ အကြိမ်များစွာ ကုလားဖန်ထိုးပါတယ်။ ဖဲကွက်ဆင်တဲ့ သဘောပါ။

ကုလားဖန်ထိုးပြီးတဲ့ဖဲထုပ်ကို ကိုမိုးကောင်းလက်ထဲရောက်ချိန်မှာတော့ သုံးလေးကြိမ် ကုလားဖန်ထပ်ထိုးပါတယ်။ ပရိသတ်ရော ဝိုင်းထဲကလူတွေကပါ အမြင်ရိုးနေလို့ သာမန်အကြည့်ပဲကြည့်နေပေမဲ့ ပိန္နဲသီးမောင်မောင်



ကြည့်ပုံက မျက်လုံးကြီးပြူးထွက်နေပါတယ်။ အန္တရာယ်တစ်မျိုးနဲ့ ရင်ဆိုင်တိုးလို့ ထိတ်လန့်အံ့ဩနေသလို ခန့်မှန်းမိပါတယ်။

"ချိုး"

ပိန္နဲသီးမောင်မောင် ဖဲမချိုးဘဲ လက်နဲ့ပဲ ပုတ်လိုက်ပါတယ်။ သူဆင်ထားတဲ့အကွက် မပျက်ဘူးဆိုတဲ့ သဘောလား မသိပါ။

"ထိုး"

ထိုးကြပါတယ်။ ထိုးသားဇောကြားပေါက်သမားတွေပါ ထိုးတဲ့ငွေဟာ ဝိုင်းထဲမှာ ဟည်းထလို့ပါ။ ပိန္နဲသီးမောင်မောင်ကိုယ်တိုင်ဆင် ကိုယ်တိုင်ချိုးထားလို့မဟုတ်လား။ ဝိုင်းထဲကလူ၊ ဝိုင်းဘေးကလူ ရှိရှိသမျှသော ဖဲဝါသနာရှင်တွေ ပညာရှင်တွေအားလုံး ပိန္နဲသီးမောင်မောင်ကို ယုံကြည်မှုအပြည့် ရှိကြပါတယ်။ ရှုံးသမျှငွေ ပြန်ရအောင် လုပ်ပေးနိုင်သူဟာ ပိန္နဲသီးမောင်မောင်လို့ လက်ခံပြီး အားကိုးကြပါတယ်။

www.burmeseclassic.com



ပိန္နဲသီးမောင်မောင်ကတော့ သွေးတိုးစမ်းသဘောလားမသိ ထောင်ဂဏန်းလောက်ပဲ ထိုးပါတယ်။

"ထိုး ... ထိုး ... ကိုယ်ထိုးမှ ကိုယ်ရမှာ"

"ကိုယ့်ဖဲစိတ်ချရင် လူကိုယ်တိုင် ထွက်ထိုင်လို့ရတယ်"

"ဒိုင်က လျော်ချင်နေတာနော်"

ကိုမိုးကောင်းကချည်း ပြောနေတာပါ။ ကလိတာလား၊ ဆွပေးတာလား၊ စိန်ခေါ်တာလား၊ ပိန္နဲသီးမောင်မောင်ဝင်ပါမှ ဒီလို ရဲရဲဝံ့ဝံ့ပြောရဲတာကတော့ အဆန်းပါပဲ။

ဘာပဲပြောပြော ပိန္နဲသီးမောင်မောင်ရှေ့မှာ ဒီလိုပြောခြင်းဟာ ဖားတုလို့ ခရုခုန်တဲ့သဘောပါပဲ။ အုတ်နံရံကို ခေါင်းနဲ့တိုက်ခြင်းပါပဲ။ ကိုမိုးကောင်း ဖဲကိုင်၊ ဖဲဝေ၊ ကုလားဖန်ထိုးပုံအခြေအနေနဲ့ ပိန္နဲသီးမောင်မောင်ကို ဘယ်လိုမှ ယှဉ်မရနိုင်ပါဘူး။

"ကဲ ... လက်တွေ နောက်ဆုတ်"

ကိုမိုးကောင်း သတိပေးပြီး ဖဲဝေပါတယ်။

"တစ်ချပ် ..."

"နှစ်ချပ် ..."

"ဟိုးထား ... ဟိုးထား"

ပိန္နဲသီးမောင်မောင် အော်ဟစ်တားမြစ်ရင်း ဖဲဝေနေတဲ့ကိုမိုးကောင်းလက်ကို ဖမ်းဆုတ်လိုက်လို့ ရုတ်ရုတ်သဲသဲဖြစ်ကုန်ပါတယ်။ အံ့သြခြင်း၊ ထိတ်လန့်ခြင်း မျက်လုံးတွေနဲ့ ပိန္နဲသီးမောင်မောင်ကို ဝိုင်းကြည့်နေကြပါတယ်။

ကိုမိုးကောင်းကတော့ တစ်ချက်ကလေးမှ မျက်နှာမပျက်ဘဲ မတုန်မလှုပ် ကျောက်ရုပ်ကြီးလိုပါ။

"မင်းတို့ပိုက်ဆံတွေ ပြန်သိမ်း"

မင်တက်မိသလို ကြောင်ကြည့်နေကြပါတယ်။

"ပြန်သိမ်းလို့ ပြောနေတယ်လေကွာ"

ပိန္နဲသီးမောင်မောင် အမိန့်ပေးလို့သာ ပြန်သိမ်းနေကြပေမဲ့ ဘာသဘောပါလိမ့်ဆိုတဲ့အတွေးတွေ ရှိနေကြပါတယ်။

"ကျွန်တော့်လုပ်ဆောင်ချက်ကို ခွင့်လွှတ်ပါလို့ တောင်းပန်ပါတယ်"

ဘယ်လိုလဲ။ ပိန္နဲသီးမောင်မောင်ကတောင် တောင်းပန်နေရပါလား။

"ကျွန်တော် ... မနက်ကြရင် ဆရာ့ကို လာတွေ့ပါရစေ"

ကိုမိုးကောင်း ခေါင်းငြိမ့်ရင်း ပြုံးပြီးလက်ခံလိုက်ပါတယ်။ ပိန္နဲသီးမောင်မောင် နှုတ်ဖျားက "ဆရာ"ဆိုတဲ့ အသုံးအနှုန်းကြောင့် ကိုမိုးကောင်းရဲ့ အဆင့်ကို ခန့်မှန်းလို့ရကြပါပြီ။

ဩော် ... ဆယ်စုနှစ်လုံးလုံး ကျူပ်ဟာ ကိုမိုးကောင်းနဲ့တွေ့စဉ်က ရေမြွေလို၊ မြွေပတုတ်လို အစွယ်မရှိတဲ့ အဆိပ်မရှိဘဲ ကံတရားနဲ့ကစားခဲ့တယ်ပဲ အထင်ရှိခဲ့တာဟာ ခုမှပဲ ဖဲဝိဇ္ဇာကြီး ပိန္နဲသီးမောင်မောင်ကိုယ်တိုင်က လေးလေးစားစားဆက်ဆံရတဲ့ ဆရာ့ဆရာကြီးအဆင့်၊ အဆိပ်ရှိပြီး ဟိတ်ဟန်မရှိတဲ့ မြွေဘုရင် ငန်းတော်ကြား မြွေကြီးအဆင့် ဖြစ်နေပါပေါ့လား။

ရှစ်ခွင်ကျော်-ဖောင်တော်သီ



www.burmeseclassic.com

www.burmeseclassic.com



## အပူမကြောက်တဲ့ နွေ

နွေ ..
နွေရဲ့ရုပ် ပီပြင်လာတာနဲ့
ပူလိုက်တာ ..
ပူလိုက်တာ .. လို့
အဲကွန်းတွေက ပြောနေကြ
ဒီနွေ့ပိုပူတယ်
အရိပ်ထဲ ချွေးတရွှဲရွှဲနဲ့လူတွေကလည်း
ညည်းညူကြ ..

နွေရေ ..
ရေဘူးတစ်ဖက် ထီးတစ်လက်နဲ့
နေပူကျဲတဲ လျှောက်နေသူများကတော့
အပူကို ပူမှန်းတောင် မသိကြတော့ဘူးတဲ့။ ။

အုံမင်းညို(တောင်တွင်း)



## အမှတ်စဉ်(၁၄၂) ဩဂုတ်လအတွက်

### ရွေးကဗျာစာရင်း

| | | | |
|---|---|---|---|
| ၁။ | နန္ဒာမိုးကြယ် | – | ရင်းစားမဲ့ |
| ၂။ | မြမြင့်မိုရ် | – | ဂငယ်ကွေ့ |
| ၃။ | မောင်နွယ်အောင်(မြေပြန့်) | – | ဝါဆိုမိုးနှင့် မှတ်သုံလေ |
| ၄။ | မောင်လှလွန်း | – | အနီအောက်ရောင်ခြည် |
| ၅။ | အောင်အေးချမ်း | – | အိမ် |
| ၆။ | လင်းထူးဇော်(သန်လျင်) | – | သိက္ခာထဲမှာ ရိက္ခာပါသလား |
| ၇။ | အောင်သွေးလက်(မြစ်ခြေ) | – | ခံယူချက် |
| ၈။ | ကိုနတ် | – | အရောင်းထိုင်းနေ့ရက်များ |
| ၉။ | လဝင်း | – | အထိ |
| ၁၀။ | မြစိုးလွင် | – | ဟင်းလင်းပြင် |



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



နွေရောက်ပြီဆိုသည်နှင့် စောထူး အလုပ်ပြောင်းရတော့သည်။

နှစ်စဉ်သမားရိုးကျ အပြောင်း အလဲဖြစ်၏။ ထူးထူးဆန်းဆန်းမဟုတ်ပါ။

တစ်မိုးတွင်းလုံး သည်တောကြီး အတွင်းမှာ အပြိုင်းအရိုင်းပေါက်နေသော ဝါးရုံပင်များမှ မျှစ်ချိုး၍ စောထူးနှင့် နန့်မြစိန်တို့ လင်မယားဘဝ ရပ်တည်ခဲ့ကြသည်။ မျှစ်ရာသီတစ်ခုလုံး ငွေစကလေးရှင်သဖြင့် အူစိုခဲ့သည်။ ချိုးယူရရှိသမျှ မျှစ်အားလုံးကိုလည်း ဒိုင်ဖွင့်၍ ဝယ်သူရှိသဖြင့် အခက်အခဲမရှိ ရောင်းချနိုင်သည်။ ငွေကြေးနှင့် ပတ်သက်၍လည်း ဒိုင်တွေ မှီလိုပေါက်နေသဖြင့် ကိုယ်နှင့်အလွမ်းသင့်သူ၊ ကိုယ်သွင်းသည့်မျှစ်အပေါ် အချိန်တွယ်မှန်မှန်ဖြင့် ဈေးမှန်ပေးသူကို ကိုယ်တိုင်ရွေးချယ်ခွင့်ရှိသည်။

တစ်ခုတော့ ပြောစရာရှိသည်။ တောတိုး၍ မျှစ်ချိုးသူတွေ တစ်နှစ်ထက်တစ်နှစ်များလာခြင်းဖြစ်၏။ သူ့ထက်ငါ အပြိုင်ချိုးကြသည်။ တစ်ခါတစ်ရံ အကြဲတူရန်သူဟူသောစကားကဲ့သို့ အလုအယက် အပြိုင်အဆိုင် မျှစ်ချိုးရင်း စကားများရန်ဖြစ်ခြင်းများ ပင်ရှိသည်။ စောထူးတို့ဇနီးမောင်နှံကတော့ ဤသို့စိတ်ကူးမျိုးမရှိ။ လုပ်ဖော်ကိုင်ဖက်များကို အကြဲတူသော်လည်း ရန်သူလိုသဘောမထားခဲ့။

တကယ်တော့ အမိကမ္ဘာမြေကြီးက လူသားများ၏ စားဝတ်နေရေးအတွက် သဘာဝအတိုင်း ဖန်တီးပေးထားသည်ကို အသင့်ယူငင်စားသောက်ရုံသာရှိသည်။ လောဘဒေါသတွေပွားများမနေသင့်။ လိပ်သို၊ ရာဒိုသံတောင် တစ်ဝိုက် စိမ်းလန်းသော သစ်တောဝါးတောကြီးတွေစိမ်းညို့ညို့တမျှော်တခေါ် ကြည့်မဆုံး ရှုမဆုံးအောင်ရှိနေသည်။ ခုတ်ပါလေ့။ ချိုးပါလေ့။ ခူးပါလေ့ ကြိုက်သလောက်ပင်။

သည်အတွေးနှင့်အတူ စောထူးသတိထားမိသည့်အချက်တစ်ချက်ရှိသည်။ သူတို့လိုတောတိုး၍ မျှစ်ချိုးသူများ၏ ဝိသမလောဘကြောင့် ဝါးမဖြစ်လိုက်ရဘဲ မျှစ်ဘဝမှာပင် အဆုံးသတ်သွားရသည်များလည်း မနည်းမနောရှိသည်။ ကြည့်လေရာ မျှော်မဆုံးသော ဝါးတောကြီးအတွင်းမှ ဝါးရုံပင်များ၏ အခြေတွင် အချိန်တန်လျှင် သူ့ဘက်မှ တာဝန်ကျေစွာဖြင့် မျှစ်စို့ပေါက်တွေ အပြိုင်းအရိုင်းထွက်လာသလောက် အချိုးအခုတ်ခံလိုက်ရသဖြင့် ဝါးတောကြီးမှာ ဝါးပင်တွေတိုးပွားစည်ပင်မလာသည့်အပြင် တဖြည်းဖြည်းသိသိသာသာ ကျဲပါးလာသည်တော့ အမှန်။ ကြာလျှင် တောပြုန်းသည့်ဘဝရောက်မှာပင် စိုးရိမ်ရပေသည်။ ထားပါ ‥ ဒါ သူ့အလုပ်မဟုတ်။ သူ့အလုပ်က ခုတ်ထားသော ဝါးများကို နှီးကြောဖြင့် ခိုင်ခိုင်စည်း၍ တဲရှေ့ကားလမ်းဘေး အရောက် သယ်ပိုးသွားဖို့ပဲဖြစ်သည်။ စောထူးက ဝါးစည်းကို ပခုံးပေါ်မတင်လိုက်သည်။ ဝါးခုတ်ဓားကို ခါးမှာထိုးလျက် အပြန်လမ်းကို စတင်လိုက်သည်။ ခုလိုဝါးခုတ်ရောင်းရသည့် အလုပ်ကလည်း အခက်အခဲတော့မရှိ။ ကိုယ်ခုတ်နိုင်သလောက်ခုတ်၍ရသော ဝါးများကို အစည်းစည်း၍ လမ်းဘေးမှာချထားလိုက်ရုံပင်။ ဝယ်သူတွေက ကားနှင့်လာသယ်သွားသည်။ ကျသလောက်ငွေကြေးရှင်းပေးသည်။ ရှိသလောက် ဝါးအကုန်ယူသည်။ သည်အလုပ်လောက်ကတော့ ကိုယ်လေးလက်ဝန်ကြီးနှင့်မို့ သူနှင့်အတူတော့ မလိုက်နိုင်တော့သဖြင့် အိမ်မှာကျန်ရစ်သော ဇနီးသည်နန့်မြစိန်က ကျွမ်းပြီးသား။ ရှေးတုန်းက ဝါးခုတ်သမားတွေ အတွက် ဈေးကွက်က အိမ်သုံး၊ ခြံသုံး အဆောက်အအုံအသုံးမျှသာရှိသဖြင့် ထင်သလောက်အလုပ်မဖြစ်။ ဈေးကွက်ကျဉ်းသည်။ ခုတော့ ဝါးအနုအရင့်မခွဲခြား။ ဝါးရသလောက် မငြင်းမပယ် ဝယ်သော ကုန်သည်တွေခြေချင်းလိမ်လာသည်။ ကိုယ့်ဘက်က ခုတ်အားကောင်းဖို့ပဲလိုသည်။ ခုတ်အားကောင်းသည်နှင့်အမျှ ဝယ်လက်ကလည်း ပြန်အားကောင်းသည်။

တစ်ခါက ရင်းနှီးနေသော ဝါး

www.burmeseclassic.com

www.burmeseclassic.com



ကုန်သည်တစ်ယောက်ကို စောထူးစပ်ကြည့်သည်။

"ဒီဝါးတွေ အစ်ကိုတို့ ဘာသုံးတာလဲ"

"တို့က စက်ရုံကိုပြန်သွင်းတာ"

"ဗျာ .. စက်ရုံဟုတ်လား"

ဝါးကို စက္ကူလုပ်လို့ရသည်ဟုတော့ စောထူးကြားဖူးသည်။ ဘာပဲဖြစ်ဖြစ် သူတို့ခုတ်ရောင်းလိုက်သော ဝါးများသည် ဘဝပြောင်း၊ ဘဝပြောင်း၍ စက္ကူဖြစ်သွားလျှင် ကျောင်းသားများအတွက်၊ အစိုးရရုံးများအတွက်၊ အလွှာအသီးသီးရှိ ပြည်သူများအတွက် ထိုက်တန်စွာအကျိုးပြုနိုင်သဖြင့် စောထူးဝမ်းသာမိသည်။ ထိုကဲ့သို့ တွေးနေသော စောထူး၏ အတွေးမဆုံးခင်မှာပင် မိတ်ဆွေကုန်သည်က ..

"မင်းတို့ဝါးတွေ ငါတို့သွင်းတဲ့ စက်ရုံက တူထုတ်လုပ်တဲ့စက်ရုံကွ၊ စားသောက်ဆိုင်တွေမှာ သုံးတဲ့တူလေကွာ။ သိတယ်မဟုတ်လား"

"ဟင် .. ဟုတ်လား"

စောထူးအဖို့တော့ စကားအထူးအဆန်းကြားရခြင်းဖြစ်၏။ ဝါးကုန်သည်က ပြောသည်။

"တူစက်ရုံက ထုတ်မလောက်ဘဲကွ။ လူတစ်ယောက် အဲဒီတူနဲ့ တစ်ခါစားပြီးရင် အမှိုက်ပုံးထဲထည့်ပြီး ပစ်လိုက်ကြတာလေ။ တူလုပ်လို့ပိုတဲ့ ဝါးအပိုင်းလေးတွေကိုတော့ သွားကြားထိုးတံ ဆက်ထုတ်လိုက်သေးတယ်။ ဒါကြောင့် ..."

"မင်းတို့ခုတ်တဲ့ဝါးတွေ မရောင်းရမှာတော့ မပူနဲ့ကွ။ ခုတ်နိုင်သလောက်သာခုတ်၊ ဒီတောကြီးထဲက ဝါးပင်တွေ အကုန်ကုန်သွားတဲ့အထိ ငါတို့ဝယ်မယ် ဟား .. ဟား .. ဟာ"

ဝါးကုန်သည်၏ စကားကြားရတော့ စောထူး တွန့်ခနဲဖြစ်သွားသည်။ သည်တောကြီးထဲက ဝါးပင်တွေကုန်သွားရင် ငါတို့ဘာလုပ်စားကြမလဲဟူသောအတွေးကြောင့် စောထူးရင်လေးသွားသည်။

ကမ္ဘာမြေကြီးက လူသားတွေ စားဝတ်နေရေးအတွက် သဘာဝအတိုင်း လုံလောက်အောင် ဖန်တီးပေးထားသည်ဆိုသော်လည်း အကန့်အသတ်တော့ရှိမည်။ အရေးမပါသည့် အလွဲသုံးစားမှုများကြောင့် သဘာဝအရင်းအမြစ်ပြုန်းတီးသွားမည်ဆိုလျှင် သင့်တော်ပါ့မလား။ ဖြစ်ကော ဖြစ်သင့်ပါသလားဟု စောထူးမတွေးတတ် တွေးတတ်ဖြင့် တွေးမိသည်။ ပြီးတော့ ..

တစ်ခါသုံးတူတဲ့။ လူတစ်ယောက် တစ်ခါသုံးပြီးလျှင် အမှိုက်ထဲထည့်ပြီး လွှင့်ပစ်လိုက်တယ်တဲ့။ သည်စကားအတွက် တောထဲမှာ မျှစ်ချိုးဝါးခုတ်နေသည့် စောထူးအဖို့ မေးခွန်းတွေနှင့်ခေါင်းထဲမှာ ချာချာလည်လာသည်။

တူတစ်စုံကို တစ်ခါသုံးပြီးလျှင် ရေစင်စင်ဆေး၊ ရေနွေးနှင့်ပြုတ်ပြီး ပြန်သုံးလျှင်မရဘူးလား။ သူငယ်စဉ်က ဖထီးနှင့် တစ်ခါတစ်ရံမြို့လိုက်သွားသောအခါ ဖထီးက အရက်တစ်ပိုင်းသောက်၍ သူ့ကို ခေါက်ဆွဲကြော်တစ်ပွဲဝယ်ကျွေးတတ်သည်ကို အမှတ်ရသည်။

သူက စားပွဲပေါ်မှာ အသင့်တင်ထားသည့် ဖါးခွက်ထဲမှတူကို ခပ်တည်တည်နှိုက်ယူ၍ မကိုင်တတ်ကိုင်တတ်ဖြင့် ခေါက်ဆွဲကြော်ကို တူနှင့်ညှပ်၍ စားသည်။ စားပြီးလျှင် ပန်းကန်ခွက်ယောက်များနှင့်တူကို စားပွဲထိုးက သိမ်းသွားပြီး ဆေးကြောသန့်စင်သည်။ ထိုတူကို စားပွဲပေါ်မှ ခွက်ထဲသို့ ပြန်ထည့်သည်။ နောက်စားသုံးသူများကလည်း ဆက်လက်အသုံးပြုသည်။ ဘာပြဿနာမှရှိသည်ဟု မကြားဖူးခဲ့ပါ။ ခုတော့ ခေတ်ပြောင်းသွားလို့လား။ စနစ်ပြောင်းသွားလို့လား။ ဘာကြောင့်လဲ .."

လူတွေက ကြီးကျယ်လာကြတာလားမသိပါ။ တူတစ်စုံကို တစ်ခါသုံးပြီးလျှင် ပြန်မသုံးတော့ဘူးတဲ့။ စောထူး သက်မောရှိုက်သည်။ ဝါးတောထဲက ဝါးတွေ လိုသလောက်ခုတ်နေရလျှင်တော့ ပြဿနာမရှိပါ။ ဝါးတောကြီးခများမှာလည်း ခုတ်ပါများ၍တစ်ကြောင်း၊ မျိုးပွားမည့် မျှစ်များကို အထိန်းအကွပ်မရှိ စည်းမဲ့ကမ်းမဲ့ချိုးယူနေကြသဖြင့်လည်းကောင်း၊ သိသိသာသာ တောကြီးမှာ ဒဏ်ရာအနာတရဖြင့် ဖုတ်လိုက်ဖုတ်လိုက်ဖြစ်လာ၏။ သည့်ထက်ပိုမဆိုးခင် နည်းလမ်းရှာဖို့ကောင်းသည်ဟု သူ ဉာဏ်မီသလောက်တွေးနေမိသည်။

အဓိတွေးတွေနှင့် ရစ်ပတ်ဖွဲ့နှောင်လာခဲ့သော စောထူး၊ ကားလမ်းဘေး တစ်နေရာမှာရှိနေသည့် သူတို့ဇနီးမောင်နှံ၏ တဲကလေးကို မြင်ရသည့်နေရာရောက်လာသည်။ သည်အချိန် ဇနီးသည် နန့်မြစိန် ဘာလုပ်နေမလဲဟု တွေးကြည့်သည်။ ဗိုက်ကြီးတမြမြနှင့် ထမင်းအိုးချောင်၊ ဟင်းအိုးချောင် ဝင်နေလိမ့်မည်ဟု အတွေးထဲမှမေးခွန်းကို သူ့ဘာသာပင်အဖြေပေးမိသည်။

လွယ်ထားရသည့်ကိုယ်ဝန်မှာ ထ



www.burmeseclassic.com

www.burmeseclassic.com



ရင့်စပြုပြီဖြစ်၏။ မွေးချိန်ဖွားချိန် ဝေးတော့မည်မဟုတ်။ သည်ကလေးက သူတို့ဇနီးမောင်နှံ၏ သားဦးရတနာ၊ လက်ရှိသူတို့အခြေချထားသည့် တောကြိုအုံကြားတွင် အရပ်လက်သည်မရှိသကဲ့သို့ အစိုးရအသိမှတ်ပြု ဝမ်းဆွဲဆရာလည်းမရှိ၊ ဇနီးဖြစ်သူနန့်မြစိန်၏ ကိုယ်ဝန်၊ သရီးသရီဖြစ်ပြီဆိုသည်နှင့် မြို့ကိုအရောက်ပြေးရမည်။

သည်မို့ပင် လက်ထဲမှာ ငွေကြေးကလေးဆုပ်မိကိုင်မိရှိနိုင်ရန် သူ အလုပ်ကြိုးစားပြီး လုပ်နေခြင်းဖြစ်သည်။ မိုးတွင်းမျှစ်ရာသီက နန့်မြစိန်ကိုယ်တိုင် တောလိုက်နိုင်သေးသဖြင့် လင်မယားနှစ်ယောက် တက်ညီလက်ညီရှာထားသည့် ငွေကလေးထဲမှ ချွေတာသုံးခဲ့သဖြင့် စုမိထားသည့်ငွေနှင့် ယခု သူတစ်ယောက်တည်း ရှန်းကန်ရှာထားသော ငွေကလေးများကို ပေါင်းလိုက်လျှင် မီးဖွားစားရိတ်တော့ ရကောင်းသည်ဟု ထင်ရပေသည်။

စောထူး အတွေးကိုရပ်၍ တဲရှေ့ ကားလမ်းဘေးတွင် ဝါးစည်းကိုချလိုက်သည်။ သူ့ဝါးပုံက သုံးရက်စာမျှရှိပြီဖြစ်၍ အတန်ငယ်များလာပြီ။ မနက်ဖြန်လောက်ဆို ဝါးသယ်မည့်ကုန်သည်ကား ရောက်လောက်မည်။ ဒါဆို သူ့အဖို့ ငွေပေါ်ပြီ ..။

သူကဲ့သို့ပင် ဘဝတူဝါးခုတ်သမားများ၏ တဲများမှာ မနီးမဝေးတွင် ဟိုတစ်တဲ သည်တစ်တဲ ရှိသည်။ သူတို့ရောင်းမည့် ဝါးပုံများသည်လည်း လမ်းမဘေးတစ်လျှောက် ဟိုတစ်ပုံ သည်တစ်ပုံ။ အားလုံးပေါင်းလိုက်မည်ဆိုလျှင် ဝါးပုံကြီးဟည်းထနေလိမ့်မည်။

စောထူးမျက်လုံးတွေက တောင်ကြောတစ်လျှောက် ဝါးတောကြီးဆီ အလိုလိုအကြည့်ရောက်သွားသည်။ စောထူးငယ်ငယ် လွန်ခဲ့သည့်နှစ်များဆီက သည်တောကြီးတွင် အစီအရီပေါက်နေသော ဝါးပင်များမှာ ပင်ချင်းထိ၍ အကိုင်းချင်းယှက်နေသည်။ လေအဝှေ့တွင် တစ်ပင်ယိမ်းသည်နှင့် တစ်တောလုံးယိုင်သည်။ နေပြောက်မထိုးလရောင်မတိုးသာအောင်ပင်။ ခုတော့–

ခုတော့ တောကြီး၏ လက်ခြေတို့ ဒဏ်ရာဒဏ်ချက်များဖြင့် ကျိုးပဲ့စပြုလာပြီ။ တောကြီး၏ ဝမ်းသည်လည်း အဆိတ်အဆွခံထားရသဖြင့် ဟောင်းလောင်းမပွင့်ရုံတမယ်ကျန်၏။ ဘယ်နေရာကြည့်ကြည့် တိုးလျှိုပေါက်မြင်ရသည့်အထိ တောကြီး၏ဘဝမှာအဖြစ်ဆိုးနှင့်ကြုံနေရပါပကော။ သည်အတိုင်းဆို နောင်နှစ်အနည်းငယ်အတွင်း တောကြီးသည် တောင်ကတုံးကြီးဖြစ်ပေတော့မည်။ တောပြုန်းအောင် ဖန်တီးသူများထဲတွင် သူနှင့်သူ့ဇနီးပါ စာရင်းပါမှာ သေချာသည်။ တစ်စုံတစ်ယောက် မေးခဲ့သည်ရှိသော်ငြား တောစောင့်နတ်၊ တောင်စောင့်နတ်များက သက်သေခံပေလိမ့်မည်။ စင်စစ်သူတို့သည် သမိုင်းတရားခံများအဖြစ် နှောင်းလူတို့၏ စွဲချက်တင်ခြင်းကို ခံရမည်မလွဲ။

စောထူးသက်မောရှိုက်ရင်း တဲဆီပြန်လျှောက်ခဲ့သည်။ တဲရှေ့တွင်ရှိသော သဲကောအိုး(သောက်ရေအိုး)ထဲမှ ရေအေးတစ်ခွက်ကို ပလတ်စတစ်ခွက်ဖြင့် ပြည့်အောင် ခပ်သောက်လိုက်သည်။ ရင်အေးသွားသည်။ အမောလည်းပြေသွား၏။ သည်အချိန်ထိ အရိပ်အယောင်မမြင်ရသေးသည့် ဇနီးဖြစ်သူကို ခေါ်ကြည့်လိုက်သည်။

"နန့်မြ .. ဟေ့ .. နန့်မြ"

"ကျွန်မ လာနေပါပြီ အစ်ကို"

နန့်မြစိန်က တောစပ်မှ တရွေ့ရွေ့လှမ်းလာနေသည်ကို မြင်ရမှပင် သောကစိတ်ပြေသည်။ ကားတားကားတားနှင့် ခါးတစ်ဖက်ကို လက်နှင့်ထောက်၍ လျှောက်လာသောဇနီးဖြစ်သူအနီးအရောက် ..

"မင်း ဘယ်သွားတာလဲ"

"တောထဲမှာ ကျွန်မတွေ့ထားတဲ့ သစ်ခွပင်လေး ပွင့်များပွင့်နေပြီလားလို့ သိချင်လို့သွားကြည့်တာပါ"

"ဘာရယ် .. မင်း .. မင်း တောထဲကို သွားတယ်ဟုတ်လား"

စောထူးအသံက အတန်ငယ်မာသည်။ သူ့မျက်လုံးတွေကလည်း မီးထွက်မတတ်။ သူက ပြတ်တောင်းဖွာ ဆက်ပြောသည်။

"ဖြစ်မှဖြစ်ရလေ၊ တောထဲမှာ သစ်ငုတ်ဝါးငုတ်တွေ ခလုတ်တိုက်ပြီး လဲပြိုကျရင် ဘယ့်နှယ့်လုပ်မလဲ။ မင်းက မပေါ့မပါးကြီးနဲ့ကွ။ အဲဒီလိုဖြစ်မှာစိုးလို့ ငါ မင်းကိုတောထဲတောင် ခေါ်မသွားဘူးလေ"

သူ့အပြစ်နှင့်သူမို့ ခေါင်းကြီးငုံ့ထားသော နန့်မြစိန်က မျက်နှာငယ်လေးနှင့် စောထူးကိုမော့ကြည့်လျက်–

"ဟုတ်ပါတယ်၊ ကျွန်မတွေ့ထားတဲ့ သစ်ခွပန်းပင်လေးကိုကြည့်လိုက်တာနဲ့တောထဲသွားမိတာ မှားမှန်းသိပါပြီ"

နန့်မြစိန်စကားက ဆန်းနေသည်။ စောထူးက ပွတ်တတ်ကြီးလုပ်

www.burmeseclassic.com



၍ မေးခွန်းထုတ်ကြည့်သည်။

"တောထဲမှာ နင်ဘာတွေ့လာလို့လဲ"

"သစ်ပင်တွေ ဝါးပင်တွေ စည်းမဲ့ကမ်းမဲ့အခုတ်အလှဲခံထားရတဲ့အတွက် တစ်တောလုံး ရုပ်ပျက်ဆင်းပျက်ဖြစ်နေတာမြင်ရတော့ ကျွန်မ စိတ်မကောင်းဖြစ်မိတယ် ကိုစောထူးရယ်"

ဇနီးဖြစ်သူတကယ်စိတ်မကောင်းဖြစ်နေပုံကိုကြည့်ပြီး စောထူးက ဖြေပြောရတော့၏။

"နင်ကလည်းဟာ သစ်ခုတ်ဝါးခုတ်သူက သစ်တောအရာရှိမဟုတ်ဘူးလေ။ ဘယ်သူက အကွက်ချပြီး စည်းကမ်းတကျခုတ်နိုင်မလဲဟာ။ ဒါတော့နင်မပြောနဲ့ ငါလည်းအတူတူပဲ"

"ခုတ်တဲ့လူတွေကို ကျွန်မအပြစ်မပြောပါဘူး။ သူလည်းခုတ် ကိုယ်လည်းခုတ်၊ ခုတ်ကြတာပဲ။ ဒီလိုမခုတ်ကြရင်လည်း ဒီတောကြီးကိုမှီခိုစားသောက်နေကြတဲ့ လူတွေအားလုံး ထမင်းငတ်ရုံရှိမယ်ဆိုတာလည်း ကျွန်မသိပါတယ်။ ဒါပေမဲ့ရှင် ..

စကားကြီးစကားကျယ်တွေ ပြောနေသည့် ဇနီးဖြစ်သူကို စောထူးက မယုံနိုင်စွာ ဖျတ်ခနဲကြည့်ရင်း ..

"ဒါပေမဲ့ ဘာဖြစ်သလဲဟ ပြောစမ်းပါဦး။ နင်ပြောတာ နားထောင်လို့တော့ ကောင်းသား ..ဟဲ ..ဟဲ"

စောထူး၏ ရယ်ကြဲကြဲနှင့် နောက်သလိုလို ပြောင်သလိုလိုစကားကြောင့် နန်းမြစိန် မျက်နှာရှုတ်တရက် တည်သွား၏။ သူက ..

"ကျွန်မ နောက်နေတာမဟုတ်ဘူး။ အတည်ပြောတာ။ ခုတ်တဲ့လူတွေကို ကျွန်မ အပြစ်မပြောပါဘူးဆိုတာ တကယ်ပါ။ ဒါပေမဲ့ ခု[illegible]တော့ ခုတ်ကြပေါ့ရှင် စိုက်တာန်[illegible]ည်း ပြန်စိုက်မှ တောကြီးရဲ့ နဂိုနေမပျက်ယွင်းမှာမဟုတ်လား"

နန်းမြစိန်၏ အလေးအနက်ပြောစကားနောက်တွင် နက်ရှိုင်းသောအဓိပ္[illegible]ယ်တွေရောပြွန်းနေသဖြင့် စောထူး[illegible]မခံလို့မဖြစ် ..

"[illegible] .. ဒါတော့ဟုတ်တယ်"

နန်းမြစိန်က ဆက်ပြော၏။

"ဒီတောကြီးကို မှီခိုပြီး အသက်မွေးနေသူအားလုံး ဒီပတ်ဝန်းကျင်ကို ဝိုင်းဝန်းထိန်းသိမ်းဖို့ ဒီ့ထက်ပိုဆိုးမသွားအောင် ကယ်တင်ဖို့ လူတိုင်းမှာ တာဝန်ရှိတယ်ဆိုတာ သိစေချင်လိုက်တာ"

"အင်း"

စောထူးထံမှ အင်းတစ်လုံးသာ လေးပင်စွာ ထွက်လာ၏။

"ကျွန်မစိတ်ကူးမိတာ တစ်ခုရှိသေးတယ်"

"ဘာလဲဟ"

"ကိုယ့်ပတ်ဝန်းကျင်ကို ထိန်းသိမ်းနိုင်မှ ကိုယ့်အနာဂတ်နဲ့ ကိုယ့်နိုင်ငံရဲ့ အနာဂတ် ရေရှည်တည်တံ့နိုင်မယ်ဆိုတဲ့အကြောင်း လူတွေနားလည်အောင်လုပ်နိုင်ဖို့ပဲ"

"ဒါလည်း ဟုတ်တာပဲဟ"

စောထူး စောဒကမတက်နိုင်။

တကယ်တော့ နန်းမြစိန်က ၁၀ တန်းအောင်သည်ထိ ပညာသင်ကြားဖူးသူဖြစ်၏။ သူနှင့်အိမ်ထောင်မကျမီက လုပ်အားပေးဆရာမအဖြစ် ကျေးရွာမူလတန်းကျောင်းမှာ ကလေးတွေကို စာသင်ပေးခဲ့ဖူးသည်။ သူနှင့်အိမ်ထောင်ကျပြီးမှ လင့်မျက်နှာတစ်ရွာ ထင်လိုက်လာပြီး ဒိုးတူပေါင်ဖက် လုပ်ကိုင်စားနေသော်လည်း သူ့ထက် အသိဉာဏ်ဗဟုသုတပို သူဖြစ်ကြောင်း စောထူးအသိအမှတ်ပြု၏။ နန်းမြစိန်က ဆက်ပြောသည် ..

"ကျွန်မတို့ တစ်ခုတော့ လုပ်နိုင်တာရှိတယ်"

"ဟေ .. ပြောစမ်းပါဦး။ တို့ ဘာလုပ်နိုင်တာရှိလဲ"

"မွေးလာမယ့် ကျွန်မတို့ကလေးရဲ့ နှလုံးသားထဲကို နက်နက်ရှိုင်းရှိုင်း အသိတရားဝင်အောင် သွင်းပေးဖို့ပေါ့။ ဆုတ်ယုတ်ပျက်ယွင်းလာနေတဲ့ အမိမြေရဲ့ ဒဏ်ရာဒဏ်ချက်တွေကို အနာဂတ်ကို ပုံဖော်ထုဆစ်မယ့် မျိုးဆက်သစ်တွေက ကာကွယ်စောင့်ရှောက်ပေးကြပါဆိုတာပေါ့ရှင်။ ပြီးကျတော့ သဘာဝပတ်ဝန်းကျင်ကို သဘာဝတရားနဲ့ ထိန်းသိမ်းကြဖို့ပေါ့။ ဒါ ကျွန်မတို့လုပ်နိုင်တဲ့ အမိမြေကိုကျေးဇူးတုံ့ပြန်ခြင်းနဲ့ ပြန်လည်ပေးဆပ်ခြင်းပဲလေ"

ပင်းမဟာကျော်ခေါင်



www.burmeseclassic.com

www.burmeseclassic.com

# [redacted] ဝတ္ထု

## စုံထောက်အတိုဆုံး



## ကျော်နေနိုင်
(ကျောက်ထပ်)

## ချိန်ခွင်လျှာ အတိမ်းအစောင်း

(က)

သိပ္ပံပညာရှင်ကြီး အိုင်းစတိုင်းကတော့ သူ့သီအိုရီကို နားလည်နိုင်စေဖို့ ဥပမာတစ်ခုဆောင်ပြီး ပြောပြခဲ့သည်။ "ချစ်သူနဲ့အတူနေရစဉ် အချိန်တစ်နာရီကို တစ်မိနစ်လောက်သာကြာသည်ဟု ထင်မြင်ခံစားရပြီး အလွန်ပူသောမီးဖိုနားတွင် တစ်မိနစ်နေရသည်ကို တစ်နာရီလောက်ကြာအောင် နေရသည်ဟု ထင်မြင်ခံစားတတ်ကြသူတိုင်း ရီလေတီဗ်တီသီအိုရီကို နားလည်သဘောပေါက်နိုင်သည်" ဟု ပြောဆိုခဲ့သည်။ သူဆိုလိုချင်သည်ကတော့ အချိန်နှိုင်းရအတွက် ဥပမာဆောင်ခြင်းဖြစ်ပါ၏။ ဘဝတစ်ခုအတွက် အချက်ညီမှုခြင်းကိန်းအတွက်ဆိုလျှင် မည်ကဲ့သို့ ဥပမာဆောင်သည်ဟုတော့ ကျွန်တော်မတွေ့ဖူးသေး၍ မသိနိုင်သေးပါ။

(ခ)

သိပ်မကြာခင်က မိတ်ဆွေတစ်ယောက်ဆီ သွားလည်တော့ သူ့အဖြစ်အပျက်လေးပြောပြသည်။ ဆိတ်သားအရိုးနဲ့ ပဲဟင်းလေးချက်စားချင်လို့ ဈေးထဲက ဆိတ်သားဆိုင်မှာ "ဆိတ်သားအရိုးတွဲလေးတစ်တွဲလောက်ချိန်ပေးပါ" လို့ ပြောလိုက်တော့ သူ့အသံနဲ့ မရှေးမနှောင်းအသံတစ်ခုထွက်လာတယ်။ "ကျွန်မအတွက်လည်း အသားတစ်တွဲလောက်ချိန်ပေးပါ။ အရိုးမပါစေနဲ့နော် . . ကျွန်မခွေးက အရိုးပါရင် မစားဘူး"တဲ့။

(ဂ)

ဆရာအိုင်းစတိုင်းကြီး၏ "နှိုင်း[illegible] ကိန်းသည် မည်ကဲ့သို့ အဓိပ္ပာယ်ဆော[illegible] သည်ကို ကျွန်တော်မသိခဲ့ရသော်လည်း ဘဝတစ်ခု၏ အကျင့်ဝါသနာ၊ ကျေ[illegible] ထောက်နောက်ခံအင်အား၊ အသိဉာဏ်[illegible] သည် တစ်ခါတစ်ရံ၌ ချိန်ခွင်လျှ[illegible] စောင်းနေကြောင်း သိခဲ့ရပါသည်။

ကျော်နေနိုင်(ကျောက်ထပ်)

www.burmeseclassic.com



# ရန်ငွယ်မောင် (သုံးဆယ်)

## အနိမ့်ဆုံး



"ရေချမ်းရေ .. ရေချမ်း"

အမောတကော ဟစ်အော်ခေါ်သံကြောင့် ငါးပက်နေရာမှ ရေချမ်းမော့ကြည့်လိုက်သည်။ ခေါ်သံနှင့်အတူ မပြေးရုံတမယ်လှမ်းလာနေသည့် သူငယ်ချင်းလှမောင်၊ အနီးရောက်တော့မှ ..

"ရေချမ်း .. မင်း သွေးလှူနိုင်မလား"

ဆိုင်းမဆင့် ဗုံမဆင့်မေးခွန်းကြောင့် ရေချမ်းကြောင်သွားသည်။ တမံပေါ်သို့ ခန္ဓာကို လွှဲတင်လိုက်ပြီး သေချာအောင်မေးရသည်။

"နေပါဦး .. ဘယ်သူဘာဖြစ်လို့ သွေးလှူရမှာလဲ"

"ဒီလိုကွ .. ငါတို့ရပ်ကွက်ထဲက ဦးဘငြိမ်းကြီး အစာအိမ်သွေးကြောပေါက်လို့ ဆေးရုံတင်လိုက်ရတယ်။ အဲဒါ သွေးလိုနေလို့"

ရေချမ်း နားလည်လိုက်ပါပြီ။ တစ်ရပ်ကွက်တည်းအတူနေ ပုဂ္ဂိုလ်ကြီးပဲ။ ဦးဘငြိမ်းကား ပြည့်စုံကြွယ်ဝသူဖြစ်သည်။ ကျယ်ဝန်းသော ခြံဝန်းနှင့် တိုက်ခံအိမ်ကြီးတွင် ခပ်ထည်ထည်နေနိုင်သူဖြစ်၏။ ရပ်ကွက်အတွင်း လူတိုင်းကို စကားဟဟပြောသူမဟုတ်။ ဦးဘငြိမ်းအကြောင်း ရေချမ်းကောင်းကောင်းသိပါသည်။ ခုဖြစ်စဉ်က အသက်တစ်ချောင်းကယ်ရမယ့်ကိစ္စ၊ သွေးလှူရှင်လည်းရှိပုံမပေါ်။ ဇီဝိတဒါနအဖြစ် ကုသိုလ်တစ်ခု၊ သည့်လိုပဲ ရေချမ်းခံယူလိုက်သည်။ သူ သွေးလှူခဲ့ဖူးသည့် ဓဝဒနာရှင်များလည်း မနည်းတော့ပါ။

"သွေးအမျိုးအစားက ဘာတဲ့လဲကွ"

"အေဘီတဲ့ကွာ .. တကယ့်ကိုရှားတဲ့ သွေးအုပ်စုပဲ"

လှမောင်စကားဆုံးသည်နှင့် ရေချမ်းမနေသာတော့ချေ။

"ကဲ .. ဆေးရုံသွားရအောင်"

ဦးဘငြိမ်းရောဂါက အဆိုးကြီးမဟုတ်သော်လည်း အန္တရာယ်ရှိသည့် ဝေဒနာ၊ အရေးတကြီး အသက်လုရမည့်အချိန်ဖြစ်သည်။ ဆေးရုံ လူနာခုတင်ပေါ်ရှိ ဦးဘငြိမ်းခန္ဓာကိုယ်အတွင်းသို့ ရေချမ်းသွေးများ တစိမ့်စိမ့်စီးဆင်းနေချိန် ရေချမ်းနှုတ်မှ ဖွဖွလေး ဆုတောင်းပေးနေမိပေသည်။

"ဦးလေး ဦးဘငြိမ်း ကျန်းမာချမ်းသာပါစေ"

+++

နံနက် ၉ နာရီခွဲ့ ..။

လှမောင်ဆိုက်ကားနှင့်ပင် နှစ်ယောက်အတူ ဆေးရုံသို့ ရေချမ်းလာခဲ့သည်။ ရေချမ်းဘဝက ရေရှိရာရှာပြီး ငါးပက်ငါးဖမ်းအလုပ်နှင့် ရှာစားရသည့်ဘဝဖြစ်သည်။ ရာသီအလိုက် အဆင်ပြေသလို ငါးရှာရသည်။ အတူနေမိခင်အိုကြီးကိုလုပ်ကျွေးနေသူလည်းဖြစ်၏။ ဆင်းရဲနွမ်းပါးသော်လည်း စိတ်ရင်းစေတနာကောင်းသူ လူငယ်တစ်ဦးဖြစ်၍ လူချစ်လူခင်ပေါသည်။ ယခုလည်း ဦးဘငြိမ်း ကျန်းမာရေးအခြေအနေကို သိလိုဇောက အားသန်နေသည်။

"သေမင်းနဲ့စစ်ခင်းနေချိန်မှာ ဥစ္စာပစ္စည်းတွေက မကယ်နိုင်တော့ဘူးလေ။ ဦးဘငြိမ်း သံဝေဂမှုရပါလေစ"

ဆိုက်ကားပေါ်လိုက်ပါရင်း ရေချမ်းတွေးလာမိသည်။ ဆေးရုံရောက်သည်အထိ ဦးဘငြိမ်းအတွက်လည်း မေတ္တာပို့ပေးနေသည်။ ရေချမ်းတို့နှစ်ဦးသား ဦးဘငြိမ်းရှိရာ အထူးခန်းသို့ ဝင်လိုက်သည်။ လူနာခုတင်အနီးတွင် ဦးဘငြိမ်းမိသားစုနှင့်အတူ လူမမာလာမေးသူများ ရှိနေ၏။ အားလုံးပြုံးပြုံးရွှင်ရွှင်စကားပြောနေသည်ကို မြင်ရ၍ ရေချမ်းစိတ်ချမ်းသာသွားသည်။ လူနာကိုယ်တိုင် မျက်နှာလေး လန်းဆန်းနေသည်ကို မြင်ရပြန်သည်။ အားရဝမ်းသာစိတ်နှင့် ဦးဘငြိမ်းအနီးသို့ တိုးကပ်သွားရင်း ..

"ဦးလေး နေကောင်းတယ်နော်"

ရေချမ်းအသံကြောင့် အားလုံးလှည့်ကြည့်ကြသည်။ မည်သူမျှတော့ မခေါ်ကြ။ ဦးဘငြိမ်းမျက်လုံးများ အရောင်တောက်လာသည်။ မကျေမချမ်းပုံစံနှင့် နှုတ်ခမ်းကို မဲ့လိုက်ပြီး ..



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ရေချမ်း ‥ မင်းရဲ့သွေးသွင်းပြီးကာမှ ငါးဖမ်းချင် ငါးပက်ချင်စိတ်တွေ ပေါက်လာတယ်ကွာ။ မင်း ‥ သွားတော့"

ရေချမ်းရင်ထဲ ကျင်ခနဲခံစားလိုက်ရသည်။ ရှက်စိတ်ဖြင့် မျက်လုံးတွေပြာသွားသည်။ လှမောင်ကိုပင် မမြင်တော့ဘဲ ဆေးရုံအပြင်ဘက်ဆီသို့ ‥။

ရဲနွယ်မောင်(သုံးဆယ်)

---

# သုံးထောင့်ညီတြိဂံတစ်ခု၏ ဒဿန

## ဝင်းယုမောင်



ဦးရွှေမောင် နံနက်တိုင်းလမ်းလျှောက်နေကျ။ ဒီနေ့တော့ နှင်းလေးက တဖွဲဖွဲကျနေတော့ လမ်းလျှောက်ရတာ ခါတိုင်းရက်တွေထက် အရသာပိုရှိသလိုပဲ တွေးနေတုန်း လမ်းပေါ်မှာကျနေတဲ့ ဆွဲကြိုးတစ်ကုံးကို တက်နင်းမိလျက်သား။ ဆွဲကြိုးနင်းမိတာက ဦးရွှေမောင်တစ်ယောက်တည်းတော့မဟုတ်ဘူး။ ဦးရွှေမောင် မျက်နှာချင်းဆိုင်က လျှောက်လာတဲ့ အသက်အစိတ်လောက်ရှိမယ့် လူငယ်တစ်ယောက်နဲ့ ပြိုင်တူ နင်းမိကြတာ။

"ကဲ ‥ ဦးလေး ဒီဆွဲကြိုးကို ဦးလေးနဲ့ ကျွန်တော် ပြိုင်တူနင်းမိကြတာဆိုတော့ တစ်ယောက်တစ်ဝက်ပိုင်တာပေါ့နော်"

ဦးရွှေမောင်က ‥

"ဟား ‥ ဟား ‥ ဟား ငါက ရန်ကုန်မှာမွေးပြီး ရန်ကုန်မှာကြီးတဲ့ ရန်ကုန်သားစစ်စစ်ကွ။ ဒါမျိုးတွေက ရိုးနေပြီ။ ပစ္စည်းအတုချပြီး တစ်ပတ်ရိုက်တာ ‥ မင်း တခြားလူကိုသာ လုပ်လို့ရမယ်။ ငါ့လို ရန်ကုန်သားကတော့ ‥ မင်းကို သနားတယ်"

ဒါက ဦးရွှေမောင်ရင်ထဲက ပြောနေတဲ့ စကားပါ။

"ဟာ ‥ ဦးက ကိစ္စမရှိပါဘူး။ မောင်ရင်ပဲ ယူသွားပါ၊ မောင်ရင်နဲ့ ထိုက်လို့ရတယ်လို့ပဲ သဘောထားလိုက် ဟုတ်ပြီလား"

+++

ဆွဲကြိုးကောက်ရတဲ့လူငယ်က ဆွဲကြိုးကို အိတ်ထဲထည့်လိုက်ပြီး ဦးရွှေမောင်ကျောပြင်ကြီးကိုကြည့်ကာ ‥

"ဩော် ‥ လောကမှာ လောဘကြီးတဲ့လူတွေရှိသလို ဒီလို လောဘနည်းပြီး လူငယ်တွေအပေါ်မှာ ညှာတာတတ်တဲ့လူတွေလည်း ရှိပါသေးပါကလား" လို့ ရေရွတ်လိုက်တယ်။

ဒါပေမဲ့ ...


+++

ရွှေဆိုင်မှာ သွားရောင်းပြီး ငွေစက္ကူခုနစ်သိန်းကျော်ကျော်ကိုင်လာတဲ့ လူငယ်က ဦးရွှေမောင်ကို ကျန်းမာချမ်းသာပါစေလို့ မေတ္တာပို့သံကိုသာ ဦးရွှေမောင်ကြားနိုင်မည်ဆိုပါလျှင် ‥။

ဝင်းယုမောင်

www.burmeseclassic.com





မသျှုခင်(သာယာဝတီ)

# သေသူမှ ပြောသောစကား

ဆောင်းဦးကာလ၏ နေ့တစ်နေ့။

သပြုအိုင်ကျေးရွာဥက္ကဋ္ဌအိမ်တွင် ဖြစ်သည်။

"မင်းက မြင့်မောင်နော်"

"ဟုတ်ပါတယ်"

"ကောင်းပြီ .. မင်းနဲ့ခင်မောင်သန်းက အရမ်းခင်တဲ့ သူငယ်ချင်းတွေနော်။ အခင်းမဖြစ်မီ သုံးရက်လောက်က မင်းတို့နှစ်ယောက် စကားများရန်ဖြစ်ကြတယ်လို့ သိရတယ်။ အဲဒါ အမှန်ပဲလား"

"ဟုတ်ပါတယ် .. မှန်ပါတယ်"

"အခင်းဖြစ်တဲ့နေ့က မှောင်ရိုပျိုးစအချိန်မှာ မင်းကိုယ်တိုင် ခင်မောင်သန်းတို့အိမ်လာပြီး ခေါ်သွားတယ်လို့ သိရတယ်။ အဲဒါနဲ့ပတ်သက်လို့ကော ဘာပြောဦးမလဲ"

"ဘာမှပြောစရာမရှိပါဘူး"

"ဒေါ်ဘုတ်ဆုံအိမ်မှာ အရက်တစ်ပိုင်းဝင်သောက်တယ်။ ဗီဒီယိုရုံထဲ အလကားဝင်ကြည့်တယ်။ မပြီးခင် ပြန်လာတယ်။ ရွာထိပ်ဇရပ်မှာထိုင်တယ်။ ပြန်လာတော့ အရက်တစ်ပိုင်းဝယ်ပြီး အိမ်မှာသောက်မယ်ဆိုပြီး မင်းအိမ်ကို သူ့ကိုခေါ်သွားတယ်။ ဟုတ်တယ်နော်။ ပြီးတော့ ဘာတွေဆက်လုပ်ကြသေးလဲ ပြောစမ်းပါဦး"

"ကျွန်တော့်အိမ်မှာရှိတဲ့ ကြက်ဥကြော်နဲ့ အရက်ထပ်သောက်ကြပါတယ်။ ပြီးတော့ သူ့အိမ်ပြန်သွားပါတယ်။ ကျွန်တော်လည်း အိပ်ရာဝင်ခဲ့ပါတယ်။ မနက်လင်းမှ ညက ခင်မောင်သန်း ရေတွင်းပျက်ထဲကျပြီး သေတယ်လို့ အဖေပြောလို့ သိခဲ့ရတာပါ"

"အလောင်းသွားကြည့်သေးလား"

"ခဏပဲကြည့်ပြီး စိတ်မကောင်းလို့ ပြန်ခဲ့ပါတယ်"

"ဘာဖြစ်လို့စိတ်မကောင်းတာလဲ"

"ဒီလိုပါ .. မူးနေတဲ့ သူငယ်ချင်းကို အဲဒီညက ကျွန်တော်ကိုယ်တိုင် လိုက်ပို့ရင် ဒီလို သေချင်မှသေမှာလို့ တွေးပြီး စိတ်မကောင်းတာပါ"

"အေးပေါ့ .. အေးပေါ့ .. ကဲ ရဲဘော် သူ့ကို လက်ထိပ်ခတ်လိုက်ပါ"

"ဟာ .. ကျွန်တော့်မှာ ဘာအပြစ်ရှိလို့လဲ စခန်းမှူးကြီးရယ်။ အရက် ဝယ်တိုက်မိတဲ့ အပြစ်ပဲ ရှိတာပါ။ အဖေ ပြောပါဦး"

မြင့်မောင်က အဖော်လိုက်လာသည့် ဖခင်ကြီးကို အကူအညီတောင်းသည်။

"ဟုတ်ပါတယ် စခန်းမှူးကြီးရယ်၊ တွဲသွားတွဲလာ သွားတာလေး တစ်ခုပဲရှိတာပါ"

သူ့ဘာသာသူ အမူးလွန်ပြီး ရေတွင်းထဲကျပြီး သေရတာပါ။ စဉ်းစားပါဦး စခန်းမှူးကြီးရယ်"

"အမှန်ကို အမှန်အတိုင်းဖြစ်အောင်တော့ ဆုံးဖြတ်ကြပါဗျာ"

"ဟုတ်ကဲ့ပါ ဥက္ကဋ္ဌကြီး။ ကျွန်တော်ရှင်းပြပါ့မယ်။ သေဆုံးသူ ခင်မောင်သန်းဟာ အမူးလွန်နေတာက တစ်ချက်၊ ညအချိန်ဖြစ်နေတာက တစ်ချက်၊ ဒါတွေကြောင့် မူးပြီး ရေတွင်းထဲကျသေတယ်ဆိုတာ ဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ အခုဖြစ်တဲ့ ရေတွင်းပျက်ဟာ လူသွားလမ်းနဲ့ ၅ ကိုက်လောက်ဝေးနေပါတယ်။ ပြီးတော့ ရေထဲကျပြီး ရေမွန်းပြီး သေဆုံးသူဟာ အဆုတ်မှာ ရေရှိရမှာပေါ့။ အခု သေဆုံးသူကို ရင်ခွဲပြီး စစ်ချက်မှာ အဆုတ်မှာ ရေလုံးဝမရှိပါဘူးလို့ ဆရာဝန်ရဲ့ ဆေးစာမှာ မှတ်ချက်ရေးထားပါတယ်။ ဒါဟာ .."

"ဒါဟာ .. ဘာဖြစ်လို့လဲ စခန်းမှူးကြီး"


"ဒါဟာ တစ်နေရာမှာသတ်ပြီး ရေတွင်းထဲ ပစ်ချတဲ့အဓိပ္ပာယ်ပါ။ ဒါကြောင့် အခုဟာက လူသေမှုမဟုတ်ပါဘူး။ လူသတ်မှုပါ"

"ဟာ"

မသျှုခင်(သာယာဝတီ)

www.burmeseclassic.com





မောင်ယဉ်ဦးကျော်

# စုံထောက် ဒိုင်ယာရီ

စုံထောက်တွေ
အလုပ်ရှုပ်နေတဲ့လလို့
ပြောနေတဲ့အထဲက
တော်ဝင်နန်းတော်ထဲမှာ
သမ္မတနဲ့ ချစ်မောင်နှိုခဲ့တဲ့
၁၀ နှစ်ကျော်ပျောက်နေတဲ့
ကောင်မလေး . . .



www.burmeseclassic.com

www.burmeseclassic.com



ပြန်ပေးဆွဲမှုကိစ္စနဲ့
ပတ်သက်ပြီး
အမေရိကန်သမ္မတ
ဘားရတ်အိုဘားမားက
အမေရိကန်ရုပ်သံဌာန
ABC က
မေ ၆ ရက်နေ့က အဲဒီ
သူပုန်တွေကို
နိုင်ငံတကာက
အရေးယူဆောင်ရွက်ကြဖို့
တိုက်တွန်းသွားသလို
ကမ္ဘာပေါ်မှာ
အဆိုးရွားဆုံး
အကြမ်းဖက်မှုအဖြစ်
အိုဘားမားက
ရှုံ့ချလိုက်ကြောင်း…

(၁)

ဒီလဟာ ကမ္ဘာ့စုံထောက်တွေ အလုပ်ရှုပ်တဲ့လလို့ ပြောရမှာပါ။

မလေးရှားလေယာဉ်ပျောက်နေမှု၊ စုံထောက်တွေအလုပ်ရှုပ်နေစဉ် ပြီးခဲ့တဲ့ သီတင်းသုံးပတ်ကျော်က ဘိုကိုဟာရမ်အစ္စလာမစ်တွေက နိုင်ဂျီးရီးယားရဲ့ အရှေ့မြောက်ပိုင်းပြည်နယ်ဖြစ်တဲ့ ဘော်နိုက စာသင်ကျောင်းတစ်ခုကို ဝင်ရောက်စီးနင်းခဲ့ပြီး ကျောင်းသူ ၂၇၆ ဦး ပြန်ပေးဆွဲသွားခြင်းခံရပြီးနောက် မကြာခင်က တစ်ခါ အဲဒီပြန်ပေးဆွဲသွားတဲ့ ကျောင်းသူတွေကို ကျွန်အဖြစ်ရောင်းချသွားမယ်လို့ ဘိုကိုဟာရမ်အစ္စလာမစ်ခေါင်းဆောင် ABUBAKAR SHEKAU က ခြိမ်းခြောက်လိုက်တော့ မိသားစုတွေ ပိုသောကဖြစ်ပြီး ငိုကြတာပေ့ါ။ အဲဒီကိစ္စနဲ့ပတ်သက်ပြီး ဟောလိဝုဒ်မင်းသမီး အိန်ဂျလီနာဂျိုလီက သူ့ရဲ့ဇာတ်ကားသစ်ဖြစ်တဲ့ MALEFICBNT အတွက် ပါရီမှာ သတင်းစာရှင်းလင်းပွဲမှာ ဒါဟာ မစဉ်းစားဝံ့တဲ့ ရက်စက်ကြမ်းကြုတ်မှုဖြစ်တယ်လို့ပြောပြီး ကမ္ဘာမှာ မကောင်းမှုတွေရှိတာ တကယ့်ကို ဝမ်းနည်းစရာပါပဲ။ ရှင်တို့သတင်းတွေကို ကြည့်တဲ့အခါ နိုင်ဂျီးရီးယားကလူတွေ ဘယ်လိုခံစားနေကြတယ်ဆိုတာကို မြင်တွေ့ကြမှာပါ။

သူက မင်းသမီးပေမဲ့ နယ်နယ်ရရမဟုတ်ဘူး။ သာမန်မင်းသမီးမဟုတ်ဘူး။ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရဲ့ အထူးသံတမန်တစ်ဦးလည်းဖြစ်တယ်လေ။ သူက စစ်ပွဲတွေအတွင်းက အမျိုးသမီးတွေ အဓမ္မကျင့်ခံရမှုပပျောက်ရေးအပါအဝင် လူ



www.burmeseclassic.com

www.burmeseclassic.com



သားချင်းစာနာထောက်ထားမှုလုပ်ငန်းတွေကို အင်တိုက်အားတိုက်လုပ်နေတဲ့ အနုပညာရှင်တစ်ဦးလည်းဖြစ်တယ်။

နောက်ဆုံးတော့ ဒီလိုကိစ္စတွေမှာ အားကိုးရမှာက စုံထောက်တွေပါ။ ကူညီကြပါတဲ့။ ပြန်ပေးဆွဲမှုကိစ္စနဲ့ပတ်သက်ပြီး အမေရိကန်သမ္မတ ဘားရတ် အိုဘားမားက အမေရိကန်ရုပ်သံဌာန ABC က မေ ၆ ရက်နေ့က အဲဒီ သူပုန်တွေကို နိုင်ငံတကာက အရေးယူဆောင်ရွက်ကြဖို့ တိုက်တွန်းသွားသလို ကမ္ဘာပေါ်မှာ အဆိုးရွားဆုံးအကြမ်းဖက်အဖြစ် အိုဘားမားက ရှုံ့ချလိုက်ကြောင်းလည်း AFP သတင်းဌာ ဖော်ပြခဲ့တယ်။

ထိုသို့ဖမ်းဆီးသူများသည် ဒုတိယအသုတ်အဖြစ် ပိုဇာမြို့က ၁၂ နှစ်မှ ၁၅ နှစ်ကြား မိန်းကလေးများကို မေ ၄ ရက်နေ့က ထပ်မံဖမ်းသွားကြပြန်ရာ လွန်ခဲ့သည့်သုံးပတ်ကျော်က ဖမ်းသွားသော ၁၆ နှစ်မှ ၁၈ နှစ်ကျောင်းသူ ၂၀၀ အတူထားမထား မသိရဟုလည်း ဆို၏။

မေလ ၆ ရက်နေ့ကလည်း ဝါရှင်တန်ရှိ နိုင်ဂျီးရီးယားသံရုံးရှေ့တွင် ကန့်ကွက်ဆန္ဒပြနေကြတာတွေလည်း ရှိနေခဲ့၏။

(၂)

နောက် စုံထောက်တွေ စိတ်ဝင်စားလာတဲ့ ဖြစ်ရပ်တစ်ခု ရှိသေးတယ်။

အဲဒါက ၁၀ နှစ်လုံးလုံး ဖာတ်မြုပ်ပျောက်ကွယ်နေတဲ့ လီဝင်စကီးက မမျှော်လင့်ဘဲ ၁၉၉၀ ပြည့်လွန်နှစ်တွေက သူနဲ့သမ္မတ ဘီလ်ကလင်တန်နှလုံးသားရေးရာမှော ်ခိုအချစ်ကို VANITY FAIR သတင်းတွင် မတ်လ ၆ ရက်နေ့က ပြန်ဖော်ရေးလိုက်တဲ့ကိစ္စပါပဲ။ ဒီစာဟာ သူတို့အတွင်းရေးနဲ့ပတ်သက်ပြီး ကိုယ်တိုင်ရေးပထမဆုံးဆောင်းပါးပါပဲ။

၁၉၉၈ ခုနှစ် ကမ္ဘာတွင် ဟိုးလေးတကျော်ကျော်ဖြစ်ခဲ့တဲ့ သူ အိမ်ဖြူတော်အလုပ်သင်ဘဝနဲ့ သမ္မတတို့အကြောင်း အတွင်းရေးကို ထုတ်ဖော်ရေးသားပေးပါက ဒေါ်လာ ၁၀ သန်းကျော်ပေးမယ်လို့ သတင်းဆောင်းပါးကိုဈေးပေးခဲ့တာကို ငြင်းပယ်ခဲ့တဲ့ လီဝင်စကီးက ခုမှ ဘာစိတ်ကူးရလို့လည်း။ ဒါမှမဟုတ် ဘယ်သူက သူ့ကို ငွေမက်မောလောက်အောင်ပေးပြီး ရေးခိုင်းလည်းပေါ့။ ခုအချိန်က သမ္မတဘီလ်ကလင်တန်ရဲ့ဇနီး ဟီလာရီကလင်တန်က နိုင်ငံရေးလောကထဲ ဝင်လာတဲ့အချိန်လေ။

သူ အသက် ၂၀ အရွယ်က သမ္မတ ဘီလ်ကလင်တန်နဲ့ဖြစ်ခဲ့ ချစ်ခဲ့တာတွေကို ခု အသက် ၄၀ အရွယ်အက်ရှူဆးသဘောအဖြစ် ပြန်ရေးထုတ်ဖော်ပြောတာ သံသယဖြစ်စရာပါ

၂၀၁၆ ခုနှစ်မှာ သူနဲ့တစ်ချိန်က အချစ်မှောင်ခို ကမ္ဘာကျော်ခဲ့တဲ့ သမ္မတဘီလ်ကလင်တန်ရဲ့ဇနီး ဟီလာရီကလင်တန်က သမ္မတရာထူးအတွက် ဝင်ရွေးဖို့ အစီအစဉ်ရှိနေချိန်မှာ ချိန်သားကိုက် သူပြန်ပေါ်လာတာဆိုတော့ စဉ်းစားစရာပေါ့။

သူ့အက်ဆေးထဲမှာ ကလင်တန်က သူ့ကို အခွင့်အရေးယူခဲ့ကြောင်း။ သို့သော်လည်း သူတို့နှစ်ဦးရဲ့ ဆက်ဆံရေးက နှစ်ဦးသဘောတူဖြစ်ခဲ့တာဖြစ်




www.burmeseclassic.com

www.burmeseclassic.com



ကြောင်း။ ဒါပေမဲ့ ကလင်တန်ရဲ့ ကြီးမားတဲ့ရာထူးကိုကာကွယ်ဖို့အတွက် ဓားစာခံဖြစ်ခဲ့ရပုံ၊ သူ ၁၉၉၅ ခုနှစ်ကစပြီး အိမ်ဖြူတော်မှာအလုပ်သင်အဖြစ် ဝင်ခဲ့ပြီး ၁၉၉၈ မှာ အချစ်မှောင်ခိုကိစ္စတွေ ဖြစ်လာရကြောင်း။

သူလဲ့ည်း ဒီပြဿနာတွေကြောင့် အလုပ်ထွက်ခဲ့ပြီး ကျောင်းပြန်တက်ခဲ့ပုံ၊ နိုင်ငံခြားရောက်သွားပြီး နိုင်ငံခြားမှာအလုပ်ရှာတဲ့အခါ သူ့ရဲ့နောက်ကြောင်းအချစ်မှောင်ခိုမှုတွေကြောင့် အလုပ်မခန့်ရဲကြတဲ့အထိ ဖြစ်ခဲ့ရပုံတွေ ရေးပြထားပါတယ်။

ဒါဟာလည်း ... ဇရှ့လျှောက် စုံထောက်တွေအလုပ်ရှုပ်စေမယ့်ဇာတ်လမ်းအစုစ်တစ်ခုပဲ။ ကမ္ဘာလောကသူများနယ်ပယ်မှာ အသံတွေထွက်နေပါလေရဲ့။



ဒိုင်ယာနာက
ဘော့စနီးယားကို
သုံးရက်ကြာ
သွားရောက်ပြီးနောက်
ဗြိတိန်ကို
ပြန်ရောက်လာချိန်
ဘော့စနီးယားခရီးစဉ်အတွင်း
မြေမြှုပ်မိုင်းရှင်းလင်းရေးနဲ့
မြေမြှုပ်မိုင်းဒဏ်ခံလိုက်ရတဲ့
ပြည်သူတွေအရေးကို
ဆောင်ရွက်ခဲ့သည့်
လက်တွေ့အတွေ့အကြုံတွေကို
ဒီလစ်ချီသစ်ထံ
ရေးခဲ့တာဖြစ်ပြီး
...

(၃)

ကမ္ဘာမှာ စာဟာ ရွှေလိုပဲ အဖိုးတန်ပစ္စည်းဖြစ်ကြောင်း တရားရုံးတွေမှာ အဖိုးတန်သက်သေခံပစ္စည်းအဖြစ် အရေးကြီးကြောင်းကို မီးမောင်းထိုးပြတဲ့ သတင်းတစ်ပုဒ် EXPRESS – ၄ – ၂၀၁၄ ထဲမှာ ဖတ်လိုက်ရတဲ့ ဒိုင်ယာနာနောက်ဆုံးရေးခဲ့တဲ့ စာတစ်စောင်ကို အမေရိကန်ဒေါ်လာ ၅၀၀၀ နဲ့ လေလံအောင်သွားတဲ့ ဖြစ်ရပ်ပါ။

၁၉၉၇ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့က ပြင်သစ်နိုင်ငံ ပါရီမြို့မှာ ကားအက်ဆီးဒင့်ဖြစ်ပြီး သေဆုံးခဲ့ရတဲ့ ဗြိတိန်တော်ဝင်မင်းသမီးဒိုင်ယာနာကိစ္စမှာ စုံထောက်တွေ အလုပ်ရှုပ်ခဲ့ရသလို ခုလည်း ဒိုင်ယာနာရေးခဲ့တာ



www.burmeseclassic.com

**ပထမဆုံးမွေးတဲ့ ကလေးဟာ မိန်းကလေး ဖြစ်လာရင် လက်မ ထောင်ပေးတော့တဲ့။ ဘာကြောင့်လဲဆိုတော့ ...**

ပါဆိုတဲ့စာဟာ အစစ်ဟုတ်,မဟုတ် စုံထောက်တွေ အလုပ်ရှုပ်နေပြန်ပြီပေါ့။

ဒီစာက ၁၉၉၇ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်နေ့ ဒိုင်ယာနာမသေဆုံးခင် နောက်ဆုံးရေးသားခဲ့တဲ့စာတဲ့။ လူ့အခွင့်အရေးလှုပ်ရှားဆောင်ရွက်သူ ဒီလစ်ချီသစ်ဆီကို မင်းသမီးက ရေးခဲ့တဲ့စာတဲ့။ ဒိုင်ယာနာက ဘော့စနီးယားကို သုံးရက်ကြာသွားရောက်ပြီးနောက် ဗြိတိန်ကို ပြန်ရောက်လာချိန် ဘော့စနီးယားခရီးစဉ်အတွင်း မြေမြှုပ်မိုင်းရှင်းလင်းရေးနဲ့ မြေမြှုပ်မိုင်းဒဏ်ခံလိုက်ရတဲ့ ပြည်သူတွေအရေးကို ဆောင်ရွက်ခဲ့သည့်လက်တွေ့အတွေ့အကြုံတွေကို ဒီလစ်ချီသစ်ထံရေးခဲ့တာဖြစ်ပြီး အဲဒီစာကို ဒီလစ်ချီသစ်က ၁၉၉၉ ခုနှစ်က မြေမြှုပ်မိုင်းဒဏ်သင့်သူတွေအတွက် ရန်ပုံငွေဆိုပြီး လေလံတင်ရောင်းချခဲ့ဖူးကြောင်း။ အဲဒီတုန်းက နာမည်ကြီး ခေတ်ပုံပညာရှင် ဂျေဆင်ဖရေဇာက ဝယ်ယူသွားခဲ့ကြောင်း။ သို့သော် ဘယ်လောက်ဆိုတာ မပါခဲ့ကြောင်း။ သူက ၂၀၀၇ ခုနှစ်က မင်းသမီး ဒိုင်ယာနာ ကွယ်လွန်ခြင်း ၁၀ နှစ်ပြည့်အဖြစ် အမှတ်တရ ဝယ်ယူသူတစ်ဦးကို ပြန်ရောင်းလိုက်ကြောင်း။ အဲဒီတုန်းကလည်း ဈေးမဖော်ပြထားကြောင်း၊ ဒီတစ်ခါတော့ ဘာမင်တန်မြို့မှာရှိတဲ့ FELLOW လေလံတင်အရောင်းဌာနက အဲဒီစာကို လေလံတင်လိုက်တာ ပေါင် ၃၀၀၀ နဲ့ လေလံအောင်သွားပေမဲ့ ဘယ်သူဝယ်တယ်ဆိုတာ လုံးဝမပေးလို့မရလို့လည်း စိတ်ဝင်စားစရာဖြစ်နေပြန်ရောတဲ့။

(စာက နန်းတော်သုံးတံဆိပ်ပါ ဆင်စွယ်ရောင်စာရေးစက္ကူနဲ့ ရေးထားတာတဲ့)

(၄)

မြန်မာတွေပြောနေကြတဲ့ သမီးဦး အထူးထင်ရှားထူးချွန်မယ်ဆိုတဲ့စကားမှားတယ် မှန်တယ်လို့ အငြင်းပွားနေကြတဲ့ စကားစစ်ထိုးပွဲအတွက် မကြာခင်က ဗြိတိန်အက်ဆက်တက္ကသိုလ် လူမှုစီးပွားသုတေသနဌာနကြီးက မစ္စဖီဖီဘူးဆိုတဲ့ အမျိုးသမီးကြီးက သူ့ရဲ့ လေ့လာချက်တွေကို ခုလိုတင်ပြလိုက်ပါသတဲ့။

ကလေးချစ်ပြီး ကလေးလိုချင်လွန်းလို့ ကြိုးစားကြတဲ့ ဇနီးမောင်နှံတွေထဲမှာ ပထမဆုံးမွေးတဲ့ကလေးဟာ မိန်းကလေးဖြစ်လာရင် လက်မထောင်ပေးတော့တဲ့။ ဘာကြောင့်လဲဆိုတော့ သားဦးမိန်းကလေးတွေဟာ အောင်မြင်ကျော်ကြားသူတွေများပြီး အဲ့ဒီထဲက လူသိများတဲ့ ထူးခြားသူ အမျိုးသမီး ၆ ယောက်ကို သက်သေအဖြစ်ပြလိုက်တဲ့အထဲမှာ ..

(၁) ဂျာမနီအဓိပတိ ဒေါက်တာ အင်ဂျီလာမာဆဲလ်

(၂) အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဟောင်း ဟီလာရီကလင်တန်

(၃) ကမ္ဘာ့ငွေကြေးရန်ပုံငွေအဖွဲ့ ဥက္ကဋ္ဌ မစ္စခရစ္စတင်းလာဂါဒေး

(၄) မစ္စအော်ပါရာဝင်းဖရေး

(နာမည်ကြီးအစီအစဉ်တင်ဆက်သူ)

(၅) မစ္စရှာရယ်လ်ဆန်းဘတ်

(၆) မစ္စဂျေကေရော်လင်း

(နာမည်ကြီးစာရေးဆရာ)

(၇) အဆိုတော် ဘီယွန်စေး

အဲဒီလို သားဦးအမျိုးသမီးတွေ အောင်မြင်ထူးချွန်ကျော်ကြားကြတာ မိဘတွေရဲ့ ထူးချွန်ဖြူစင်တဲ့ မေတ္တာ ခွန်အား ပထမဆုံးဖြူစင်အားဖြည့်တဲ့ မိခင်နို့ရည်တွေက တွန်းအားပေးတာဖြစ်ကြောင်းလည်း ဖော်ပြထားပါတယ်။ ဘာပဲဖြစ်ဖြစ်ပေါ့အချစ်ရယ် .. သားဦးမှာ မိန်းကလေးမွေးထားကြ လိုချင်ကြတဲ့လူတွေအတွက် ဒါဟာ တွေးစရာအားဆေး သားသမီးတွေကိုမြေတောင်မြှောက်ပေးစရာတွန်းအားလို့ပဲ ဖြေရမှာပေါ့။

**ကဲ .. ဒီလတော့ ဒီမျှနဲ့နားဦးမယ်။ စုံထောက်ဖတ်သူများ ဘဝ သုတပြည့်စုံကြပါစေ။**

မောင်ယဉ်ကျော်

www.burmeseclassic.com





# ကျားစင်

## အန္တရာယ်လက်တစ်ကမ်း



www.burmeseclassic.com

www.burmeseclassic.com



မွေးနီရွာကလေးမှ လှမ်းမျှော်ကြည့်လျှင် တောင်နှင့်မြောက်တန်းနေသည့် ပဲခူးရိုးမတောင်တန်းကြီးကို မှိုင်းမှိုင်းညို့ညို့လှမ်းမြင်တွေ့နေရသည်။

ဝါးချောင်းအမည်ရှိ တောင်ကျရေတို့ စီးဆင်းသည့် ချောင်းရိုးအတိုင်း သဲပြင်ထက် လမ်းလျှောက်ခဲ့ကြရင်းက ၁၀ မိုင်ခန့်အရောက် ဘယ်ဘက်ကိုဖဲ့ထွက်ကာ သွားလိုက်လျှင် ၁ ဖာလုံခန့်အတွင်း ထိုရွာကလေးဆီသို့ ရောက်ရှိနိုင်သည်။

မိုးကာလ ရိုးမကြီးအတွင်းသို့ ရွာချလိုက်သော မိုးရေများစုပေါင်းကာ အထက်မှအောက်ကို စီးဆင်းသော ဝါးချောင်း ဟုအမည်တွင်သည့် ထိုတောင်ကျရေတို့စီးဆင်းချောင်းကြီးသည် ယခုလို တပေါင်းတန်ခူး နွေကာလအချိန်တွင် စီးဆင်းရန် မိုးရေတို့မရှိတော့သဖြင့် ချောင်းကောကြီးအဖြစ်တည်ရှိကာ ထိုချောင်းရိုးတလျှောက် သဲသောင်ပြင်ကြီးသာ ကျန်ရှိနေသည့်အတွက် ရိုးမကြီးအတွင်းမှ လှိုည်းကျူး(ဖောင်ကြီးတာဆုံ)ရောက်သည့်တိုင် မြွေကြီးတစ်ကောင် ခွေခေါက်တွန့်လိမ် အိပ်စက်နေသည့်အလား အထင်အရှား တွေ့မြင်နေရသည်။ ထိုချောင်းရိုးကမ်းစပ်များတွင် ကျော၊ လျှို၊ ချောက်ကမ်းပါး၊ ခင်တန်းများ ရွာသိမ်ရွာငယ်လို့ ရှိနေကြသည့်အထဲမှ ရွာကလေးတစ်ရွာပင်ဖြစ်သည်။

(မှတ်ချက် – ယခုအခါ ထိုတောင်ကျချောင်းရိုးအတိုင်းရှိနေသည့် ရွာတန်းရှည်ကလေးများကို ဖျက်သိမ်းကာ ဘားလားကျေးရွာသို့ ပြောင်းရွှေ့နေထိုင်စေပြီး လှည်းကူးရေလှောင်တမံကြီးကို နိုင်ငံတော်က တည်ဆောက်ထားသည့်နေရာဖြစ်ပေသည်)

ထိုကျေးရွာကလေးများအတွင်း နေထိုင်ကြသည့် ကျေးရွာသူကျေးရွာသားများမှာ ရိုးမကြီးအတွင်းထွက်ရှိသည့် သယံဇာတပစ္စည်းများကို ရှာဖွေလုပ်ကိုင်ကာ မိသားစုဘဝရပ်တည်နေကြသလို အမဲသားကောင်များကို ရှာဖွေကာ ဘဝရပ်တည်နေကြရသည့် မုဆိုးများလည်း နေထိုင်ကြသည့်နေရာများပင်ဖြစ်ပေသည်။

ထိုကျေးရွာတွင် ကျွန်တော်၏ လက်ရင်းတပည့်ပုရွက်ဆိတ်နှင့်ခါချဉ်မ ဆိုသည့် ဇနီးမောင်နှံရှိသလို ခင်ပွန်းဖြစ်သူ ပုရွက်ဆိတ်က ထောင်ချောက် အမျိုးမျိုးဆင်ကာ သားကောင်များ ဖမ်းဆီးအမဲလိုက်ခြင်းလုပ်ငန်းကိုလည်း လုပ်ပြီး ဇနီးဖြစ်သူ ခါချဉ်မက မှိုရှာ မျှစ်ချိုး၊ ဟင်းသီးဟင်းရွက်ခူးကာ ရောင်းချရင်း တစ်ဖက်တစ်လမ်းက ဝင်ငွေကို ရှာဖွေရင်း မိသားစုဘဝ ရပ် တည်နေကြသူများ ဖြစ်ပေသည်။

အထူးသဖြင့် ထိုကျေးရွာသည် ရိုးမကြီးအတွင်းပိုင်းကျကျနေရာတွင် တည်ရှိသည့်အတွက် အိမ်ထောင်ဦးစီး လုပ်သူတို့က သစ်၊ ဝါး၊ ထင်း၊ မီးသွေး ဖုတ်၊ လွှတိုက်သစ်ခွဲ၊ ကြိမ်ခုတ် စသည့် လုပ်ငန်းများကို လုပ်ကိုင်ကြသလို ဇနီး မယားနှင့် သားသမီးတို့က မှိုရှာ၊ မျှစ် ချိုး၊ သပြေရွက်ခူး၊ ကြိမ်ခုတ်၊ တောင်ထန်း လက်မဲ၊ ဓနိ၊ စလူ၊ စက်ကယ် ငါးရှာ ဖားရှာလုပ်ငန်းတို့ဖြင့် ကြုံရာကျပန်း လုပ်ကိုင်ကြသည်။ တောနက်ရာလည်း ဖြစ်သော သားကောင်ပေါများရာလည်း ဖြစ်သည့်အတွက် အိမ်သူမိန်းမများ တောတွင်းဝင်ကြသည့်အခါ အန္တရာယ် နှင့် ကြုံတွေ့ရပါက ခုခံကာကွယ်နိုင် ရန်အတွက် ဓား၊ လှံ၊ လက်နက်များ ကို ကိုင်ဆောင်သွားကြပြီး အန္တရာယ် နှင့် ကြုံတွေ့ပါက တစ်ဦးနှင့်တစ်ဦး အသက်ပေးကာကွယ်ကြရန် က



www.burmeseclassic.com

www.burmeseclassic.com



ကဝတ်ပြုကြကာအုပ်စုနှင့် တောထဲသို့ ဝင်ကြခြင်းဖြစ်သည်။ ထိုမိန်းမများ ဟင်းစာရှာ တောတိုးကြသည့် မိန်းမ အုပ်စုထဲတွင် ခေါင်းဆောင်ဖြစ်သူက ခါချဉ်မ ဖြစ်သည်။ ခင်ပွန်းဖြစ်သူ ပုရွက်ဆိတ်က မုဆိုးတစ်ဦးဖြစ်သည့် အတွက် ဖက်ရဲလက်ရဲမို့ သူမကို ထို အဖွဲ့ခေါင်းဆောင်အဖြစ် တင်ထားကြ ဟန်ထင့်။

ယခုလည်း သူတို့အုပ်စု တောထဲ မှိုရှာထွက်ဖို့ ပြင်ဆင်နေကြခြင်းဖြစ် ပေသည်။ သို့သော် အိမ်ကိုပြန်ပြီး ပစ္စည်းများကို ယူငင်နေကြသည့် အမျိုး သမီးများကို စောင့်ကာ ရှမ်းဖက်လိပ် ကို ဖွာရှိုက်နေသည့် ခင်မြကြွယ်က–

'ခါချဉ်မ ‥ငါ ‥ဒီနေ့ မှတ် ပြောင်းယူလာခဲ့တယ်ဟဲ့"

"ဟုတ်လား၊ ကောင်းပါတယ် အေ ‥ဒါနဲ့ ညည်းက ပြောင်းကို ကောင်းကောင်းမှတ်တတ်လို့လားဟဲ့"

"အေး ‥ငါ့ယောက်ျားသင်ပေး လို့ မှတ်တတ်နေပါပြီ"

"အလိုတော် ညည်းယောက်ျား က ပြောင်းမှတ်နည်း သင်ပေးတယ် ဟုတ်လား"

ခါချဉ်မက ခင်မြကြွယ်ကို လှမ်း မေးလိုက်ရင်း မျက်နှာက စပ်ဖြဲဖြဲလုပ် နေသည်ကို မြင်လိုက်ရသော ခင်မြ ကြွယ်က ‥

"နေပါဦး ‥ညည်းက ဘာပြုံး တာလဲ။ တောင်မနော် ‥ကောင်မ ငါ မပြောလိုက်ချင်ဘူး"

ထိုသို့ ပြောနေစဉ် ခါချဉ်မက ‥

"ညည်းအတွေးမလွဲပါနဲ့ဟယ်၊ ပြောင်းမှတ်မယ်ဆိုတော့ ဘယ်လို ပြောင်းမျိုးကို မှတ်မယ်ဆိုတာ သိချင် လို့ပါ"

"ပြောင်းပဲဟယ် ‥ဘယ်လို ပြောင်းကိုမှတ်ရမှာလဲ။ ဝါးပြောင်းကိုပဲ ပေါ့ဟဲ့"

"ဒီလိုဟယ် ‥ညည်းယောက်ျား က ပြောင်းမှတ်တာပဲ သင်ပေးထား တော့ ညည်းက မှတ်တာလောက်ပဲ သိတာကိုးအေ့၊ ကျုပ်က မုဆိုးမယား ဆိုတော့ သိတယ်လေ။ ဒါကြောင့် ညည်းမှတ်တဲ့ ပြောင်းအရှည် ဘယ် နှတောင်ရှိလဲလို့ မေးတာပါ"

ခါချဉ်မပြောသည့်စကားကြောင့် ခင်မြကြွယ်က အံတနင့်ငယ်စဉ်းစားလိုက် ပြီး ‥

"ဝါးရုံတောကြားမှာ အရိပ်ခိုနား နေတဲ့ချိုးကိုတော့ မှတ်လို့ကျတယ်အေ့။ ကျုပ်အထင် ပြောင်းတံက ကျုပ်တစ် ရပ်ထက် နည်းနည်းပိုရှည်မယ်။ ဟိုမှာ ကြည့်ပါလား"

ခင်မြကြွယ်က တဲ၏ တံစက်မိတ် ပေါ်တင်ထားသည့် ပြောင်းတံကို ယူပြ လိုက်သည်။ သူမက ကြည့်လိုက်ရင်း–

"ဟိုကောင်မတွေ မလာသေးခင် နင့်ကို ဗဟုသုတအဖြစ် မှတ်ပြောင်း အကြောင်းကို သိထားဖို့ ပြောပြမယ်။ နားထောင် ‥ကိုယ်စီးတဲ့မြင်းကိုတောင် အထီးမှန်း အမမှန်းမသိဘူးဆိုရင် လူ ကြားလို့မှ မကောင်းဘူး"

"ခုနင်ယူလာတဲ့မှတ်ပြောင်းအရှည် က ၇ တောင်အရှည်ရှိတယ်။ ပြောင်း တံကိုစပြီးမှတ်တဲ့သူဟာ ၇ တောင်ရှိ တဲ့ ပြောင်းတံကစပြီး အမှတ်ကျင့်ရ တယ်။ အဲဒီ ခုနစ်တောင်ကို ကျွမ်းကျင် စွာ မှတ်နိုင်တော့မှ နောက်တစ်ဆင့် ၈ တောင်ကိုတိုးပြီးမှတ်တယ်။ နောက် ဆုံးအဆင့်က ၁၃ တောင်အဆင့်ကို မှတ်နိုင်တဲ့ ပြောင်းသမားအဆင့်က ဆရာကြီးဖြစ်သွားတဲ့ အဆင့်ပေါ့ ဟယ်"

ဒါကြောင့် ပြောင်းမှတ်သမားကိုင် ထားတဲ့ ပြောင်းတံအရှည်ကို တတ် ကျွမ်းနားလည်သူတွေက ကြည့်လိုက်ရုံ နဲ့ ဘယ်အဆင့်ဆိုတာ သိတယ်လေ။ အဲဒါကြောင့် ငါမေးတာပါ၊ မှတ်ထား နော်"

သူတို့နှစ်ဦး ထိုကဲ့သို့ ပြောနေကြ စဉ် မှိုနှုတ်ရန် အတူသွားကြမည့်အဖော် မိန်းကလေး ၅ ဦး လိုအပ်သည့်ပစ္စည်း ကိုယ်စီကိုင်ဆောင်လျက် စုရုံးရောက်ရှိ လာခဲ့ကြပေသည်။

ခါချဉ်မဦးဆောင်လျက် ခင်မြ ကြွယ်၊ ကုလားမ၊ တရုတ်မ၊ ပဲပင် ပေါက်၊ မော်မော်နှင့် အေးမူတို့ ၇ ဦး သည် တောင်းများကိုရွက်၊ လွယ်အိတ် ကိုယ်စီလွယ်ကာ ဓား၊ လှံ၊ တုတ်နှင့် မှတ်ပြောင်းတို့ကိုယ်စီယူလျက် ရွာ လမ်းမကို ကျော်ကာ ရွာဘက်သို့ လျှောက်လှမ်းခဲ့ကြပေသည်။

ရွာထိပ်ခင်တန်းမှ ချောင်းကူး တံတားကိုကျော်ကာလှည်းလမ်းကြောင်း မှတစ်ဆင့် ရိုးမကြီးအတွင်း တောထု ရာဘက်ဆီသို့ အချင်းချင်းနောက် ပြောင်ကျီစယ်ရင်း သီချင်းသံတညံညံ ဖြင့် မှိုထွက်မည့်နေရာဆီသို့ သွားနေ ကြရင်းက မော်မော်ဆိုသည့် အငယ်မ က ‥



www.burmeseclassic.com

www.burmeseclassic.com



"ပဲပင်ပေါက်ရေ ..ပြီးခဲ့တဲ့ တမြန်နေ့က ဝါ့ဆီကို ကိုစိန်လှိုင်ကြီး လာသွားတယ်ဟ"

"ဟုတ်လား ..ဘာပြောသွားသေးလဲ ..၊ ဘာကိစ္စလဲ"

'သူ့မိတ်ဆွေ ရန်ကုန်အဖွဲ့ မုဆိုးတွေလာမယ်ဆိုပဲ။ အဲဒီအခါ ဧည့်ခံဖို့ ချေမှုံရရင် သူ့ကိုရောင်းပါဆိုပြီး မှာသွားတယ်ဟ"

သူတို့နှစ်ဦးပြောနေစဉ် အေးမူကလည်း ..

"အဲဒီ ကိုစိန်လှိုင်ကြီး ဝါ့ဆီလည်း လာသွားတယ်။ ချေမှုံရရင်သူ့ကိုရောင်းပါတဲ့။ ပေါက်ဈေးထက် ပိုပေးပါမယ်လို့လည်း ပြောသွားတယ်"

"ဘယ်လို လုပ်ကျွေးမှာမို့ ဒီလောက်လိုက်ပြီး မှာနေရတာလဲဟယ် နော်"

"အဲဒါတော့ မသိဘူးအေ ..သူတို့ပြောတဲ့ ချေမှုံဆိုတာကိုပဲ ရအောင် ရှာပါဦး"

အမှန်တော့ သူတို့အဖွဲ့ မှိုရှာသွားနေခြင်းသည် မှတ်သားထားသည့် မှိုကျင်းမဟုတ်သည့်အတွက် သစ်တောထူထပ်ရာဘက်ဆီသို့ရောက်ပါမှ အလျဉ်းသင့်သလို ဝန်းကျင်တွင် လူစုခွဲ၍ဖြစ်စေ၊ နှစ်ဖွဲ့ခွဲ၍ဖြစ်စေ အရေးကြုံပါက တစ်ဦးနှင့်တစ်ဦး အကူအညီပေးနိုင်ရန် တစ်ခေါ်စာအလှမ်းဝေးသည့် နေရာကို အုပ်စုခွဲကာ တောတိုးရှာဖွေကြရမည့်အနေအထားဖြစ်ပေသည်။

တကယ်တော့ တောထဲတွင်နေထိုင်ကြသည့်လူများတွင် မှိုနှင့်ပတ်သက်ပြီး (ထိပ်တန်းလျှို့ဝှက်ချက်) ရှိကြသည်။ ယခု ရိုးမကြီးအတွင်း တောအနှံ့တိုးကာ လုပ်ကိုင်ရှာဖွေစားသောက်နေကြသူများအဖို့ တောတိုးကြရင်းမှ မှိုကျင်းများကို ရှာဖွေတွေ့ရှိကြသူများချည်းဖြစ်သည်။ ထိုသို့ ကိုယ်တွေ့ မှတ်သားထားကြသော မှိုကျင်းများကို မည်သူကိုမှမပြောဘဲ မိမိဘာသာမိမိ မှတ်သားထားကာ သိုဝှက်ထားလေ့ရှိကြသည်။ မှိုဆိုသည်က မိမိမှတ်သားထားသည့် အချိန် ၁ နှစ်တင်းတင်းပြည့်သည့်နေ့တွင် ထပ်မံထွက်သည်ကို တောသူတောင်သားတို့က သိထားကြသည့်အတွက် အချိန်စေ့လျှင် ထိုမှတ်သားထားသည့် မှိုကျင်းကို အဖော်မခေါ်ဘဲ လာရောက်တူးဖော်ယူလေ့ရှိကြသည်။ ပြန်ရောင်းလျှင်လည်း ဈေးကောင်းရတတ်ကြသည်။ အခြားသူများကို ပြလိုက်မိပါက ကိုယ်မှတ်သားထားသည့်မှိုကို သူများဝင်ရောက်တူးယူသွားကြမည်ဖြစ်သည့်အတွက်ကြောင့် ဖြစ်ပေသည်။

အမှန်တော့ ရိုးမကြီးအတွင်းမှ ထွက်ရှိသော အဖိုးတန်သယံဇာတပစ္စည်းတွေထဲတွင် ယခု သူတို့အဖွဲ့ သွားရောက်ရှာဖွေမည့် မှိုဆိုသောအရာလည်းပါသည်။ သို့သော် အမျိုးအစားချင်းတော့မတူကြ။ မိုးကာလအဦးဆုံးအပိုင်းတွင် တောင်ပို့မှို၊ ငှက်စို့မှိုတို့ထွက်သည့် မိုးလယ်ပိုင်းကာလတွင် မှိုအုန်းနက်၊ ဝါးရုံမှို၊ ဆန်ကွဲမှို၊ မှိုအဂ္ဂ၊ မှိုဥ၊ နွားချေးမှိုများ ထွက်ကြသလို အခြားသော စားလို့မကောင်းသည့်အရောင်အဆင်းမျိုးစုံသည့်အရွယ်အစားမျိုးစုံရှိသည့်မှိုတို့ထွက်သည့် ပုံသဏ္ဌာန်ကလည်း အမျိုးမျိုးဖြစ်ကြသည်။

ရိုးမကြီးအတွင်းထွက်သော မှိုတို့သည် သစ်တောထူထပ်ရာလည်းဖြစ် အောက်ခြေရှင်းလင်းသည့် မြေသားထက်တွင် သဘာဝအရပေါက်ကြသည်။ မြက်ထူရာနှင့် ကျောက်သားဆန်သောမြေနှင့် ကျောက်တောင်တို့တွင် မပေါက်။ သို့အတွက် မတို့အုပ်စုသစ်တောထူထပ်ရာအတွင်းပိုင်းဆီသို့ ဦးတည်ကာသွားပြီး ရှာဖွေကြရမည်ဖြစ်ပေသည်။ တောတွင်းဆီသို့ ရောက်ပြန်တော့လည်း ဝန်းကျင်အနှံ့ မြေသားပြင်အကဲ ဂရုတစိုက်ရှာဖွေကြရပြန်သေးသည်။ သူတို့အုပ်စုရှာဖွေမည့် ချေမှုံဆိုသည်က အရောင်အဆင်းက နီညိုရောင်၊ ငှက်စို့မှို၊ တောင်ပို့မှိုများကဲ့သို့ နေရာအနှံ့လည်း မပေါက်ကြ။ သစ်တောကြီးကြီးတို့ အရိပ်အောက် မြေပြောင်ပြောင်တွင်သာ ပေါက်ကြသည်။ မှိုသားက မာကျောပြီး(အသားကိုစားရသလို) စေးစေးပိုင်ပိုင်ရှိသည်။ ရှားပါးပြီး လူကြိုက်များသလို တန်ဖိုးလည်းကြီးသည်။

အရောင်အဆင်းက နီညိုရောင်ဆိုသော်လည်း အချို့သောနေရာတို့တွင် (အနီ၊ အဝါ၊ အညို) စသည်ဖြင့် အရောင်ကွဲပြီး တွေ့ကြရသော်လည်း အရသာမှာ အတူတူပင် ဖြစ်သည်။ မှိုပွင့်က မကြီးမငယ် ခပ်လတ်လတ်အရွယ်ဖြစ်သည်။ ချေသတ္တဝါ၏အရောင်အဆင်းနှင့်တူသည့်အတွက် ချေမှုံဟုခေါ်ကြခြင်းဖြစ်ပေသည်။

တဖြည်းဖြည်း မတို့ ၇ ဦး

www.burmeseclassic.com





လျှောက်လှမ်းခဲ့ကြရင်း တောစပ်ဆီသို့ ဝင်ရောက်လာကြသည်။ တောမှာ အမြဲစိမ်းတောမျိုးဖြစ်သည့်အတွက် သစ်ပင်ကြီးငယ်တို့က မျိုးစုံသလို ဝါးရုံတောကြီးများ၊ ချုံနွယ်ပင်ကြီးများအပြင် ပင်မြင့်ကြီးတို့ကို ရစ်ပတ်သွယ်သိုင်းထားသော ပင်စောက်၊ ကံ့ကော်၊ သပွတ်သိမ်၊ ဆူရစ်၊ ဒိုးနွယ်၊ သစ်အယ်ဖြူနီ၊ မဏိသြဂ၊ ဆူးပုတ်ရိုင်း၊ ကင်ပွန်းရိုင်းစသည့်အပင်များနှင့် စိမ်းစိုပြီး အုပ်ဆိုင်းကာ နေပျောက်ပင်မတိုးနိုင်အောင် မည်းမှောင်ပိတ်ဆည်းနေသည်။

ဖြတ်သွားသည့်လမ်းကြောတောင်ကြား လျှိုကြီးများတွင် ကပ်၍ပေါက်နေသော သစ်ပင်ကြီးတို့သည် ခပ်စောင်းစောင်းပေါက်နေသည်။ အတန်လှမ်းခဲ့ကြပြီးသောအခါ တောင်တစ်လုံး၏ ထိပ်ပိုင်းဆီတွင် မြက်ရိုင်းများ ဖုံးလွှမ်းနေပြီး တောင်ကတုံးတစ်ခုဆီသို့ ရောက်ရှိလာခဲ့ကြသည်။ ထိုတောင်ထိပ်သွားရာလမ်းကြောင်းတွင် သစ်ပင်များ ခပ်ကျဲကျဲပေါက်နေသည်ကိုလည်း သတိပြုလိုက်မိကြသည်။ ထိုနေရာမှ တောင်ဆင်းလမ်းအတိုင်း ဆက်လက်ဆင်းခဲ့ကြရာ ညာဘက်ခြမ်း ဆင်ခြေလျှောအဆုံးတွင် ရှေ့တွင် ခပ်ပြေပြေ ခပ်နိမ့်နိမ့် တောင်ကုန်းကလေးတစ်ခုကို လှမ်းမြင်တွေ့လိုက်ကြရသည်။ ထိုနေရာဆီတွင် ကျောက်တုံးကျောက်ခဲများရှိနေပြီး ချုံပုတ်ပင်များနှင့် မြက်ရိုင်းပင်များက ကျောက်တုံးများထက် ဖုံးအုပ်နေကြပြီး ကုန်းထိပ်တွင် မုဆိုးလက်ဆုပ်ပင်ကြီးတစ်ပင်အောက်တွင် မြေပြင်ထက် အရိုးကိုထိုးစိုက်လျက် ဖွင့်ထားသော ထီးနီကြီးတစ်လက်ကို ထူးဆန်းအံ့သြဖွယ် သူမတို့ ၇ ဦး လှမ်းမြင်တွေ့လိုက်ကြရပေသည်။

"ဟာ ဟိုက မုဆိုးလက်ဆုပ်ပင်ကြီးအောက်မှာ ထီးနီကြီးတစ်လက် ဘယ်သူလာပြီး ထောင်ထားတာလည်း ကြည့်လိုက်ကြပါဦး"

ပဲပင်ပေါက်ဆိုသည့် အမျိုးသမီးငယ်က လှမ်းလက်စကို ရပ်တန့်ရင်း လက်ညှိုးထိုးပြလျက်ပြောသည့်အတွက် သူတို့အကြည့်ကလည်း ထိုအပင်ကြီးအောက်တွင် ထူးထူးခြားခြားစိုက်ထူထားသည့် ထီးနီကြီးကို လှမ်းကြည့်လိုက်ရင်း ခါချဉ်မက ..

"အေး.. ဟုတ်တယ်ဟ၊ ရှေ့ကို မတိုးကြနဲ့ဦး။ ဘာမှန်းညာမှန်းမသိ။ အန္တရာယ်နဲ့တိုးနေဦးမယ်။ ယူလာတဲ့လက်နက်တွေကိုတော့ အသင့်ကိုင်ရင်း ဟိုသပွတ်ချုံကြီးအောက်ကို ဝင်နေကြဦး"

**အဲဒီမှိုကို ငန်းမြွေကြီးတွေ အလွန်ကြိုက်ပြီး မှိုပွင့်ရှိရာဆီကို ရောက်လာ တတ်ကြတယ်။ အဲဒီမှိုပွင့်နား ကပ်လာကြတဲ့ တောတွင်းသတ္တဝါဖြစ်စေ၊ လူသားမုဆိုးကိုဖြစ်စေ မှိုပွင့်ကြီးတွေကို အန္တရာယ်ပေးမယ် အထင်နဲ့ တိုက်ခိုက်ရန်လုပ် မောင်းထုတ် တတ်ကြတယ် ...**



www.burmeseclassic.com



သူတို့အထဲတွင် ခါချဉ်မဆိုသည့် မုဆိုး၏ ဇနီးက သပွတ်သိမ်ချုံနွယ် အတွင်းမှ သစ်ရွက်အကြိုအကြားမှ ကိုက်တစ်ရာသာသာရှိ မုဆိုးလက်ဆုပ် ပင်ကြီးအောက် မြေပြောင်ပြောင်တွင် မြေပြင်ထက် ထီးထီးကြီးဖြစ်နေသည့် ဘုန်းတော်ကြီး၏ ထီးကြီးတစ်ချောင်း ကိုဖွင့်ကာ စိုက်ထားသည့်အရာကြီးကို အသေအချာကြည့်လိုက်ရင်း ဖြစ်နိုင် ရှိသည့်အရာကို လိုက်လံတွေးတော စဉ်းစားနေလိုက်သည်။ ယခု သူနှင့် အတူပါလာကြသည့် အမျိုးသမီး ၆ ဦးသည် ရိုးရိုးသာမန်အရပ်သူများသာ ဖြစ်ကြသည်။ သို့အတွက် တောထဲသို့ ဝင်ကာ မှိုရှာ၊ မျှစ်ချိုး၊ ဂုံမင်း၊ တောက်တ၁၊ - ဖလန်တောင်မွှေး၊ ပုတက်စာ၊ ဇရစ်ရိုး၊ သပြေချိုးလုပ်ခဲ့ ဖူးကြပေမဲ့ ယခုလို တောကြီးအတွင်း သို့ စွန့်စွန့်စားစား တောတိုးရှာဖွေဖူး ကြသူများမဟုတ်သဖြင့် ထိုအကြောင်း ချင်းရာကို သိကြမည်မဟုတ်၊ မိမိက မုဆိုးတစ်ဦး၏ ဇနီးမယားစာစ်ဦးဖြစ် သည့်အတွက် လင်တော်မောင် ပုရွက် ဆိတ်နှင့်အတူ သားကောင်လိုက်လံ ပစ်ခတ်ခြင်း၊ ထောင်ခြောက်အမျိုးမျိုး ဆင်ကာ ဖမ်းဆီးခြင်းလုပ်ငန်းတွေကို လုပ်ကိုင်ခဲ့ဖူးသူဖြစ်သဖြင့် တောအတွေ့ အကြုံကို အနည်းငယ် သူတို့ထက်ပိုပြီး သိရှိထားသူဖြစ်သည့်အတွက် သူတို့နှင့် တိုင်ပင်ညှိနှိုင်းနေလို့လည်းအကြောင်း ထူးမည်မဟုတ်သဖြင့် ဓမေးမြန်းမနေ တော့။ သို့အတွက် လေသံနှင့် ..

''ငြိမ်ငြိမ်လေးနေကြနော်။ အသေအချာကြည့်ကြစမ်း .. ဘာဖြစ်နိုင်သလဲလို့ဆိုတာကို''

သူမပြောလိုက်သည့်အတွက် အတန်လှမ်းရာတွင် တွေ့နေရသည့် ထီးနီကြီးကို ဝိုင်းဝန်းကြည့်ရှုကြရင်း ကိုယ့်အတွေးနှင့်ကိုယ် အဖြေကို ရှာကြံတွေးဆနေလိုက်ကြသလို သူမကိုယ် တိုင်ကလည်း အမြန်ဆုံးနီးစပ်သည့် အဖြေကို ရှာဖွေစဉ်းစားနေလိုက်သည်။ ထိုအချိန် ..

''ဝပ်ထရိန်း .. ဝပ်ထရိန်း''

သူတို့ပုန်းအောင်းနေသည့် သပွတ်သိမ်ပင်ကြီးထက်ဆီမှ သပွတ် သိမ်သီးမှည့်များကို စားသောက်နေကြ သည့် ငှက်ငနွားတို့က နွားသိုးကြီးများ တွန်သံမျိုးဖြင့် တွန်ကျူးလိုက်သံက ဘာမှန်းမသိသောအရာကို အဖြေရှာ နေကြသည့်သူတို့အား ထိတ်လန့်စိုးရွံ့ အောင် ခြောက်လှန့်လိုက်သလိုပင်။ သို့အတွက် ကြက်သီးများ တဖြန်းဖြန်း ထသွားကြသည်ထိပင် ဖြစ်သွားကြပေ သည်။ ထိုစဉ် မော်မော်ဆိုသည့် ကလေးမက ..

''ငါ့အထင်တော့ ထီးတစ်လက် စိုက်ထောင်ထားတာတော့မဖြစ်နိုင်ဘူး''

သူမ ပြောလိုက်သည့်စကား ကြောင့် တရုတ်မဆိုသူက ..

''ဘာကြောင့်လဲပြောပါဦး မိမော် ရဲ့''

''ဘုန်းတော်ကြီးစောင်းတဲ့ထီးနဲ့ တူပေမဲ့ ထီးရွက်က လက်လေးလုံး လောက် ထူတယ်။ လက်ကိုင်ရိုးက လည်း အိမ်မှာစိုက်ထားတဲ့ သဘော်ပင်အလုံးလောက်ရှိတယ်။ ထီးရိုက်ရဲ့ အောက်ခံသားက အဖြူတော့။ နောက်ပြီး မြေပြင်ထက်မှာ ပုဂံပြားတစ်ချပ် စာလောက်ရှိတဲ့ အဲဒီထီးမျိုးတစ်လက်။ သူကတော့ အဖြူရောင်လေ။ မင့်ေ ကြဘူးလား''

မော်မော်လေသံနှင့်ပြောသည့် စကားကို အားလုံးကြားလိုက်ရသည်။ ခါချဉ်မတစ်ယောက် ထိုစကားကြောင့် ခေါင်းထဲ အသိတစ်ခုက လင်းလက် လာသည်။ ရွာမှ အဘဆရာကြီး ဦး ညိုမှိုင်းပြောလိုက်သည့်စကားကိုပင်–

-တစ်နေ့ အဘဆရာကြီး သူတို့ လင်မယားဆီရောက်လာပြီး ပြောသည် က ..

''ကြွပါ အဘဆရာကြီး၊ ထူးထူး ခြားခြား ဘာကိစ္စများ ရှိပါသလဲ ပြော ပါရှင့်''

အဘဆရာကြီး ဦးညိုမှိုင်းဆိုသူ က တိုင်းရင်းမြန်မာဆေးဆရာကြီး၊ သို့သော် ပယောဂလည်းကုသည်။ အသက်အရွယ်က ၇၀ ကျော်၊ ဖြူဖြူ နုနု၊ ထိပ်ပြောင်ပြောင်ငယ်ထိပ်စွင် ဆံပင်မရှိ ပြောင်နေသည်။ နားထင် ဘက်ရှိ အမွှေးများကို ထိပ်တွင်ဖုံး ထားပြီး မျက်မှန်ထူထူကြီးနှင့် ဒီဂရီ ၇၅၀ ထက်မနည်းသော မျက်မှန်ကြီး ကို သားရည်ကြိုးနှင့်ဆွဲကာ အမြဲတပ် ထားရသူ သမားသက်ရင့်သလို ဆေး ဘက်လည်းလိုက်သည့်အပြင် ပယောဂ များကိုလည်း နိုင်နင်းကျွမ်းကျင်ပြီး ရွာ တွင်သာမက ဝန်းကျင်ရွာများထိ ထင် ပေါ်ကျော်ကြားသူ၊ တပည့်တပန်းများ အပေါ်လည်း စေတနာထားသူ၊ လူနာ များအပေါ်တွင်လည်း ငွေကြေးကို အဓိကမထား၊ မည်သည့်ရွာမှ မည်



www.burmeseclassic.com

www.burmeseclassic.com



သည့်အချိန် လာရောက်ပင့်ဆောင်ပါက ငြင်းဆိုခြင်းမရှိဘဲ လိုက်လံကုသပေးသူ တစ်ဦးဖြစ်သည်။

"အေးကွဲ့ .. ပရွတ်ဆိတ်နဲ့ ခါချဉ်မရှဲ့၊ ငါလိုချင်တဲ့ ပစ္စည်းလေးမှာ ချင်တော့လည်း နင်တို့လင်မယားဆီ လာရတာပေါ့ကွဲ့"

"ဟုတ်ကဲ့ အဘဦးညိုမှိုင်း၊ ကျွန်တော်တို့ ဘာအကူအညီပေးရမလဲဆိုတာသာအမိန့်ရှိပါ။ တတ်နိုင်သလောက် အကူအညီပေးပါ့မယ်။ ပြောသာ ပြောပါ"

"အိမ်း .. အိမ်း၊ သာဓုပါကွယ် .. သာဓု .. သာဓု ဒီလိုဟေ့ အကူအညီက (၂)ခုတောင်းရမှာကွ။ အဲဒီနှစ်မျိုးစလုံးကလည်း မင်းတို့လို မုဆိုးတွေပဲ ကူညီနိုင်မှာကိုးကွ .. နော"

"ဟုတ်ကဲ့ အဘဦးညိုမှိုင်း မိန့်သာ မိန့်ကြားပါ ကူညီပါ့မယ်"

"ပထမတစ်မျိုးက ဖြူဆိုစာ့ အကောင်ကွ။ နောက်တစ်မျိုးကတော့ မှိုလေကွာ"

ထိုသို့ လိုအပ်သည့်ပစ္စည်းကို ပြောလိုက်သဖြင့် မုဆိုး ပုရွက်ဆိတ်က ..

"ဖြူကတော့ တစ်ပတ်လောက် စောင့်ရမယ် အဘ၊ မှိုကတော့ ပေါပါတယ်။ ရွာမှာ မှိုနှုတ်တဲ့သူတွေ ရှိနေတာပဲ။ သူတို့မှာလိုက်လည်း ရတာပဲ အဘရဲ့"

"ဟကောင်ရ .. အဲဒါ နင်ပြောမှ ငါသိတာမှမဟုတ်ဘဲ။ ငါဆိုလိုတာက အဲဒီမှိုမျိုးမဟုတ်ဘူး"

"ဟုတ်လား၊ အဘလိုချင်တဲ့မှိုက ဘယ်လိုမှိုမျိုးလဲဟင်"

"မှိုအုန်းနက်ကွ .. မှိုအုန်းနက်"

"မှိုအုန်းနက် .. ဟုတ်လား အဘ၊ ကြားတောင်မကြားဖူးဘူး။ မြင်လည်းမမြင်ဖူးဘူး။ ဘယ်လိုမှိုမျိုးလဲဟင်၊ နောက်ပြီးဘယ်လိုရောဂါအတွက် သုံးမှာလဲ အဘ"

"အေး ပြောရတာပေါ့။ ဖြူဆိုတဲ့ အကောင်ကိုတော့ အစာအိမ်ကို အခြောက်လှမ်း၊ အမှုန့်ကြိတ်ပြီး ကျွေးဖို့လေ"

"ဟုတ်လား အဘ၊ အဲဒီလို ကျွေးတော့ ဘယ်လိုရောဂါတွေ ပျောက်လဲဟင် အဘ"

"အင်း .. ရန်ကုန်က ငါ့တပည့် ဝင်းနိုင်ဆိုတဲ့အကောင်၊ အစာမစားဘဲ တရှောင်ရှောင်နဲ့ မစားနိုင်မအိပ်နိုင်တဲ့ ဝေဒနာစွဲနေတာ။ ငါ့ကို ပင့်သွားပြီး စစ်ကြည့်လိုက်တော့ ခွာနာလျှာနာ ရောဂါစွဲနေတာကို ကုဖို့အတွက်ပေါ့ကွာ .. နော"

"ဒါနဲ့အဘ ကျွန်တော်ကြားဖူးတာက ဖြူတစ်ကောင် နွားတစ်ထောင်ဆိုတဲ့ စကားလေ။ ဖြူတစ်ကောင်ရဲ့အူကို အခြောက်လှမ်း၊ အမှုန့်ကြိတ်ပြီး အစာနဲ့ရောကျွေးရင် ခွာနာလျှာနာ ပျောက်တယ်ဆိုတာကိုပဲ။ အခု အဘက လူကိုကျွေးမှာဆိုတော့"

"ခေတ်ကိုက ငါတို့ငယ်ငယ်တုန်းကလို လမ်းသွားရင်း ခလုတ်တိုက်လို့ ပေါက်ပြဲသွားရင် မြေကြီးကဖုန်ကောက်ပြီး အနာကိုသိပ်လို့ရတဲ့ခေတ်မဟုတ်ဘူးလေကွာ။ ပါတီစုံဒီမိုကရေစီခေတ်ကွ။ ယခင်က ကျွဲနွားမှာဖြစ်တဲ့ရောဂါ လူမှာမဖြစ်ရဘူးလို့ မင်းကို ဘယ်သူ ပြောထားလို့လဲ။ အမြင်ကျယ်စမ်းပါကွာ .. ဒီမိုကရေစီခေတ်ကြီးကွ .. ရော"

"ဟုတ်ကဲ့ပါ အဘ၊ ခေတ်ခြင်းမတူတော့ ကျွဲနွားမှာဖြစ်တဲ့ရောဂါ လူတွေဘက်ရောက်သွားတာတောင် ကျွန်တော်တို့ မသိလိုက်ဘူး။ အတော်နောက်ကျနေပြီပဲ။ ဒါနဲ့ မှိုဆိုတာက ဘယ်လိုမှိုမျိုးလဲ။ စောစောကပြောတဲ့ မှိုအုန်းနက်ဆိုတာ သူကရော ဘာရောဂါကိုကုတာလဲဟင်"

"သူကလည်း ငါ့တပည့်ပါပဲ။ နာမည်က သိန်းဝင်းတဲ့လေ။ သူဖြစ်တဲ့ ရောဂါက ခုခေတ်စကားနဲ့ပြောရရင် (ဂေါက်)ရောဂါပါပဲ။ လိပ်ခေါင်းရောဂါ ဖြစ်ပြီး ဖေွးတိုး၊ နှလုံး၊ ဆီးချိုနဲ့ ယှဉ်ဖြစ်တာဆိုတော့လည်း မှိုအုန်းနက်နဲ့ ကုမှရမှာမို့ပါ။

စောစောက မင်းပြောသလို မကြားဖူးသလို မမြင်ဖူးဘူးဆိုတာလည်း ဖြစ်နိုင်ပါတယ်။ တော်ရုံမုဆိုးဆို မကြားဖူးသလို မြင်လည်းမမြင်ဖူးကြဘူးလေ။ ဒါပေမဲ့ ရှားရှားပါးပါး အလွန်အစွမ်းထက်ပြီး ဆေးဘက်လည်းဝင်တဲ့ မှိုဆိုတော့ မင်းလိုတောတောင်အနံ့ သွားနေတဲ့ မုဆိုးကလွဲပြီး တော်ရုံလူ ရှာလို့လည်းရမှာမဟုတ်တဲ့ မှိုမျိုးကိုးကွ"

အလွန်လည်းရှားပါးတယ်။ အန္တရာယ်လည်းများတယ်ကွ။ သူ့အပွင့်က ဘုန်းတော်ကြီးတွေဆောင်းတဲ့ ထီးထက်တောင်ပိုကြီးသေးတယ်ကွ။ အဝေးက လှမ်းကြည့်ရင် ထီးကြီး



www.burmeseclassic.com

တစ်ချောင်း မြေပြင်မှာ စိုက်ထောင်ထားသလိုပဲ။ တစ်ပွင့်ထဲရယ်။ အများဆုံး သုံးပွင့်၊ အချို့ နှစ်ပွင့်၊ ဒါပေမဲ့ အကြီးဆုံးက တစ်ပွင့်တည်း။ နောက်တစ်ပွင့်က စကောချပ်အရွယ်၊ နောက်ဆုံးအပွင့်က လက်ဖက်ရည်အောက်ခံပန်းကန်ပြားလောက်ဘဲ။ တဖြည်းဖြည်းသေးသွားတယ်ကွ။ အရောင်ကတော့ အနီရောင်လည်းရှိတယ်။ အဖြူရောင်လည်းရှိတယ်''

''မှိုပွင့်ရဲ့အသားက ထူပြီးစားလို့ အင်မတန်ကောင်းတယ်။ ဆေးဘက်ဝင်ပြီး တန်ဖိုးလည်း အလွန်ကြီးတယ်။ လူသူအရောက်အပေါက်နည်းတဲ့ တောကြီးတွေထဲမှာသာ တွေ့ရတတ်တယ်။ တွေ့ပြန်တော့လည်း အဲဒီမှိုကို ခူးလို့ရချင်မှလည်းရမယ်။ အထူးသဖြင့် အဲဒီမှိုကို ငန်းမြွေကြီးတွေအလွန်ကြိုက်ပြီး မှိုပွင့်ရှိရာဆီကို ရောက်လာတတ်ကြတယ်။ အဲဒီမှိုပွင့်နားကပ်လာကြတဲ့ တောတွင်းသတ္တဝါဖြစ်စေ၊ လူသားမုဆိုးကိုဖြစ်စေ မှိုပွင့်ကြီးတွေကို အန္တရာယ်ပေးမယ်အထင်နဲ့ တိုက်ခိုက်ရန်လုပ်မောင်းထုတ်တတ်ကြတယ်ကွ''

''အထူးသဖြင့် အဲဒီမှို ပွင့်တဲ့နေရာမှာ ငန်းစောင်း၊ ငန်းလက်ပတ်၊ ငန်းတော်ကြား၊ ငန်းသံကွင်းစွပ်၊ ငန်းဦးကွက်၊ ငန်းပြဿဒ် ဆိုတဲ့ ကြီးမားပြီး အဆိပ်ပြင်းတဲ့ ငန်းမြွေကြီးတွေ ရှိနေပြီး အနီးရောက်လာသူတွေကို ရန်လုပ်တတ်ကြတယ်ကွ''

''အထိုက်အလျောက်အတွေ့အကြုံရှိတဲ့ မုဆိုးတွေကတော့ အဲဒီမှိုပွင့်ဆီကို ငန်းမြွေကြီးတွေ ရောက်လာ/မလာကို မြွေရဲ့စွပ်ကြောင်းကို လေ့လာကြတယ်။ အချို့ကြတော့ အနံ့ခံကြတယ်လေ။ မင်းတို့သိကြတဲ့အတိုင်း ငန်းမြွေဆိုတာက ကြီးလာလေ အနံ့က ညှီစို့စို့အနံ့ထွက်လေ။ ပိုကြီးလေပိုအနံ့ထွက်လေကိုးကွဲ့''

''ဟုတ်ကဲ့ အဘ၊ ဒီလောက်အန္တရာယ်များနေမှတော့ ဘယ်လိုလုပ်ပြီး ခူးခဲ့ရမှာလဲ''

''တစ်ပွင့်လုံးရရင်တော့ ပိုကောင်းတာပေါ့။ မရတော့လည်း ဆေးဖော်ဖို့အတွက် နည်းနည်းလှီးပြီး ယူလာခဲ့ပေးပါကွာ။ ထိုက်ထိုက်တန်တန်ကျေးဇူးဆပ်ပါ့မယ်''

အမှတ်မထင် ဆရာကြီးဦးညိုမှိုင်းအိမ်ကိုရောက်လာပြီး ထိုမှိုပွင့်ကြီးအကြောင်း ပြောသွားသည့်စကားတွေကို အမှတ်ရလိုက်သည်။ သို့အတွက် ချုံတောကြီးအတွင်း ငြိမ်ကုတ်၍ မှိုပွင့်ကြီးကို တအံ့တသြကြည့်နေကြသည့် အဖွဲ့သားတို့အား အကျိုးအကြောင်းပြောပြမည်လုပ်နေစဉ် မှိုပွင့်ကြီး ဟိုမှာဘက် ထူထူထဲထဲပေါက်နေသည့် ဝါးရုံတောကြီးအတွင်းဆီမှ ..

''ဟု .. ကိကိ .. ဟု .. ကိကိ .. ဟု .. ကိကိ''

တိတ်ဆိတ်ငြိမ်သက်နေသည့် အကြားမှ ရစ်ဖကြီးတင်ကောင်၏ အထိတ်တလန့်မြည်ဟစ်သံနှင့်အတူ ဝါးရွက်ခြောက်တွေကိုနင်းကာ ပြေးလွှားသံကိုပါ ကြားလိုက်ရသည်။ လှမ်းကြည့်လိုက်တော့ ဝါးရုံတောကြီးအတွင်းမှ အော်ဟစ်ပြေးလွှားထိုးယှက်လာသည့် ရစ်ဖကြီးကို မြင်တွေ့လိုက်ရသည့်အချိန်။ သူတို့ထွက်လာရာ နောက်ကျောဘက်ဆီမှ ..

''အိန် .. အိန် .. အိန် .. အိန်''

တအိန်အိန်နှင့် ပြေးလွှားသွားလာနေသည့်အသံကိုပါ ကြားလိုက်ရသည့်အတွက် ခါချဉ်မ တအံ့တသြမျက်လုံးပြူးနေစဉ် ကုလားမက ..

''ခါချဉ်မ ဘာသံလဲဟ၊ ဘာကောင်တွေအော်သံလဲ''



www.burmeseclassic.com



**အရောင်အဆင်းက နီညိုရောင်၊ အမြီးက ညိုနက်၊ မဟောင်တတ်၊ မအူတတ်၊ အမဲလိုက်လျှင် အမြီးကိုထောင်ပြီး တအိန်အိန်နှင့် ညည်းညူသံပြုကာ လိုက်ကြသည်။ သန်မာထွားကြိုင်းပြီး အလွန်ရက်စက်ကြမ်းကြုတ်သည့် အကောင်များဖြစ်သည် ...**

“အပင်ပေါ်ကို အမြန်တက်ကြ၊ အကုန်လုံးတက်ကြနော် ‥ အန္တရာယ် ရှိတယ်”

ထိုအချိန် ဝါးရုံတောကြီးအတွင်းမှ အထိတ်တလန့်ပြေးလွှားတိုးထွက်လာသည့် ရစ်ဖကြီးမှာ ဝါးရုံတောကြီးအစပ်ဆီသို့အရောက် ရှေ့ဆက်ပြေးလွှားရန် လမ်းမရှိတော့သည့်အတွက် လျှိုစောင်းအကွင်း အောက်ကို ဆင်းပြေးကာ အောက်ပိုင်းဆီရောက်တော့ ချုံနွယ်ပိတ်ပေါင်းများ ရှုပ်ထွေးနေသည့်အကြား တိုးဝင်ပျောက်ကွယ်သွားသည်ကို တွေ့လိုက်ရသည်။ ထိုအချိန် သူတို့ ၇ ဦးကလည်း ... ပင်ကြီး ဘေးထွက်ကိုင်းများ ... ခိုကာတက် ရောက်ပြီး ဘေးထွက်ကိုင်းအသီးသီးတွင် ခွထိုင်၍ မနေရာယူလိုက်ကြပြီး နောက်ထပ်ဖြစ်ပေါ်လာမည့် အခြေအနေကို ... လင့်စောင့်စားကြည့်နေလိုက်ကြ...သည်။

တ... အိန်အိန်အော်ရင်း ပြေးလွှားလာကြ... အသံများ တဖြည်းဖြည်း နီးလာ... သည်။ အကောင်တွေကို မမြင်တွေ့ရသေး။ ထိုအချိန် မြင်ကွင်းကိုက်သစ်ရာကျော်ကျော် ဝါးရုံတောကြီးအစပ်ဆီသို့ အချိန် ၇၀ ခန့် ဆတ်ကြီးတစ်ကောင် တိုးထွက်လာသည်ကို သူမတို့မြင်တွေ့လိုက်ကြရပေသည်။ ဆတ်ထီးကြီးဖြစ်သော်လည်း ဦးချိုချွတားသည်မို့ လက်နှစ်ဆစ်ချိုငေါက်ခတောက်လေးနှင့် စောစောက ရစ်ဖကြီး ပြေးဆင်းသွားသည့် လမ်းကြောင်းအတိုင်း ဆင်းသွားရာ အောက်ကိုရောက်တော့ ပြေးလမ်းတွင် ချုံနွယ်ပိတ်ပေါင်းများ ရှုပ်ထွေးနေသည့်အတွက် နောက်ထပ်အသစ်ထွက်သော ဆတ်ချိုနုမှာ ပိတ်ဆီးနေသည့် ချုံတောကြီးအတွင်း ဖြတ်ဝိုးရန် ထိခိုက်ပွတ်တိုက်သည့်ဒဏ်ကို မခံနိုင်သည့်အတွက် ဆင်းလာသည့် လျှိုအထက်ပိုင်းဆီသို့ ပြန်ပြေးအတက် သူလာခဲ့သည့်လမ်းအတိုင်း သူ့နောက်ကိုလိုက်လာသည့် တောခွေး ၄ ကောင်ကို တွေ့လိုက်သည့်အတွက် ရှေ့ဆက်မတိုးတော့ဘဲ စောစောက သူတက်လာသည့် လျှိုအောက်သို့ ပြန်ဆင်းရန် အလှည့် နောက်မှလိုက်လာသည့် ခွေး ၄ ကောင်အနက် ၃ ကောင်က သူ့ကို ပန်းတောက်လိုက်ပြီး ရုတ်တရက် နောက်ကို ပြန်လှည့်ကာ ပြေးလမ်းကို ပိတ်လိုက်သည်။ ဆတ်ကြီးကား ဦးချိုထွားသည်မို့ ခွေးတွေကို ဦးချိုနှင့်ဇွေ့ကာ ဖောက်ထွက်ဖို့ အခက်တွေ့နေစဉ် နောက်ကြော စောစောက သူလာသည့် လမ်းအတိုင်း ပြန်ပြေးဖို့လုပ်နေစဉ် နောက်ထပ်တောခွေး ၃ ကောင်က တအိန်အိန်အော်မြည်ကာ ထပ်မံပြေးလိုက်လာကြသည်ကို တွေ့လိုက်ရပြန်ပေသည်။

တောခွေးဆိုသည့် အကောင်မျိုးက ယခုလို သစ်တောထူထပ်စွာရှိသည့် တောအုပ်များအတွင်း အုပ်နှင့်နေကာ နေ့ရောညပါ အမဲလိုက်ပြီး စားသောက်နေထိုင်ကြသည့် အကောင်မျိုးဖြစ်ပေသည်။

တောခွေးသည် ခေါင်းနှင့်ကိုယ် အရှည်သုံးတောင်နီးပါး ရှည်ကြသည်။ အမြီးက တစ်ထောင့်ထွာခန့်ရှည်ကြသည်။ ပိသာချိန်မှာ ၂၀ ထိရှိပြီး ထို့ထက်ပိုသည်လည်းရှိသည်။ အရောင်အဆင်းက နီညိုရောင်၊ အမြီးက ညိုနက်၊ မဟောင်တတ်၊ မအူတတ်၊ အမဲလိုက်လျှင် အမြီးကိုထောင်ပြီး တအိန်အိန်နှင့် ညည်းညူသံပြုကာ လိုက်ကြသည်။ သန်မာထွားကြိုင်းပြီး အလွန်ရက်စက်ကြမ်းကြုတ်သည့် အကောင်များဖြစ်သည်။

သူတို့အမဲလိုက်ကြရာတွင် ကျားကျားသစ်၊ ဝံနှင့် တောဆင်ရိုင်းတို့ပါ ဗိုလ်မထား။ လိုက်လံတိုက်ခိုက် စားသောက်ပစ်ကြသည်။ အကောင်ကြီးများကို အုပ်အတွင်းက အိုမင်းရင့်ရော်

www.burmeseclassic.com



သည့်အကောင်၊ ဒဏ်ရာအနာတရဖြစ်သည့်အကောင်တို့ကို အုပ်စုခွဲပြီး ကိုက်သတ်စားသောက်ကြသလို သစ်ပင်ထက်ကိုတက်၍ ရှောင်ပုန်းနိုင်ကြသည့် ကျား သစ်လိုအကောင်မျိုး။ ဝက်ဝံလို အကောင်မျိုးကို သစ်ပင်မရှိသည့် လွင်နှင့်ပြန့်များဆီသို့ အုပ်စုနှင့်ခြောက်လှန့်မောင်းနှင်ပြီး ထိုနေရာဆီရောက်တော့မှ ကိုက်သတ်စားသောက်တတ်ကြသလို ကျားလိုအကောင်မျိုးဆို ကသစ်ပင်ပေါ်တက်ပြီး မရှောင်ပုန်းတက်သည့် အကောင်မျိုးမို့ တွေ့သည့်နေရာတွင် တိုက်ခိုက်စားသောက်ပစ်တတ်ကြသည်။ ၎င်းတို့တွင် ချွန်ထက်သော သွားစွယ်များနှင့် ပြတ်ရှသောသွားများရှိပြီး ရက်စက်လွန်းသည့်အကောင်မျိုးပင်။



အခြားသားကောင်များဖြစ်ပါမူ သူတို့ပြေးလမ်းတွင်ရှိသော ချုံပင်ထက်ကို ဦးစွာသေးနှင့်ပက်ဖျန်းပြီးမှ လိုက်တတ်ကြသည်။ သူတို့လိုက်သော သားကောင်က ချုံနွယ်ပင်တောများကို ဖြတ်သန်းလိုက်ပါက သူတို့သေးများ မျက်စိတွင်းဝင်ကာ လွန်စွာစပ်သည့်အတွက် ရှေ့ဆက်မပြေးနိုင်။ ထိုအချိန် သူတို့၏ အစာဖြစ်ပေတော့သည်။

"ဖျော .. ဝေါ .. ရှဲ ရှဲ ရှဲ"

ဆတ်ကြီးပြေးလာရာလမ်းဆီမှ တောခွေးများလိုက်လာပြီး ညှပ်ပူးညှပ်ပိတ် ရှေ့နှင့်နောက် နေရာယူကာ ကိုက်တော့မည့်အဖြစ်ကို သစ်ပင်ထက်မှ အမျိုးသမီးတစ်သိုက်က စိတ်ဝင်တစား ကြည့်ရှုနေစဉ် ဝါးရုံတောအတွင်း ဆတ်နှင့်ခွေးတို့ ပြေးလာရာလမ်းဆီမှ တဝေါဝေါ တရှဲရှဲ အသံများကို ကြားလိုက်ရသလို ဆတ်ကြီးကို ဝင်ရောက်ကိုက်ခဲကြမည့် တောခွေးတို့ကလည်း ကြားလိုက်ဟန်ထင့်။ သို့အတွက် ဝင်ရောက်မကိုက်ခဲသေးဘဲ အသံကြားလိုက်ရာဆီသို့ ခွေးများ ခေါင်းထောင်ကာကြည့်လိုက်စဉ် မြေပြင်ထက် ဝါးရွက်ခြောက်များထက် တွားတွားသွားရင်း နောက်ကလိုက်လာသည့် ကြီးမားသော မြွေကြီးတစ်ကောင်ကို တအံ့တသြတွေ့မြင်လိုက်ကြရပေတော့သည်။

"ဟာ .. ကြီးလိုက်တဲ့ မြွေကြီး၊ ဘာမြွေကြီးပါလိမ့်"

ချွဲပြောင်းသော
လှုပ်ရှားမှုတို့နှင့်အတူ
ရှည်ဝိုင်းဝိုင်း
ပါးပျဉ်းခွက်ကြီးအပြင်
မည်းနက်သော
လျှာနှစ်ခွက
ကြီးမားသည့်
သွားစွယ်တို့ကြားမှ
ပြူတစ်ပြူတစ်၊
ရဲရဲတောက်နေသည့်
မျက်လုံးအစုံနှင့်
ခွေခေါက်ထားသည့်
အပုံကြီးပေါ်မှ
မာန်ထကာ •••



www.burmeseclassic.com

www.burmeseclassic.com



ကုလားမထံမှ အသံထွက်လာသည့်အတွက် ခါချဉ်မက စကားမပြောဘဲ ငြိမ်ငြိမ်နေကြရန် အချက်ပြလိုက်သည်။ အားလုံးက ကြောက်ကြောက်နှင့် ငြိမ်သက်သွားကြပေသည်။ ဟုတ်လည်းဟုတ်ပေသည်။ မြွေကြီးကား ခပ်သေးသေးတော့မဟုတ်။ အရှည်က ၁၂ တောင်လောက်ရှိပြီး လုံးပတ်က ပေါင်လုံးနီးပါးခန့်။ မျက်လုံးအစုံက ဖန်ဂေါ်လီလုံးခန့်။ အစွယ်ကြီးတွေက လက်တစ်ဆစ်ခန့် ဘေးသို့ကားကားငေါ်ထွက်နေသည်။ လူ့လာလမ်းမှရှေ့တွင် ဆတ်နှင့် တောခွေးများကို တွေ့လိုက်ရသည့်အတွက် ..၊

"ရှီး .. ဖျီး .. ဖျီး .. ဖျီး"

ခေါင်းကိုထောင်ကာ ပါးပျဉ်းခွက်ကြီးကို ဖြန့်ကျက်ပြီး ခွေးများကိုမာန်ဖီနေသည့်အတွက် တောခွေးတို့က ဆတ်ကြီးကို သည့်အတိုင်းလွှတ်ထားလိုက်ပြီး သူတို့ကို ရန်လုပ်နေသည့် မြွေကြီးကို ရှေ့နောက်ဘယ်ညာဝိုင်းလိုက်ကြရင်း တဟဲဟဲ မာန်ဖီသံကို ပြုနေချိန် ဆတ်ကြီးက ထိုနေရာဆီမှ ဝါးရုံတောကြီးလာရာလမ်းဘက်ဆီ ပြေးဝင်ပျောက်ကွယ်သွားပေသည်။

မာန်ထနေသော မြွေကြီးက စကောတစ်ချပ်နီးပါး ရှည်ဝိုင်းဝိုင်းခွက်ထားသော ဦးခေါင်းပိုင်းက မြေပြင်မှ လူတစ်ရပ်သာသာခန့် ထုတ်ထားရင်း သူ့ကို ဝိုင်းကာမာန်ဖီနေသော ခွေးတို့ကို ရှေ့တိုးနောက်ငင် ဘေးဘယ်ညာတို့ကို အလစ်မပေးတမ်း လိုက်လံလှည့်ပတ်ကြည့်နေရင်း အမြီးပိုင်းက ရစ်ခွေကာ တဖြည်းဖြည်းဆန့်ထုတ်နေသည်နှင့်အတူ တရှူးရှူး တဖျီးဖျီးမာန်ထနေသည်။ ငန်းလင်းကြီးတစ်ကောင်ဖြစ်ဖို့များသည်။ အဆိပ်ကလည်း ပြင်းပုံရသည်။

မြင်ကွင်းက မလှမပ။ မြွေကြီးဦးခေါင်းပိုင်းက သွဲ့ပြောင်းသောလှုပ်ရှားမှုတို့နှင့်အတူ ရှည်ဝိုင်းဝိုင်းပါးပျဉ်းခွက်ကြီးအပြင် မည်းနက်သော လျှာနှစ်ခွက ကြီးမားသည့်သွားစွယ်တို့ကြားမှ ပြူတစ်ပြူတစ် ရဲရဲတောက်နေသည့် မျက်လုံးအစုံနှင့် ခွေခေါက်ထားသည့် အပုံကြီးပေါ်မှ မာန်ထကာ သူ့ကိုဝိုင်းထားသည့်ခွေးတွေထဲမှ ဘယ်အကောင်ကို စတင်တိုက်ခိုက်သုတ်သင်ရမည်ကို အလစ်အငိုက်စောင့်နေမာန်။ သူ့အမူအရာက ခွေးများက သူ့ကို ယခုလို မငုလးမစားလုပ်နေသည့်အတွက် ဒေါပွနေသည့်ပုံ။ သို့အတွက် တောခွေးများကလည်း ထိုအနေအထားကို သိရှိတွက်ဆထားပုံရသည်။ အလွန်ဒေါသဖြစ် ရန်လိုနေသည့်အသွင်မို့ မထိမခိုက်လုပ်လို့ကမရ။ လုပ်မိပါကလည်း သူ့အစွယ်များတွင် အသက်ပေးလိုက်ရမည်ကို သိရှိနေသည့်အသွင်။ သို့အတွက် ရှေ့မှ အယောင်ပြသည့်အကောင်ကပြသလို စောစောက ဆန့်တန်းထားသည့် အမြီးကို ဝင်ခဲသည့်အကောင်က ခဲနေသည့်အတွက် အမြီးပိုင်းကို ခွေခေါက်ထားဟန်ထင့်။

ခါချဉ်မက တောခွေးအုပ်နှင့် မြွေကြီးအခြေအနေကိုကြည့်ရင်း စိတ်တွင်းတွက်ဆနေမိသည်က မြွေကြီးမှာ တောခွေးများနောက်ကို သိ၍ လိုက်လာခြင်းဖြစ်ဟန်မတူ။ မှိုပွင့်ကြီးရှိရာဆီသို့ လိုက်လာခဲ့ရင်းက ယခုလို မမျှော်လင့်ဘဲ ခွေးအများနှင့်တိုးကာ ဝိုင်းပတ်ထားခြင်း ခံလိုက်ရခြင်းဖြစ်ဟန်တူသည်ဟု တွေးထင်ကာ တောတွင်းတိုက်ပွဲကို ဆက်ကြည့်နေလိုက်ကြပေသည်။

တိုက်ပွဲကား စလိုက်သည်ဆိုသည်နှင့် တိုက်စစ်ကိုဖွင့်သူက ငန်းမြွေကြီး။ နောက်ကြောမှ တောခွေးတို့က အနောက်ပိုင်းဖြစ်နေသည့် အမြီးပိုင်းကို အဓိကထားတိုက်ဖို့ ပြင်ဟန်ထင့်။ တောခွေး ၇ ကောင်အနက် ၄ ကောင်က နောက်ကြောမှဖြစ်ပြီး ကျန် ၃ ကောင်က မြွေကြီး၏ရှေ့မှဖြန့်ကာ လျက် တဟဲဟဲမာန်ဖီရန်စောင်ကာ ဟန်ရေးပြနေချိန် နောက်ပိုင်းခွေး ၄ ကောင်က မြွေကြီး၏ အမြီးပိုင်းကို ပြေးဝင်ထိုးဟပ်ကိုက်ခဲဖို့ အနီးကိုတိုးလိုက်၊ ငိုက်ခနဲ ပါးပျဉ်းခွက်ကြီးက နောက်ဘက်သို့ တိုးပေါက်လိုက်၊ လှိမ့်ရှောင်ထွက်လိုက်သော တောခွေးတို့၏ အပြုအမူကြောင့် လွဲချော်သွားသည့် ငန်းမြွေကြီးက မြေပြင်တွင် ထိုးစိုက်သွားသည့် သူ့အစွယ်ကြီးကို ချက်ချင်းပြန်နှုတ်ကာ ဘေးသို့လှိမ့်ကာရှောင်တိမ်းသွားသည့် ခွေးအား ထပ်မံပေါက်ဖို့ အားထုတ်လိုက်သော်လည်း နောက်ကျသွားခဲ့ပေပြီ။

တောခွေးတစ်ကောင်ကို လှမ်းပေါက်လိုက်သည့်အတွက် ငိုက်ကျသွားသည့် ဦးခေါင်းပိုင်းဆီသို့ နောက်မှာရှိသည့် တောခွေး ၃ ကောင်က ထိုအလစ်အငိုက်ကို စောင့်စားနေဟန်ထင့်။ လျှပ်တပြက်ပြေးဝင်ကာ ငန်းမြွေကြီး၏ ဦးခေါင်း၊ လည်တိုင်ရင်း

www.burmeseclassic.com

နှင့် ပါးပျဉ်းခွက်တို့ကို သူဘို့၏ ချွန်ထက်သောသွားများနှင့် ကိုက်ခဲဆွဲခါလိုက်ခြင်းကို ခံလိုက်ရသည့်အတွက် ကိုယ်လုံးကြီးကို ဆန့်တန်းရုန်းကန်နေချိန် အခွင့်အရေးကို အကွက်ကျကျ အသုံးချတိုက်စစ်ဆင်တတ်သော ကျန်တောခွေး ၄ ကောင်က လူးလွန့်နေသည့် ငန်းမြွေကြီး၏ ကိုယ်လုံးကြီးကို ပြေးဝင်ကိုက်ခဲဆွဲဖြဲလိုက်သည့်အတွက် အချိန်တိုအတွင်း တောခွေးတို့၏ အစာဖြစ်သွားသည်ကို အံ့သြဖွယ်တွေ့မြင်လိုက်ကြရပေသည်။

ထိုတော်တွင်းတိုက်ပွဲကို သစ်ပင်ထက်မှ ရင်တထိတ်ထိတ်ဖြင့်ကြည့်နေကြသည့် အမျိုးသမီးများထဲမှ ခါချဉ်မတစ်ယောက်ကတော့ ထိုဖြစ်ရပ်ကို ကြည့်ရင်းဝမ်းသာနေမိသည်။ အဘယ့်ကြောင့်ဆိုသော် သူလိုချင်သည့် မှိုအုန်းနက်အပွင့်ကြီးကို ရတော့မည်ဖြစ်သည့်အတွက်ကြောင့်ပင် ဖြစ်ပေသည်။ သွေးသံရဲရဲနှင့် ငန်းမြွေကြီးအသားကို ကိုက်ဆွဲစားသောက်နေကြသည့် တောခွေးတို့က မြေပြင်ထက်တွင် ထွက်နေသည့် မှိုပွင့်ကို သူတို့အစာမဟုတ်သည့်အတွက် သတိထားမိကြဟန်မတူ။ သတိထားမိလျှင်လည်း သူတို့အစာမဟုတ်သဖြင့် မက်မောကြမည်လည်း ဟုတ်။ ငန်းမြွေကြီးတို့ အစာသာဖြစ်သည်။ ယခု မြွေကြီးသေဆုံးသွားပြီမို့ တောခွေးများ မြွေသားစားနေသည်ကို ကြည့်နေရင်း ..

"ခင်မြကြွယ် .. တောခွေးတွေကို ပြောင်းနဲ့မှုတ်စမ်းဟယ်"

"တောခွေးတွေက ငါတို့ကို ရန်လုပ်မှာပေါ့ဟဲ့"

"နင်ကလည်း ခွေးတွေက သစ်ပင်ပေါ်တက်ပြီး ရန်မလုပ်ပါဘူးဟဲ့ မှုတ်သာ မှုတ်"

"အေး .. ဒါဆို ဘယ်နေရာကို မှုတ်ရမှာလဲ။ မသေဘူးနဲ့တူတယ်ဟ"

"လယ်တိုင်ရင်းကိုမှုတ်၊ မသေပေမဲ့ သူတို့ကိုလန့်ပြီး မောင်းထုတ်သလို မျိုးပေါ့"

ခင်မြကြွယ်က ပြောင်းရင်းအတွင်း မြားတံထည့်ကာ တောခွေးများရှိရာဆီ ချိန်ရွယ်လျက်မှုတ်နေသည်။ မြားတံတို့မှာ အစာစားနေသည့် တောခွေးတို့၏ လယ်တိုင်ဆီသို့ တစ်ချောင်းပြီးတစ်ချောင်းစိုက်ဝင်ခြင်းခံလိုက်ရသော တောခွေးများသည် မြားတံလာရာ သစ်ပင်ထက်ကိုမော့ကြည့်ပြီး ရန်သူကိုရှာကြရင်းမှ နောက်ထပ်တစ်ချောင်းပြီးတစ်ချောင်း စိုက်ဝင်ခြင်းကို ခံနေရသည့်အတွက် ကြောက်လန့်လာဟန်ထင့်။ အတန်ကြာတော့ အစာကိုလွှတ်ကာ တစ်နေရာမှပြေးထွက်ပြီး လာရာလမ်းအတိုင်းပြေးထွက်သွားသော တောခွေးနောက်ဆီသို့ ကျန်အကောင်များပါ ပြေးလိုက်သွားကြသည်ကိုကြည့်ရင်း ဝမ်းသာပီတိဖြစ်နေသူတို့ကတော့ သူတို့မှိုရှာအုပ်စုပင် ဖြစ်ပေတော့သည်။

တောခွေးများ ပြန်လည်ပြေးထွက်သွားကြသည်မို့ သူတို့သစ်ပင်ထက်မှဆင်းကာ မှိုပွင့်ကြီးရှိရာ မုဆိုးလက်ဆုပ်ပင်ကြီးအောက်ကို သွားလိုက်ကြပြီး အရင်းမှလှီးဖြတ်ကာ တောင်းများနှင့် ပုဆိုးများအတွင်း ထုတ်ပိုးသယ်ဆောင်ကာ ရွာဘက်ဆီသို့ ပြန်ခဲ့ကြပေသည်။

မှိုအုန်းနက်ကို ဆေးဖော်ရန်အတွက် အရှာခိုင်းပြီး ရခဲ့ပါလျှင် ထိုက်ထိုက်တန်တန်ပေးပါမည်ဆိုသည့် တိုင်းရင်းမြန်မာဆေးဆရာကြီး အဘဦးညို၏ မှိုင်းဆီသို့ ခပ်သွက်သွက်ပင် လျှောက်လှမ်းခဲ့ကြပေတော့သည်။

သြော် .. အန္တရာယ် လက်တစ်ကမ်းအတွင်းမှ ရှားပါးပြီး တန်ဖိုးကြီးသည့် သူမတို့အဖွဲ့ရလိုက်သည့် မှိုပွင့်ကြီး ဘယ်လိုရလိုက်သည်ဆိုသည်ကို သူတို့သိများ သိခဲ့ကြပါလျှင် ..။

လေးမောင်



www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com



အညာမြေဒေသတစ်ခုဖြစ်တဲ့ ရွှေဘိုခရိုင်၊ ခင်ဦးမြို့နယ်အတွင်းမှ သရက်ပိုင်းကျေးရွာလေးက တောင်သူတွေသည် အများအားဖြင့်တော့ ယာ(ကုန်း)လုပ်ငန်းတွေနဲ့ အသက်မွေးဝမ်းကြောင်း ပြုကြသည်။

အဲဒီရွာလေးက အိမ်ခြေ ၁၅၀ ခန့်ရှိပြီး ခင်ဦး–ရေဦး ကားလမ်းမကြီးရဲ့ နံဘေးမှာရှိနေသည်မို့ လမ်းပန်းဆက်သွယ်ရေးက လွယ်ကူမှုရှိနေသည်။ ဒီတော့လည်း လူနေမှုအဆင့်အတန်းတွေ မြင့်မားနေသည်ပေါ့။

လမ်းဘေးဝဲယာက အိမ်ဈေးဆိုင်လေးတွေကလည်း ရောင်းပန်းဝယ်ပန်းပွင့်နေကြသည်။ ကားလမ်းအနီးမှာ ဗန်းကြီးဗန်းငယ်အသွယ်သွယ်နဲ့ နံနက်ခင်းမှာ ဟင်းသီးဟင်းရွက်ကုန်စိမ်းဈေးတန်းလေးကလည်း အလွန်စည်ကားသည်။

နေညိုချိန် တိမ်တောက်လို့ အိမ်ရောက်တဲ့ ယာလုပ်သား တောင်သူလယ်သမားအချို့နှင့် အိမ်သူသက်ထားဖနီးမယားသမီးသားများကလည်း စားရေးသောက်ရေးအတွက် ချက်ပြုတ်ကြနဲ့ပေါ့။ အိမ်ထောင်ဦးစီး လူကြီးတချို့နှင့် လူငယ်တချို့က ကိုယ်ကြိုက်ရာ လက်ဖက်ရည်ဆိုင်သွားသူကသွား၍ ယမကာဆိုင်သွားသူက သွားကြသည်။

သရက်ပင်ဝိုင်းကျေးရွာလေး၏ ဘေးဝဲယာ ယာခင်းတွေထဲက ခရမ်းသီးခင်းမှာ တူလူတွဲလောင်းသီးနေတာတွေက အဖြူရောင်၊ အညိုရောင်တွေဆိုတော့ သီတင်းကျွတ်လမှာ မီးသီးမီးပုန်းတွေချိတ်ဆွဲထားသလို ရှိနေသည်။ မြေဩဇာကောင်းသည်နှင့်အမျှ ဖြစ်ထွန်းအောင်မြင်ကြသည်။

ရွာတောင်ဘက်က ဦးမှိုင်း၏ ငှက်ပျောခြံကြီးကလည်း ဟီးလို့။ သီးလိုက်တဲ့ ဖီးကြမ်းနဲ့ ခွန်စိမ်းငှက်ပျောခိုင်တွေကလည်း အများအပြား။ ငှက်ပျောဈေးက ကောင်းနေတော့ ငှက်ပျောပွဲစားတွေ ခြေချင်းလိမ်ပြီး သူ့ထက်ငါအပြိုင်ဈေးဆိုင်၍ ပေးဝယ်နေကြသည်။ ဒီတော့လည်း ခြံပိုင်ရှင် ဦးမှိုင်းအဖို့ တွက်ခြေကိုက်လို့နေသည်။

ရွာဝန်းကျင်က ရှုမဆုံးတဲ့ ယာ(ကုန်း)တွေက သီးနှံပင်တွေနဲ့ စိမ်းညို့ညို့တောတန်းတွေက တောင်တန်းပမာ။ မြင်သူတိုင်း ချစ်စရာရွာလေးဟု ပြောစမှတ်ပြုကြတဲ့ ရွာလေး။

ထိုရွာလေးကို အရုပ်ဆိုးအကျည်းတန်အောင် ဖန်တီးလိုက်သူတွေက

အသိဉာဏ်က
နည်းလို့သာ
အဓိကတရားခံကို
မတွေးမိတာဖြစ်မည်။
တရားခံအစစ်က
သူရောင်းချနေသော
အရက်ဖြစ်၏။
အရက်မူးလျှင်
အသိဉာဏ်
ပျောက်ဆုံးကြသည်ကို
မတွေးမိ...

www.burmeseclassic.com



တော့ ရှုပ်ချီးတို့နှစ်ယောက်ပါပဲ။

+++

၂၀၁၃ ခုနှစ်၊ ဇူလိုင်လဆန်း ၁ ရက်နေ့မှာပေါ့ ရွာလယ်လမ်းဆုံမှာ ထော်လာဂျီတွေ တအုန်းအုန်း၊ မြေနီမှုန့်တွေ တလုံးလုံးနဲ့ လူရုပ်မပေါ်အောင် အလိမ်းလိမ်းပေကျံနေလို့ ကိုဖိုးတွတ် အိမ်ဖက်ကို ရေချိုးထွက်ခဲ့တဲ့ ရွှေပိုင်က လမ်းခုလတ်မှာ ငွေပိုင်နဲ့ တွေ့လိုက်တယ်ဆိုရင်ပဲ ..

"ဟေ့ကောင် ရှုပ်ချီး ငါမြည်းဖို့ ဖီးဖြူသီးတွေပါသေးတယ်မဟုတ်လား" ဆိုတော့ ..

"အေး ပါတယ်၊ လာသွားမယ်" ဟု ဆိုကာ ငယ်သူငယ်ချင်းနှစ်ယောက် ရွာနောက်ဖျားက မုဆိုးမဒေါ်ပြားရဲ့ တောအရက်ဆိုင်ကို ချီတက်သွားကြလေ၏။

ဒေါ်ပြားဆိုင်ကို ရောက်တယ်ဆိုရင်ပဲ ငွေလှိုင်က ..

"ဗျို့ .. ကြီးတော်ပြား တစ်ပုလင်းပေးဗျို့၊ နောက်တစ်ပုလင်းလည်း ချန်ထားဦး" ဟု အော်ပြောလိုက်သည်။

ငွေလှိုင်က ခါးပိုက်ထဲက ဖီးဖြူသီးသုံးလေးလုံးကို စားပွဲပေါ်ပုံချလိုက်ပြီး ..

"ကြီးတော်ပြားရေ .. ဆားလေး နည်းနည်းပေးပါဦး" ဟု လှမ်းပြောလိုက်သည်။

ထိုအချိန်မှာပဲ ရွှေပိုင်က ..

"ပေး ငါ ခွက်လှည့်မယ်" ဆိုပြီး စားပွဲပေါ်က ပုလင်းနှင့်ခွက်ကို လှမ်းကိုင်လိုက်သည်။ ထို့နောက် တောအရက်ကို တစ်ယောက်တစ်လှည့်စီ သောက်လိုက်တာ တစ်ပုလင်းကုန် နောက်တစ်ပုလင်းချလိုက်တာ သုံးပုလင်းလည်းကုန်ရော ရွှေပိုင်တစ်ယောက် မှောက်ပါလေရော။

ထန်းရည်မူးတော့ ကွဲခိုးပေါ်ဆိုသလို အရက်မူးတော့ အစကတေး ထားတဲ့ သူ့ကိုပြောတဲ့ ချီးထုပ်ရှုပ်ချီး ဆိုတဲ့စကား နားထဲမှာခါးနေသည်။ မခံချင်စိတ်တွေက ရင်ထဲမှာဒေါသအဖြစ် ပေါက်ကွဲထွက်လာသည်။

ရွှေပိုင် .. ရွှေပိုင် မင်းကသာ ငါ့ကို ရှုပ်ချီးပြောခဲ့တယ်။ အခု မင်းက ထပ်ပြီးထပ်ပြီး ငတ်ကြီးကျသောက်တဲ့ ရှုပ်ချီး။ ရှုပ်ကြီးအစစ်က ငါမဟုတ်ဘူးကွ။ ဇာတ်အပြီးမသတ်နိုင်တဲ့ မင်းသားလို မင်းမှားနေပြီဆိုပြီး နောက်တစ်ခါ အရက်ခွက်ကိုထပ်အဆွဲ မျက်နှာပေါ် လက်သီးတစ်ချက်ကရောက်သွားပြီး ဒုန်းခနဲ မြည်သံထွက်လာသည်။



ရွှေပိုင်ရဲ့ ဘယ်ဝိုက်လက်သီးက ထိချက်မနာ။ အဒိုက်မှာခံလိုက်ရတဲ့ အလစ်ခံလိုက်ရသည့်ငွေလှိုင် အုံ့သြသွား၏။ သူငယ်ချင်းအလစ်လုပ်တဲ့ ကောင် သိကြရောပေါ့ကွာဟု ရင်ထဲမှာ ကျိန်းဝါးရင်း စားပွဲပေါ်က လိမ့်ကျနေတဲ့ အရက်ပုလင်းခွံကို ပြေး၍ကုန်းကောက်လိုက်စဉ်မှာပဲ ကြီးဒေါ်ပြားက ..

"တော်ကြ .. တော်ကြ၊ ငါ့ဆိုင်မှာတော့ မဖြစ်ကြနဲ့ .. သွား .. ပြန်ကြ" ဟု မောင်းထုတ်လိုက်တော့မှ နှစ်ယောက်သား ယိုင်ထိုးယိုင်တိုင်ထွက်သွားကြတယ်။

ဒေါ်ပြားတစ်ယောက် ပါးစပ်



www.burmeseclassic.com

www.burmeseclassic.com



အဟောင်းသားနဲ့ကျန်ခဲ့တယ်။ သူတို့သူငယ်ချင်းနှစ်ယောက်က ငယ်ငယ်ကတည်းက မခွဲမခွာတစ်တွဲတွဲ တွဲခဲ့ကြသည့် သူငယ်ချင်းများ။ ခု ဘာထပ်ဖြစ်သည်မသိဟူသော ပဟေဠိတွေ မွေ့ပိုက်ငေးမောနေ၏။

စင်စစ် ဒေါ်ပြား အသိဉာဏ်ကနည်းလို့သာ အဓိကတရားခံကို မတွေးမိတာဖြစ်မည်။ တရားခံအစစ်က သူရောင်းချနေသော အရက်ဖြစ်၏။ အရက်မူးလျှင် အသိဉာဏ်ပျောက်ဆုံးကြသည်ကို မတွေးမိ။ အခုလည်း တစ်အူတုံဆင်း ညီရင်းအစ်ကိုတွေလို အချစ်ပိုခဲ့ကြတဲ့ ငယ်သူငယ်ချင်းတွေဖြစ်ကြတဲ့ ရွှေပိုင်နဲ့ငွေလှိုင်။

သူတို့နှစ်ဦးက အိမ်နီးနားချင်း။ တစ်အိမ်နဲ့တစ်အိမ် အရှေ့နဲ့အနောက်။ တစ်အိမ်ကစကားပြောလျှင် တစ်အိမ်က အတိုင်းသားကြားနေရသည်။

ရွှေပိုင်က နဂိုကမှ ကြပ်မပြည့်။ အရက်မူးတော့ ပိုဆိုးသည်။ ဟိုဟိုဒီဒီ အဆဲကြမ်း။ ဒီလှံကလေးနဲ့ ထိုးလိုက်ရမလား ‥ ငါ့ဓားက ဘယ်သူ့ကိုအားပေးလိုက်ရမလဲ စတဲ့ စကားတွေနဲ့ ခနဲ့တဲ့တဲ့ အကြိမ်ကြိမ်ရန်စ စိန်ခေါ်တတ်သူ။

သူ့ရဲ့ စိန်ခေါ်သံတွေကို နားကြားပြင်းကပ်နေသူက ငွေလှိုင်။ သူကတည်း တင်းမပြည့်။

ရွှေပိုင်က ကြပ်မပြည့်၊ ငွေလှိုင်က တင်းမပြည့် ရွာသားအားလုံးသိကြပေမယ့် သူတို့ကတော့ သူတို့ကိုယ်သူတို့ လူကောင်းတွေဟု ထင်နေကြသည်။

ရွှေပိုင်က လှံကို လက်ကဆွဲကိုင်ပြီး အိမ်ရှေ့လမ်းပေါ်ထွက်လာတယ်။ ပါးစပ်ကလည်း ငွေလှိုင် ချိုးထုပ် ရုပ်ချိုး ထွက်ခဲ့စမ်းဟု အော်ပြောနေစဉ်မှာပဲ ငွေလှိုင်တစ်ယောက် ထင်းခုတ်ဓားမကိုင်ပြီး ပြေးထွက်လာကာ ဟန်ရေးပြင်နေတဲ့ ရွှေပိုင်လယ်ကုပ်ပေါ် တအားလွှဲခုတ်ချလိုက်တာ ရွှေပိုင်တစ်ယောက် သွေးအိုင်ထဲမှာ ထွန့်ထွန့်လူးနေခဲ့ရပြီပေါ့။

+++

ရွာထဲက လူတွေကတော့ ‥

''ဒီကောင်နှစ်ကောင်က တစ်ယောက်ကိုတစ်ယောက် သိပ်ချစ်ကြတာ။ ဘယ်လိုများဖြစ်ကြတာပါလိမ့်''ဟု တစ်ယောက်တစ်ပေါက် ပြောနေကြ၏။

အဟောင်းက အသစ်ဖြစ်မလာတော့ပါ။ အရင်းမြစ်ကိုရှာကြည့်လိုက်တော့ အရက်ပင်ဖြစ်သည်။ အရက်မမူးခင်က သူငယ်ချင်းဖြစ်ပါလျက် အရက်မူးသောအခါ ရန်သူဖြစ်သွားခဲ့ရ၏။ အရက်၏ ဆိုးကျိုးကိုမမြင်၊ တရားခံအစစ်မှာ အရက်ဖြစ်သည်ဆိုသည်ကိုလည်း မြင်အောင် မကြည့်တတ်။ ပတ်ဝန်းကျင်အထင်မှာတော့ မထင်မှတ်သည့် စကားတစ်ခွန်းကြောင့် ရွှေပိုင်တစ်ယောက် အသက်ပျောက်ခဲ့ရသလို ငွေလှိုင်တစ်ယောက်လည်း ဥပဒေက ပေးတဲ့ အပြစ်ဒဏ်ကို ခံယူခဲ့ရသည်ပင် ဖြစ်ပါသတည်း။

အုန်းကျော်သန်း(ခင်ဦး)



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



"တူ ...ဂျုံး ...ဂျက် ...ဂျက်"

အဝေးဆီမှ ရထားခုတ်မောင်းလာနေသံသဲ့သဲ့ ကြားနေရသည်။ ဒီရထားခုတ်မောင်းလာသံသဲ့သဲ့ ကြားနေရတာကြောင့် ခြေလှမ်းနှုန်းကို မြှင့်လိုက်သည်။ ဒီအချိန်ကြီးမှာ ရထားလာစရာမှ မရှိဘဲ။ လူစီးရထား၊ စာပို့ရထားတွေလာသည့်အချိန်မဟုတ်လို့ အံ့သြနေသည်။

ဘာပဲဖြစ်ဖြစ် မိမိတို့အခြေအနေက ရထားကိုစီးနိုင်မှ အိမ်ပြန်ဖို့အဆင်ပြေမည်။ နို့မို့ဆို ရထားမစီးဖြစ်လျှင် ကားစီးပြန်ဖို့ အိပ်ထဲငွေ ခြူးတစ်ပြားမှမရှိတော့။

ဒီလို ပိုက်ဆံတစ်ပြားမှမကျန်အောင် ဖဲရိုက်လို့ရှုံးလာခဲ့ပြီ။ အစကတော့ နိုင်မလားဆိုသည့် လောဘဇောနှင့် ဖဲဝင်ရိုက်ခဲ့ခြင်းဖြစ်သည်။ ခုတော့ ပါလာသည့်ငွေက ဖဲဝိုင်းထဲမှာအကုန်ပြောင်သွားပြီ။ အိပ်ပြန်ဖို့လမ်းစရိတ်တောင် တစ်ပြားမှမကျန်သည့်အခြေအနေမျိုး ရောက်နေသည်။

ဒါကြောင့်စိတ်ပျက်လက်ပျက်နှင့် ဖဲဝိုင်းထဲမှထွက်လာကာ အိမ်သို့ပြန်လာနေခြင်းဖြစ်သည်။ အဝေးဆီမှရထားသံက တဖြည်းဖြည်းနီးကပ်လာနေသည်။ နှစ်ယောက်သား ရထားမီနိုင်ဖို့အရေး သုတ်ခြေတင်နေကြသည်။

"ကျော်ကြီး ...ခပ်မြန်မြန်လျှောက်ကွ၊ ရထားမမီဘဲနေမယ်"

"အေးပါ ဖိုးငွေရာ ..၊ ငါလည်း ခပ်သွက်သွက်လျှောက်နေတာပဲ"

ယင်းသို့ ကျော်ကြီးနှင့်ဖိုးငွေဆိုသူ နှစ်ဦးသည် ရွာထဲမှ ရထားလမ်းဆီ အပြေးအလွှားလျှောက်လာနေကြသည်။ ညဥ့်နက်သန်းခေါင်ယံအချိန်မို့ ရထားလမ်းတစ်လျှောက် ရထားခုတ်မောင်းလာနေသံမှတစ်ပါး တိတ်ဆိတ်လို့နေလေသည်။ အမှောင်ထုအောက်မှာ ကမျောကသောပြေးလွှားနေရသဖြင့် ခလုတ်ကန်သင်းများကို တိုက်မိမလိုလိုဖြစ်ပြီး လဲပြိုမယောင်ဖြစ်နေသည်။

"ကျော်ကြီး ...လာလာ၊ အလံချိုးတဲ့နားက သွားစောင့်ရအောင်၊ အဲဒီနေရာရောက်ရင် ရထားက အရှိန်လျှော့သွားတုန်း ရထားပေါ်အမြန်တွယ်တက်ကြမယ်"

ဖိုးငွေက ရှေ့မှနေဦးဆောင်သွားနေရင်း ကျော်ကြီးကို သတိပေးနေသည်။ ၎င်းတို့နှစ်ဦးစလုံးသည် နွားပွဲမှာ နွားဝယ်ယူမည်ဆိုပြီး အိမ်မှငွေထည့်လာကာ နွားပွဲသို့လာရောက်ခဲ့ကြခြင်းဖြစ်သည်။

သို့သော်လည်း နွားပွဲသို့အသွားလမ်းခုလတ်မှ အသုဘအိမ်တွင် ဖဲဝိုင်းတွေ့နေသဖြင့် နွားပွဲထိမသွားတော့ဘဲ ဘေးမှဝင်အကဲခတ်နေသည်။ ယခုအသုဘအိမ်မှာ ဖဲဝင်ကစားနေသူများမှာလည်း မိမိတို့လိုနွားရောင်းပွဲလာကြသူများဖြစ်သည်။

ဖဲဝိုင်းမှာ ငွေကြေးတောင့်တင်းသူများ ကစားနေသော ဖဲဝိုင်းဖြစ်၍ စည်ကားနေသည်။ ဖိုးငွေသည် နဂိုကလည်း ဖဲကစားဝါသနာပါသူဖြစ်ခြင်းကြောင့် ဖဲဝိုင်းတွေ့လျှင်မနေနိုင်သူတစ်ဦးဖြစ်သည်။

ဖဲကစားနေကြသည့်ဝိုင်းထဲမှာလည်း ဒိုင်ကိုင်သူ၏အိမ်မှာသာ ငွေများစုပြုံနေသည်။ ထိုးသားများမှာတော့ ကံမလိုက်၍လား ဖဲညံ့နေ၍လားမသိရှုံးသွားကြသည်ကများသည်။

ထိုစဉ် ထိုးသားတစ်ဦးမှ သူ့အိမ်မှပါလာသောငွေများ လွယ်အိတ်ထဲမှကုန်သွားသဖြင့် ဝိုင်းမှထလာသည်။ ဖိုးငွေကလည်း ဘေးမှရပ်ကြည့်နေရာမှ ထသွားသူ၏နေရာတွင် ဝင်ထိုင်လိုက်သည်။

အစတော့ ဟုတ်မလိုလိုနှင့် မိမိအိမ်မှာ အစားမခံရဘဲ ဒိုင်ကချည်းလျော်နေရသည်။ ဖိုးငွေကတော့ အိမ်ကပါလာသည့်ငွေအပြင် ဖဲဝိုင်းမှနိုင်သောငွေနှင့်ပေါင်းလျှင် နွားနှစ်ကောင်တော့ ဝယ်နိုင်မည်ဆိုပြီး ကြိတ်ဝမ်းသာနေသည်။

သို့သော်လည်း ဖဲသမားတို့မည်သည် နဲ့သမားလိုပဲ ပိန်လိုက်ဖောင်းလိုက် ထုံးစံလိုဖြစ်နေသောကြောင့် အနိုင်ရလာမည့်ငွေသာသာ မိမိအိတ်ထဲမှငွေများပင် တတိတိထွက်သွားနေသည်။

နောက်ဆုံး မိမိပါလာသောငွေများ တစ်ပြားတစ်ချပ်မှမကျန်အောင် ကုန်သွားသဖြင့် ကျော်ကြီးထံမှငွေကိုပင် ဆွဲယူကစားနေရသည်။ ကျော်ကြီး



www.burmeseclassic.com

www.burmeseclassic.com



မှာလည်း စိတ်တူကိုယ်တူသူငယ်ချင်းနှစ်ဦး နွားဝယ်သွားကြမည်ဆိုပြီး အိမ်မှ ငွေအလုံအလောက်ထည့်လာခဲ့ကြသည်။

ယခုတော့ ဖိုးငွေ ဖဲရိုက်ပစ်သဖြင့် သူ့ထံမှငွေများအပြင် မိမိထံမှလည်း အကုန်ပြောင်သွားသည်။ နှစ်ယောက်သား ငွေမရှိတော့မှ ဗိုင်းအပြင်ထွက်ထိုင်ရတော့သည်။

မိမိတို့မှာပါလာသည့်ငွေအားလုံး တက်တက်စင်အောင် ပြောင်သလင်းခါသွားသည်မှာ လမ်းစရိတ်ပင် တစ်ပြားတစ်ချပ်မှမကျန်ပေ။

ဒီတော့ မိမိတို့အိမ်ဆီ ကုန်းကြောင်းပြန်ရတော့မည့်ကိန်း ဆိုက်နေသည်။ ငွေချေးငှားစရာကလည်း မိမိတို့အသိအကျွမ်းမရှိသော အခြားအရပ်ဒေသမှာဖြစ်နေသည်။

နောက်ဆုံး စိတ်ပျက်လက်ပျက်နှင့် မီးရထားဘူတာရုံဆီ ထွက်လာကြသည်။ မီးရထားကိုခိုးစီးပြီး ပြန်ကြရန် တိုင်ပင်ကာ လျှောက်လာနေကြသည်။ ရထားကလည်း မည်သည့်အချိန်လာမည်မှန်း မခန့်မှန်းနိုင်၍ ဘူတာမှာပဲ မိုးလင်းပေါက်ထိုင်စောင့်တော့မည်ဟု ဆုံးဖြတ်လိုက်ကြသည်။

ထိုစဉ် အဝေးဆီမှ ရထားခုတ်မောင်းလာနေသောအသံ ခပ်သဲ့သဲ့ကို ကြားလိုက်ရသဖြင့် အားတက်သွားကာ ညဉ့်နက်သန်းခေါင်အချိန်ကြီးမှာ ဘူတာဆီသုတ်ခြေတင်လာနေခြင်း ဖြစ်ပါသည်။

ရထားဘူတာ သံလမ်းဘေးမှ ရထားခုတ်မောင်းလာနေသည်ကို ရပ်ပြီးစောင့်ကြည့်နေလေသည်။ ရထားကလည်း သံလမ်းချိုးတိုင်းနားမရောက်မီ ခုတ်မောင်းနေသည့်အရှိန်ကို အသာလျှော့ပစ်ပြီး မောင်းနေသည်။

နှစ်ယောက်သား ရထားတွဲဘေးတစ်ဖက်တစ်ချက်မှနေ တွဲခိုတက်ရန် အခြေအနေကို စောင့်ကြည့်နေသည်။ သည်တော့မှပဲ လူစီးတွဲမဟုတ်ဘဲ သစ်လုံးတင်ကုန်ရထားကြီးမှန်း သတိပြုမိသွားသည်။

မည်သို့ပင်ဖြစ်စေ မိမိတို့အခြေအနေက တွေ့သည့်ရထားကိုစီးရမည့် အခြေအနေမျိုးဖြစ်နေသည်။ ဒါကြောင့် မိုရာတွဲပေါ် လှမ်းဆွဲကာ တက်စီးလိုက်သည်။

ရထားကြီးကတော့ ညအမှောင်ထုအောက်ဝယ် အရှိန်နှုန်းမြှင့်ကာ 'တဂျုံးဂျုံး' ခုတ်မောင်းသွားနေသည်။ ရထားတွဲပေါ်တွင် သစ်လုံးများသာတင်ထားသည်ကို တွေ့မြင်နေရသည်။

နှစ်ယောက်သား ရထားစီးပြီး ညအိပ်သွားရမည့်အခြေအနေဖြစ်နေသောကြောင့် အိပ်လို့ရမည့်နေရာကောင်းကောင်းနေရာကို သစ်လုံးတွဲများ တစ်စီးပြီးတစ်စီးခုန်ကူးကာ လိုက်ရှာနေကြသည်။

ရထားတွဲအားလုံးပေါ်တွင် လူတစ်ဖက်စာမကသော သစ်လုံးကြီးများကို သံကြိုးများဖြင့် ချည်နှောင်ကာ သယ်ယူလာခြင်းဖြစ်သည်။ ရထားပေါ်မှ သစ်လုံးကြီးများပေါ်မှ တက်အိပ်လိုက်လျှင်ဖြစ်သော်လည်း ရထားသံလမ်းပေါ်မှာ တဒုန်းဒုန်းနှင့် ခုန်နေသောကြောင့် မည်သို့မျှတက်အိပ်လိုက်ရန် မဖြစ်ပေ။

ဒါကြောင့် နောက်ဆုံးဘက်တွဲနေရာလောက်ဆီမှာ သစ်ချောင်းများတင်ထားသဖြင့် ထိုနေရာမှလိုက်ရန် တွဲကူးသွားနေသည်။ ထိုစဉ် –

"ရှူး ... ကျော်ကြီး ... ဟောဟို သစ်သားစင်ပေါ်မှာ လိုက်ပါစီးလာတဲ့မိန်းမကြီးနှစ်ယောက်ကိုတွေ့လား"

"အေး ... တွေ့သားပဲ"

"မင်းကလည်း ဒုန်းဝေးပါ့ကွာ၊ အဲဒီမိန်းမကြီးနှစ်ယောက်ကို ကြည့်ရတာ အဖော်မပါဘဲ ကြုံရာရထားတက်စီးလာခဲ့ပြီး မြို့မှာကုန်ဝယ်ပြီး ပြန်မယ့်မိန်းမကြီးတွေဖြစ်မယ်"

"အဲဒါ ဘာဖြစ်လဲ"

"ဘာဖြစ်ရမလဲကွ ...၊ အဲဒီမိန်းမကြီးနှစ်ယောက်မှာ ပါလာတဲ့ငွေကို တို့နှစ်ယောက်လုယူလိုက်ရင် ငွေရပေါက်ဖြစ်သွားမယ်"

"ဖြစ်ပါ့မလားကွာ ... ဖိုးငွေရာ၊ ကြည့်လည်းလုပ်ပါဦး"

"ဟော့ကောင် ... မင်းဘာမှပူမနေနဲ့၊ ငါကြည့်စီစဉ်မယ်၊ မင်းသာ ငါပြောတဲ့အတိုင်းလိုက်လုပ် ... ဟုတ်ပြီလား"

ဖိုးငွေက ကျော်ကြီးကို တိုးတိုးတိတ်တိတ်မှာကြားလိုက်ပြီး သစ်သားချောင်းတင်ထားသော ရထားတွဲပေါ် ခုန်ကူးလာလေသည်။ မိန်းမကြီးနှစ်ဦးမှာ လူမပါသောသစ်တင်တွဲမှာ အေးအေးဆေးဆေး တက်စီးလာခဲ့ကြခြင်းဖြစ်သည်။

ဒါကြောင့်လည်း ရထားပေါ်တွင် မိမိတို့အတွက် အန္တရာယ်မရှိနိုင်ဟုထင်ကာ အိပ်ငိုက်လျက် လိုက်ပါစီးနင်းလာကြခြင်းဖြစ်သည်။ ဖိုးငွေက အိပ်ငိုက်နေသော မိန်းမကြီးနှစ်ယောက်နားသို့ ခြေသံလုံလုံနင်းကာ ချဉ်းကပ်သွားနေသည်။ မိန်းမကြီးနှစ်ဦးစလုံး တုန်ဝယ်ယူရန် ပါလာသောငွေအိတ်ကို ခိုင်ခိုင်



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာပိုက်ကာ အိပ်ငိုက်နေကြသည်။ ထိုစဉ် ဖိုးငွေက မိန်းမကြီးတစ်ယောက်၏ ရင်ခွင်ထဲမှာပိုက်ထားသောအိတ်ကို လှမ်းယူလိုက်စဉ် –

"ဟဲ့ ... ဟဲ့ ... ဘာလုပ်တာလဲ"

"ခင်ဗျားတို့မှာ ပါလာတဲ့ငွေတွေကို အေးအေးသက်သာပေးမလား အတင်းဆွဲလုယူရမှာလား ပေးစမ်း"

"နင်တို့က ဘာကောင်တွေလဲ၊ ဘာဖြစ်လို့ သူများငွေကို လုယူချင်ရတာလဲ"

"ကျုပ်တို့အတွက် ငွေက သိပ်အရေးတကြီးလိုနေလို့ပဲ၊ ပေးမလား မပေးဘူးလား"

ခပ်စွာစွာ ထောင်ထောင်မောင်းမောင်းမိန်းမကြီးက ကုန်သည်ပီပီ မိမိတို့ရှာဖွေရင်းနှီးလာသောငွေကို အလကားမပေးချင်သောကြောင့် ငြင်းဆန်ဆန်လုပ်နေသည်။

ဖိုးငွေကတော့ မိမိတို့အတွက် လိုအပ်နေသောငွေကို လူမသိသူမသိ ရထားတွဲပေါ်မှာ အတင်းလုယက်ယူငင်ရန် ကြိုးစားနေလေသည်။ ကျော်ကြီးကလည်း ဖိုးငွေအခြေအနေကို စောင့်ကြည့်နေကာ အကဲခတ်နေသည်။

မိန်းမကြီးနှစ်ဦးစလုံးမှာ ကျောချမှ ဓားပြမှန်းသိ ဆိုသလို၊ လူသူကင်းရှင်းနေသော ရထားတွဲပေါ်ဝယ် ပြဿနာတစ်စုံတစ်ရာ မဖြစ်လောက်ဘူးထင်ပြီး အေးအေးဆေးဆေး အိပ်ငိုက်စီးလာနေခြင်းဖြစ်သည်။

ယခုတော့ ညမှောင်မှောင်ကြီးထဲဝယ် ပတ်ဝန်းကျင်ကိုလည်း ဟစ်အော်အကူအညီတောင်းမရနိုင်သည့် မြို့ဆက်ပြတ်နေသောလမ်းပေါ်ဝယ် လုယက်သူ ယောကျ်ားနှစ်ဦးလက်မှာ အခက်တွေ့နေသည်။

မိမိတို့ ငွေထုပ်အိတ်ပိုက်ကာ ရထားအောက် ခုန်ချပြေးဖို့ဆိုတာလည်း ရထားက အရှိန်မြန်မြန်ခုတ်မောင်းနေသဖြင့် မည်သို့မျှခုန်ချပြီးပြေးရန် မဖြစ်နိုင်ပေ။

ဖိုးငွေကတော့ ရာဇဝတ်မှုတစ်ခုကို ပေါ်ပေါ်ထင်ထင် ကျူးလွန်နေမိမှတော့ မထူးဇာတ်ခင်းနေသည်။ ဘာဖြစ်လို့လဲဆိုတော့ မိမိတို့မျက်နှာသွင်ပြင် ပုံပန်းသဏ္ဌာန်ကို မိန်းမကြီးများက တွေ့မြင်မှတ်မိသွားသောကြောင့် တစ်ချိန်ချိန်မှာ အမှုမှန်ပေါ်ပေါက်သွားမည်ကို စိုးရိမ်ပူပန်နေသည်။

ဒါကြောင့် အသာတကြည် လွယ်လွယ်နှင့် အေးဓားပြတိုက်၍မရလျှင် အတင်းလုယက်ယူရန် ဆုံးဖြတ်လိုက်သည်။

"ကဲ ... အေး အေး၊ အသာတကြည်တောင်းနေလို့မှ မပေးတော့လဲ ဟေ့ ... ကျော်ကြီး၊ နှစ်ယောက်စလုံးဆီက အတင်းလုယူစမ်းကွာ၊ ခုခံရင် အပြတ်ရှင်းပစ်ကွာ"

"မ ... မ ... မလုပ်ပါနဲ့ ငါ့တူတို့ရယ်၊ ချမ်းသာပေးပါကွယ်"

"အို ... မလိုချင်ဘူး၊ ကျုပ်တို့အတွက် အချိန်မရှိဘူး၊ ဟေ့ကောင် ခပ်မြန်မြန်လုပ်စမ်းကွာ"

ဖိုးငွေက လှမ်းအမိန့်ပေးပြောဆိုနေသောကြောင့် ကျော်ကြီးမှာ ကြောက်ကြောက်လန့်လန့်နှင့် ခန္ဓာကိုပိန်ပိန်သွယ်သွယ်မိန်းမဆီမှ ပိုက်ဆံအိတ်ကို ဖွတ်ဆွဲလုယူလိုက်သည်။

ခပ်ဝဝမိန်းမကြီးကသတ္တိကောင်းဟန်တူသည်။ ဖိုးငွေနှင့် လုံးထွေးသတ်ပုတ်နေသည်။ ဖိုးငွေမှာ မိမိနှင့် ရင်ဆိုင်နေသော မိန်းမကြီးမှာ အာဂမိန်းမကြီးပါလားဆိုသည်ကို သိရှိသွားသောအခါ အချိန်ဆိုင်းမနေတော့ဘဲ မျက်နှာပြင်ဆီ လက်သီးခပ်ပြင်းပြင်းတစ်လုံး သွင်းလိုက်သည်။

"ခွပ်"

"အင့်"

ဆိုသောအသံနှစ်သံ တစ်ပြိုင်နက်ကြားလိုက်ရပြီးနောက် မိန်းမကြီးမှာ သတိမေ့လဲကျသွားသည်။ ထိုအခါ ဖိုးငွေက မိန်းမကြီးလက်ထဲမှငွေအိတ်ကို အလျင်အမြန်ဆွဲလုယူလိုက်သည်။

"ကဲဟေ့ ... ကျော်ကြီး၊ ဒီအတိုင်းထားခဲ့လို့မဖြစ်ဘူးကွ၊ တို့မျက်နှာတွေ သူတို့က ရထားလမ်းမီးတိုင်နဲ့ တွေ့မြင်သွားမှာ သေချာတယ် ..၊ ဒီတော့ ..."

"ဘာလုပ်ဦးမှာလဲ ဖိုးငွေရာ ...၊ တို့လိုချင်တဲ့ငွေလည်းရနေပြီဥစ္စာ၊ သွားကြမယ်ကွာ"

"ဟေ့ကောင် ကျော်ကြီး၊ မင်းတော်တော်နုံတဲ့ကောင်ပဲ၊ ခုလိုမျက်မြင်သက်သေ မရှိတဲ့နေရာမှာ အပြတ်ရှင်းခဲ့မှ လက်သည်မပေါ်မှာပေါ့ကွ"

ဖိုးငွေက ပြောပြောဆိုဆို သူ့လက်သီးနှင့်ထိုးလိုက်သော မိန်းမကြီး၏ သတိလစ်မေ့မျောနေသော ခန္ဓာကိုယ်ကြီးကို မ,ချီလိုက်ကာ ရထားတွဲပေါ်မှ အောက်သို့ပစ်ချလိုက်သည်။

နောက် ခပ်ပိန်ပိန်မိန်းမဆီ ဦးတည်လျှောက်သွားကာ ကြောက်ရွံ့ထိတ်လန့် တုန်လှုပ်ချောက်ချားနေသောကြောင့် –

"လူလေးတို့ရယ် အသက်ချမ်းသာပေးပါကွယ်"

www.burmeseclassic.com



"အို ... မလိုချင်ဘူး သွား"

"အား"

ခပ်ပိန်ပိန်မိန်းမကြီးမှာ ဖိုးငွေ ခြေထောက်ဖြင့် ကန်ချလိုက်သောကြောင့် အရှိန်နှင့်ပြေးနေသော ရထားပေါ်မှ တွဲအောက်ဆီသို့ လွင့်စဉ်ကျသွားကာ ညမှောင်မှောင်ကြီးထဲဝယ် ကြောက်မက်ဖွယ်အသံကြီးသာ ပုံးလွှမ်းသွားသည်။

ထို့နောက်မှာတော့ ဖိုးငွေနှင့် ကျော်ကြီးတို့နှစ်ဦးသားသည် စောစောက ဖဲကစားခဲ့သော မြို့လေးဆီသို့ ကားတစ်တန်၊ ခြေလျင်တစ်တန်ဖြင့် ပြန်လည်ရောက်လာသည်။

မိမိတို့ရှုံးသွားသောငွေများကို ပြန်လည်ရယူနိုင်ရန် ပါလာသည့်ငွေများဖြင့် ထပ်မံဖဲရိုက်နေကြပြန်သည်။ အသုဘအိမ်ဖဲဝိုင်းမှာ ညလုံးပေါက်ဖဲကစားနေကြသူများဖြင့် စည်ကားနေလေသည်။

သို့သော်လည်း ဝိုင်းသာသိမ်းသွားသည်။ မိမိတို့ငွေများ ပြန်မရသည့်အပြင် မတရားလုယက်ယူငင်လာသောငွေများလည်း ကုန်သွားသည်။ ဖိုးငွေနှင့်ကျော်ကြီးတို့နှစ်ယောက်သည် မိမိတို့နွားဝယ်ရန် အိမ်မှယူဆောင်လာသောငွေများ ဆုံးရှုံးသွားသည့်အပြင် ရာဇဝတ်မှုကျူးလွန်လာသောငွေများလည်း ကုန်ဆုံးသွားလေတော့သည်။

နောက်ဆုံးမှာတော့ မိန်းမကြီးနှစ်ယောက်ကိုသတ်ပြီး ပါလာသည့်ငွေများ လုယက်ယူငင်လိုက်သည့် ပြစ်မှုကြီးတစ်ခုကို အမှတ်မထင်ကျူးလွန်မိသွားသည်သာ အဖတ်တင်ခဲ့တော့သည်။

သက်ဆိုင်ရာရဲတပ်ဖွဲ့ဝင်များ၏ ခြေရာကောက် စုံစမ်းမှုကြောင့် ဖဲဝိုင်းမှာ နှစ်ကျော့ပြန် ဖဲအကြီးအကျယ်ရှုံးသွားသည့် ဖိုးငွေတို့နှစ်ယောက်နောက်ကို ခြေရာခံလိုက်ခဲ့ရာမှ အမှုမှန်ကို ဖော်ထုတ်နိုင်ခဲ့သည်။

ထိုအခါ တရားရုံးမှာ လုယက်မှု၊ လူသတ်မှုပုဒ်မများဖြင့် တရားစွဲဆိုတင်ခဲ့ရာမှ တရားရုံးမှ ပြစ်မှုထင်ရှားခဲ့သဖြင့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂ (၁)(ဂ)အရ နှစ်ဦးစလုံးကို သေဒဏ်ကျခံစေရန် အမိန့်ချမှတ်ခဲ့လေတော့သည်။ ဖိုးငွေက တရားရုံးမှအမိန့်ချပြီးသည်နောက်ပိုင်း တရားသူကြီးအား လက်ညှိုးငေါက်ငေါက်ထိုးကာ ထွက်လာလျှင် သတ်ပစ်မည်ဟု ကြိမ်းဝါးသွားခဲ့သေးသည်။

"မင်းတို့ကလည်း တော်တော်ရက်စက်တဲ့ကောင်တွေပါလား။ သူများသမ္မာအာဇီဝလုပ်စားနေတဲ့ အပြစ်မဲ့တဲ့ မိန်းမကြီးနှစ်ယောက်ကို လုယက်ယူငင်ရုံတင်မကဘဲ ရက်ရက်စက်စက်သတ်ပစ်ခဲ့တာပဲ"

"ဟုတ်ပါတယ်ဆရာ ... ကျွန်တော်တို့လည်း ဖဲဝိုင်းမှာ ငွေရှုံးလာလို့ စိတ်ညစ်ညစ်နဲ့ အိမ်ပြန်လာတုန်း ခုလိုမမျှော်လင့်ဘဲ တဒင်္ဂလောဘစိတ်နဲ့ ပြစ်မှုကျူးလွန်ဖြစ်သွားခဲ့တာပါ"

"ဘာပဲဖြစ်ဖြစ်ပေါ့ကွာ ...၊ ခုမင်းတို့ပြောပြလို့ မင်းတို့အမှုကို နားထောင်ကြည့်ရသလောက်တော့ အယူခံနိုင်ဖို့မလွယ်ဘူးကွ"

"မနိုင်တော့လည်း ဘာအရေးလဲ ဆရာရယ်၊ လုပ်ရဲရင် ခံရတယ်၊ ကျွန်တော့်ကို သေဒဏ်ပေးခဲ့တဲ့တရားသူကြီးကိုလည်း ရုံးတော်ရှေ့မှာ သတ်ပစ်မယ်လို့ စိန်ခေါ်ခဲ့သေးတယ်"

"အေးပေါ့ကွာ ... မင်းက ကြိုးစင်ကြီးနဲ့ နဖူးတွေ့ဒူးတွေ့ မကြုံဖူးသေးလို့ ဒီစကားတွေကို သတ္တိရှိနေသယောင် ပြောမနေနဲ့၊ မင်းတို့ထက် မိုက်ပါတယ်ဆိုတဲ့ကောင်တွေလည်း တကယ်ကိုယ်အရေးကြုံလာရင် သက်လုံမကောင်းကြပါဘူးကွာ"

"ဟုတ်ပါတယ် ဆရာ၊ ကျွန်တော်လည်း သွေးပူနေတုန်းအချိန်မှာ သွေးရူးသွေးတမ်း ပြောခဲ့တာပါဆရာ၊ လူပဲ ႇသေရမှာတော့ ကြောက်တဲ့လူချည်းပါပဲ ဆရာရယ် ..."

"ဒါနဲ့ ... မင်းရင်ဘတ်မှာထိုးထားတဲ့စာတန်းက ဘာတဲ့လဲ၊ ငရဲမကြောက်သူ ဟုတ်လား၊ ဟား ဟား .. ဟား ..၊ မင်းက ငရဲကော ရောက်ဖူးကြုံဖူးခဲ့လို့လား ..."

"အလကား ... ငယ်ငယ်တုန်းက ပွဲဈေးမှာ ရူးရူးမိုက်မိုက်နဲ့ ထိုးခဲ့မိတာပါ"

"အေး ... နောင်ဖှသပြီးမှ ကြုံတွေ့ရမယ့်ငရဲကိုအသာထား၊ ခုပဲ အသက်ရှင်သန်နေတုန်းမှာ လောကငရဲကို အရှင်လတ်လတ်ခံနေရပြီလေ၊ မင်းကို သေဒဏ်ချလိုက်ပြီးကတည်းက လောလောဆယ် စိတ်ပိုင်းဆိုင်ရာ ချုတ်ချုံကျနေပြီမဟုတ်လား၊ အယူခံကို နိုင်ပါ့မလားဆိုတဲ့ သောကစိတ်တွေ ဝေနေရပြီလေ၊ နောက် ... ဒီထက်စိုးရိမ်သောကစိတ်တွေ တစ်ဆင့်ပြီးတစ်ဆင့် လာလိမ့်ဦးမယ် ..."

"ဒါဆို ... ကျွန်တော့်အမှုက အယူခံနိုင်ပါ့မလား ဆရာရယ် ..."

"အေး ... အယူခံနိုင်မယ်၊ မနိုင်ဘူးဆိုတာတော့ ခန့်မှန်းလို့မရသေးဘူး လောလောဆယ်မင်းအမှုကဗဟိုတရားရုံးမှာ အယူခံပယ်ချခံလိုက်ရပြီ

www.burmeseclassic.com



"ဟင် . . . ဒါဆို . . . ကျွန်တော် ကြိုးစင်တက်ရတော့မယ် ထင်ပါရဲ့၊ ကယ်နိုင်ရင် ကယ်ပေးပါဦး ဆရာရယ်"

ကျွန်ုပ်သည် ကြိုးတိုက်ခန်းထဲ ဝယ် သေဒဏ်ကျခံလာသော ကြိုးသမားဖိုးငွေဆိုသူနှင့် စကားလက်ဆုံကျနေခြင်းဖြစ်သည်။ ဖိုးငွေမှာ အသက်သုံးဆယ်ဝန်းကျင် လူငယ်တစ်ဦးဖြစ်သည်။

ယခုလို ငယ်ရွယ်သန်မာဖြတ်လတ်သူ လူငယ်တစ်ယောက်အနေဖြင့် လောကကြီးမှာ လူလုပ်၍ကောင်းသော အရွယ်လေးများဖြစ်သည်။ မိမိရှာဖွေရရှိလာသောငွေကြေးကို အလဟဿ ဖဲဝိုင်းထဲမှာ လောင်းကစားပစ်ခဲ့၍ အားလုံးငွေကုန်သွားသောအခါ ကုန်ရထားကိုလိုက်ပါစီးနင်းရာမှ သာမန်ကုန်သည်နှစ်ယောက်ကို လူသူမျက်မမြင်မရှိဘဲ မှောင်မည်းမည်းကြီးထဲမှာ ရက်ရက်စက်စက်သတ်ဖြတ်လာသူများ ဖြစ်သည်။

ယခုလို လူသတ်ပြီး ကြိုးစင်ပေါ်တက်လှမ်းကြရမည့် ကြိုးသမားတို့မည်သည် မိမိတို့ခန္ဓာကိုယ်အား ကံနာ၊ ဝဋ်နာမျိုးဖြင့် သေဆုံးကြရမည့်သူများမဟုတ်ဘဲ ဥပစ္ဆေဒကကံဖြင့် သေကြရမည့်သူများသာဖြစ်သည်။

သူတစ်ပါးအပေါ် လုပ်ကြံသတ်ဖြတ်ခဲ့စဉ်အချိန်အခါကား လွယ်လွယ်ကူကူပင် ကြက်ကလေး၊ ငှက်ကလေးများလို သဘောထားကာ သတ်ခဲ့ကြသည်။ ယခု မိမိတို့ခံရမည့်အလှည့်သို့ ရောက်လာကြသောအခါ ပရိဒေဝသောကမီးများဖြင့် အရှူးမီးဝိုင်းအခြေအနေမျိုး ဆိုက်ရောက်နေသည်။

မိမိတို့ဘဝတွေက အရှင်လတ်လတ် အသက်ရှင်သန်နေတုန်းမှာ သေမိန့်ကျထားပြီးသူများ ဖြစ်သည်။ ထိုအခါ မိမိကို ဘယ်အချိန်မှာ ကြိုးတိုက်ထဲကနေ ဆွဲထုတ်သတ်ကြမလဲဆိုသည်ကို ရင်တထိတ်ထိတ်နှင့် စောင့်စားနေကြရလေသည်။

သို့သော်လည်း ကြိုးသမားတို့မည်သည် ချက်ချင်းလက်ငင်းကြိုး ကြိုးစင်ပေါ်ဆွဲတင်သတ်ဖြတ်ခံရမည့် အခြေအနေမဟုတ်သေးဘဲ အကျဉ်းထောင်မှနေ ကြိုးသမားဘဝမှ လွတ်မြောက်လိုလွတ်မြောက်ငြား စွမ်းဆောင်ပေးနိုင်သောနည်းလမ်းသုံးသွယ်ဖြင့် ကြိုးပမ်းပေးခဲ့ရသည်။

ယခုတော့ ကြိုးသမားဖိုးငွေနှင့် အမှုတွဲကျော်ကြီးတို့နှစ်ဦးမှာ တရားရုံးမှနေ သေဒဏ်အမိန့်ချမှတ်လိုက်ခြင်းကြောင့် ကြိုးသမားများဘဝဖြင့် ကြိုးတိုက်ထဲမှာ ရောက်ရှိနေကြသည်။

ဒီလောက် လွတ်မြောက်ဖို့အယူခံလွှာတင်သွင်းပြီး ကြိုးစားပေးခဲ့သော်လည်း ဗဟိုတရားရုံးမှ အယူခံပယ်ချလွှာကို လက်ခံရရှိခဲ့သဖြင့် ကြိုးသမားများကို အသိပေးလက်မှတ်ရေးထိုးခိုင်းပြီး ကျွန်ုပ်က အထက်ပါအတိုင်း အမှုဖြစ်စဉ်ကို တီးခေါက်မေးကြည့်ခဲ့ခြင်းဖြစ်သည်။ ကြိုးသမားနှစ်ဦးစလုံး အယူခံရှုံးသွားခဲ့သည်ဆိုကတည်းက စိတ်ဓာတ်များယိမ်းယိုင်စပြုလာနေသည်။

"တိုက် ရေချိုးထွက်မယ်ဟေ့"

ကြိုးတိုက်စောင့်ဝန်ထမ်း၏အော်ဟစ်လိုက်သံက ကြိုးတိုက်ထဲမှာရှိနေကြသော ကြိုးသမားများကို လှုပ်လှုပ်ရှရှဖြစ်သွားစေသည်။ နံနက်ပိုင်း ထမင်းမစားမီ ကြိုးသမားများကို ရေချိုးထုတ်ပေးလေ့ရှိသည်။

"ငသေပဲ သေရတော့မယ့်ဥစ္စာ ဘာလို့ရေချိုးနေလဲ . . . အပိုပေါ့"

ဖိုးငွေစိတ်ထဲမှာ အထက်ပါအတိုင်း တွေးတောနေမိသည်။ မိမိတို့လို ကြိုးသမားအားလုံးက သေလူတွေဟူ၍ သတ်မှတ်ထားခဲ့သည်။ မည်သည့်နေ့ရက်၊ မည်သည့်အချိန် သေရမည်ဆိုသည်ကို အတိအကျ မခန့်မှန်းနိုင်သော်လည်း တစ်နေ့နေ့ တစ်ချိန်ချိန်မှာ သေကြရမည့်လူများ ဖြစ်သည်။

ယခုလို ရေချိုးထွက်ရခြင်းသည် တဒင်္ဂအချိန်တိုလေး ဖြစ်သည်။ ကြိုးသမားများကို လုံခြုံရေးအခြေအနေအရ ကြိုးတိုက်ခန်းအဲမှာပဲ တစ်နေ့လုံး (၂၄)နာရီကာလပတ်လုံး သော့ခတ်ပိတ်ထားကြသည်။

ဒီအချိန်လေးမှာ မှန်းကြပ်ပျောင်အိုက်နေသော ကြိုးတိုက်ခန်းထဲနှင့်စာလျှင် လွတ်လွတ်လပ်လပ် လမ်းလျှောက်မွင့်၊ ပြင်ပလောကို အားရပါးရ ရှူရှိုက်ခွင့်ရနေခြင်းက မဟာအခွင့်အလမ်းကြီးလို ဖြစ်နေသည်။

ကြိုးတိုက်စောင့်ပါဒါလေးသည် ကြိုးသမားများကို တစ်ခန်းချင်းသော့ဖွင့်ပြီး အပြင်သို့ထုတ်ပို့က်သွင်းလိုက်လုပ်နေသည်။ ကြိုးသမားများကို ရေချိုးထုတ်ပေးရသည်မှာလည်း လွယ်တော့မလွယ်။

တစ်ကြိမ်လျှင် ကြိုးသမားတစ်ဦးချင်းစီသာ ထုတ်ပေးရပြီး အားလုံး စုပြုံမထုတ်ရပေ။ အဘယ့်ကြောင့်ဆိုသော် လုံခြုံရေးအခြေအနေအရ မဖြစ်မချရပေ။ ကြိုးသမားတစ်ဦးလျှင် (၁၅) မိနစ်ခန့်သာ အချိန်ပေးသည်။ ထိုအချိန်လေးမှာ ကြိုးသမားသည်

www.burmeseclassic.com



အခန်းထဲတွင် ပိတ်လှောင်ခံထားရသဖြင့် အညောင်းအညာပြေစေရန် လမ်းလျှောက်၊ ကျန်းမာရေးလေ့ကျင့်ခန်းလုပ်ပြီးမှ ရေချိုးကြရသည်။

များသောအားဖြင့် ကြိုးသမားများသည် ရေချိုးနေချိန်တွင် ပြင်ပမှလေကို တဝကြီးရှူသွင်းခွင့်ရသည်။ ဘေးပတ်ဝန်းကျင် မြင်ကွင်းများကို မြင်တွေ့ခွင့်ရကြလေသည်။ မိမိတို့ဘဝ၏ နေဝင်ချိန်ကာလမှာ ခုလိုမြင်ဖို့တွေ့ဖို့မလွယ်ကူကြပေ။ ပတ်ဝန်းကျင်နှင့် အဆက်ပြတ်ထားသလို ခံစားနေကြရသည်။

နောင်တဟူသည် နောင်မှတ၍ မရစကောင်းပေ။ သတ်သူခံရသည့် အလှည့်တွင် သေသူခံရသူထက် အဆပေါင်းများစွာ ပို၍ဆိုးဝါးခဲ့သည်ဆိုသည်ကို မျက်မြင်ကိုယ်တွေ့ ကြုံနေကြရသည်။

ယခုတော့ တရားရုံးမှအမိန့်ချမှတ်ခံလာကြရသူချင်းတူတူ မိမိတို့က ရိုးရိုးပြစ်ဒဏ်ကျ အကျဉ်းသားများလို မဟုတ်တဲ့ လွတ်လပ်မှုအားလုံး ဆုံးရှုံးကုန်ရသည့် သေဒဏ်ကျခံနေရသော ကြိုးသမားဘဝ ဖြစ်နေသည်။

မည်သို့သော ရာဇဝတ်မှုမျိုးကိုမဆို ကျူးလွန်လာခဲ့ကြသူများအတွက် ကောင်းကျိုးပေးခဲ့သည်ဟူ၍ မရှိပါ။ ဆိုးကျိုးများနှင့်သာ ရင်ဆိုင်ကြုံတွေ့ရမည်မှာ မုချမလွဲမသွေ ဖြစ်ပါသည်။

ဖိုးငွေတစ်ယောက် ကြိုးတိုက်ထဲရောက်လာမှ မျက်ရည်တွေဖွေကျကာ မိသားစုနှင့် ကွဲကွာနေရခြင်းဝဋ်ဒုက္ခကို အကြီးအကျယ်ခံစားနေရသည်။ မိမိ၏ လောဘကြောင့်ဖြစ်စေ၊ ဒေါသကြောင့်ဖြစ်စေ လူတစ်ယောက်ကိုသတ်ပစ်ခဲ့သည်။

ထို အသတ်ခံလိုက်ရသူက မိနစ်ပိုင်းအတွင်းမှာ သေဆုံးသွားခဲ့သည်။ ထိုသူ ခံစားသွားရသည့် ဝေဒနာကလည်း ဘာမျှမကြာလိုက်ပေ။ ယခုမိမိအလှည့်တွင်မူ စိတ်ဝေဒနာ၊ ကိုယ်ဝေဒနာများက လနှင့် နှစ်နှင့်ချီ၍ တစိမ့်စိမ့်ခံစားလို့နေရသည်။ မည်သည့်အချိန်တွင် ကြိုးစင်ကြီးပေါ်တွင် လည်ပင်းကို ကြိုးကွင်းစွပ်၍ သတ်သေမလဲဟူသော စိတ်တစ္ဆေက အချိန်နှင့်အမျှ ခြောက်လှန့်လို့နေသည်။ ယခုတော့ မိမိမျက်ဝန်းမှ တစိမ့်စိမ့်ယိုစီးလာနေသော ကြိုးသမားမျက်ရည်သည်ကား ဘယ်အရာနှင့်မျှ တားဆီး၍ရနိုင်တော့မည် မဟုတ်ပေ။

လူတွင်ပါလို့ နွားကျားကိုက်သည်ဟု ဆိုရမလား။ မိမိဆပ်ဆော့မိလို့ ပါလာသည့်ငွေများဖြင့် ဖဲဝိုင်းထဲဝင်ကာ လောင်းကစားပစ်မိသည်။ ယခုတော့ မိမိဘဝက မြေပြိုလည်းဆုံး သားလည်းဆုံး အခြေအနေဆိုးနှင့် ရင်ဆိုင်ကြုံတွေ့နေရသည်။

ခုတော့ ကံကြမ္မာဆိုသည်ကလည်း ယုံစားရအခက်သား။ ဖိုးငွေတို့ အယူခံမှုကို စုံညီခုံရုံးဆီသို့ စောဒကမှု ဆက်တင်သွင်းခဲ့သည်။ ယခင် ဗဟိုတရားရုံးမှာ အယူခံလွှာကို ပယ်ချခံခဲ့ရသဖြင့် ယခုဝါ စုံညီခုံရုံးဆီသို့ စောဒကမှုကို ဆက်တင်ခဲ့သည်။

တစ်ဖန် စောဒကမှုကလည်း ပယ်ချလိုက်ပြန်ပြီဆိုတော့ အခြေအနေက မကောင်းသည့်ဘက်ကို ပိုရောက်သွားသည်။ ကျွန်ုပ်လည်း စောဒကမှုပါ ထပ်ရှုံးသွားပြန်ပြီဆိုသည့် သတင်းဆိုးကို ကြိုးသမားဖိုးငွေတို့အား အသိပေး အကြောင်းကြားရန် ကြိုးတိုက်ဆီ ရောက်လာပြန်သည်။

“ကဲ ... ဖိုးငွေ၊ မင်းတို့အမှု အခြေအနေကတော့ အဆိုးဘက်ကို ရောက်နေပြီကွ၊ စောဒကမှုတင်သွင်းတာ ရှုံးသွားပြန်ပြီကွ”

“ဗျာ ...”

“ဟုတ်တယ် ဖိုးငွေ ...၊ ငါတို့ထောင်ကလည်း ကြိုးသမားတွေကို ကြိုးပေးစီရင်ရမယ့်တာဝန်ကကြီးတော့ မင်းတို့ကြိုးသမားတွေကို သေဒဏ်က နေလွတ်ပြီး တစ်သက်တစ်ကျွန်းအပြစ်ဒဏ်လောက် ပြောင်းသွားစေချင်တာပေါ့ကွာ”

“ဟင် ... ကျွန်တော်တို့ ကြိုးစင်တက်ရတော့မှာပေါ့”

“ခုချက်ချင်းကြီးလည်း မဟုတ်သေးပါဘူးကွာ ...၊ နောက်တစ်ဆင့် ထပ်ကြိုးစားဖို့ ကျန်သေးတယ်ကွ”

“ဟုတ်လားဆရာ ... မျှော်လင့်ချက်ရှိသေးတယ်ပေါ့”

“ဒါပေါ့ ... နိုင်ငံတော်သမ္မတကြီးထံ နောက်ဆုံးအဆင့် အသနားခံစာ တင်သွင်းလို့ရသေးတယ်ကွ”

ကျွန်ုပ်သည် ကြိုးသမားဖိုးငွေနှင့် ကျော်ကြီးတို့နှစ်ယောက်အတွက် လွန်စွာစိုးရိမ်နေမိသည်။ ကြိုးသမားဆိုသည်မျိုးက မထူးဇာတ်ခင်းတတ်ကြသည်။ မိမိတို့ကိုယ်ကို ကြိုးစင်ကြီးပေါ်ဝယ် ကြိုးပေးအသတ်ခံရမည်ကို လွန်စွာ ကြောက်ရွံ့တတ်ကြလေသည်။

ဒါကြောင့် ကျွန်ုပ်လည်း ပြဿနာတစ်စုံတရာမပေါ်ပေါက်လာစေရန် ကြိုးတိုက်လုံခြုံရေးအင်အားကို တိုးမြှင့် ချထားလိုက်သည်။ တစ်ဂျူတီလျှင် နှစ်ယောက်စောင့်ကြည့်နေရန် စီစဉ်ရလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဒါမှလည်း ပြဿနာတစ်စုံတရာ ပေါ်ပေါက်လာပါက ချက်ချင်းဆောင်ရွက်နိုင်ရန်ဖြစ်သည်။

ကြိုးတိုက်စောင့်ဝန်ထမ်းအား ခါးမှာကြိုးတိုက်ခန်းသော့ကိုပင် အဆင့်သင့်ဆောင်ခိုင်းထားရသည်။ ကြိုးသမားက ခန့်မှန်းရခက်လေသည်။ မတော် ကိုယ့်ကိုယ်ကို သေကြောင်းကြံစည်မှု ပြုလုပ်လာပါက ချက်ချင်းကြိုးတိုက်ခန်းထဲဝင်ကယ်တင်နိုင်ရန် ဖြစ်သည်။

ကျွန်ုပ်သည် စိတ်ဓာတ်ယိမ်းယိုင်မှုလက္ခဏာများဖြင့် ဖြစ်ပေါ်ခံစားနေရသော ကြိုးသမားဖိုးငွေအား တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန် ဗုဒ္ဓအဆုံးအမများဖြင့် စိတ်နှလုံးဆင်ခြင်သုံးသပ်နိုင်ရန် ဟောပြောဆုံးမနေရသည်။

ယခု ပစ္စုပ္ပန်အခြေအနေတွင် ဘဝအခြေမလှပသော်လည်း ဖြစ်သမျှအကြောင်း အကောင်းကြီးသဘောထား၍ နေရသည်။ ယခင်အကြောင်းမကောင်းခဲ့သမျှ ယခုလက်ရှိအခြေအနေ အကျိုးပေးမသန်ခဲ့ရှာသူ ဖိုးငွေခမျာ ယခုဘဝအကြောင်းလည်း မကောင်းပြန်သဖြင့် ပြန်လည်ထင်ဟပ်လာမည့် အကျိုးကလည်း မည်သည့်နည်းနှင့်မျှ ကောင်းနိုင်မည်မဟုတ်ပေ။ ဤသည်မှာ လောက၏သဘာဝသဘောအမှန်ဖြစ်ပေသည်။

ရှင်တော်ဗုဒ္ဓက အကြောင်းအကျိုးတရားကြီးကို တရားသဘောအရလည်း ဟောခဲ့သည်။ လောကီနယ်တွင် အမှန်ဖြစ်တတ် ပျက်တတ်သော သဘာဝအကြောင်းတစ်ရပ်အဖြစ်လည်း ညွှန်ပြပေးခဲ့လေသည်။

လူ့အဖြစ်ကို ရရှိပြီးနောက် မိမိက တစ်ပါးသူအပေါ်တွင် မေတ္တာထားလျှင် တစ်ပါးသူက မေတ္တာဂုဏ်ပြန်တတ်၏။ မိမိက စေတနာထား၍ တစ်ပါးသူအကျိုး သယ်ပိုးလျှင် စေတနာ၏အကျိုးအရ မိမိ၏အကျိုးကို သယ်ပိုးပေးသူ ပေါ်လာတတ်၏။ မိမိက သူတစ်ပါးအပေါ် ရန်ပြုလျှင် တစ်ပါးသူကလည်း မိမိအပေါ် ရန်ပြုလိမ့်မည်သာ။

အကောင်းလုပ်လျှင် အကောင်းတွေ့၍ အဆိုးလုပ်လျှင် အဆိုးကိုသာ တွေ့ရတတ်ပေသည်။ မိမိထံက စေတနာ၊ မေတ္တာတည်းဟူသော အလင်းရောက်သွားလျှင် ပြန်လည်ထင်ဟပ်လာမည်မှာလည်း အေးမြခြင်းအလင်းရောင်ပင် ဖြစ်ပေမည်။ ဤသည်မှာ လောကီ၏သဘောနှင့်တရား၊ တရားနှင့်သဘောသာလျှင် ဖြစ်ပေတော့သည်။

မည်သို့ပင်ဆိုစေ ကြိုးသမားဆိုသည်ကား တကယ်သေရတော့မည့် အခြေအနေမျိုးနှင့် ကြုံကြိုက်လာရသည့်အခါမှာ မည်မျှပင်စိတ်ခိုင်သူဖြစ်ပါစေ အတွင်းအဇ္ဈတ္တမှာတော့ တုန်လှုပ်ချောက်ချားနေမည်မှာ အသေအချာပင်။

ထိုသို့ ကြောက်ရွံ့သည့်စိတ် ကိန်းအောင်းလာပြီဆိုလျှင်တော့ လုပ်မိလုပ်ရာ လုပ်ပစ်ကြတော့မည်မှာ ဓမ္မတာဖြစ်သည်။ ဒါကြောင့် ကျွန်ုပ်တို့ကြိုးတိုက်တာဝန်ကျ ဝန်ထမ်းများမှာ တာဝန်ပိုကြီးလာကာ နေ့ရှေ့ညည ဂျူတီများကို မျက်ခြေမပြတ်အောင် စောင့်ကြည့်ခိုင်းနေရသည်။

ကြိုးတိုက်ခန်းကြီးတစ်ခုလုံးမှာ အသက်မရှိသလို တိတ်ဆိတ်ငြိမ်သက်ခြောက်ကပ်နေသည်။ ကြိုးသမားအများစုမှာ ကံဇာတာမလိုက်၍ထင်သည်။ အနည်းဆုံး ဗဟိုအဆင့်မှာ အယူခံလွှာပယ်ချခံထားရသူက များသည်။ ကြိုးတိုက်ထဲတွင် ကြိုးသမားနှစ်ဆယ်ခန့်ရှိနေပြီး ဗဟိုအဆင့် အယူခံရှုံးနိမ့်ခဲ့ကြသဖြင့် မျှော်လင့်ချက်ရောင်ခြည်များ လျော့ပါးလာနေကြသည်။ စာဒကမှုတင်သွင်းထားသူများမှာလည်း အယူခံလွှာပယ်ချခံရလျှင် နိုင်ငံတော်သမ္မတကြီးထံ အထူးအသနားခံစာ ဝင်မည်ဟု ကြိမ်းဝါးနေကြသည်။

ဤသို့ဖြင့် ကြိုးသမားတို့၏ဘဝသည် မိုးလင်းသွားလိုက် မိုးချုပ်သွားလိုက်ဖြင့် လောကသံသရာ လည်နေကြသည်။ မိမိတို့မိသားစုများနှင့် ဒီတစ်သက် ပြန်ဆုံရန်လမ်းစ မမြင်သလို စိတ်ပျက်အားငယ်နေကြသည်။

မိမိတို့အမှားများအတွက် ယူကြုံးမရ၊ နောင်တရနေသည်။ ဘယ်လိုပဲဖြစ်ဖြစ် မိမိတို့ဘဝကူးကောင်းစေရန် တရားဘက်ကို စိတ်အာရုံနှစ်ကာ သံသရာပါဖို့ တရားဓမ္မကိုလိုက်စားမွေ့လျော်နေကြသည်။ မထူးဇာတ်ခင်းသူ၊ စိတ်ဓာတ်ရင့်ကျက်ခိုင်မာသူများကတော့ သေတစ်နေ့ မွေးတစ်နေ့ထုံးကို နှလုံးမူကာ စိတ်ပျော်ပျော်ပင် နေကြလေသည်။

တချို့ကလည်း မိမိတို့ပြုလုပ်ခဲ့သော အကုသိုလ်တရားကို အထုံပါမည်စိုး၍ ဘာသာတရားတွင် စိတ်နှစ်ကာ နမောတဂေါထာကို ရွတ်ဖတ်နေကြသည်မှာ တိုက်ခန်းထဲဝယ် စီစီညံ၍နေသည်။

ကျွန်ုပ်တို့ဝန်ထမ်းများအပိုင်းမှလည်း ကြိုးပေးကွပ်မျက်ခံရမည့်အခါ

www.burmeseclassic.com



ထောင်မှူးကြီးများသာ တာဝန်ယူဆောင်ရွက်ကြရသောကြောင့် စိုးရိမ်သောက ပွားနေကြသည်။ ကြိုးသမားတစ်ဦးကို ကြိုးပေးစီရင်ရာတွင် ထောင်မှူးကြီးများသည် မဲနှိုက်ပြီး မဲပေါက်သူမှ တာဝန်ယူရသဖြင့် သူ့အလှည့်လား ကိုယ်အလှည့်လားဆိုသည့် ဝေခွဲမရနိုင်သောအတွေးများ ပွားနေကြသည်။

နောက်ဆုံးမှာတော့ ကံတရားသည် အလှည့်အပြောင်းဖြစ်ပေါ်လာလေသည်။ နိုင်ငံတော်လာမည်ဆိုသည့် ကောလာဟလသတင်းများကလည်း ထောင်ဝင်းကြီးထဲမှာ စီစီညံညံကြားလာနေရသည်။

ထောင်ထဲက အုတ်ရိုးသတင်းဆိုသည်ကလည်း တစ်ခါတရံမှန်တတ်သည်လည်းရှိလေသည်။ မည်သို့ပင်ဆိုစေ ကြိုးတိုက်ခန်းထဲမှာရှိသော ကြိုးသမားများအတွက်မူ ကောင်းသောအတိတ်၊ ကောင်းသောနိမိတ်များ ဖြစ်လာနေတော့သည်။

မျှော်လင့်ချက်တရားတို့ ဆိတ်သုဉ်းကုန်ပြီလားဟူသော သောကပင်လယ်ဝေနေကြသူ ကြိုးသမားများအတွက် ကံကြမ္မာသည် ဖေးမပေးလာခဲ့လေတော့သည်။

"ဗိုလ်စိုးရေ ... နိုင်ငံတော် လွတ်ငြိမ်းချမ်းသာခွင့်ပေးတဲ့ တရားဝင်စာရောက်လာပြီဆိုတော့ ကြိုးတိုက်ထဲက ကြိုးသမားတွေကို အမြန်ဆုံးလွှတ်ပေးလိုက်ပြီး အိပ်ဆောင်အသုံးသီးကို ပြောင်းပေးနိုင်အောင် စီစဉ်ပါ"

"ဟုတ်ကဲ့ ထောင်ပိုင်ကြီး၊ ခုပဲ စီစဉ်ဆောင်ရွက်လိုက်ပါ့မယ်"

ကျွန်ုပ်လည်း ထောင်ပိုင်ကြီးပေးအပ်လာသော လွတ်ငြိမ်းချမ်းသာခွင့်ပေးသော အမိန့်စာကိုယူကာ ကြိုးတိုက်ခန်းဆီ အမြန်ဆုံးပြန်လာခဲ့သည်။ ကျွန်ုပ်နှင့် နီစွမ္မဝ လက်ပွန်းတတီးနေထိုင်ဆက်ဆံနေရသော တပည့်ဖြစ်သူ ကြိုးသမားအားလုံးအတွက် ဝမ်းသာပျော်ရွှင်နေသည်။

သည်လိုနေ့ထူးနေ့မြတ်မျိုးကို ကြိုးသမားအားလုံးလိုလို ထာဝရမျှော်လင့်နေခဲ့ကြသည် မဟုတ်ပါလား။ ခုတော့ အားလုံးမျှော်လင့်စောင့်စားနေကြသူများသည် အယူခံလွှာအဆင့်ဆင့်တင်သွင်းထားပြီး အယူခံရှုံးသွား စိတ်ပျက်အားငယ်နေသောအချိန်မှာကံကြမ္မာက ဘဝင်ကျစရာဖန်တီးပေးလာသည်။

မိမိတို့အသက်တွေ လွတ်မြောက်ရှင်သန်ခွင့် ရခဲ့သည်ကြောင့် သေမင်းနှုတ်ခမ်းဝမှ သီသီလေးလွတ်မြောက်လာခဲ့ကြသည်။ သို့သော်လည်း ကြိုးတိုက်ထဲမှ လွတ်မြောက်ခဲ့သော်လည်း အိပ်ဆောင်တွင် ပြောင်းလဲပြင်ဆင်သွားသော ပြစ်ဒဏ်ကိုတော့ ဆက်လက်ကျခံရဦးမည် ဖြစ်ပေသည်။

ယခုလို လောကဓံတရား၏ အထောင်းအထုကို အတော်လေးခံခဲ့ရသူများအဖို့ ဤမျှသောထွက်ပေါက်ကလေးသည်ပင်လျှင် လောကနိဗ္ဗာန်တမျှ ထင်မှတ်လို့နေကြသည်။

ကျွန်ုပ်လည်း ကြိုးတိုက်ထဲတွင် သေဒဏ်ကျခံထားရသော ကြိုးသမားများအား တာဝန်ကျဝန်ထမ်းကို ကြိုးတိုက်ခန်းသော့များ ဖွင့်စေပြီး အားလုံးကို တိုက်ဝင်းရုံးခန်းရှေ့မှာ စုစည်းစေလိုက်သည်။

ကြိုးသမားများမှ တိုက်ခန်းတံခါးကို ဖွင့်လိုက်သည်နှင့် ဝမ်းသာရွှင်မြူးစွာ ခုန်ပေါက်ပြေးထွက်လာကြပြီး ကြိုးသမားတစ်ဦးနှင့်တစ်ဦး သေဖော်သေဖက် ဘဝတူအချင်းချင်း ရင်းရင်းနှီးနှီး ပွေ့ဖက်နှုတ်နေကြသည်။

မိမိတို့ကိုယ်ကို သေတွင်းမှလွတ်မြောက်လာခဲ့ကြသူများအဖြစ် နောင်သံသရာအရှည် ထောင်ဒဏ်ကျနေရဦးမည်ကို တဒင်္ဂမေ့လျော့နေခဲ့ကြသည်။ မည်သို့ပင်ဖြစ်စေ သေဒဏ်ကျခံနေရသည့် ကြိုးသမားဘဝဖြင့် ကြိုးစင်ကြီးပေါ်ကို ဘယ်တော့ရောက်မလဲဆိုသည့် ကျိုးလန့်စာစားဘဝဖြင့် စောင့်မျှော်နေရသည်မှာ မည်မျှစိတ်မောစရာကောင်းသလဲ။

ခုလို နိုင်ငံတော်လွတ်ငြိမ်းသာခွင့်ပေးလိုက်သောအခါ ပစ္စက္ခအသက်ဘေးအန္တရာယ်မှ လုံးလုံးလျားလျား လွတ်မြောက်လာနိုင်ခဲ့ကြသည်။ ထိုအခါ မိသားစုနှင့် လုံးဝမတွေ့ရတော့ဘဲ အဆက်ပြတ်သွားပြီဟု အားငယ်ဝမ်းနည်းစိတ်များမှာ ထောင်ကျအဖြစ်ပြောင်းလဲသွားသောအခါ ထောင်ဝင်စာတွေ့ဆုံနိုင်မည့်အခွင့်အရေး ရှိလာလေသည်။

ကျွန်ုပ်သည် ကြိုးသမား(၂၃)ဦး ကြိုးဒဏ်မှလွတ်မြောက်သွားကြသဖြင့် ထောင်ကျအကျဉ်းသားများအဖြစ် သက်ဆိုင်ရာအိပ်ဆောင်များတွင် ခွဲကာနေရာချထားပေးရန် မိန်းဂျေးလ် ထောင်မှူးကြီးကို လွှဲပေးခဲ့သည်။

ယခုတော့ ကြိုးတိုက်ဝင်းကြီးထဲမှာ ကြိုးသမားတစ်ယောက်မျှမရှိတော့ဘဲ ပြောင်သလင်းခါသွားသည်။ သို့သော်လည်း ကြိုးတိုက်ခန်းများကို သန့်ရှင်းလုပ်ထားရန် တိုက်တန်းစီးအား ခိုင်းထားလိုက်လေသတည်း။

စိုးဝေ

www.burmeseclassic.com



ဒေါ်ကြည်ဌေး ဈေးကြီးထဲက ထွက်လာတော့ ညနေလေးနာရီထိုးတော့မည်ဖြစ်သည်။ မြေလတ်ဒေသရဲ့ လေးနာရီဆိုတာ အပူဆုံးအချိန်ထဲမှာပင် ရှိပါသေး၏။ ဝါဆိုလဆန်းစကာလဖြစ်၍လည်း နေကျဖို့ဆိုသည်မှာ အချိန်တွေအများကြီးကျန်နေပါသေးသည်။ နွေကိုလို ဝါဆိုဟု ဆိုရိုးစကားရှိသည် မဟုတ်ပါလား။ ဒီလိုနေတာရှည်တာကိုပင် သူကတော့ကျေနပ်နေမိသည်။ ဒါမှလည်း နောက်တစ်နေ့ဈေးခင်းနိုင်ဖို့ သူ့အတွက်ပြင်ဆင်ချိန်ရမှာဖြစ်သည်။ သူဈေးရောင်းတယ်ဆိုတာက ဝယ်ထားတဲ့ပစ္စည်းတွေကို အသင့်တင်ရောင်းရတာမျိုးမဟုတ်ဘဲ ဈေးကြီးထဲက အိတ်လိုက်၊ အထုပ်လိုက်ဝယ်လာတဲ့ သကြား။ အချိုမှုန့်၊ သကြားလုံးနဲ့ မုန့်မျိုးစုံတွေကို အိမ်မှာတစ်ရာတန်၊ နှစ်ရာတန် အထုပ်လေးတွေပြန်ထုပ်ပြီးမှ တင်ရောင်းရတာဖြစ်သည်။



www.burmeseclassic.com



ဒါကြောင့်လည်း နေ့တာရှည်တာကို ကျေနပ်နေမိခြင်းဖြစ်သည်။ မျက်စိအား မကောင်းတော့ ညပိုင်းမှာ သူဘာမှ မလုပ်နိုင်တော့ပါ။ သူ့မျက်မှန်ပါဝါက ...င် အနီး +၂၅၀ ဒီဂရီရှိနေပြီဖြစ်ပါ၏။

လက်နှစ်ဖက်မှာ အထုပ်တွေကို မနိုင်မနင်းဆွဲထွက်လာတဲ့အချိန်မှာ ဈေးတောင့်နာရီစင်ကြီးက လေးချက်ထိုးသံကို သူကြားလိုက်ရသည်။ တစ်ယောက်တည်းမို့ မသယ်နိုင်လို့ ဆိုင်မှာပဲအပ်ထားခဲ့ရတဲ့ မုန့်မျိုးစုံအိတ်ကြီးကို သယ်နိုင်းရအောင် ဈေးအကူလေးတစ်ယောက်ယောက်ကို ရှာကြည့်မိသည်။ သူ ဈေးဝယ်လာတိုင်း ဒီလိုပဲ ကလေးတစ်ယောက်ယောက်ကို ကူထမ်းခိုင်းရသည်ချည်း ဖြစ်ပါ၏။ သူကလည်း နှစ်ရက်၊ သုံးရက်စာပေါင်းပြီး ဝယ်ရတာဆိုတော့ သူတစ်ယောက်တည်း မသယ်နိုင်ဘူး။ သူ့အတွက် အဆင်ပြေသွားပါသည်။ ဈေးအကူကလေးတစ်ယောက် သူ့ဆီပြေးလာပြီး နှုတ်ဆက်လို့ကြည့်လိုက်တော့ ခါတိုင်းသူ့ကို ကူသယ်ပေးနေကျ မောင်လှဝင်းလေးကို တွေ့လိုက်ရသည်။

"ဘွားကြည် ... အထုပ်တွေပေးပေး၊ ကျွန်တော်ဆွဲပို့ပေးမယ်"

"ဒါတွေမသယ်နဲ့သားလေး၊ ဟောဟို ဒေါ်ခင်စိန်ဆိုင်မှာ ဘွားကြည်ထားခဲ့တဲ့အိတ်ကြီးကို စက်ဘီးအပ်တဲ့ရုံကို ပို့ပေး၊ ဘွားကြည် စက်ဘီးရုံမှာစောင့်နေမယ်"

"ဟုတ်ကဲ့ ဘွားကြည်"

မောင်လှဝင်း ဈေးရုံထဲဝင်သွားတော့မှ သူလည်း ဈေးရုံအပြင်ဘက်ထွက်လာခဲ့သည်။ ပူလိုက်တဲ့နေမင်း။ ဈေးရုံထဲမှာ မသိသာပေမဲ့ ဈေးရုံအပြင်ထွင်လိုက်တာနဲ့ မီးပူရှိန်ဟပ်လိုက်သလို ခံစားရသည်။ သူ့တစ်ကိုယ်လုံး ချွေးတွေရွှဲနစ်နေပါ၏။ တပ်ထားတဲ့မျက်မှန်မှာလည်း ချွေးငွေ့တွေပိတ်ဖုံးပြီး ကြည့်မကောင်းတော့။ လက်ထဲမှာလည်း အထုပ်တွေဆွဲထားရတော့ မျက်မှန်ကချွေးတွေကိုပင် သူမသုတ်နိုင်အားဘဲ ပိုးတဝါးနဲ့သာ ဈေးရုံကြီးအပြင်ဘက် ထွက်လာခဲ့ရသည်။ စက်ဘီးအပ်ထားခဲ့တဲ့ စက်ဘီးရုံဘက်ကို အထုပ်တွေမနိုင်မနင်းနဲ့ သူလျှောက်လာတော့မှ အဲဒီစက်ဘီးရုံစောင့်တဲ့ကလေးက မြင်တွေ့သွားပြီး သူ့ထံကိုအပြေးလာကြိုပါတော့သည်။ သူ့လက်ထဲက အထုပ်တွေကိုလည်း ကူဆွဲယူရင်း –

"ဘွားကြည်ကလည်းဗျာ ... ကျွန်တော့်ကိုလှမ်းခေါ်လိုက်ရောပေါ့၊ ခုတော့ မနိုင်မနင်းကြီးဆွဲလာရတယ်"

"နိုင်ပါတယ် သားလေးရဲ့၊ မင်းမှာက တခြားစက်ဘီးတွေထုတ်ပေးနေရတော့ အားတာမှမဟုတ်တာ ...၊ ဒါကြောင့် မခေါ်တာပါကွယ် ..."

သည်ကောင်လေးကလည်း ဒေါ်ကြည်ဌေးနဲ့ သွေးသားသဖွယ် ရင်းနှီးနေပြီဖြစ်ပါသည်။ ဈေးကြီးထဲကို ဈေးဝယ်လာတိုင်း သူ့စက်ဘီးရုံမှာအပ်နေကျမို့ သူနဲ့ကတော့ ဖောက်သည်ဖြစ်နေပါပြီ။ တစ်ပတ်ကို သုံးရက်လောက်တွေ့နေရတော့လည်း ခင်မင်နေကြပြီ ဖြစ်ပါ၏။ သည်လိုပဲ ကူညီသယ်ပိုးပေးနေကျဖြစ်ပါသည်။ စက်ဘီးရုံလုပ်ထားတဲ့ မန်ကျည်းပင်ရိပ်အောက်ကို ဝင်လိုက်တော့မှပဲ အေးသွားတော့သည်။ အထုပ်တွေကိုချပြီး မျက်မှန်ကိုဆွဲချွတ်လိုက်ရသည်။ မှန်မှာကပ်နေတဲ့ချွေးနဲ့ ရေငွေ့တွေကို လက်နဲ့ပွတ်ဖျက်လိုက်ပြီး နေရောင်မှာထောင်ကြည့်တော့ ပိပိပြင်ပြင်မကြည်လင်သေး။ အင်္ကျီအောက်နားစကို ဆွဲယူလို့ မှန်နှစ်ဖက်လုံးကိုသုတ်လိုက်တော့မှ ကြည့်ကောင်းသွားသည်။ မျက်မှန်ကို ပြန်မတပ်သေးဘဲ မျက်နှာနဲ့ လည်ပင်းကချွေးတွေကို အင်္ကျီလက်မောင်းက အစနဲ့ပွတ်သုတ်နေတုန်းမှာပဲ ဈေးကြီးထဲက မောင်လှဝင်း မုန့်အိတ်ကြီးထမ်းပြီး စက်ဘီးရုံကိုရောက်လာပါတော့သည်။ သူက ပိုက်ဆံအိတ်ထဲက နှစ်ရာတန်တစ်ရွက်ထုတ်ပေးလိုက်တော့ မောင်လှဝင်းက တစ်ချက်ပြုံးပြရင်း လှမ်းယူပြီး ဈေးထဲကိုပဲ ပြန်ဝင်သွားပါတော့သည်။

စက်ဘီးရုံစောင့်ကလေးက သူ့စက်ဘီးကိုတွန်းထုတ်လာပြီး မန်ကျည်းပင်ရိပ်မှာ ဒေါက်ထောက်လိုက်သည်။ စောစောက သူကူညီဆွဲယူလာတဲ့ အထုပ်တွေကို လက်ကိုင်မှာ ချည်သင့်တာချည်နှောင်သည်။ ရှေ့မီးချိတ်မှာ ဆွဲလို့ရတာကို ချိတ်ဆွဲပေးသည်။ သူလေးက ဒီလိုပဲ အမြဲကူညီပြီးလုပ်ပေးနေကျဖြစ်သည်။ အထုပ်အဆွဲတွေ နေရာကျတော့ ဈေးထဲကထမ်းလာတဲ့ မုန့်မျိုးစုံအိတ်ကြီးကို စက်ဘီးကယ်ရီယာပေါ် တင်ပေးသည်။ ဒေါ်ကြည်ဌေးကတော့ စက်ဘီးကိုလဲမသွားအောင် ကိုင်ပေးနေလိုက်သည်။ မုန့်အိတ်ကြီးကို စက်ဘီးနောက်ခုံပေါ်မှာ ကျကျနနတင်လို့ ခိုင်မြဲအောင်ကြိုးနဲ့ချည်တုပ်ပြီးတော့မှ သူငယ်လေးက –

"ကဲ ... ဘွားဘွားကြည်၊ စီးလို့ရပါပြီ၊ တွန်းကြည့်ပါဦး၊ နိုင်ရဲ့လား"

သူ့စက်ဘီး သူကြည့်ပြီး ဒေါ်ကြည်ဌေး နည်းနည်းတော့စိုးရိမ်သွားသည်။ ဝန်ထုပ်တွေနဲ့ အပြန်လမ်းက အဆင်ပြေပါ့မလားပေါ့။ သူက ဒီလိုပဲ နှစ်ပေါင်းများစွာပြန်နေကျမို့ အရမ်းကြီးတော့ မပူမိပါဘူး။ ဝယ်နေကျ



www.burmeseclassic.com

www.burmeseclassic.com



သဲယ်နေကျပဲလေ။ ငယ်စဉ် လွှန်ခဲ့တဲ့ ဆယ်စုနှစ်တွေကတည်းက သူဒီလိုပဲ စက်ဘီးတစ်စီးနဲ့ လုပ်ကိုင်ရောင်းချလာခဲ့တာဆိုတော့လည်း အစိုးရိမ်ကြီး မဟုတ်ပေမဲ့ အခုသူက အသက်ခြောက်ဆယ်နားကပ်နေပြီ။ သူ့ကို ဈေးမရောင်းတော့ဘို့၊ စက်ဘီးမစီးတော့ဖို့ ဆွေမျိုးအပေါင်းအသင်းတွေက တားမြစ်ကြပေမဲ့ သူက ငြင်းပယ်ခဲ့တာချည်းပဲဖြစ်သည်။ စင်စစ် ဒေါ်ကြည်ဌေးသည် တစ်ကောင်ကြွက်မဟုတ်။ အိုကြီးအိုမနှင့် ထမင်းတစ်လုပ်အတွက် ကြွက်ယက်သလို ယက်၍စားနေရသူလည်းမဟုတ်၊ ခင်ပွန်းသည် ကွယ်လွန်သွားပြီးနောက် တစ်ဦးတည်း မျက်စိသူငယ်နှင့် ကျန်ရစ်ခဲ့သော မုဆိုးမပူပူနွေးကြီးကို အိမ်ထောင်ကွဲများဘဝရောက်နေသည့် နယ်မှာတာဝန်ကျနေသည့် နိုင်ငံ့ဝန်ထမ်း သားနှစ်ယောက်က အတူနေရန်ခေါ်ကြသည်။ သူမနေနိုင်ခဲ့။

ဒေါ်ကြည်ဌေးက ဇာတိသစ္စာကြီးသည်။ ခင်ပွန်းဖြစ်သူခေါင်းချသွားသည့် သည်အိမ်၊ သည်မြို့နှင့် သူမခွဲနိုင်ခဲ့။ သူ့မာနနှင့် တောင့်ခံနေခဲ့သူပင်။ ထို့ကြောင့် တစ်ကိုယ်ရေတစ်ယောက်တည်းဘဝမှာ အေးအေးဆေးဆေး အနားယူပြီး နေနိုင်ပေမဲ့ ဈေးက အပေါင်းအဖော်တွေကိုမခွဲချင်တာရယ်၊ မနက်ပိုင်းအချိန်တွေကို ဈေးရောင်းရင်း ကုန်ဆုံးသွားပါစေတော့ ဆိုတာရယ်ကြောင့် သူဈေးရောင်းနေခြင်းဖြစ်ပါ၏။ ညနေပိုင်းမှာတော့ အာစိဏ္ဏကံဝိပဿနာအလုပ်နဲ့ပဲ အချိန်တွေကိုမေ့ဖျောက်ထားခဲ့ရသည်။ သူ့ဘဝမှာ သတိရစရာတမ်းတစရာတွေက များလေတော့ အလုပ်ထဲမှာ အချိန်ကုန်အောင် အသုံးချနေရသည်ဟုလည်း ဆိုနိုင်ပါ၏။

စက်ဘီးကိုချိတ်ထားတဲ့ အိတ်တွေနဲ့၊ ကယ်ရီယာခုံပေါ်က အိတ်ကြီးကို ကိုင်လှူပ်ကြည့်ပြီး ကျေနပ်တော့ အစောင့်ကောင်လေးကို နှစ်ရာတန်တစ်ရွက်ပေးရင်း –

"ကျေးဇူးပါပဲ သားလေးရယ်၊ မင်းမှာ အမေလာတိုင်း ကူညီပေးနေရတာ အားတောင်နာပါရဲ့ ..."

"မပြောပါနဲ့ အမေကြည်ရယ်၊ ကျွန်တော် ကူညီရမှာပေါ့ ...၊ အမေကြည်က ကျွန်တော့်ဖေါက်သည်ပဲ ...၊ ကျွန်တော့်ကို ထမင်းကျွေးနေတာလေ ...ဟား ...ဟား ... ဟား ..."

ကလေးက ပိုက်ဆံကိုလှမ်းယူရင်း ပြောလည်းပြော၏။ ကျေနပ်မှုကြောင့်ထင်ရဲ့ အားရပါးရလည်းရယ်မောပါ၏။ သူ့ကိုကြည့်ပြီး ဒေါ်ကြည်ဌေးပင်လျှင် အမောအပန်းပြေသွားသလို ခံစားလိုက်ရသည်။

စက်ဘီးကို ဒေါက်ဖြုတ်၊ စီးမလို့ တွန်းလိုက်တော့ ရှေ့ဘီးက မြေပေါ်မှာ စီးစီးပိုင်ပိုင် မငြိမ်ချင်ဘူး။ လှည်းဦးပေါ့နေသလိုမျိုး လက်ထဲမှာထိတွေ့လိုက်ရသည်။ စက်ဘီးစီးထွက်လိုက်တော့လည်း အဆင်ပြေသွားပါသည်။ ဖင်ထိုင်ခုံမှာထိုင်ချလိုက်တော့ လူ့ဝိတ်ကြောင့် လက်ကိုင်ငြိမ်သွားကာ စီးရတာ အဆင်ပြေသွားသည်။ အထုပ်တွေ အနည်းငယ်လျှော့ရမ်းတာကလွဲပြီး စီးလို့ရပါသည်။ သူဈေးကြီးထဲကပြန်လာတော့ ညနေလေးနာရီခွဲတော့မည်။

စက်ဘီးကို မှန်မှန်နင်းလာရင်း ရှေ့မှာ စည်ပင်သာယာရုံးကြီးကိုတွေ့လိုက်တော့ အတက်ခရီးစတော့မည်မှန်း သူ့အလိုလိုသိလာသည်။ သွားနေကျခရီးပဲလေ။ သူက မြို့သစ်မှာနေတာ။ အမြင့်ပိုင်းကုန်းပေါ်မှာ။ ဈေးကြီးကိုလာတော့ အဆင်းခရီး၊ သက်သက်သာသာ လိမ့်ဆင်းလာရုံပဲ။ အပြန်ကျရင်တော့ ကျိတ်ပေရော့ အတက်ခရီး။ ဒီစည်ပင်ဈေးကစပြီး မြို့သစ်ရောက်အောင် အတက်ခရီးက အတော်ရှည်သည်။ အတက်ပြေပြေကလေးမို့သာတော်သေးသည်။ သို့မဟုတ်ရင်ဖြင့် ဆင်းတွန်းရမည့်ကိန်းပင်ဖြစ်သည်။ ရှေ့ခရီးကို စဉ်းစားရင်း စည်ပင်ရုံးကြီးကျော်လို့ အတက်ခရီးကို ရုန်းတက်နေတုန်း။ မျက်နှာချင်းဆိုင်ဘက်က ကုန်ကားကြီးတစ်စီး အရှိန်နဲ့မောင်းဆင်းလာတာကို 'တွေ့လိုက်ရသည်။ ကိုယ့်မှာလည်း ဝန်ထုပ်တွေနဲ့မို့ ကားနဲ့ဝေးဝေးမှာပဲ သူ့စက်ဘီးကို ယာဘက်မြေနီလမ်းထဲ နင်းဆင်းလိုက်သည်။ ဝေးဝေးကလွတ်အောင် ရှောင်ထားလိုက်တာဖြစ်ပါ၏။ နေကလည်းပူ၊ လူကလည်းမော၊ အတက်ခရီးလည်းဖြစ်တော့ ကိုယ့်ကိုယ်ကို စိတ်မချလို့ အဝေးကြီးက ကွင်းရှောင်ထားခြင်း ဖြစ်ပါသည်။

ကုန်ကားကြီးကို ဘေးကင်းရန်ကင်း ရှောင်လိုက်နိုင်ပြီး မြေနီလမ်းကတာလမ်းပေါ်ပြန်တက်တော့မှ ပြဿနာဖြစ်တော့သည်။ သူ့စက်ဘီးက နောက်ဝိတ်များနေပြီး ရှေ့ဘီးမငြိမ်တာမှ အနိမ့်ပိုင်းမြေနီလမ်းက တာလမ်းပေါ်အတက် အောက်ခြေလွတ်ပြီး လဲပါတော့သည်။ စက်ဘီးတခြားလူတခြားလွင့်စဉ်သွားတာကို သိလိုက်ရ၏။ ခေါင်းကို တစ်စုံတစ်ခုနဲ့ ဆောင့်လိုက်မိတာကိုလည်း သိလိုက်ပါသည်။ မျက်စိတစ်ချက်ဖွင့်ကြည့်လိုက်တော့ မျက်မှန်မရှိတော့တာမို့ အမြင်တွေကမှုန်ဝါးဝါး၊ မျက်မှန်ပင်ရှိစေဦးတော့ ဒေါ်ကြည်ဌေး

www.burmeseclassic.com



ဘာကိုမျှ မြင်နိုင်မည်မထင်ပါ။ သူ လောကကြီးကို မေ့သွားခဲ့ပြီလေ။ နောက်ဆုံး သူကြားလိုက်နိုင်တာက–

"ဟာ . . . အဒေါ်ကြီးလဲသွားပြီ၊ တော်ပါသေးရဲ့ ကုန်ကားကြီးနဲ့ သီသီလေးလွတ်သွားလို့ . . ."တဲ့။

(၂)

ဒီနေ့ ဈေးခေါင်းကွဲတာစောလွန်းတယ်လို့ မကြည်ဌေးတွေးနေမိသည်။ (၁၂)နာရီပင် မထိုးတတ်သေး၊ ဈေးထဲမှာ လူရှင်းနေပြီဖြစ်သည်။ ဈေးဝယ်သူပါးချိန်မို့ သူလည်းလုပ်နေကျအလုပ်ကလေး လုပ်နေမိသည်။ လုပ်နေကျအလုပ်ဆိုတာ ရောင်းလို့ရတဲ့ပိုက်ဆံတွေကို မျိုးတူထပ်နေတာပဲဖြစ်ပါ၏။ မျိုးတူရွေးထပ်ထားတော့ ရေတွက်ရတာလွယ်တယ်လေ။ တစ်ထောင်တန်၊ ငါးရာတန်စသည်ဖြင့် အမျိုးတူရာထပ်ရင်း စိတ်ထဲကလည်း ရေတွက်ကြည့်မိသည်။ ဒီနေ့ရောင်းရငွေမှာ နှစ်သောင်းကျော်ရှိသည်ကို တွေ့ရ၏။ အမြတ်အစွန်းနှစ်ထောင်လောက် စုဘူးထဲထည့်နိုင်ပြီလို့ စိတ်ထဲကသိလိုက်ပြီး သူ့နောက်ဘက်ကျွန်းသေတ္တာကြီးထဲက မှန်ပုံးကြီးနဲ့လုပ်ထားတဲ့ စုဘူးကိုထုတ်ယူလိုက်ပါသည်။ ငွေစက္ကူအသစ်ဆုံးတွေရွေးပြီး စုဘူးထဲသို့ နှစ်ထောင်ထည့်လိုက်တော့မှ ဒီနေ့အတွက် သူ့အလုပ်တစ်ခု ပြီးမြောက်သွားသလို လူလည်းပေါ့ပါးသွားသည်ဟု ထင်လိုက်မိသည်။ သူ ဈေးရောင်းနေတာသည်ပင် ယခုလိုရသမျှအမြတ်အစွန်းကလေးတွေကို စုဖို့ဆောင်းဖို့ မဟုတ်ပါလား။

အိမ်ရဲ့စားဝတ်နေရေးက ဒေါ်ကြည်ဌေး ပူစရာမလိုပါ။ ခင်ပွန်းသည် ကိုအောင်မြင့်က ဌာနကြီးတစ်ခုမှာ ရုံးအုပ်ကြီးဖြစ်သည်။ လင်ကိုယ်မယားနှစ်ယောက် အေးအေးချမ်းချမ်း စားသောက်နိုင်ပါ၏။ လစာဝင်ငွေရှိ၏။ လက်ဆောင်ပစ္စည်းရ၏။ ဘဝမှာ ပူစရာမရှိပါပေ။ ကိုအောင်မြင့်က အသုံးအဖြုန်းမရှိသလို မကြည်ဌေးကလည်း စနစ်ကောင်းတော့ ကြွေးမြီကင်းရှင်းပြီး သီရိဂေဟာလေးတစ်ခု တည်ဆောက်နိုင်ခဲ့ကြသည်။ ဒီတော့ မကြည်ဌေး ဈေးရောင်းလို့ရတဲ့ အမြတ်အစွန်းကလေးတွေ သွားစမ်း စုဘူးထဲပေါ့။ စုဘူးဆိုတာကလည်း စုတဲ့အခါ စုရသလို လိုအပ်တဲ့အခါကျလည်း ဖောက်ရသုံးရတာပါပဲ။

"လေးလေးကြည် . . . အချိုမှုန့်နှစ်ရာတန်တစ်ထုပ်လောက်"

ရောင်းရငွေ ရေတွက်စီထပ်ရင်း အတွေးလွန်နေတဲ့ မကြည်ဌေး မော့ကြည့်လိုက်တော့ ဆိုင်ရှေ့မှာ ဈေးဝယ်သူတစ်ယောက်ကို တွေ့လိုက်သည်။ လက်ထဲက ရေတွက်နေဆဲပိုက်ဆံထပ်ကို ချထားလိုက်ပြီး –

"ဟဲ့ . . . မိချို၊ ဒီနေ့ဈေးနောက်ကျပါလား၊ လေးကြည်တောင်ဆိုင်သိမ်းတော့မလို့"

"ဟုတ်တယ် လေးလေးကြည်ရေ၊ ဒီနေ့ ကိုမြင့်သန်းကားထွက်ရမှာမို့ ထမင်းကျွေးခဲ့ပြီးမှ ထွက်လာရတာ၊ ဟင်းချက်စရာလည်း မလိုတော့ ခုမှပဲ ထွက်ခဲ့တာ၊ တစ်လက်စထဲ ပေါင်မုန့်နှစ်ခုလည်း ပေးပါဦး၊ ပူစီမပေးနဲ့ လေးကြည်၊ ဝမ့်ဝမ့်ဝဲပေးလိုက်၊ အချိုမှုန့်နဲ့ဆိုတော့ ငါးရာပြီးရော"

ချိုချိုသန်းဆိုသော ဈေးဝယ်သူမိန်းကလေးက ငါးရာတန်တစ်ရွက်လှမ်းပေးတာကို ဆွဲယူလိုက်ရင်း၊ သူ့လက်ထဲက အချိုမှုန့်ထုပ်နဲ့ ပေါင်မုန့်နှစ်ခုထည့်ထားတဲ့ ပလတ်စတစ်အိတ်ကို ထိုးပေးလိုက်သည်။ ဈေးဝယ်သူမချိုပေးတာက ငါးရာတန်အသစ်ကလေးမို့ အကျအနခေါက်ပြီး စုဘူးထဲပဲထည့်လိုက်တယ်။ ဒါကို မြင်တွေ့နေတဲ့ ချိုချိုသန်းက –

"လေးကြည်ကို ကျမ,သတိထားမိတယ်၊ ပိုက်ဆံအသစ်ကလေးတွေဆို လေးကြည် စုဘူးထဲတန်းထည့်တာပဲ၊ လေးကြည်တော့ ရသမျှစုပြီး ရွှေတွေချည်းပဲ ဝယ်ထားတယ်ထင်တယ်"

"ရွှေမဝယ်နိုင်ပါဘူး မချိုရယ်၊ အသစ်ကလေးတွေရတိုင်းလည်း မစုနိုင်ပါဘူးကွယ်၊ ဒီနေ့အတွက် စုဘူးထည့်ဖို့လိုနေတုန်း မချိုပိုက်ဆံက အသစ်ကလေးမို့ထည့်လိုက်တာပါ၊ စုသာစုရတာပါကွယ်၊ အချိန်တန်တော့လည်း စုဘူးထဲက ခုန်ပေါက်ထွက်သွားကြတာပါပဲ . . ၊ အဲ . . ရွှေဆိုင်ဘက်တော့ သူ့တို့က မျက်စိလည်လို့တောင် မရောက်ကြပါဘူးကွယ် . . ."

"သွားမယ်နော် လေးကြည်"

ဈေးဝယ်သူချိုချိုသန်း ထွက်သွားတာကို ကြည့်နေရင်း မကြည်ဌေး သူ့အတွေးနဲ့သူ ငေးပြီးကျန်ခဲ့သည်။ ဈေးထဲမှာလည်း လူသူကင်းစပြုပြီဖြစ်လို့ လက်ကျန်ကုန်ပစ္စည်းကလေးတွေကို သေတ္တာကြီးထဲထည့်သိမ်းလိုက်သည်။ ရောင်းရငွေနဲ့ စုဘူးကြီးကိုတော့ အိမ်ပြန်ယူမည့်ဈေးခြင်းကြီးထဲ ထည့်လိုက်သည်။ သူရောင်းနေတဲ့ဈေးက နေ့ဝက်ဈေးသာဖြစ်လို့ နေ့တိုင်းလည်း ဒီအချိန်ဆိုင်သိမ်းရသည်။ အိမ်ပြန်ရောက်ရင် ဈေးကဝယ်လာတဲ့ ဟင်းချက်စရာလေးတွေကို ညစာချက်တဲ့အလုပ်ပဲရှိသည်။ နောက်နေ့ရောင်းဖို့အထုပ်တွေကိုတော့ သူလုပ်ဖို့ပင်မလိုပါ။ ညနေရုံးဆင်း

www.burmeseclassic.com



လာတဲ့ ကိုအောင်မြင့်က လုပ်ပေးနေကျ။ ရေမိုးချိုး၊ ထမင်းစားပြီးတာနဲ့ ကိုအောင်မြင့်တစ်ယောက် အထုပ်တွေထုပ်မည်၊ ဖယောင်းတိုင်မီးနဲ့ပိတ်မည်။ နောက်တစ်နေ့အတွက် ဈေးခြင်းကြီးထဲထည့်ပေးမည်။ တစ်အိမ်လုံးမှာ နှစ်ယောက်ထဲရှိတာမို့ တစ်ဖက်တစ်လမ်းက ကူညီပေးရှာသော အိမ်ဦးနတ်ကြီးကို မကြည်ဌေးရှိခိုးရတာလည်း ညစဉ်ညတိုင်း။

(၃)

ဒီနေ့ ဥပုသ်နေ့မို့ ဒေါ်ကြည်ဌေး ဈေးမထွက်ခဲ့ပါ။ မနက်စောစောပင် ဆရာတော်ဦးပန်(ဦးပဏ္ဍိစ္စ)ကျောင်းသွားပြီး သီလယူလိုက်သည်။ နေ့ခင်းမှာတော့ အိမ်ရှေ့ခန်းက ကုလားထိုင်မှာထိုင်ရင်း ပုတီးစိတ်နေလိုက်သည်။ ကုလားထိုင်ပေါ်ကနေပြီး ပြတင်းပေါက်မှတစ်ဆင့် အိမ်ရှေ့လမ်းကိုပင် မြင်နေရသည်။ အိမ်ရှေ့အဝင်ဂိတ်တံခါးဘေးက ကျွန်းပင်ကြီးနှစ်ပင်ကိုလည်း တွေ့နေရသည်။ ရွက်သစ်တွေ ဝေဝေဆာဆာဖြင့် လူတစ်ဖက်ခန့်ကျွန်းပင်ကြီးများ ဖြစ်ပါ၏။ အပင်အရွယ်တူ သန်မာဖွံ့ထွားသော ကျွန်းပင်ကြီးများဖြစ်သည်။ သည်ကျွန်းပင်ကြီးများသည် ဤခြံမြေဝယ်စဉ်ကပင် ပါလာသော အပင်များဖြစ်ပါ၏။ လွန်ခဲ့သော တစ်ဆယ့်ရှစ်နှစ်ခန့်က ဖြစ်ပါသည်။ သို့ဆိုပါလျှင် ဤကျွန်းပင်ကြီးများ၏သက်တမ်းမှာ နှစ်ပေါင်းနှစ်ဆယ်ထက် ငယ်ဖွယ်မရှိပါပေ။

ဒီခြံပိုင်းကိုဝယ်စဉ်က ဤကျွန်းနှစ်ပင် ပါလာခဲ့သည်။ အလေ့အကျပေါက်နေသော အပင်များပင်ဖြစ်ပါ၏။ ဝင်းခြံကာလိုက်သောအခါ ယင်းအပင်များသည် ခြံဝင်းအတွင်း ကျရောက်ပါသည်။ လူကြီးလက်မောင်းလုံးသာသာ အပင်များဖြစ်၏။ အိမ်ရှေ့ဂိတ်တံခါးပြုလုပ်သောအခါ သူတို့နှစ်ပင်က ဂိတ်တံခါးဘေး၊ အုတ်ရေကန်၏အနီးမှာ ဖြစ်ပါသည်။ ဒါကြောင့်လည်း ညနေခင်း ကိုအောင်မြင့်ရေချိုးတိုင်း ဒီကျွန်းနှစ်ပင်ကို ရေလောင်းပေးတတ်သည်။ ရေလောင်းတိုင်းလည်း မကြည်ဌေးကို ပြောနေကျစကားတစ်ခွန်းရှိသည်။

"ဟောဒီ ကျွန်းပင်တွေက ငါဘယ်လောက်ရေလောင်းပေးပေး ငါတို့မသုံးရပါဘူးကွာ၊ တစ်နေ့ကျ နိုင်ငံပိုင်ဖြစ်မှာတွေပါကွာ ..."

ဒေါ်ကြည်ဌေးက ဆယ်တန်းမအောင်ပေမယ့် သင်ခဲ့ဖူးသူဖြစ်ပါသည်။ သစ်တောဥပဒေတွင် "နိုင်ငံတော်အတွင်း မည်သည့်နေရာတွင်မဆို ပေါက်ရောက်နေသော ကျွန်းပင်သည် နိုင်ငံတော်ပိုင်ဖြစ်သည်"ဆိုတာလောက်တော့ သိပါ၏။ ဒါပေမဲ့ တစ်ခါတရံ ကိုအောင်မြင့်ကိုဆန့်ကျင်ပြီး

"ကိုယ်မသုံးရတဲ့အပင်များ ဘာလို့ရေလောင်းပေးနေလဲတော် ...၊ ဒီအတိုင်းပစ်ထားလိုက်ပေါ့ ...၊ သေချင်သေ၊ ရှင်ချင်ရှင် ထားလိုက်ပါလား"

"ဒီလိုမပြောနဲ့လေ၊ ကျွန်းပင်ဆိုတာ ခုတ်ပစ်၊ သတ်ပစ်လို့ရတာ မဟုတ်ဘူး၊ မင်းပြောသလို ပစ်ထားလိုက်ရင် ဒီအပင်တွေ သတ်ပစ်သလိုဖြစ်မှာပေါ့၊ ကျွန်းဆိုတာ ရတနာတန်းဝင်သစ်အမျိုးအစားကွ၊ တစ်ချိန်မှာ နိုင်ငံပိုင်ဖြစ်သွားရင်လည်း နိုင်ငံအတွက် အကျိုးရှိတာပါပဲ၊ နိုင်ငံတော်အတွက် အကျိုးရှိတယ်ဆိုရင် ကိုယ်သုံးရသလိုပဲ အကျိုးရှိပါတယ်ကွာ ...၊ ရေလောင်းရကျိုးနပ်ပါတယ်ကွာ ..."

ကိုအောင်မြင့်က ပြောတဲ့အတိုင်း ရေလောင်းမပျက်ခဲ့ပါ။ ကျွန်းပင်ကြီးနှစ်ပင်ကလည်း ကြီးထွားသန်မာကြပါပေ့။ တစ်နေ့တစ်ခြား အပင်ကြီးများဖြစ်လာပါသည်။ အကိုင်းအခက်တွေ ဝေဝေစည်စည်ဖြင့် ရာသီအလီလီကို ဖြစ်တတ်ကျော်ခဲ့ကြပြီ။ ယခုဆိုလျှင် ရတနာတန်းဝင် ကျွန်းပင်ကြီးများပင် ဖြစ်နေကြပါပြီ။ ဒါပေမဲ့ ကျွန်းပင်ကြီးများရဲ့ဥယျာဉ်မှူး အိမ်ဦးနတ်ကြီးကတော့ သူအမြတ်တနိုးပြုစုခဲ့သော ကျွန်းပင်ကြီးများနဲ့ သူ့ကိုခွဲခွာသွားခဲ့ချေပြီ ဖြစ်ပါသည်။ နှစ်ခါလည်ပင် ရှိခဲ့ပါပြီကော။

ဥပုသ်သီလကိုလည်းခံယူဆောက်တည်ခဲ့ပါ၏။ ပုတီးကိုလည်း လက်မှာကိုင်ဆွဲထားပါ၏။ ဒါပေမဲ့ ဒေါ်ကြည်ဌေး၏စိတ်အစဉ်သည် ပျံ့လွင့်နေဆဲပါတည်း။ သူလည်း ပုထုဇဉ်သာဖြစ်လေတော့ အတိတ်ကိုဖျောက်ဖျက်ဖို့ဆိုတာ အတော်ကြိုးစားရဦးမှာပဲ ဖြစ်ပါသည်။

(၄)

အိပ်မက်လိုလို တကယ်လိုလိုနဲ့ အတွေးအာရုံတွေ ထွေပြားနေရာက ဒေါ်ကြည်ဌေးသတိရလာလို့ မျက်စိကို ဖွင့်ကြည့်လိုက်တော့ သူအိပ်ပြန်ခ့ောက်နေတာ သိလိုက်သည်။ နားထဲမှာ မသဲမကွဲ ဝိုးတဝါးသာ ကြားနေခဲ့ရတဲ့ ဂျူမမသန်းရီရဲ့ စကားသံတွေကို ခုတော့သူ့ ပီပီပြင်ပြင်ကြားနေရပြီ။ မသန်းရီကိုလည်း ကြည်ကြည်လင်လင်တွေ့လိုက်ရသည်။

"လေးကြည် ... သတိရပြီလား၊ လေးလေးကြည် သမီးပြောတာကြားလား"

www.burmeseclassic.com



သူကောင်းကောင်းသတိရလာပြီ ဖြစ်ပါ၏။ ပတ်ဝန်းကျင်ကို ဝေ့ဝဲကြည့် လိုက်သည်။ သူ့ကိုကိုင်လှုပ်ငိုကြွေးနေသော တူမဖြစ်သူမသန်းရီနဲ့ သူ့အိမ်ဘေးက ဆွေမျိုးလိုနေခဲ့ကြသော အစ်မကြီးမကြင်ကို တွေ့ရသည်။ မကြင်ယောကျ်ား ကိုသိန်းမြကိုလည်း တွေ့ရသည်။ ဈေးထဲမှာ အတူဈေးရောင်းဖော် မရင်လှကိုလည်း မျက်ရည်စတွေနဲ့ တွေ့လိုက်ရသည်။ ဒီတော့မှ သူ အတော်ကြာအောင် မေ့သွားခဲ့တာပါလားဆိုတာ ဒေါ်ကြည်ဌေးသိလိုက်ရတော့သည်။

ခေါင်းထဲမှာ သိပ်မကြည်လင်သေးပေမဲ့ အရာအားလုံးကို မှတ်မိလာသည်။ စက်ဘီးလဲကျပြီး တာလမ်းနဲ့ခေါင်းထိခိုက်မိတာကို သတိရလာသည်။ လက်တစ်ဖက်က အလိုလိုခေါင်းကိုစမ်းမိသွားသည်။ ဝတ်တီးသေးသေးလေးကို စမ်းကိုင်ကြည့်ရင်း အနာက သိပ်ပြီးအကြီးမဟုတ်တာကိုလည်း သတိထားမိသည်။ လက်က အနာကို ထိလိုက်ချိန်မှာ သူ့နှုတ်က ယောင်ရမ်းညည်းလိုက်သည်။

"အား … ကျွတ် ကျွတ်"

အမြင်အာရုံကောင်းလာပြီမို့ လှဲနေရာက အိမ်ရှေ့လမ်းဘက်ကိုကြည့်နေမိသည်။ ဘာရယ်လို့ကြည့်နေခြင်းမဟုတ်ပေမဲ့ ထီးထီးမားမားရှိလှတဲ့ ကျွန်းပင်ကြီးနှစ်ပင်ကို တွေ့နေရသည်။ လေအသိမ်းမှာ တယိမ်းယိမ်း တလှုပ်လှုပ်။ ကျွန်းပင်ကြီးတွေမြင်ရတော့ ကိုအောင်မြင့်ကို သတိရလိုက်သည်။ ခုလို မမာမကျန်းဖြစ်ချိန်ဆိုတော့လည်း အားကိုးမရှိတဲ့သူ့ဘဝ ခင်ပွန်းသည်ကို တမ်းတမိခြင်းဖြစ်ပါ၏။ မျက်ရည်တို့က မိုးပဲလို့လာသည်။ ဒေါ်ကြည်ဌေးငိုလေပြီလား။ အခေါ်ကိုကြည့်ရင်း မချိတင်ကဲရှိလွန်းလှတဲ့ တူမဖြစ်သူမှာလည်း မျက်ရည်တရွဲရွဲ။

"လေးကြည် … သတိရပြီလား။ လေးကြည် … လေးကြည်"

တူမဖြစ်သူရဲ့အေါ်သံ၊ မေးသံတွေ သူကြားနေရသည်။ ဒါပေမဲ့ စကားတစ်လုံးမှ မပြောနိုင်ခဲ့။ ရင်ထဲမှာ တစ်ဆို့ဆို့သာနေသည်။

"…အကြီးက အင်ဂျင်နီယာ၊ သားအငယ်က ဗိုလ်မှူး အထောက်အပံ့ကောင်းတွေရှိနေသားနဲ့ ဒီဈေး မရောင်းပါနဲ့လို့ အတန်တန်ပြောရက်သားနဲ့ ဖြစ်ရတယ်လေးကြည်ရယ်၊ မသေကောင်း မပျောက်ကောင်း။ လူကြားလို့မကောင်းအောင် ဖြစ်ရတယ်၊ အီး … ဟီး … ဟီး၊ မောင်လေးတို့ရေ မင်းတို့အမေ ဈေးပျော့ကြီကို ပြောပေးကြပါဦး၊ အီး … ဟီး … ဟီး၊ ဈေးမရောင်းဖို့ မပြောကြတော့ဘူးလားဟဲ့ …"

မသန်းရီက ငိုလည်းငို၏၊ ပြောလည်းပြော၏။ သူ့မောင်နှစ်ယောက်ကိုလည်း တိုင်တည်စကားဆိုပါလေ၏။ မောင်လေးတို့ရေ ဆိုပါလား။ တူမဖြစ်တဲ့ မသန်းရီရဲ့ ငိုကြွေးသံက အဝေးရောက်သားနှစ်ယောက်အကြောင်း ပါလာတော့ ဒေါ်ကြည်ဌေးအာရုံထဲမှာ သားတွေကိုမြင်ယောင်လာသည်။ ဒီသားနှစ်ယောက်ရဲ့ ပညာသင်စရိတ်အတွက် ဈေးရောင်းပြီးငွေစုခဲ့ရတဲ့ ငယ်ဘဝကို သတိရမိသည်။ ကြွေလုဆဲဆဲ မျက်ရည်တို့က ဝေ့ဝဲလာသည်။ သားနှစ်ယောက်ကို ပညာသင်နိုင်ဖို့ ထောက်ပံ့ပေးခဲ့တာကလည်း သူ့ခင်ပွန်း ကိုအောင်မြင့် ကျွန်းပင်ကြီးတွေကို ရေလောင်းပေးသလို နေ့စဉ်တစ်ချိန်မှာ နိုင်ငံတော်အတွက်ပဲလို့ သူနားလည်ခဲ့တာ ကြာပါပြီ။ အရိပ်ခိုရစေ၊ အကိုင်းချိုးရစေ၊ အသီးခူးရစေလို့ သူ့ဘယ်တုန်းကမျှ မမျှော်လင့်ခဲ့တာ သူ့အသိဆုံးဖြစ်ပါ၏။ ဒါကြောင့်လည်း နယ်စပ်ဒေသမှာ နှစ်နိုင်ငံချစ်ကြည်ရေးတံတားဆောက်နေတဲ့ အင်ဂျင်နီယာသားကြီးနဲ့လည်း မနေခဲ့ဘူး။ ပြည်နယ်တပ်ရင်းတစ်ခုမှာ တာဝန်ထမ်းနေတဲ့ သားငယ် ဗိုလ်မှူးနဲ့လည်း လိုက်မနေခဲ့ဘူး။ ကိုယ့်အိမ်ကိုယ့်ယာမှာပဲ လက်ရှိဘဝကို အေးချမ်းစွာ ဖြတ်ကျော်နေခဲ့သည်။ ဈေးထဲမှာ အပေါင်းအဖော်တွေနဲ့ ရောင်းဝယ်ရင်း အချိန်တွေသုံးပြီး နံနက်ခင်းတွေ ကုန်ဆုံးစေခဲ့သလို၊ နေ့ခင်းနဲ့ ညနေပိုင်းမှာတော့ ဝိပဿနာရိပ်သာကို မှန်မှန်ဝင်လို့နေလာခဲ့သည်။ အေးချမ်းတဲ့ဘဝတစ်ခုကို သူပိုင်ဆိုင်ရအောင် နေတတ်လာခဲ့ပြီ။ သားနှစ်ယောက်ကို လူလားမြောက်အောင် ပြုစုနိုင်ခဲ့ပြီး နိုင်ငံတော်ပိုင် ရပာနာတွေ ဖြစ်စေခဲ့တာကိုပဲ သူကျေနပ်ဝမ်းသာနေခဲ့သည်။

တကယ်တော့ သူလည်း ခင်ပွန်းသည် ကိုအောင်မြင့်လိုပင် ရတနာတန်းဝင်တဲ့ ကျွန်းနှစ်ပင်ကို ရှင် န်ဖွံ့ဖြိုးအောင် ပြုစုပေးနိုင်ခဲ့ပြီ မဟုတ်ပါလော။ သူပြုံးလိုက်မိပေမဲ့ မျက်ရည်စတွေနဲ့။

ခက်လှိုင်းကျော်

www.burmeseclassic.com



၇ ရက်သားသမီးများအတွက်

# ကံကြမ္မာစုံဆောက်

၂၀၁၄ ခု၊ ဇူလိုင်လ

**တနင်္ဂနွေသားသမီးများ**

ဒီတစ်ပတ်အတွင်းမှာ ပျို့တိုင်းကြိုက်တဲ့ နှင်းဆီခိုင် ဆိုတဲ့ကိန်းမျိုး ကြုံလာတတ်ပါတယ်။ ပြိုင်လိုက်ရင် နိုင်တာ၊ မဲပေါက်တာ၊ လူအရွေးခံရတာ၊ လုပ်ပိုင်ခွင့်ကောင်းတွေပေါ်လာတာ ... စသည်ဖြင့် ဝမ်းသာစရာတွေ ဆက်တိုက်ကြုံလာတတ်ပါတယ်။ အရေးကြီးကိစ္စများရှိသောအခါ ကံဇာတာ ထွန်းပစေဖို့အတွက် –

- မြတ်စွာဘုရားမှာ ခေါက်ဆွဲကြော်ကပ်လှူပြီး ဆုတောင်းပါ။ လောကဝိဒူဂုဏ်တော်ကို အခေါက် ၂၀ ရွတ်သွားပါ။
- အစိမ်းရောင်များများပါတဲ့ အဝတ်အစား၊ အသုံးအဆောင်တွေကို အားပြုပြီး ဝတ်ဆင်သုံးစွဲပါ။ ငွေပန်း ၄ ပွင့် ဆောင်သွားပါ။
- အခက်အခဲကြုံရင်၊ ကျန်းမာရေးညံ့ရင် စာရွက်တစ်ရွက်ပေါ်မှာ (ဟ) လို့ရေးပြီး အမှိုက်ပုံမှာ ပစ်လိုက်ပါ။
- အချစ်ရေး၊ အိမ်ထောင်ရေး အဆင်ပြေဖို့ ဘုရားတစ်ဆူဆူရဲ့ဗုဒ္ဓဟူးထောင့်မှာ မေမြို့ပန်း ၉ ပွင့် လှူပြီး ဆုတောင်းပါ။
- ထီထိုးချင်ရင် ၂ အစ၊ ၄ အစ ထီထိုးပါ။ ရောင်းချင်သောပစ္စည်းတွေကို ဖော်စိမ်း ၆ ညွှန့်နဲ့ ၉ ချက် ရိုက်ပါ။

**တနင်္လာသားသမီးများ**

ဒီတစ်ပတ်အတွင်းမှာ **ဆီကိုရေချိုး ဆေးရိုးမီးလှူ စပါးတောင်လိုပုံ** ဆိုတဲ့ကိန်းမျိုး ကြုံလာတတ်ပါတယ်၊ ထူးခြားတဲ့ ချမ်းသာအောင်မြင်မှုကြီးတွေ ပေါ်ပေါက်လာတတ်ပါတယ်။ ငွေရှင်ပြီး အဖိုးတန်ပစ္စည်းတွေလည်း ဝင်လာတတ်ပါတယ်။အရေးကြီးကိစ္စများရှိသောအခါ ကံဇာတာ ထွန်းပစေဖို့အတွက် –

- မြတ်စွာဘုရားမှာ ပေါက်စီ ၃ လုံးလှူပြီး ဆုတောင်းပါ။ ဘဂဝါဂုဏ်တော်ကို အခေါက် ၃၀ ရွတ်သွားပါ။
- အညိုရောင်၊ ခရမ်းရောင်များများပါတဲ့ အဝတ်အစား၊ အသုံးအဆောင်တွေကို အားပြုပြီး ဝတ်ဆင်သုံးစွဲပါ။ စံပယ် ၃၅ ပွင့် ဆောင်သွားပါ။
- အခက်အခဲကြုံရင်၊ ကျန်းမာရေးညံ့ရင် နှင်းဆီပွင့်တစ်ပွင့်ပေါ်မှာ (ဝ) လို့ရေးပြီး အမှိုက်ပုံမှာ ပစ်လိုက်ပါ။
- အချစ်ရေး၊ အိမ်ထောင်ရေး အဆင်ပြေဖို့ မြတ်စွာဘုရားမှာ ပရုပ်လုံး ၉ လုံးပူဇော်ပြီး ဆုတောင်းပါ။
- ထီထိုးချင်ရင် ၃ အစ၊ ၅ အစ ထီထိုးပါ။ ရောင်းချင်သောပစ္စည်းတွေကို ရွက်လှ ၇ ညွှန့်နဲ့ ၁၁ ချက် ရိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com



**အင်္ဂါသားသမီးများ**

ဒီတစ်ပတ်အတွင်းမှာ **တစ်ရွာမပြောင်းသူကောင်းမဖြစ်** ဆိုတဲ့ကိန်းမျိုး ကြုံရတတ်ပါတယ်။ ခရီး၊ အပြောင်းအရွှေ့၊ အစီအစဉ်အသစ်များအကျိုးပေးချိန်ဖြစ်ပါတယ်။ အရေးကြီးကိစ္စများရှိသောအခါကံဇာတာထွန်းပစေဖို့အတွက် –

– မြတ်စွာဘုရားမှာ သံပုရည်ရည်ကပ်လှူပြီး ဆုတောင်းသွားပါ။ သုဂတောဂုဏ်တော်ကို အခေါက် ၆၀ ရွတ်သွားပါ။
– အပြာရောင် အဝတ်အစား၊ အသုံးအဆောင်တွေကို အားပြုပြီး ဝတ်ဆင်သုံးစွဲပါ။ သပြေ ၆ ညွှန့် ဆောင်သွားပါ။
– အခက်အခဲကြုံရင်၊ ကျန်းမာရေးညံ့ရင် မြေအိုးတစ်လုံးမှာ (ပ) လို့ရေးပြီး အမှိုက်ပုံမှာ ပစ်လိုက်ပါ။
– အချစ်ရေး၊ အိမ်ထောင်ရေး အဆင်ပြေဖို့ ဘုရားတစ်ဆူဆူရဲ့တနင်္ဂနွေထောင့်မှာ အုန်းရေလှူပြီး ဆုတောင်းပါ။
– ထီထိုးချင်ရင် ၆ အစ၊ ၃ အစ ထီထိုးပါ။ ရောင်းချင်သောပစ္စည်းတွေကို အုန်းညွှန့် ၆ ညွှန့်နဲ့ ၂၁ ချက် ရိုက်ပါ။

**ဗုဒ္ဓဟူးသားသမီးများ**

ဒီတစ်ပတ်အတွင်းမှာ **ငွေလိုချင်ရင် ငွေဖြစ်ရမယ်** ဆိုတဲ့ကိန်းမျိုး ကြုံရတတ်ပါတယ်။ ငွေကြေး၊ ရာထူး၊ ဆု၊ နာမည်ဂုဏ်သတင်း၊ ကား၊ နိုင်ငံခြား ... စတာတွေမှာ အောင်မြင်မှုကြီးတွေ ပေါ်လာတတ်ပါတယ်။ ပွဲလမ်းသဘင်တွေ ကြုံရတတ်ပါတယ်။ အရေးကြီးကိစ္စများရှိသောအခါ ကံဇာတာထွန်းပစေဖို့အတွက် –

– မြတ်စွာဘုရားမှာ နွားနို့ကပ်လှူပြီး ဆုတောင်းသွားပါ။ ဂုဏ်တော် ၉ ပါးကို ၇ ခေါက် ရွတ်သွားပါ။
– အရောင်ရင့်ရင့် အဝတ်အစား၊ အသုံးအဆောင်တွေကို အားပြုပြီး ဝတ်ဆင်သုံးစွဲပါ။ နှင်းဆီပန်း ၇ ပွင့် ဆောင်သွားပါ။
– အခက်အခဲကြုံရင်၊ ကျန်းမာရေးညံ့ရင် ရွက်လှရွက်တစ်ရွက်ပေါ်မှာ (လ) လို့ရေးပြီး အမှိုက်ပုံမှာ ပစ်လိုက်ပါ။
– အချစ်ရေး၊ အိမ်ထောင်ရေး အဆင်ပြေဖို့ ဘုရားတစ်ဆူဆူရဲ့သောကြာထောင့်မှာ သောက်တော်ရေ ၆ ခွက်လှူပြီး ဆုတောင်းပါ။
– ထီထိုးချင်ရင် ၇ အစ၊ ၄ အစ ထီထိုးပါ။ ရောင်းချင်သောပစ္စည်းတွေကို အုန်းညွှန့် ၆ ညွှန့်နဲ့ ၆ ချက် ရိုက်ပါ။

**ကြာသပတေးသားသမီးများ**

ဒီတစ်ပတ်အတွင်းမှာ **ဆန်မရှိ အစားကြီး** ဆိုတဲ့ကိန်းမျိုး ကြုံရတတ်ပါတယ်။ အရောင်းများ အဝယ်များ၊ အဆုံးဖြတ်များတာ တွေ၊ တဖွတ်ထိုးလုပ်မိတာတွေကို သတိပြုရမယ့်အချိန်ပါပဲ။ ငွေပြတ်–ကြွေးတင်တာမျိုးတွေလည်း ကြုံလာတတ်ပါတယ်။ အရေးကြီး ကိစ္စများရှိသောအခါ ကံဇာတာထွန်းပစေဖို့အတွက် –

– မြတ်စွာဘုရားမှာ ပေါင်မုန့်နို့ဆမ်းကပ်လှူပြီး ဆုတောင်းပါ။ ဘဂဝါဂုဏ်တော်ကို အခေါက် ၅၀ ရွတ်သွားပါ။
– အဖြူရောင်များများ၊ အဝါရောင်များများပါတဲ့ အဝတ်အစား၊ အသုံးအဆောင်တွေကို အားပြုပြီး ဝတ်ဆင်သုံးစွဲပါ။ ပျဉ်းတော်သိမ် ၅ ညွှန့် ဆောင်သွားပါ။
– အခက်အခဲကြုံရင်၊ ကျန်းမာရေးညံ့ရင် ခွက်အပေါင်းတစ်လုံးပေါ်မှာ (င) လို့ရေးပြီး အမှိုက်ပုံမှာ ပစ်လိုက်ပါ။
– အချစ်ရေး၊ အိမ်ထောင်ရေး အဆင်ပြေဖို့ ဘုရားတစ်ဆူဆူရဲ့တနင်္ဂနွေထောင့်မှာ ဖယောင်းတိုင် ၆ တိုင် လှူပြီး ဆုတောင်းပါ။
– ထီထိုးချင်ရင် ၅ အစ၊ ၄ အစ ထီထိုးပါ။ ရောင်းချင်သောပစ္စည်းတွေကို သပြေ ၂၁ ညွှန့်နဲ့ ၂၁ ချက် ရိုက်ပါ။

www.burmeseclassic.com

www.burmeseclassic.com



**သောကြာသားသမီးများ**

ဒီတစ်ပတ်အတွင်းမှာ **မအိပ်မနေ အသက်ရှည်** ဆိုတဲ့ကိန်းမျိုး ကြုံရတတ်ပါတယ်။ ရန်အန္တရာယ်များလွန်းတာကို သတိပြုပါ။ အစစအရာရာ သတိဟာ အရေးအကြီးဆုံးပါပဲ။ ရန်ပက်ကည့်ပိုင်းနေတဲ့ကြားကပဲ အလုပ်အခွင့်အလမ်း ကောင်းတွေလည်း ပေါ်လာတတ်ပါတယ်။ အရေးကြီးကိစ္စများရှိသောအခါ ကံဇာတာထွန်းပစေဖို့အတွက် –

– မြတ်စွာဘုရားမှာ သောက်တော်ရေ ၆ ခွက် ကပ်လှူပြီး ဆုတောင်းပါ။ အရဟံဂုဏ်တော်ကို အခေါက် ၆၀ ရွတ်သွားပါ။

– အနီရောင်၊ ကြက်သွေးရောင် အဝတ်အစား၊ အသုံးအဆောင်တွေကို အားပြုပြီး ဝတ်ဆင်သုံးစွဲပါ။ အုန်းညွန့် ၁ ညွန့် ဆောင်သွားပါ။

– အခက်အခဲကြုံရင်၊ ကျန်းမာရေးညံ့ရင် မိမိရဲ့အဝတ်ဟောင်းတစ်ထည်ပေါ်မှာ (ည) လို့ရေးပြီး အမှိုက်ပုံမှာ ပစ်လိုက်ပါ။

– အချစ်ရေး၊ အိမ်ထောင်ရေး အဆင်ပြေဖို့ ဘုရားတစ်ဆူဆူရဲ့ကြာသပတေးထောင့်မှာ ရွှေပန်း ၉ ပွင့်လှူပြီး ဆုတောင်းပါ။

– ထီထိုးချင်ရင် ၆ အစ၊ ၁ အစ ထီထိုးပါ။ ရောင်းချင်သောပစ္စည်းတွေကို နှင်းဆီပန်း ၃ ပွင့်နဲ့ ၇ ချက် ရိုက်ပါ။

**စနေသားသမီးများ**

ဒီတစ်ပတ်အတွင်းမှာ **ကံဆိုးမ သွားလေရာ မိုးလိုက်လို့ရွာ** ဆိုတဲ့ကိန်းမျိုး ကြုံ[illegible]ရတတ်ပါတယ်။ အဆင်မပြေ အလွဲအချော်တွေများရတဲ့အထဲ လူရင်းတွေက သစ္စာဖောက်တာ၊ ကြားညပ်ခေါင်းခံ ဖြေရှင်းရတာမျိုးတွေကြုံရတတ်ပါတယ်။ အရေးကြီးကိစ္စများရှိသောအခါ ကံဇာတာ ထွန်းပစေဖို့အတွက် –

– မြတ်စွာဘုရားမှာ ဩဇာ ၁၃ ညွန့် လှူပြီး ဆုတောင်းပါ။ သမ္မာသမ္ဗုဒ္ဓေါဂုဏ်တော်ကို ၁၀ ခေါက် ရွတ်သွားပါ။

– အညိုရောင်၊ ကြက်သွေးရောင် အဝတ်အစား၊ အသုံးအဆောင်တွေကို အားပြုပြီး ဝတ်ဆင်သုံးစွဲပါ။ စံပယ် ၁ ကုံး ဆောင်သွားပါ။

– အခက်အခဲကြုံရင်၊ ကျန်းမာရေးညံ့ရင် ကျောက်ခဲတစ်လုံးပေါ်မှာ (မ) လို့ရေးပြီး အမှိုက်ပုံမှာ ပစ်လိုက်ပါ။

– အချစ်ရေး၊ အိမ်ထောင်ရေး အဆင်ပြေဖို့ မိတ်ဆွေဆရာသမားများကို လမုန့် ဒါနလုပ်ပြီး ဆုတောင်းပါ။

– ထီထိုးချင်ရင် ၁ အစ၊ ၃ အစ ထီထိုးပါ။ ရောင်းချင်သောပစ္စည်းတွေကို ကန်စွန်း ၅ ညွန့်နဲ့ ၂၅ ချက် ရိုက်ပါ။

BURMESE CLASSIC

ဒီလအတွက် ယတြာလက်ဆောင်

**သစ်ဝယ်သစ်ရောင်း အောင်စေကြောင်း**

သစ်ဝယ်ချင်လို့လား ..၊ ဒါမှမဟုတ်
သစ်ရောင်းချင်လို့လား...၊ သစ်ဝယ်ဖို့ ရောင်းဖို့ စကားပြောခါနီးမှာ
ရှောက်ရည်သောက်ပြီး ဆုတောင်းလိုက်မယ်ဆိုရင်
ပိုပြီး အဆင်ပြေ အောင်မြင်စေပါလိမ့်မယ်။ သစ်မှမဟုတ်ပါဘူး။ သံ၊ သွပ်၊ သဲ၊
အသီးအနှံ၊ ရေထွက်ကုန် .... စတဲ့ သောကြာနံကိစ္စ အားလုံး ရောင်းခါနီး
ဝယ်ခါနီးလေးမှာ ဒီနည်းကို အသုံးပြုနိုင်ပါတယ် ...။

သဗ္ဗေမင်္ဂလာ
ဇင်ယော်နီ

www.burmeseclassic.com